# ဖက်ဒရယ်နိုင်ငံတော်နှင့် ဒီမိုကရေစီပညာရေးစနစ်

## ပညာရေးဆွေးနွေးပွဲ မှတ်တမ်း

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်
ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၊ တောင်ကြီးမြို့
၂၀၁၆ ဧပြီလ ၂၄

NATIONAL NETWORK FOR EDUCATION REFORM

ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးနှင့် ပညာရေး

ဥမ္မာထွေး

ဟယ်လင်ဒါဘူ

စိုင်းဆမ်ခမ်း

ဖက်ဒရယ်နိုင်ငံနှင့် ဒီမိုကရေစီပညာရေးစနစ်

နိုင်ငွေသိန်း

မင်းသိမ်း

ခင်မမမျိုး

အက်ရှ်လေဆောက်ခ်

ပညာရေး အရှည်အဒေသွး

ကိုတာ

ကျိမ်းကော်နော

မေကိုကိုလှွယ်

စိုင်းလင်းမြတ်

မြတ်သွယ်ခြူးခြူး

ပညာရေးနှင့် အခွင့်အလမ်း

ယာအုပ်

နန်းမွေခေး

စောလားစေး

နိုင်နိုင်ထွန်း

သိန်းလွင်

NATIONAL NETWORK FOR EDUCATION REFORM

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)
**ဖက်ဒရယ်နိုင်ငံတော်နှင့် ဒီမိုကရေစီပညာရေးစနစ် ဆွေးနွေးပွဲမှတ်တမ်း**
နေရာ။ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
အချိန်။ ၂၀၁၆ ဧပြီလ ၂၄
မှတ်တမ်းပြုစုသူ။ ဥမ္မာဆွေ
ဘာသာပြန်သူ။ အောင်မျိုးမြတ်

**ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်အတွင်း ဖြန့်ဝေရန်အတွက်သာ။**

# မာတိကာ


**၁။ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးနှင့် ပညာရေး**

ဒေါက်တာဥမ္မာထွေး ၁

ဟယ်လင်ဒါဘူ ၁၀

စိုင်းဆာမ်ခမ်း ၁၅

မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များ ၂၆

**၂။ ဖက်ဒရယ်နိုင်ငံနှင့် ဒီမိုကရေစီပညာရေးစနစ်**

နိုင်ငွေသိန်း ၃၃

ဒေါက်တာမင်းသိမ်း ၃၈

ဒေါ်ခင်မမျိုး ၄၅

အက်ရှ်လေဆောက်ခ် ၅၀

မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များ ၅၇

**၃။ ပညာရေး အရည်အသွေး**

ဒေါက်တာသန့်လွင်မောင်(စာရေးဆရာ ကိုတာ) ၇၁

ဂျိမ်းကော်နာ ၈၁

ဒေါ်မေကိုကိုလွယ် ၈၆

စိုင်းလင်းမြတ် ၉၂

မမြတ်သွယ်ခြူးခြူး ၉၇

မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များ ၁၀၁

**၄။ ပညာရေးနှင့် အခွင့်အလမ်း**

ဦးထာအုပ် ၁၂၂

နန်းမွေခေး ၁၂၉

စောလားဗေး ၁၃၆

ဦးနိုင်နိုင်ထွန်း ၁၄၁

ဒေါက်တာသိန်းလွင် ၁၄၈

မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များ ၁၅၉

စကားဝိုင်းဆွေးနွေးပွဲ – ၁

## ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးနှင့် ပညာရေး

ဒေါက်တာဥမ္မာထွေး

ဒီဆွေးနွေးပွဲရဲ့ ခေါင်းစဉ်မှာ ပါတဲ့ "ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး" ဆိုတာကို ကျမကတော့ "နောက်မျိုးဆက်တွေ အတွက် အကျိုးရှိစွာ ကျန်ရစ်မယ့် ဖွံ့ဖြိုးရေး လုပ်ဆောင်ချက် တွေ" လို့ မြင်ပါတယ်။ အဲဒီလို လုပ်ဆောင်နိုင်ဖို့အတွက် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံနဲ့ တခြား အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းတွေ ပူးပေါင်းပြီး ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးအနေနဲ့ "သက္ကရာဇ် ၂၀၃၀ အထိ အကျုံးဝင်တဲ့ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးရည်မှန်းချက် ၁၇ ချက်" ကို ချမှတ်ထားပါတယ်။ အဲဒီ ရည်မှန်းချက်တွေကို အတိုကောက် SDGs (Sustainable Development Goals) လို့ ခေါ်ပါ တယ်။ ဒီ SDGs ၁၇ ချက်မှာ ပညာရေးနဲ့ သက်ဆိုင်တဲ့ ရည်မှန်း ချက်ကတော့ SDG 4: Quality Education "အရည်အသွေး ရှိသော ပညာရေး" ဖြစ်ပါတယ်။

SDG 4 ရဲ့ရည်မှန်းချက်ကတော့ "လူတိုင်း အကျုံးဝင်ပြီး၊ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော အရည်အသွေး ပြည့်ဝတဲ့ ပညာရေးစနစ် ဖြစ်ပေါ်လာစေဖို့နဲ့ ဒီမိုကရေစီ ပတ်ဝန်းကျင်မှာ လူတိုင်းအတွက် ဘဝတသက်တာ သင်ယူ

ပေးလာနိုင်သော အခွင့်အလမ်းတွေကို မြှင့်တင်နိုင်ဖို့ပဲ" ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားတဲ့ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရည်မှန်းချက် ၁၇ ချက်မှာ သဘာဝပတ်ဝန်းကျင်နဲ့ တိုက်ရိုက်တော သွယ်ဝိုက်ပြီးတော့ပါ ဆက်နွယ်နေတဲ့ ရည်မှန်းချက် ၁၁ ချက်တောင် ပါဝင်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် "အရည်အသွေး ရှိတဲ့ ပညာရေး" ဖြစ်ဖို့အတွက် သင်ရိုးညွှန်းတမ်းမှာ "သဘာဝ ပတ်ဝန်းကျင်" နဲ့ ပတ်သက်ပြီး ပါဝင်သင့်တယ်လို့ ယူဆတဲ့အချက်တွေကို ကျမက ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံ ပညာရေးမှာ အသုံးပြုနေတဲ့ ကျောင်းသုံး ဖတ်စာအုပ်တွေကို လေ့လာကြည့်တဲ့အခါ စတုတ္ထတန်းက စပြီး အခြေခံနဲ့ အထွေထွေ သိပ္ပံဘာသာရပ်မှာ "ကမ္ဘာမြေကြီးနှင့်အာကာသ" ဆိုတဲ့ အပိုင်းတပိုင်းကို "မြေကမ္ဘာပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ကာကွယ်ရေး" အတွက်ဆိုပြီး ထည့်သွင်းထားတာကို တွေ့ရပါတယ်။

ဒါပေမဲ့ သင်ခန်းစာတွေမှာ အချက်အလက်တွေ စုပြုံ ထည့်သွင်း ထားပြီးတော့၊ အဲဒီ အချက်အလက်တွေကိုလည်း ခေတ်နဲ့ ညီအောင် ပြင်ဆင်မှု မရှိတာကို တွေ့ရပါတယ်။ လက်တွေ့ လေ့လာမှု အပိုင်း တွေလည်း မပါရှိပါဘူး။ အကြောင်းအရာတွေကလည်း တတန်းနဲ့တတန်း ထပ်နေပြီးတော့ အသုံးပြုတဲ့ပုံတွေကလည်း သဲကွဲမှု မရှိပါဘူး။ အဖြူ အမည်းပုံတွေကိုပဲ သုံးထားတာမို့ စာသင်သားတွေကို စိတ်ဝင်စားအောင် မဆွဲဆောင်နိုင်တာကို တွေ့ရပါတယ်။

ဥပမာအနေနဲ့ ဆဋ္ဌမတန်း အထွေထွေသိပ္ပံဖတ်စာအုပ်က ပုံလေးကို ပြချင်ပါတယ်။ ဒီပုံမှာ "မြေကမ္ဘာအလံကို ကိုင်ဆောင်ကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားမှုတွင် ပါဝင်နေသော ကျောင်းသားငယ် နှစ်ဦး" လို့ ဖော်ပြထားပေမယ့် တော်တော်လေး ရှာကြည့်လိုက်ရပါတယ်။ နောက်ပြီးတော့ (မြေကမ္ဘာအလံ၏ နောက်ခံအရောင်သည် အပြာနုရောင် ဖြစ်၍ ငြိမ်းချမ်းသာယာခြင်းသဘောကို ဆောင်သည်) တဲ့။ အရုပ်ကော အရောင်ပါ ဘယ်လိုမှ စိတ်ဝင်စားစရာ မကောင်းပါဘူး။ သာမန်အားဖြင့် တော့ ဒါဟာ အရေးမကြီးပါဘူး။ အကြောင်းအရာကသာ အဓိကလို့

ထင်ရပေမယ့်၊ အရုပ်တွေ အရောင်တွေဟာ ကျောင်းသင်ခန်းစာအတွက် သင်ထောက်ကူကောင်းတွေလို့ ကျမကတော့ အပြည့်အဝ ယုံကြည်ပါတယ်။ ဒါတွေကိုလည်း ဂရုတစိုက် ဖြစ်ဆင်သင့်ပါတယ်။

လက်ရှိပညာရေးက အလွတ်ကျက် အလွတ်ဖြေပုံစံပဲ ဖြစ်နေပြီးတော့ ကျောင်းသူကျောင်းသားတွေကို သူတို့ရဲ့ လက်တွေ့ဘဝနဲ့ ကျောင်းသင်ခန်းစာကို ဆက်စပ်တွေးခေါ်ဖို့ အခွင့်အရေးပေးမထားပါဘူး။ လက်တွေ့ဘဝမှာ အချက်အလက်တွေ သိရုံနဲ့ မလုံလောက်ဘဲ အဲဒီအချက်အလက်တွေနဲ့ ကိုယ့်ဘဝနဲ့ ဆက်စပ်မှုကိုပါ သိနေဖို့ အရေးကြီးပါတယ်။ အဲဒီလို ဆက်စပ်တတ်အောင် လုပ်ပေးနိုင်တဲ့ တခုတည်းသောနေရာက ပညာရေး ဖြစ်တာကြောင့် ကျောင်းသင်ရိုးညွှန်းတမ်းမှာ "သဘာဝပတ်ဝန်းကျင်" နဲ့ပတ်သက်တဲ့ သင်ခန်းစာတွေကို ပုံစံပြောင်းပြီး ထည့်သွင်းသင့်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီနေ့ခေတ်လူသားတွေဟာ ကမ္ဘာ့ရာသီဥတုတွေ ဖောက်ပြန်ပြောင်းလဲလာနေတာ၊ ကောက်ပဲသီးနှံ အထွက်နှုန်းလျော့ကျလာတာ၊ ရောဂါမျိုးစုံနဲ့ သဘာဝဘေးဒဏ် တိုးပွားလာနေတာ၊ ဒါတွေရဲ့ အကျိုးဆက်အနေနဲ့ အကြမ်းဖက်မှုတွေ ပုံစံမျိုးစုံနဲ့ များပြားလာနေတာတွေကို ရင်ဆိုင်နေရလို့ပဲ ဖြစ်ပါတယ်။

သင်ရိုးညွှန်းတမ်းမှာ "သဘာဝပတ်ဝန်းကျင်" နဲ့ပတ်သက်ပြီး၊ ပထမဦးစားပေး ပါဝင်သင့်တဲ့ အကြောင်းအရာအနေနဲ့ ကျမကတော့ "သဘာဝဘေးအန္တရာယ်များနှင့် ကြိုတင်ကာကွယ်မှုများ" ကို ရွေးချယ်ချင်ပါတယ်။ မြန်မာနိုင်ငံမှာ အများဆုံး တွေ့ကြုံရတဲ့ သဘာဝဘေးအန္တရာယ်တွေကတော့ ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ်တာ၊ ရေလွှမ်းမိုးပြီး ရေကြီးတာ၊ မြေပြိုတောင်ပြိုတာ၊ မြေငလျင်လှုပ်တာ၊ တောမီးလောင်တာ၊ မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်တာ၊ လေဆင်နှာမောင်း တိုက်ခတ်တာနဲ့ ဆူနာမီလှိုင်းဒဏ် ခံရတာတွေ ဖြစ်ပါတယ်။

အဲဒီဘေးအန္တရာယ်တွေထဲမှာ မိုးကြိုးနဲ့ မိုးလွန်ကာလ မုန်တိုင်းတွေရဲ့ အားက ရာသီဥတုပြောင်းလဲလာတာကြောင့် ပိုပြီးတော့ ပြင်းထန်ပါတယ်။ သာဓကအနေနဲ့ ၂၀၀၈ ခုနှစ် မေလ ၁ ရက်ကနေ ၃ ရက်အထိ

ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းကို ဖြတ်သန်းတိုက်ခတ်ခဲ့တဲ့ နာဂစ်မုန်တိုင်းကို ပြချင်ပါတယ်။ ဒီမုန်တိုင်းကြောင့် သေဆုံးသူ/ပျောက်ဆုံးသူ နှစ်မျိုးပေါင်း တသိန်းလေးသောင်းခန့်နဲ့ ဒဏ်ရာရသူ အရေအတွက်ကလည်း နှစ်သောင်းခန့် ရှိခဲ့ပါတယ်။ ပြင်းထန်တဲ့ သဘာဝဘေး အန္တရာယ်တွေအကြောင်း မသိရှိသလို၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လို ကာကွယ်စောင့်ရှောက်ရမယ် ဆိုတာကိုပါ မသိကြတဲ့အတွက်ကြောင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုတွေ များခဲ့ရတာ ဖြစ်ပါတယ်။

ဒီလို ထပ်မဖြစ်ရအောင် "သဘာဝဘေး အန္တရာယ်အကြောင်းနဲ့ ကြိုတင်ကာကွယ်ရမယ့် လုပ်ဆောင်ချက်များ" ကို ကျောင်းသင်ခန်းစာမှာ ထည့်သွင်းသင်ကြားပေးပြီး လက်ရှိတွေ့ကြုံ့ဆင်းကြည့်ရှု လေ့လာနိုင်းတဲ့ နည်းလမ်းတွေနဲ့ ကျောင်းသူကျောင်းသားတွေကို ပညာပေးတာဟာ လက်တွေ့ဘဝမှာ အန္တရာယ်နဲ့ ရင်ဆိုင်လာရင် အသင့်ဖြစ်စေပါတယ်။

လက်တွေ့ကြိုတင်ကာကွယ်မှုတွေ ဘယ်လိုလုပ်ဆောင်သလဲဆိုတာနဲ့ ပတ်သက်ပြီး ကျမရဲ့ ပညာတော်သင်ကျောင်းသားဘဝ အတွေ့အကြုံလေးကို ဝေမျှချင်ပါတယ်။ ဂျပန်နိုင်ငံမှာ နှစ်စဉ် စက်တင်ဘာလကို "ဘေးအန္တရာယ်ကာကွယ်ရေးလ" (Disaster Prevention Month) လို့ သတ်မှတ်ထားပြီးတော့ အခြေခံကျောင်းတွေနဲ့ တက္ကသိုလ် ကောလိပ်တွေမှာ ငလျင်လှုပ်ရင် ဘယ်လိုလုပ်ဆောင်ရမယ်၊ မီးလောင်ရင် ဘယ်လိုစသဖြင့် ကျောင်းသားတွေကို လက်တွေ့လုပ်ဆောင်စေပါတယ်။ ငလျင်နဲ့ပတ်သက်ရင် ငလျင်အတုလှုပ်ပေးတဲ့ကားတွေထဲ ကျောင်းသားတွေကို ဝင်နိုင်းပြီးတော့ လက်တွေ့သရုပ်ပြတာတွေ ရှိပါတယ်။

ဂျပန်က ငလျင်ရပ်ဝန်းဖြစ်နေတဲ့အတွက် ၁၉၈၁ နောက်ပိုင်းတည်ဆောက်တဲ့ အဆောက်အဦတွေမှာ ငလျင်ဒဏ်ခံနိုင်တဲ့ နည်းပညာတွေ ထည့်သွင်းထားပါတယ်။ ငလျင်ကလည်း ခဏခဏ လှုပ်တတ်တော့ ကျမဆိုရင် တခါတလေ ကျောင်းခန်းထဲမှာပဲ စာလုပ်မပျက် ဆက်ထိုင်နေလို့ရအောင် ကျောင်းအဆောက်အဦက ခိုင်မာပါတယ်။ ဒါပေမယ့်လည်း ငလျင်ဟာ ဂျပန်နိုင်ငံရဲ့ ဆိုးရွားလှတဲ့ သဘာဝဘေး အန္တရာယ်တခုဖြစ်တာမို့၊ သူတို့တွေဟာ ဘယ်လောက်ခိုင်ခံ့တဲ့ အဆောက်အဦတွေ

ဆောက်လုပ်နိုင်ပါစေ၊ ငလျင်နဲ့ ပတ်သက်တဲ့ ကြိုတင်ကာကွယ်မှု လေ့ကျင့်ခန်းတွေကို လျှော့မပစ်ဘဲနဲ့ နှစ်စဉ်လုပ်ဆောင်စေတာဟာ အတုယူသင့်တဲ့ အချက်တချက်ပဲ ဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ကျောင်းသင်ရိုးမှာ ပါဝင်သင့်တဲ့ ဒုတိယအကြောင်းအရာကိုတော့ "လူသားတွေရဲ့ ဖြူမှုဆောင်ရွက်မှုတွေကြောင့် ရာသီဥတုနဲ့ သဘာဝပတ်ဝန်းကျင်အပေါ်မှာ သက်ရောက်တဲ့ ဆိုးကျိုးတွေအကြောင်း" ကို ရွေးချယ်ချင်ပါတယ်။

လူတွေကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရတဲ့ အဓိက အကြောင်းရင်း တခုက "လူဦးရေ အဆမတန်တိုးပွားခြင်း" ပဲ ဖြစ်ပါတယ်။ လူဦးရေတိုးလာလို့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်လာရတာ၊ ကား ဆိုင်ကယ် စတဲ့ စက်တပ်ယာဉ်တွေ အသုံးများလာတာ၊ စက်မှုလုပ်ငန်းတွေ များပြားလာတာ၊ လွန်ကဲစွာ ငါးဖမ်းကြတာ၊ စက်မှုနဲ့ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေ ပိုမိုထုတ်လုပ် သုံးစွဲလာတာကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရတာတွေကို အခုလို အသေးစိတ် ခွဲခြမ်းစိပ်ဖြာပြီး လေ့လာသင့်ပါတယ်။

လူတွေကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရတဲ့ ဒုတိယ အကြောင်းရင်းက "ဆင်းရဲမွဲတေခြင်း" ပဲ ဖြစ်ပါတယ်။ ဆင်းရဲလို့ ယင်လုံအိမ်သာ မသုံးနိုင်တာ၊ ထင်းမီးသွေး လောင်စာအဖြစ် သုံးဖို့ တောခုတ်တာ၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် မြို့ပြကို ပြောင်းရွှေ့ကြရာက မြို့တွေရဲ့လူဦးရေ ထူထပ်လာပြီး များပြားလှတဲ့ လူတွေက အကန့်အသတ်နဲ့ ရှိတဲ့ သဘာဝအရင်းအမြစ်တွေကို အပြိုင်အဆိုင် ရယူကြလို့ ပဋိပက္ခဖြစ်ပွားတာတွေကိုလည်း ထည့်သွင်းလေ့လာသင့်ပါတယ်။

တတိယအကြောင်းရင်းကတော့ "ဖြုန်းတီးတဲ့ လူနေမှုပုံစံတွေ" ပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ တွေ့ရလေ့ရှိတဲ့ အဆောက်အဦတွေကို ညအချိန်မှာ မီးအလှထွန်းတာ၊ အိမ်ထောင်စုတစုထဲမှာတင် ကား ဆိုင်ကယ်စတဲ့ စက်တပ်ယာဉ်များစွာ ပိုင်ဆိုင်သုံးစွဲကြတာ၊ ငွေကြေးချမ်းသာတဲ့သူတွေက ရှားပါးတိရစ္ဆာန်တွေရဲ့သားမွေးတွေနဲ့ ချုပ်လုပ်တဲ့ ဝတ်စုံတွေ ဝတ်ဆင်ကြတာ၊ တခါသုံးပစ္စည်းတွေ အသုံးပြုကြတဲ့အတွက်

နှုန်းစံမှုညီတွေ များလာတာတွေကလည်း သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေလို့ ဆင်ခြင်သင့်တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

စတုတ္ထ အကြောင်းရင်းကတော့ "ဆင်းရဲတဲ့နိုင်ငံတွေ များပြားလို့" ဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေအနေနဲ့ နိုင်ငံခြားဝင်ငွေ ရလွယ်တဲ့ သစ်ထုတ်လုပ်မှု လုပ်ငန်းတွေ လုပ်တာကြောင့် သစ်တောတွေ ပြုန်းလာပါတယ်။ ဒီအဆင့်မှာ သစ်တောပြုန်းတဲ့နှုန်းဟာ ထင်းမီးသွေးလောင်စာ အဖြစ်သုံးဖို့ သစ်ပင်တွေ ခုတ်လို့ သစ်တောပြုန်းတဲ့နှုန်းထက် အဆများစွာ မြင့်မားလို့ ဒီအချက်ကို စတုတ္ထအကြောင်းရင်းအနေနဲ့ သီးသန့်ထည့်သွင်းထားတာ ဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းရဲ့ နောက်ဆက်တွဲပြဿနာတွေကတော့ လေထုညစ်ညမ်းတဲ့အတွက် ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲခြင်း လက္ခဏာတွေ ဖြစ်တဲ့ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာတာ၊ ရေကြီးတာ၊ မိုးသည်းထန်စွာရွာတာ၊ မိုးခေါင်တာ၊ အချိန်အခါမဟုတ် မိုးရွာတာ၊ မိုးသီးကြွေကျတာ၊ အက်စစ်မိုးရွာတာ၊ တိမ်ထူထပ်တာ၊ အပူအအေးလွန်ကဲတာ၊ လေပြင်းမုန်တိုင်းတိုက်ခတ်တာ၊ အိုဇုန်းလွှာ ပျက်စီးတာတွေနဲ့ ENSO Circle လို့ခေါ်တဲ့ (El Nino, La Nina) ဖြစ်စဉ်တွေ ဖြစ်ပေါ်လာပါတယ်။

ဒီ ရာသီဥတုပြောင်းလဲခြင်း ဖြစ်စဉ်တွေထဲမှာ အခုတလော လူပြောများနေတာက အယ်နီညိုအကြောင်းပဲ ဖြစ်ပါတယ်။ ကျွမတို့ဆီမှာ ပူပြီဆိုရင် အယ်နီညိုကြောင့်၊ အေးပြီဆိုရင် လာနီညာကြောင့်ဆိုပြီးတော့ ပြောလာကြတာတွေကို ကြားနေရပါတယ်။ ဒါတွေက ကျောင်းသင်ခန်းစာထဲမှာ ပါလို့ သိခြင်းမျိုး မဟုတ်ဘဲ ရပ်ရွာအခြေပြု အဖွဲ့အစည်းတွေက ပညာရှင်တွေကို ဖိတ်ကြားပြီး ဟောပြောပွဲတွေ ပြုလုပ်ပေးတာကတဆင့် ရေပန်းစားလာတဲ့ အသိတွေပဲ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း မြန်မာနိုင်ငံမှာ လုပ်နေကြတဲ့ အယ်နီညိုနဲ့ ပတ်သက်တဲ့ သုတေသနတွေက မြန်မာနိုင်ငံရဲ့ နှစ်အလိုက် ပျမ်းမျှ အပူချိန်ကို NOAA က ထုတ်ပြန်တဲ့ အယ်နီညိုဖြစ်တဲ့ နှစ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်ကြပြီး အယ်နီညိုကြောင့် မြန်မာနိုင်ငံရဲ့အပူချိန်တွေ

မြင့်တက်လာတာလို့ ကောက်ချက်ဆွဲကြတာကို တွေ့ရပါတယ်။ ဒီကောက်ချက်က တစိတ်တပိုင်းပဲ မှန်ကန်ပါတယ်။ ဒါကလည်း ကျမတို့ ကမ္ဘာလုံးမှာ ရှိတဲ့ လူတွေအားလုံးဟာ လေထုအလွှာတခုထဲကိုပဲ မျှဝေ ပိုင်ဆိုင်ကြတာ ဖြစ်တဲ့အတွက် ဒီလို တာဝေးဆက်နွယ်မှုဖြစ်တဲ့ ပစိဖိတ်သမုဒ္ဒရာအရှေ့ဘက်ကမ်းက ပင်လယ်ရေအပူချိန်ကလည်း ကျမတို့နိုင်ငံရဲ့ ရာသီဥတုပြောင်းလဲမှုမှာ လွှမ်းမိုးမှု ရှိပါတယ်။ ဒါပေမဲ့ အယ်နီညို ဖြစ်စဉ်ဟာ မြန်မာနိုင်ငံရဲ့ ရာသီဥတုပြောင်းလဲမှုမှာ ဘယ်လောက်ရာခိုင်နှုန်း သက်ရောက်မှုရှိသလဲဆိုတာကိုတော့ တွက်ချက်ထားတာ မတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ အယ်နီညိုနဲ့ ပတ်သက်ပြီး ကျမရဲ့ PhD thesis အတွက် သုတေသနလုပ်ရင်း တွေ့ရှိခဲ့တဲ့အချက်တွေကို အနည်းငယ် ဝေမျှချင်ပါတယ်။

ပထမဦးဆုံးအနေနဲ့ အယ်နီညိုဆိုတာကို အရိုးရှင်းဆုံး အဓိပ္ပာယ်ဖွင့်ပြချင်ပါတယ်။ အယ်နီညိုဆိုတာ ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းနဲ့ အလယ်ပိုင်းမှာ ရှိတဲ့ ပင်လယ်ရေရဲ့ မျက်နှာပြင် အပူချိန်ဟာ ပုံမှန်ထက် ၀.၅° C ပိုပူလာတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ ၀.၅° C ထက်မက ပိုပူလာရင် အယ်နီညိုရဲ့ပြင်းအား ပိုများလာတာ ဖြစ်ပါတယ်။ ကျမက အယ်နီညို ဖြစ်စဉ်ဟာ မြန်မာနိုင်ငံရဲ့ မုတ်သုံ ဝင်ရောက်မှုကို ဘယ်လောက်ရာခိုင်နှုန်း လွှမ်းမိုးမှု ရှိသလဲ ဆိုတာကို သုတေသန လုပ်ခဲ့ပါတယ်။ ကျမရဲ့ သုတေသန ရလဒ်ကတော့ မြန်မာနိုင်ငံ တောင်ပိုင်းနဲ့ အလယ်ပိုင်းရဲ့ မုတ်သုံဝင်ရောက်မှုနဲ့ အယ်နီညို ဖြစ်စဉ် ဆက်စပ်မှုဟာ ၅၀% ပဲ ရှိပြီး မြန်မာနိုင်ငံ မြောက်ပိုင်းနဲ့ ဆိုရင် ၃၀% ပဲ ရှိပါတယ်။

ဒါကြောင့် ကျမတို့ နိုင်ငံမှာ အပူချိန် မြင့်တက်နေတာ၊ သောက်သုံးရေ ပြတ်လပ်မှု ဖြစ်နေရတာဟာ အယ်နီညိုကြောင့်ချည်းပဲ ဆိုတာထက် နိုင်ငံအတွင်း အလုံးအရင်းနဲ့ သစ်ခိုးခုတ်တာ၊ သယံဇာတကို စည်းကမ်းမဲ့စွာ တူးဖော်ယူနေတာနဲ့ မြေယာ တိုးချဲ့တာတွေ စတဲ့ လူတွေရဲ့ ပယောဂကြောင့် ဖြစ်တဲ့ ရာခိုင်နှုန်းက ပိုများနေတယ်လို့ ဝေဖန်သုံးသပ်ချင်ပါတယ်။

ဒီလိုကမ္ဘာ့အဆင့်ကနေ နိုင်ငံအဆင့်၊ ပြီးရင် down scaling

အနေနဲ့ ကျမတို့မြို့ကလေးအဆင့် သဘာဝပတ်ဝန်းကျင်အကြောင်းကို ပြောပြချင်ပါတယ်။ တော်တော်များများ သိပြီးကြတဲ့အတိုင်း တောင်ကြီး မြို့ဟာ ASEAN Cooperation on Environment က ပထမဆုံး အကြိမ် ချီးမြှင့်ခဲ့တဲ့ Environmentally Sustainable City Award ကို ၂၀၀၈ ခုနှစ်မှာ ရရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ကျမတို့မြို့ကလေးမှာ အခုဆိုရင် ရေရှိုသယံဇာတ လျော့နည်းလာမှုက တော်တော်လေးကြီးတဲ့ ပြဿနာ ဖြစ်နေပါပြီ။ လူဦးရေ များလာတာနဲ့အမျှ အဝီစိတွင်းတွေ အများ ကြီး တူးပြီးတော့ မြေအောက်ရေကို အလွန်အကျွံ ထုတ်ယူ သုံးစွဲတာ ကြောင့် မြေအောက်ရေ လျော့နည်းလာပါတယ်။ အရင်တုန်းက အိမ်တ အိမ်မှာ အဝီစိတွင်းတူးရင် ဘေး ၇ အိမ်ကို မျှဝေသုံးစွဲရမယ်ဆိုတဲ့ အသိက ဥပဒေ မထုတ်ထားဘဲနဲ့ လူတွေဟာ အချင်းချင်းရိုင်းပင်းကူညီမှု၊ စာနာ ထောက်ထားမှုတွေကို အခြေခံပြီးတော့မှ လိုက်နာခဲ့ကြပါတယ်။ အခု နောက်ပိုင်းမှာတော့ အပြိုင်အဆိုင် အဝီစိတွင်းတွေ တူးယူကြတဲ့အတွက် တချို့ တူးထားတာ ကြာပြီဖြစ်တဲ့ အဝီစိတွင်းတွေမှာ ရေမထွက် တော့တဲ့အထိ ဆိုးရွားလာပါတယ်။ ဒီလို ရေအောင်းလွှာတွေမှာ မြေအောက်ရေ မရှိတော့ဘူးဆိုရင် ရေအောင်းလွှာက သဲဆန်တဲ့ ကျောက် အမျိုးအစား ဖြစ်တာကြောင့် မြေသားထု ကျွံကျပြီး မြေနိမ့်ဆင်းမယ့် အန္တရာယ် ဖြစ်ပေါ်နိုင်ပါတယ်။

ခြံဝင်းအပြည့် ကွန်ကရစ်ခင်းကြတာကလည်း မိုးဆီးနှင်းက တဆင့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းမှုကို အဟန့်အတား ဖြစ်စေပါတယ်။ တချို့ တော်တော်လေး လွဲနေကြတာတွေကိုလည်း ကျမတို့ ပတ်ဝန်းကျင် မှာ တွေ့မြင်နေရပါတယ်။ သန့်ရှင်းအောင်ဆိုပြီး တဝင်းတခြံလုံးကို ကွန်ကရစ် ခင်းပါတယ်။ ဘေးအိမ်က သစ်ပင်က သစ်ရွက်ခြောက်တွေ ခြံထဲဝင်တာ အမှိုက်လှဲရလို့ ဆိုပြီး ဘေးအိမ်က သစ်ပင်ကို ခုတ်ဖို့ ဖိအားပေးတာမျိုးတွေ တွေ့ရတော့ သဘာဝပတ်ဝန်းကျင်နဲ့ ဆိုင်တဲ့ အသိ ပညာတွေကို လက်ရှိပညာရေးမှာ ထည့်သင်ပေးထားပေမယ့်လည်း နှလုံးသားထဲအထိ မရောက်ခဲ့ဘူးဆိုတာ သက်သေပါပဲ။

လက်ရှိ ပင်မပညာရေးဟာ အမှတ်တွေ အဆင့်တွေ ကောင်းဖို့နဲ့ ယှဉ်ပြိုင်ဖို့ကိုပဲ ဦးစားပေးတဲ့ ပညာရေး ဖြစ်နေပါတယ်။ ဖြစ်သင့်တာကတော့ သင်ကြားမှုတိုင်းဟာ လက်တွေ့ဘဝနဲ့ ဆက်စပ်မှု ရှိရမှာ ဖြစ်ပြီး သင်ယူမှုတိုင်းဟာလည်း ပြန်လည် အသုံးချနိုင်ရပါမယ်။ ဒါကြောင့် ပညာရေးမှာ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ဒေသ ကြုံတွေ့နေရတဲ့ သဘာဝပတ်ဝန်းကျင်ပြဿနာတွေကို ထည့်သွင်းလေ့လာ အဖြေရှာစေခြင်းအားဖြင့် ရေရှည်တည်တံ့တဲ့ဖွံ့ဖြိုးရေးကို လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်း ကျမရဲ့ ဆွေးနွေးမှုကို နိဂုံးချုပ်ပါရစေ။

စကားဝိုင်းဆွေးနွေးပွဲ – ၁

# ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးနှင့် ပညာရေး

## ဟယ်လင်ဒါဘူ (Ms. Helen Dabu)

ဘာသာပြန် - အောင်မျိုးမြတ်

**[SDG 4 – "အရည်အသွေးရှိသော ပညာရေး"ကို ရရှိဖို့ အကောင်အထည် ဖော်တဲ့နေရာမှာ အခက်အခဲတွေ ဘယ်လို ဖြစ်လာနိုင်သလဲ၊ ဘယ်လို စိန်ခေါ်မှုတွေ ဖြစ်လာနိုင်သလဲ ဆိုတာကို ဆွေးနွေးလိုပါတယ်။]**

SDG 4 ရဲ့ ရည်မှန်းချက်ကို အနှစ်ချုပ် ပြောရရင်တော့ အားလုံး ပါဝင်တဲ့၊ ညီမျှတဲ့ ပညာရေးတခု ဖြစ်ဖို့ရယ်၊ ရေရှည်သင်ယူမှုကို ဖြစ်ထွန်းစေတဲ့ အခွင့်အလမ်းများကို ပေါ်ပေါက်စေဖို့ပဲ ဖြစ်ပါတယ်။

ပထမစကားပြောသူအနေနဲ့ ဒီ SDG ရဲ့ ၁၇ ချက်ကို ပြောသွားပါတယ်။ ၁၇ ချက်ထဲက နံပါတ် (၄) အချက်ကတော့ ပညာရေးနဲ့ အဓိကသက်ဆိုင်ပါတယ်။ SDG 4 အရ မြန်မာ အစိုးရက ၂၀၃၀ မတိုင်ခင်မှာ လူတိုင်း ပညာသင်ခွင့်ရဖို့၊ သာတူညီမျှ ပညာသင်ခွင့်ရဖို့၊ တသက်တာပညာသင်ဖို့ အခွင့် အလမ်းတွေ ရရှိဖို့ ဖော်ဆောင်ပေးရမှာ ဖြစ်ပါတယ်။

SDG 4 ရဲ့ အဓိကအချက်ကတော့ ပညာရေးဟာ အားလုံးအတွက် ဖြစ်တယ်။ ကလေးတွေအတွက်ပဲ မဟုတ်ဘဲနဲ့ လူငယ် လူကြီးတွေ ဘယ်သူမဆို ပညာသင်ချင်သူတွေအတွက် ရည်ရွယ်ပါတယ်။

ရည်မှန်းချက် (၄) ရဲ့အောက်မှာ အချက် ၇ ချက် ပါဝင်ပြီး၊ ရည်မှန်းချက် (၄) ကို ဖော်ဆောင်ဖို့ အဓိက နည်းလမ်း ၃ သွယ်ကို သုံးပြီး၊ အစိုးရက ဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ ရည်မှန်းချက် (၄) ရဲ့အောက်မှာ ရှိတဲ့ ရည်ရွယ်ချက် ၇ ခုကို အားလုံးပဲ သိထားပြီးသားဖြစ်မှာပါ။ ဒါတွေကတော့ ကလေးတွေ ကျား/မ မခွဲခြားဘဲ ပညာသင်ခွင့်ရရှိဖို့ ပြီးတော့ လူငယ်များအနေနဲ့ အသက်မွေးဝမ်းကျောင်းပညာနှင့် အတတ်ပညာများကို သင်ယူဖို့ အကောင်းဆုံး အခွင့်အရေးတွေ ရရှိဖို့ပဲ ဖြစ်ပါတယ်။ ရည်မှန်းချက် (၄) ရယ်၊ သူ့အောက်က အချက် ၇ ချက်ရယ်ကို NNER က မြန်မာလို ဘာသာပြန်ထားပြီး ဖြစ်ပါတယ်။ လိုချင် ဖတ်ချင်ရင် NNER နဲ့ ဆက်သွယ်တောင်းခံနိုင်ပါတယ်။

SDG 4 နဲ့ပတ်သက်ပြီး အကောင်အထည်ဖော်ရာမှာ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုများကို ရှင်းမပြခင်မှာ အားလုံးကို မေးခွန်းတခု မေးချင်ပါတယ်။ ၂၀၃၀ အရောက်မှာ အစိုးရဟာ အားလုံးပါဝင်တဲ့၊ အားလုံးအတွက် အခွင့်အရေးကို ပြဋ္ဌာန်းပေးနိုင်တဲ့၊ တကယ်ပဲ ဘဝတသက်တာလုံး သင်ယူနိုင်မယ့် ပညာရေး စနစ်ကြီးကို အကောင်အထည် ဖော်နိုင်မယ်လို့ ထင်ပါသလား။ ၂၀၃၀ မှာ အစိုးရက ဒီရည်ရွယ်ချက်ကို အကောင်အထည် ဖော်နိုင်မယ်လို့ ယုံကြည်တဲ့သူတွေ မတ်တတ်ရပ်ပြပါ။ မတ်တတ်ရပ်သူတွေက အကောင်းမြင်တတ်သူတွေပါပဲ။ မရပ်တဲ့သူတွေကိုလည်း မယုံကြည်တဲ့သူတွေလို့ တျွမ မယူဆပါဘူး။ လက်ရှိအခြေအနေအရ ၂၀၃၀ မှာ အစိုးရအနေနဲ့ ဒီလောက် ကောင်းတဲ့ ပညာရေးစနစ်ကို အကောင်အထည် မဖော်နိုင်လောက်ဘူးလို့ မယုံကြည်ခြင်းဟာ အကြောင်းဆီလျော်ပါတယ်။ စိန်ခေါ်မှုတွေ သိပ်များလို့ပါ။

SDG 4 ကို အကောင်အထည် ဖော်တဲ့ နေရာမှာ ရင်ဆိုင်ရမယ့် စိန်ခေါ်မှု ၅ ချက်ကို ရှင်းပြလိုပါတယ်။ စိန်ခေါ်မှုက ၅ ချက် မကပေမယ့် ဒီ ၅ ချက်ကိုပဲ မီးမောင်းထိုးပြပြီး ပြောပါမယ်။ ပညာရေး ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်နေတဲ့သူတွေအားလုံး ဘာတွေ ရင်ဆိုင်ရမလဲ၊ ဘယ်လိုအခက်အခဲတွေ ရှိမလဲဆိုတာတွေကို နားလည်စေဖို့ ရည်ရွယ်ပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ရာမှာ အဓိက ရင်ဆိုင်ရမှာကတော့၊ ပညာရေးအသုံးစရိတ် နည်းပါးမှုပဲ ဖြစ်ပါတယ်။ အရှေ့တောင်အာရှတခုလုံးမှာ မြန်မာနိုင်ငံရဲ့ ပညာရေး အသုံးစရိတ်က အနည်းဆုံး ဖြစ်ပါတယ်။ နိုင်ငံတကာစံနှုန်းများအရ အစိုးရ တရပ်ဟာ သူ့နိုင်ငံရဲ့ပညာရေးကို တိုင်းပြည်ဝင်ငွေတခုလုံးရဲ့ ၁၅% ကနေ ၂၀% အထိ ရင်းနှီးမြှုပ်နှံပေးရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပညာရေးအတွက် သုံးတဲ့ငွေနဲ့ တတိုင်းပြည်လုံး အတွက် သုံးတဲ့ငွေ ဘယ်လောက် ကွာဟပါသလဲ။ ဘယ်သူ ခန့်မှန်း နိုင်ပါသလဲ။ ပညာရေးအတွက် သုံးတာ တိုင်းပြည်ဝင်ငွေတခုလုံးရဲ့ ၄% ကနေ ၅ % အထိပဲ ရှိပါတယ်။

အရှေ့တောင်အာရှမှာ နောက်ဆုံး ၂၀၀၂ ခုနှစ်မှ နိုင်ငံအဖြစ် စပေါ်လာတဲ့ အရှေ့တီမောနိုင်ငံဟာ မြန်မာထက် အများကြီး ဆင်းရဲပါ တယ်။ ဒါပေမဲ့ ပညာရေးအသုံးစရိတ်မှာ မြန်မာနိုင်ငံထက် အများကြီး သာပါတယ်။ စီးပွားရေးအရ ယှဉ်ရင်၊ မြန်မာက အရှေ့ကိုသွားနေပေမယ့် ပညာရေးမှာ သုံးတဲ့ငွေကတော့ အရှေ့တီမောထက် အများကြီး နည်းပါး ပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုမှာ ပါဝင်လှုပ်ရှားနေတဲ့သူတွေအနေနဲ့ ဒီအချက်ကို သိပြီး နောက်ပိုင်းမှာ အစိုးရကို ပညာရေးနဲ့ပတ်သက်ရင် ငွေကြေး ပိုမိုသုံးစွဲအောင် တိုက်တွန်းဖို့ ဒီ ၁၅ နှစ်အတွင်းမှာ လုပ်ဆောင် စရာတွေ အများကြီး ရှိပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေဟာ အားလုံး ပါဝင်ခွင့်ရတဲ့ အခြေအနေ မဟုတ်ပါဘူး။ ခွဲခြားခံထားရတဲ့ လူနည်းစုတွေ၊

မသန်စွမ်းတဲ့သူတွေ၊ ဆင်းရဲသူတွေ၊ ဒုက္ခသည်တွေ အများကြီး ပညာသင်ယူခွင့် မရသေးပါဘူး။ ဒီအချက်က မြန်မာနိုင်ငံရဲ့ပညာရေးကို နောက်မှာ ကျန်စေခဲ့ပါတယ်။

နောက်တချက်ကတော့ ပညာရေးနဲ့ပတ်သက်ပြီး အစိုးရရဲ့ သတင်းအချက်အလက်ပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနဲ့ အားကိုးအားထားပြုမှုမှာ စိန်ခေါ်မှုပဲ ဖြစ်ပါတယ်။ အစိုးရမဟုတ်တဲ့ ပြင်ပက အဖွဲ့အစည်းတွေ အနေနဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာမှာ သူတို့အတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ ရချင်ရင်၊ အစိုးရမှာ ပွင့်လင်းမြင်သာ မရှိလို့ ဒါဟာလည်း အခက်အခဲနဲ့ စိန်ခေါ်မှုတရပ် ဖြစ်ပါတယ်။

နောက်ထပ် စိန်ခေါ်မှုနံပါတ် (၄) ကတော့ မြန်မာနိုင်ငံရဲ့ ပညာရေးဆိုင်ရာ မူဝါဒများရေးဆွဲရာမှာ လည်းကောင်း၊ ဆုံးဖြတ်ချက် ချမှတ်ရာမှာ လည်းကောင်း၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ ပါဝင်ခွင့် မရရှိခြင်းပဲ ဖြစ်ပါတယ်။ ပညာရေးမူဝါဒရေးဆွဲရာမှာ ဖြစ်စေ၊ ဆုံးဖြတ်ချက်ချမှတ်ရာမှာ ဖြစ်စေ၊ စီမံကိန်းများကို အကောင်အထည် ဖော်ရာမှာ ဖြစ်စေ၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေနဲ့ NGO တွေ ပါဝင်ပြီးတော့ ထိန်းချုပ် ကြီးကြပ် စစ်ဆေးခွင့်များ ရရှိဖို့ လိုအပ်ပါတယ်။

SDG 4 ကို ဖော်ဆောင်တဲ့နေရာမှာ အစိုးရအနေနဲ့ သူတို့ လုပ်နေတဲ့ ၂၀၃၀ ခုနှစ်မှာ ရရှိပေါက်မြောက်အောင် အကောင်အထည်ဖော်ရမယ့် ပညာရေး လုပ်ဆောင်မှုတွေဟာ အောင်မြင်မှု ဘယ်လောက်ရှိ မရှိဆိုတာကို တိုင်းတာလို့ရမယ့် အညွှန်းကိန်းတွေ ချမှတ်ဖို့ လိုအပ်နေလို့ ဒါဟာလည်း စိန်ခေါ်မှုတရပ် ဖြစ်ပါတယ်။ အစိုးရအနေနဲ့ ၂၀၃၀ အထိမှာ အကောင်းဆုံး ပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် သူတို့ရဲ့ လုပ်ဆောင်မှုတွေမှာ ရှင်းလင်းမြင်သာတဲ့ အညွှန်းကိန်းတွေ ရှိဖို့ လိုအပ်နေပါသေးတယ်။

SDG 4 ကို ဖော်ဆောင်တဲ့နေရာမှာ ၂၀၃၀ အမှီ ဖော်ဆောင်နိုင်အောင် အကောင်အထည်ဖော်နေပြီ၊ လက်တွေ့တကယ်ဖြစ်နေပြီလို့ လူတွေအားလုံး မြင်နိုင်အောင်လို့ အစိုးရက အခုလုပ်နေတဲ့ ရလဒ်တွေကို

ပြောပြဖို့ လိုပါတယ်။ လုပ်နေတဲ့ လုပ်ငန်းတွေရဲ့ အကျိုး သက်ရောက်မှုတွေကလည်း အောင်မြင်မယ်လို့ ထင်ရတဲ့ အညွှန်းကိန်းတွေ indicators လိုပါတယ်။ ဒါတွေကို အရပ်ဘက် ပြည်သူ့အဖွဲ့အစည်းတွေက ပါဝင်ခွင့်၊ မြင်ခွင့် ရအောင်၊ လူတိုင်း နားလည်ခွင့် ရအောင် လုပ်ပေးဖို့ လိုအပ် ပါတယ်။

ဒါတွေကတော့ SDG 4 ကို အကောင်အထည်ဖော်ရာမှာ ရင်ဆိုင်ရမယ့် အဓိက စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ ထပ်မံဖြည့် စွက်ချင်တာရှိရင် ဖြည့်စွက်လို့ရပါတယ်။ ဒီဆွေးနွေးချက်က SDG 4 ကို ဖော်ဆောင်ရမယ့် ၁၅ နှစ်အတွင်းမှာ ကိုယ့်ဘက်က တတ်နိုင်သလောက် ပါဝင်ခွင့်နဲ့ ပါဝင်လာနိုင်စွမ်းတွေ မြင့်မား လာစေဖို့ ရည်ရွယ်ပါတယ်။

။

စကားဝိုင်းဆွေးနွေးပွဲ – ၁

# ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးနှင့် ပညာရေး

ဦးစိုင်းဆမ်ခမ်း

**[ထောင်စုနှစ်ဖွံ့ဖြိုးရေး Millennium Development Goals ကို SDG တွေနဲ့ ယှဉ်ပြီး လေ့လာသုံးသပ်ချက်ရယ်၊ ရှေ့ဆက်ပြီး SDG 4 ကို သွားမယ်ဆိုရင် ဘယ်လိုအချက်တွေက အရေးတကြီး ထည့်သွင်းစဉ်းစားဖို့ လိုသလဲဆိုတာကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။]**

ကနဦး SDGs မဖြစ်ခင်မှာ၊ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ MDGs မှာ ၂၀၁၀ အထိ ပညာရေးနဲ့ ပတ်သက်တဲ့ ရည်မှန်းချက်တွေ ပါဝင်ခဲ့ပါတယ်။ ကုလသမဂ္ဂ အနေနဲ့ ဘယ်လောက်ထိ ရရှိအောင်မြင်မှုတွေ ရှိသလဲ၊ ဘယ်လို စိန်ခေါ်မှုတွေ ရှိသလဲဆိုတာကို သုံးသပ်ထားတာနဲ့ ပတ်သက်ပြီး အကျဉ်းချုံး တင်ပြချင်ပါတယ်။ ပြီးရင်တော့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးနဲ့ ပညာရေးရဲ့အဆက်အစပ်မှာ ထည့်စဉ်းစားစရာ ကိစ္စလေး ၂ ခုကို ဆွေးနွေးသွားချင်ပါတယ်။

ထောင်စုနှစ်ရည်မှန်းချက်ရဲ့ နံပါတ် (၂)အချက်ဖြစ်တဲ့ အခြေခံမူလတန်းပညာရေးကို အားလုံးအတွက်ဖြစ်စေရမယ် ဆိုတဲ့ ရည်မှန်းချက်နဲ့ပတ်သက်ပြီး ဆွေးနွေးတင်ပြချင်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ရဲ့ သုံးသပ်ချက် အစီရင်ခံစာအရ ဆိုရင် အတိုင်းအတာတခုအထိ အောင်မြင်တယ်လို့ သုံးသပ်ထားတာ ရှိပါတယ်။ ဘာကြောင့်လဲ ဆိုရင် လူတိုင်းအတွက်

မူလတန်းပညာရေးလို့ ပြောရာမှာ ကျောင်းကို လာအပ်တဲ့ ကလေးဦးရေရာနှုန်းဟာ ၂၀၀၀ ခုနှစ်တုန်းက ၈၃% ရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ၉၁% အထိ တက်လာတာကို အောင်မြင်မှုတရပ်အနေနဲ့ သုံးသပ်ထားတာ ရှိပါတယ်။ အဲဒီလိုပဲ ကလေးတွေ မူလတန်းအရွယ်မှာ ကျောင်းထွက်သွားရတဲ့ ပမာဏက ၂၀၀၀ ခုနှစ်မှာ သန်း၂၀၀ ရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ၅၇ သန်းရှိလို့ ထက်ဝက်နီးပါး ကျသွားလို့ ဒါကိုလည်း အောင်မြင်မှု တရပ်အနေနဲ့ သုံးသပ်ထားပါတယ်။ အထူးသဖြင့် ပိုဆင်းရဲတယ်လို့ ယူဆလို့ရတဲ့ တောင်အာဖရိကနိုင်ငံတွေမှာ တိုးတက်မှုတွေ ကြီးကြီး မားမား ရခဲ့တယ်လို့ သုံးသပ်ထားတာ ရှိပါတယ်။

နောက် အသက် ၁၅ နှစ်နဲ့ ၂၄ နှစ်ကြားမှာ ရှိတဲ့ လူငယ်တွေရဲ့ စာတတ်တဲ့ရာခိုင်နှုန်းဟာ ၁၉၉၀ ပတ်ဝန်းကျင်လောက်တုန်းက ၈၃ % ရှိရာကနေ ၂၀၁၅ မှာ ၉၁ % အထိ တက်လာပါတယ်။ ဒ့ါအပြင် အမျိုးသမီးနဲ့ အမျိုးသားကြားရှိ စာတတ်မြောက်မှုပမာဏ ကွာဟမှုက လည်း လျော့ကျလာတယ် ဆိုပြီး သုံးသပ်ထားပါတယ်။ MDGs နံပါတ် (၂) အတွက် ပညာရေးရည်မှန်းချက်မှာ ကုလသမဂ္ဂကနေပြီး ရရှိအောင်မြင်ခဲ့တဲ့အချက် ၃ ချက်ကို ထည့်သွင်း သုံးသပ်ထားတာ ဖြစ်ပါတယ်။

ထောင်စုနှစ်ရည်မှန်းချက်က ပညာရေးတခုတည်းမဟုတ်ဘဲ ကျန်တဲ့ရည်မှန်းချက်တွေ အကောင်အထည်ဖော်ရာမှာ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေကို ပြောတဲ့အခါမှာ ကျား/မ မညီမျှမှု ဆက်ရှိနေတယ်ဆိုတာ ပြောပါတယ်။ အထူးသဖြင့် လုပ်ခလစာကွာဟမှုတွေ ဆက်ရှိနေပါတယ်။ နောက် ပညာရေးနဲ့ ပတ်သက်ပြီး စိတ်ဝင်စားစရာ ကောင်းတာက အမျိုးသမီးတွေဟာ အဆင့်မြင့်ပညာရေးကို တက်ရောက်ခဲ့ပြီးသည့်တိုင်အောင် အလုပ်မရတဲ့ရာခိုင်နှုန်းဟာ သူတို့နဲ့ တန်းတူ ပညာတတ်တဲ့ အမျိုးသားတွေထက် ပိုများနေပါတယ်။ ဆင်းရဲ - ချမ်းသာ ကွာဟမှု အထူးသဖြင့် ကျေးလက်နှင့်မြို့ပြကြားကွာဟမှုက ကြီးမားနေတုန်းပဲ ရှိနေပါတယ်။ ဒါဟာလည်း ပညာရေးကို တိုက်ရိုက်ထိခိုက်နေတဲ့ အချက်တချက် ဖြစ်ပါတယ်။

နောက်တချက်ကတော့ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနဲ့ သဘာဝဘေးအန္တရာယ်ရဲ့ ဆိုးကျိုးကို ဆင်းရဲသားတွေ အများစု ခံနေရတယ် ဆိုတဲ့ အချက်ကလည်း စိန်ခေါ်မှုထဲမှာ ဆက်ရှိနေပါတယ်။ အထူးသဖြင့် ၂၀၁၀ ခုနှစ်ထဲမှာပဲ သစ်တော ဟက်တာ ၅.၂ သန်း ပျက်စီးဆုံးရှုံးမှု ရှိတယ်လို့ ဖော်ပြထားတာ ရှိပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၄၀% လောက်ဟာ လုံလောက်တဲ့ ရေ သုံးစွဲနိုင်ခြင်း မရှိပါဘူး။

နောက်တချက်ကတော့ ပဋိပက္ခပဲ ဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအတွက်လည်း၊ "မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း" လိုမျိုး လူသားချင်း စာနာမှု အကူအညီ ပေးနေတဲ့၊ စစ်ဘေးဒဏ် ခံရတဲ့သူတွေ အတွက် အကူအညီ ပေးနေတဲ့ အဖွဲ့အစည်းတွေ အနေနဲ့လည်း အများဆုံး ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတခု ဖြစ်တယ်လို့ ဖြည့်စွက်ပြီး ပြောချင်ပါတယ်။

၂၀၁၄ ခုနှစ်အကုန်မှာ ကမ္ဘာ့လူဦးရေ သန်းပေါင်း နှစ်ထောင် ရှိတယ်လို့ ခန့်မှန်းထားတဲ့အထဲမှာ၊ သန်းပေါင်း ခြောက်ဆယ်လောက်က အိုးအိမ်တွေကို စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်နေကြရတယ်။ နေ့စဉ် လူပေါင်း လေးသောင်းနှစ်ထောင်ဟာ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းကို ခံနေရတယ်။ အထူးသဖြင့် ဒီလိုထွက်ပြေးရတဲ့ ပြည်တွင်းစစ်ကာလ အိုးအိမ်ကိုစွန့်ခွာ ရွှေ့ပြောင်းရတဲ့သူတွေပဲပြောပြော၊ ပြည်ပကို ထွက်ပြေးရတဲ့ ဒုက္ခသည်တွေပဲပြောပြော၊ ဒီထဲမှာ ဒုက္ခသည်တွေရဲ့ တဝက်လောက်ဟာ ကလေးသူငယ်တွေ ဖြစ်နေပါတယ်။ ဒါဟာလည်း၊ ပညာရေး အကြောင်းကို ဆွေးနွေးကြတဲ့အခါမှာ မဖြစ်မနေ ထည့်သွင်းစဉ်းစားရမယ့် ကိစ္စဖြစ်တယ်လို့ မြင်ပါတယ်။ အထူးသဖြင့် ပဋိပက္ခခံစားရတဲ့ဒေသတွေမှာ တဝက်တပျက်နဲ့ မူလတန်းပညာရေးကို စွန့်ခွာ ကျောင်းထွက်လိုက်ရတဲ့ ကလေးတွေရဲ့ ဦးရေကို ၁၉၉၉ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်မှာ ပြန်ကြည့်လိုက်မယ်ဆိုရင်၊ ၁၉၉၉ ခုနှစ်တုန်းက ၃၀ % ရှိရာကနေ ၂၀၁၂ ခုနှစ်မှာ ၃၆ % အထိ တက်လာတာကို တွေ့ရတယ်ဆိုပြီး စိန်ခေါ်မှုအနေနဲ့ ထည့်သွင်းဖော်ပြထားတာ ရှိပါတယ်။

အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနဲ့ အခြေခံပြည်သူ့ဝန်ဆောင်မှု၊

ပညာရေး ကျန်းမာရေးဝန်ဆောင်မှုတွေ မရတဲ့ အရေအတွက်ကလည်း အင်မတန် ကြီးမားတယ်လို့ တင်ပြထားတာ ရှိပါတယ်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေ သန်း ၈၀၀ လောက်ဟာ အလွန်အမင်းဆင်းရဲမှုကို ခံစားနေရတယ်လို့ သုံးသပ်ထားပါတယ်။ နောက်ပြီး ငါးနှစ်အောက် ကလေးသူငယ်တွေရဲ့ သန်းပေါင်း ၁၆၀ လောက်ဟာ ကြီးထွားမှု နှောင့်နှေးနေတယ်ဆိုတာကို သုံးသပ်ထားတာ ရှိပါတယ်။ ကျောင်းနေရမယ့်အရွယ် ကလေးတွေထဲက ၅၇ သန်း ကျောင်းမသွားနိုင်ဘူးဆိုတဲ့ သုံးသပ်ချက်လည်း ရှိပါတယ်။

ဒါကတော့ ထောင်စုနှစ်ရည်မှန်းချက်ကို ချမှတ်ပြီးနောက်ပိုင်း၊ ကုလသမဂ္ဂအနေနဲ့ ရည်မှန်းချက်ဓာယ်လောက်ထိ ရရှိ အောင်မြင်တယ်၊ ဘာစိန်ခေါ်မှုတွေ ဆက်ပြီး ရှိနေတယ်ဆိုတာနဲ့ပတ်သက်ပြီး သုံးသပ်ထားချက် ဖြစ်ပါတယ်။

ကျနော့်အနေနဲ့ ဖြည့်စွက်ပြီးပြောချင်တာက ထောင်စုနှစ် ပညာရေး ရည်မှန်းချက်က အတိုင်းအတာတခုထိ အောင်မြင်တယ်လို့ သုံးသပ်ထားပေမယ့် ဖြေဖို့ခက်မယ့်မေးခွန်းတွေကတော့ ပညာရေးလို့ ပြောနေတဲ့ ကိစ္စရပ်တွေမှာ ဘယ်လိုပညာရေးမျိုးကို ဆိုလိုတာလဲ၊ ကျောင်းပြီးသွားတဲ့ အခါ ကုမ္ပဏီတွေမှာ အလုပ်လုပ်ဖို့အတွက် လူတွေကို ပြုစုပျိုးထောင်ပေးတဲ့ ပညာရေးမျိုးလား။ လူတယောက်အနေနဲ့ ကိုယ်ကျင့်သိက္ခာရှိရှိ လူ့အသိုင်းအဝိုင်းကို အကျိုးပြုတဲ့လူတယောက်ဖြစ်အောင် ပြုစုပျိုးထောင်ပေးတဲ့ ပညာရေးမျိုးလားဆိုတဲ့ မေးခွန်းကိုတော့ ထောင်စုနှစ် ပညာရေး ရည်မှန်းချက်က အဖြေပေးနိုင်မယ်လို့ ကျနော့်အနေနဲ့ မယူဆပါဘူး။

MDGs အပြီးမှာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးရည်မှန်းချက်ကို ချမှတ်ပြီးတော့ ရည်မှန်းချက်နံပါတ် (၄) မှာ ပညာရေးကို ချမှတ်ထားတာ ရှိပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီး နိုင်ငံတကာမှာလည်း စိုးရိမ်ပူပန်မှုတွေ ရှိပါတယ်။ ဆရာမ ဟယ်လင်ကလည်း ထည့်သွင်းဆွေးနွေးသွားတာ ရှိပါတယ်။ အဲဒါကတော့ လုံလောက်တဲ့ငွေကြေးပံ့ပိုးမှု ရှိပါ့မလားဆိုတဲ့ စိုးရိမ်မှုပဲ ဖြစ်ပါတယ်။ နိုင်ငံတကာ စာတမ်းတွေကို ကြည့်လိုက်တဲ့ အခါမှာ ထောင်စုနှစ် ရည်မှန်းချက် အားလုံး ပညာရေး တခုတည်း

မဟုတ်ဘဲ အင်မတန်ကောင်းတယ်၊ အားနည်းချက်တွေလည်း ရှိသေးတယ်။ ဒါပေမဲ့ လုံလောက်တဲ့ ငွေကြေး ပံ့ပိုးမှု ရှိပါ့မလား ဆိုတဲ့ စိုးရိမ်မှု ရှိတယ်ဆိုတာကို ကျနော် သုံးသပ်လို့ ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြောမယ်ဆိုရင် ကျနော်တို့ နိုင်ငံရဲ့ အသားတင် ဝင်ငွေထဲက ရာခိုင်နှုန်း ဘယ်လောက်ကို သုံးစွဲမလဲ ဆိုတဲ့ ကိစ္စကို ဆွေးနွေးနေတာ ရှိပါတယ်။

နောက်တခုကတော့ မြန်မာနိုင်ငံကို အကူအညီပေးနေတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ အစိုးရ (သို့) ကုလသမဂ္ဂအဖွဲ့အစည်းတွေကနေ ဝင်လာတဲ့ မြန်မာနိုင်ငံရဲ့ပညာရေးအတွက် ပေးနေတဲ့ အကူအညီတွေလည်း ရှိပါတယ်။ မလောက်ငှဘူးဆိုတဲ့ ကိစ္စရပ်တွေ ကြားနေရတာတွေ အများကြီး ရှိပါတယ်။ ဒုက္ခသည်တွေကို ပညာရေးနဲ့ပတ်သက်တဲ့ အကူအညီပေးတဲ့နေရာမှာလည်း အခုထိ အခက်အခဲတွေ အများကြီး ရှိနေတုန်းပဲ။ တချိန်တည်းမှာပဲ အကူအညီပေးတဲ့စနစ်တွေရဲ့ ထိရောက်မှု မရှိတဲ့ဟာတွေ၊ မလိုအပ်ဘဲနဲ့ သုံးဖြုန်းနေတဲ့ကိစ္စရပ်တွေကိုလည်း မေးခွန်းထုတ်ရမှာ ဖြစ်ပါတယ်။

အစိုးရရဲ့ နှစ်စဉ်ရေးဆွဲတဲ့ ဘဏ္ဍာရေးလျာထား ဘတ်ဂျက်တွေကို ပညာရေးအတွက် ဘယ်လောက် လျာထားမလဲဆိုတဲ့ မေးခွန်းကို မေးတဲ့နေရာမှာ ကျနော့်အနေနဲ့ကတော့ နိုင်ငံတကာအကူအညီပဲဖြစ်ဖြစ်၊ အစိုးရက ကျခံ သုံးစွဲတဲ့ငွေကြေးပဲဖြစ်ဖြစ် မလုံလောက်ဘူးလို့ ပြောတဲ့အခါမှာ၊ အခက်အခဲတွေ ရှိလို့ ပညာရေးအတွက် လျှော့သုံးစွဲရတယ်လို့ ပြောတဲ့အခါမှာ ကျနော့်မှာ မေးခွန်းအများကြီး ရှိပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ ရှိနေတဲ့ စစ်ဘေးတိမ်းရှောင်ရတဲ့သူတွေကို အကူအညီ ပေးရင်း၊ စိတ်ထဲမှာ နာကျင် ခံစားရတာကတော့ တလုံးကို ယူရိုလေးထောင်လောက် ပေးရတဲ့ လက်နက်ကြီး ကို ဘနေ့ ရာချီပြီး ပစ်နိုင်တဲ့ ငွေကြေးတောင် ရှိနေတယ်ဆိုရင် ပညာရေးအတွက် ရင်းနှီးမြှုပ်နှံရမယ့် ငွေကြေး ဘာကြောင့် မရှိရမှာလဲ ဆိုတဲ့ မေးခွန်း ရှိပါတယ်။ လူကိုသေစေတဲ့နေရာမှာ ပိုက်ဆံကို အသုံးပြုနိုင်သလို ကိုယ့်နိုင်ငံကို တည်ဆောက်မယ့် လူတော်လူကောင်းတွေကို ပျိုးထောင်ဖို့ အတွက် ငွေကြေးကို ဘာ့ကြောင့်သုံးစွဲနိုင်ခြင်း မရှိတာလဲဆိုတဲ့

မေးခွန်း ကျနော့်မှာ ရှိပါတယ်။ အားလုံးစဉ်းစားဖို့အတွက် ဖြစ်ပါတယ်။ ဘာတွေ ဆက်လုပ်ကြမလဲ၊ ဘယ်လိုဝိုင်းပြီး ကြိုးစားကြမလဲဆိုတာကို စဉ်းစားနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒါကတော့ MDGs ထောင်စုနှစ် ရည်မှန်းချက်မှာ ပညာရေးနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂရဲ့သုံးသပ်ချက်နဲ့ ကျနော့်ရဲ့အမြင်တွေကို ဆွေးနွေးတာဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့ ပညာရေးနဲ့ ပညာရေးအတွေးအခေါ်နဲ့ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ရေရှည်တည်တံ့တဲ့အကြောင်းကို ပြောကြတဲ့အခါမှာ ကျနော်တို့အားလုံး ဆွေးနွေးနေကြတာတွေ အများကြီး ရှိပါတယ်။ စီးပွားရေးအရလည်း တည်တံ့ဖို့ လိုတယ်၊ ပတ်ဝန်းကျင်အရလည်း တည်တံ့ဖို့ လိုတယ် စသဖြင့် ဆွေးနွေးချက်တွေ အများကြီးရှိတယ်။ Formal education, informal education ... အဲဒါနဲ့ ပတ်သက်ပြီး ပြောချင်တာ ရှိပါတယ်။

လက်ရှိ ပညာရေးအကြောင်း ပြောကြတဲ့အခါတိုင်း ကြောင်းကျိုး ဆင်ခြင် သုံးသပ်တဲ့ အလေ့ကို မြှုစိုက်ပျိုးထောင်ပေးတဲ့ ပညာရေးကို တည်ပြီး ပြောကြတာ များပါတယ်။ ကျနော်တို့ နိုင်ငံရဲ့ အနေအထားကို ကြည့်လိုက်မယ်ဆိုရင်လည်း အမှန်တကယ်ပဲ လိုအပ်နေပါတယ်။ ဥပမာ ကျနော်တို့ ကြည့်မယ် ဆိုရင် ကျနော်တို့နိုင်ငံမှာကြုံတွေ့နေရတဲ့ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စိန်ခေါ်မှုတွေကို ဖြေရှင်းရတဲ့အခါတိုင်းမှာ၊ တက်ကြွလှုပ်ရှားမှုတွေ လုပ်ဆောင်တဲ့ အခါတိုင်းမှာ အများပြည်သူလူထု နားလည် ပါဝင်လာအောင် စည်းရုံး ဆွဲဆောင်ရတဲ့ အပိုင်း ရှိပါတယ်။ ဥပမာ မြစ်ဆုံဆည်နဲ့ ပတ်သက်တဲ့ ကိစ္စတွေ လုပ်တဲ့အခါမှာ ယဉ်ကျေးမှု၊ တခါတလေ အမျိုးသားရေးဝါဒတွေ သုံးပြီး ဆွဲဆောင်သိမ်းသွင်းတာ ရှိပါတယ်။ တခါတလေ လက်တွေ့အချက်အလက်တွေ အပေါ်မှာ အခြေခံပြီးတော့ ကိုယ်လိုချင်တဲ့အချက်ကို ဆွဲဆောင်တောင်းဆို သိမ်းသွင်းတဲ့ အပိုင်းမှာ အားနည်းချက် ရှိနေသေးပါတယ်။ အကျိုးအကြောင်းနဲ့ ဆက်စပ်ပြီး၊ ပိုင်းခြားဝေဖန် သုံးသပ်တတ်တဲ့ အလေ့အထတွေ၊ တွေးခေါ်တတ်တဲ့ အလေ့အထတွေကို အားပေးဖို့ လိုနေသေးပါတယ်။ တချိန်တည်းမှာပဲ အချက်အလက်နဲ့ ဝေဖန်သုံးသပ်ထားတဲ့ သိပ္ပံကိုဦးစားပေးတဲ့

ပညာရေးဟာ အကန့်အသတ်တခု ရှိတယ် ဆိုတာကို နိုင်ငံတကာ ပညာရေးတွေးခေါ်မှုမှာ သုံးသပ်နေတဲ့အပိုင်း ရှိပါတယ်။ ဆိုလိုတာက ကျနော်တို့ အခုပြောနေတဲ့ ပညာရေး၊ ကျနော်တို့ မြန်မာနိုင်ငံအနေနဲ့ ပြည့်ပြည့်ဝဝ လုပ်ဆောင်နိုင်ခြင်းမရှိသေးတဲ့၊ အထူးသဖြင့် အနောက်တိုင်း ပညာရေးကို အခြေခံတဲ့ ပညာရေး အယူအဆ၊ ပညာရေး တွေးခေါ်မှုတွေဟာ အကန့်အသတ် ရှိနေတယ်လို့ ကျနော့်အနေနဲ့ ဆွေးနွေးချင်ပါတယ်။

ထည့်သွင်းဆွေးနွေးချင်တဲ့အပိုင်းက ဒိုးရာအသိပညာနဲ့ ပတ်သက်တဲ့ ကိစ္စရပ်ကို ထောက်ပြချင်တာ ဖြစ်ပါတယ်။ Formal/informal education လို့ ပြောတဲ့နေရာမှာ ပညာရေးလို့ ပြောတဲ့အခါမှာ အသိပညာတခုကို ဘယ်လို ဖော်ထုတ်သလဲ၊ ဘယ်လို စုစည်းသလဲ၊ သူတို့နဲ့အတူ မျိုးဆက် တခုနဲ့ တခု ဘယ်လို လက်ဆင့်ကမ်းကြသလဲ ဆိုတဲ့အချက်ကို စဉ်းစားကြ မယ်ဆိုရင် indigenous knowledge, traditional wisdom ဒိုးရာစလေ့ အရ ရှိနေတဲ့ အသိပညာတွေရဲ့ ကဏ္ဍက ဘာလဲ ဆိုတာကို ပညာရေးမှာ ဦးဆောင်နေတဲ့ ဒီကို ရောက်နေတဲ့ အစ်ကိုတွေ အစ်မတွေ ဆရာတွေ ဆရာမတွေ အားလုံးကို ထည့်စဉ်းစားဖို့ ကျနော့်အနေနဲ့ ဒီမှာ ဖိတ်ခေါ်ချင် တာ ဖြစ်ပါတယ်။

ကျနော်တို့ သိမှုအကြောင်းကို ပြောတဲ့အခါမှာ၊ ပညာကို ရှာကြတဲ့ အခါမှာ နည်းအမျိုးမျိုး ရှိတယ်လို့ ပြောကြပါတယ်။ Analytical thinking အချက်အလက်နဲ့ ခွဲခြားဝေဖန်ပိုင်းခြားပြီးတော့မှ သိတဲ့ အသိပညာ က တမျိုး ဖြစ်ပါတယ်။ တချို့ကတည်းမှာပဲ feeling ခံစားပြီးတော့မှ သိတဲ့ အသိပညာလည်း ရှိတယ်။ Sensing စူးစမ်းပြီးသိတဲ့ အသိပညာ ရှိတယ်။ Intuition ထိုးထွင်းပြီးတော့မှသိတဲ့ အသိပညာလည်း ရှိတယ်။

ဒိုးရာစလေ့ထုံးတမ်းစဉ်လာအရသိတဲ့ အသိပညာတွေကို ပြော ကြတဲ့အခါတိုင်းမှာ တိုင်းရင်းဆေးနဲ့ အနောက်တိုင်းဆေးကို ကြည့်ရင် တွေ့ရပါမယ်။ အနောက်တိုင်းဆေးလို့ ပြောလိုက်တာနဲ့ သူ့မှာ သိပ္ပံနည်း ကျတယ်၊ သက်သေပြနိုင်တယ်လို့ ပြောကြတယ်။ တိုင်းရင်းဆေးလို့ ပြောတဲ့အခါမှာ တော်တော်များများက "အင်း။ မဆိုးပါဘူး။ ဒါပေမဲ့ ဘယ်မှာလဲ၊ သိပ္ပံသုတေသန လုပ်ထားတာလဲ မရှိဘူး။ ခေတ်နောက်

ဖြစ်ခဲ့တယ်" ဆိုတဲ့ အမြင်တွေလည်း ရှိပါတယ်။ ရိုးရာအသိပညာတွေကို ပြောတဲ့အခါတိုင်းမှာ ကြားရတဲ့ ကိစ္စရပ်တွေ ဖြစ်ပါတယ်။ ရိုးရာ အသိပညာဟာ ဘာကြောင့်မို့လို့ အရေးကြီးတယ်လို့ ထင်တာလဲ။

"မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း" ကတော့ တောင်သူလယ်သမား အများစုနဲ့ အလုပ်လုပ်တဲ့ အဖွဲ့အစည်း ဖြစ်လို့ တောင်သူ လယ်သမား တွေနဲ့ လက်ပွန်းတတီး နေရင်းနဲ့ သူတို့ဆီက သိခွင့်ရတဲ့ ကိစ္စရပ်တွေ အများကြီး ရှိပါတယ်။ ဥပမာ၊ ပထမ ဆရာမ ဥမ္မာထွေးအနေနဲ့ ဆွေးနွေး သွားတဲ့အခါမှာ ပတ်ဝန်းကျင်ရာသီဥတုရဲ့ ဆိုးကျိုးကို ခံနေရတယ်။ ဒါတွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ပညာရေးမှာ ထည့်ပြီး လုပ်ဆောင် သွားဖို့ လိုတယ်ဆိုတဲ့ အချက်ကို ဦးဆောင်ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဘာကြောင့် ဒါတွေကို ပြောနေရသလဲဆိုရင် ပတ်ဝန်းကျင် ရာသီဥတု ပြောင်းလဲတာဟာ လူသားတွေရဲ့ ဖြစ်တည်မှု၊ လူ့အသိုင်းအဝိုင်းရဲ့ တည်ငြိမ်မှု၊ ကျနော်တို့ရဲ့ ဝမ်းစာဖူလုံမှု၊ ဒါတွေကို တိုက်ရိုက် ခြိမ်းခြောက် နေလို့ပဲ ဖြစ်ပါတယ်။ ဒီပတ်ဝန်းကျင် ရာသီဥတုရဲ့ ပြောင်းလဲမှုကို ခံနိုင်ဖို့အတွက် ပြင်ဆင်ကြတဲ့နေရာမှာ ရိုးရာအသိပညာတွေကလည်း အများကြီး အရေးကြီးတယ်လို့ ပြောချင်ပါတယ်။ ဥပမာပြောမယ်ဆိုရင် ဒေသ တွင်းမှာရှိနေတဲ့ ရိုးရာအရ စုဆောင်းထိန်းသိမ်းထားကြတဲ့ မျိုးရင်း မျိုးစေ့တွေကို ကြည့်ရင် တွေ့နိုင်မှာ ဖြစ်ပါတယ်။ ဒီမျိုးစေ့တွေကို ဘယ်လိုရွေးချယ် ယူသလဲ၊ ဘယ်လိုမျိုး ထိန်းသိမ်းစောင့်ရှောက်သလဲ၊ ဘယ်လိုမျိုး လက်ဆင့်ကမ်းထားသလဲဆိုတဲ့ ရိုးရာအသိပညာဟာ ဒီတိုင်းရင်းသားတွေ၊ တောင်သူလယ်သမားတွေရဲ့ လက်ထဲမှာ ရှိနေတာ ဖြစ်ပါတယ်။ ဒါတွေကို မျက်ကွယ်ပြုပြီး နိုင်ငံတကာကုမ္ပဏီတွေနဲ့ မျိုးစပ်ပြီးတော့မှ ပိုကောင်းတယ် ဆိုပြီး လာရောင်းတဲ့ မျိုးတွေကိုပဲ အားကိုးမယ် ဆိုရင် ကျနော်တို့အတွက် အခက်အခဲအများကြီး ကြုံရမှာ ဖြစ်ပါတယ်။ ဒါဟာ ရိုးရာအသိပညာရဲ့ အရေးကြီးတဲ့ ဥပမာလေးတခု ဖြစ်ပါတယ်။

ကျနော်တို့နိုင်ငံမှာ ဒီလိုပဲ ရှိနေတဲ့ ရိုးရာအသိပညာတွေ အများကြီး ရှိပါတယ်။ ဘာသာစကားတွေမှာ၊ သီချင်းတွေမှာ၊ ပုံပြင်တွေမှာ၊

လုပ်ကိုင်စားသောက်တဲ့ ဓလေ့တွေထဲမှာ အများကြီး ရှိပါတယ်။ ဒါတွေကို ဖော်ထုတ်ဖို့ လိုပါတယ်။ တန်ဖိုးထားဖို့ လိုပါတယ်။ ကျနော်တို့ ပြောနေတဲ့ mainstream education, formal education ထဲမှာ တနည်းတဖုံ ဒါကိုထည့်သွင်း ပူးပေါင်းအသုံးပြုနိုင်ဖို့အတွက် လိုအပ်တယ်လို့ ပြောချင်ပါတယ်။

နိုင်ငံတကာက မြန်မာပြည်ရဲ့အသိပညာကို ကောက်ပြီး အသုံးပြုခဲ့တာလေးတခု ရှိခဲ့ပါတယ်။ အထူးသဖြင့် ကမ္ဘာ့စီးပွားပျက်ကပ်ဖြစ်လာတဲ့အခါမှာ ဒီအတွေးအခေါ်ကို ပြန်ပြီးဆွေးနွေးလာတာတွေ ရှိပါတယ်။ မြန်မာနိုင်ငံက ဗြိတိသျှတွေရဲ့လက်အောက်ကနေ လွတ်လပ်ရေးရပြီးသွားတဲ့အခါမှာ ဗြိတိသျှအစိုးရက စိတ်ပူတယ်။ မြန်မာနိုင်ငံဟာ ငါတို့ ထားခဲ့လို့ရှိရင် သူတို့နိုင်ငံကို ကောင်းကောင်း အုပ်ချုပ်တတ်ပါ့မလား။ စီးပွားရေးကို လည်မှ လည်ပတ်တတ်ပါ့မလားလို့ စိုးရိမ်တဲ့အခါမှာ ဘောဂဗေဒပညာရှင် E. F. Schumacher ကို မြန်မာပြည်ကို လွှတ်လိုက်တယ်။ ရှူးမေကာ (Schumacher) က မြန်မာပြည်မှာ လပိုင်းနေပြီး အိန္ဒိယကို သွားခဲ့တယ်။ သူက ဗြိတိသျှအစိုးရကို ဘာပြောသလဲဆိုရင်၊ "ဗမာတွေကို ကျနော်တို့က သွားသင်ပေးရမှာ မဟုတ်ဘူး။ ဗမာတွေဆီက ပြန်သင်ရမယ့်ကိစ္စတွေ ရှိပါတယ်" ဆိုပြီး၊ Buddhist Economics ဗုဒ္ဓအလိုကျ စီးပွားရေးဝါဒ "သမ္မာအာဇီဝ" ဆိုတဲ့ စကားကို တွေ့သွားခဲ့တာပါ။ ရောင်းတဲ့သူလည်း မနစ်နာ၊ ဝယ်တဲ့သူလည်း မနစ်နာတဲ့ စီးပွားရေးစနစ်မျိုး။ ဒီမြန်မာနိုင်ငံက အသိပညာကို ကမ္ဘာသူ ကမ္ဘာသားတွေကို အကျိုးပြုနိုင်အောင် ရေးသားပြီး ဖြန့်ဖြူးခဲ့တဲ့ အတွေ့အကြုံ ရှိပါတယ်။ ဒါဟာ ရိုးရာအသိပညာနဲ့ mainstream အသိပညာနှစ်ခုကို ပေါင်းစည်းတဲ့ ဥပမာတခုပဲ ဖြစ်ပါတယ်။ ပညာရေးမှာ ဦးဆောင်နေတဲ့ ဆရာ၊ ဆရာမတွေကို မေတ္တာရပ်ခံချင်တာက မူဝါဒပိုင်းနဲ့ ပတ်သက်ပြီး စဉ်းစားကြတဲ့အခါမှာ ရိုးရာအသိပညာရဲ့ တန်ဖိုးရှိပုံ ပေါင်းစပ်ရမယ့်ကိစ္စ ဖြစ်လို့ စဉ်းစားစေချင်ပါတယ်။

နောက်ဆုံး ဆွေးနွေးချင်တဲ့ အချက်တချက်ကတော့ ပညာရေးနဲ့ ပတ်သက်တဲ့ အတွေးအခေါ် ဖြစ်ပါတယ်။ ခုနက ပြောသွားတဲ့အချက်တွေ

တလည်း အများကြီး ဆက်စပ်ပြီးတော့ ပါဝင်နေတယ်လို့ မြင်ပါတယ်။ အဲဒါကတော့ ကနဦးမှာ ဆရာတာ ဦးဆောင်ဆွေးနွေးသွားတဲ့အခါမှာ အဖွင့်ဆွေးနွေးရာမှာ ပါတဲ့ အချက်ပဲ ဖြစ်ပါတယ်။

Federal democratic education နဲ့ပတ်သက်ပြီး ပြောသွားတဲ့ အခါမှာ democratic education လို့ ပြောတဲ့ နေရာမှာ အဓိကစာလုံး နှစ်လုံးက participation နဲ့ freedom "အများပူးပေါင်းပါဝင်မှုရှိခြင်းနဲ့ လွတ်လပ်ခြင်း"ကို ပြောသွားတာ ဖြစ်ပါတယ်။

ပညာရေးအတွေးအခေါ်တွေကို ပြောတဲ့နေရာမှာ သတိထား စေချင်တာကတော့ ဒီဝေါဟာရတခုကို ကိုလိုနီပြုခြင်းဆိုတဲ့ ဝေါဟာရ ရှိပါတယ်။ ကိုလိုနီပြုခြင်းက တနိုင်ငံနဲ့တနိုင်ငံမှာ ကျူးကျော်စစ်ပြုပြီး တော့ သိမ်းယူမှပဲ ကိုလိုနီပြုတာ မဟုတ်ပါဘူး။ တွေးခေါ်ပုံကို လွှမ်းမိုးလို့ ရှိရင်လည်း ဒါ ကိုလိုနီပြုတာပဲ ဖြစ်တယ်ဆိုတဲ့ အချက် ရှိပါတယ်။ ဒါတွေဟာ စဉ်းစားရမယ့်အချက် ဖြစ်တယ်လို့ မြင်ပါတယ်။

အခုခေတ် ပညာရေးအတွေးအခေါ်မှာ လွှမ်းမိုးနေတဲ့ အတွေး အခေါ်တွေကို ပြန်ပြီးစိန်ခေါ်ဖို့ လိုတယ်လို့ မြင်ပါတယ်။ ကျနော် ပထမ ဆွေးနွေးသွားတဲ့အချက်နဲ့လည်း ဆက်စပ်နေပါတယ်။ ရိုးရာအသိပညာနဲ့ အပြင်ကနေလာတဲ့ အသိပညာတွေကို ဘယ်လိုပေါင်းစည်းနိုင်မလဲဆိုတဲ့ စဉ်းစားပုံမျိုး ဖြစ်ပါတယ်။ အထူးသဖြင့် ပညာရေးအတွေးအခေါ်လို့ ပြောတဲ့ နေရာမှာ၊ ဒီမိုကရေစီပညာရေးကို ပြောတဲ့နေရာမှာ၊ ပြောင်းလဲ ရမယ့်ကိစ္စတွေ အများကြီးရှိတယ်လို့ မြင်ပါတယ်။ ဥပမာတခုကို ပြောရ မယ်ဆိုရင် ပညာရေးနဲ့ပတ်သက်ပြီး ကျောင်းသားတွေ ဦးဆောင်ပြီး လုပ်လာတဲ့အခါမှာ ဆရာကြီး ဆရာမကြီးတွေ၊ လူထုကြားထဲမှာ ရှိနေတဲ့ ခေါင်းဆောင်တွေအနေနဲ့ ကျောင်းသားတွေအပေါ်မှာ စေတနာနဲ့ ပြုပြင် ဝေဖန်အကြံပေးတာတွေ ရှိသလို ကဲ့ရဲ့ပြစ်တင် ရှုတ်ချကြတာလည်း အများကြီး ရှိပါတယ်။ အဲဒီထဲမှာ အင်မတန် ထင်ရှားတဲ့ အချက် တချက်ကို ကြည့်လိုက်မယ်ဆိုရင် ကျောင်းသားတွေကို ဘာမှ မသိ နားမလည်တဲ့ ကလေးသူငယ်တွေလို ဆက်ဆံတဲ့ကိစ္စ ဖြစ်ပါတယ်။ ဘွဲ့ရအောင် သင်လိုက်ဦး။ ဘွဲ့ရပြီးတော့မှ ပညာရေးကို ဆက်ပြောကြပါ။

ကျောင်းသားဆိုတာ ပညာရေးကို ဘာနားလည်လို့လဲ ဆိုတဲ့ ကိစ္စရပ်တွေဟာ ဒီမိုကရေစီစံညွှန်းတွေနဲ့ ကွဲပြားဆန့်ကျင်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရှိနေတဲ့ ယဉ်ကျေးမှုတခုလုံးကို ပြန်ပြီးတော့ မေးခွန်းထုတ် ပြုပြင်ပြောင်းလဲရမယ့် ကိစ္စရပ်တခု ဖြစ်တယ်လို့ မြင်ပါတယ်။

ပညာရေးတွေးခေါ်မှုလို့ ပြောတဲ့နေရာမှာ သိစိတ်နဲ့ပဲဖြစ်ဖြစ် မသိစိတ်နဲ့ပဲဖြစ်ဖြစ် ရင်ထဲမှာ အမြစ်တွယ်နေတဲ့ ခုနကလို အတွေးအခေါ်မျိုးတွေကို စိန်ခေါ်နိုင်တဲ့ ပညာရေးအတွေးအခေါ်မျိုးကို ပေါ်ထွန်းလာစေချင်ပါတယ်။ ပညာရေးမူဝါဒတွေကို ရေးဆွဲတဲ့အခါတိုင်းမှာ ပညာရေးမူဝါဒတွေရဲ့နောက်မှာ ရှိနေတဲ့ ပညာရေးအတွေးအခေါ်တွေကိုလည်း သေသေချာချာ စဉ်းစားပြီးတော့ မြင်ဆင်စေချင်ပါတယ်လို့ ပြောချင်ပါတယ်။

နိုင်ငံရေးစနစ်တွေကိုပဲ ကြည့်ကြည့်၊ စီးပွားရေးစနစ်တွေကိုပဲ ကြည့်ကြည့်၊ ဒါတွေဖြစ်လာအောင် ထောက်ပံ့ထားတဲ့ အတွေးအခေါ် အုတ်မြစ်တွေ ရှိပါတယ်။ ဒီအတွေးအခေါ် အုတ်မြစ်တွေရဲ့ အားသာချက် အားနည်းချက်တွေကိုလည်း ပိုင်းခြားသုံးသပ်ဖို့ လိုတယ်လို့ မြင်ပါတယ်။ အဲဒါမှ မဟုတ်ဘူးဆိုရင် ကျနော်တို့ဟာ Oxford တက္ကသိုလ်က ထွက်တယ်ဆိုတိုင်း၊ Harvard ကျောင်းဆင်းဖြစ်တယ်ဆိုတိုင်း အထင်ကြီးပြီးတော့မှ အနောက်တိုင်းအတွေးအခေါ်တွေ၊ အနောက်တိုင်းရေခံမြေခံမှာ ဆီလျော်ပေမယ့် ကိုယ့်နိုင်ငံ ရေခံမြေခံမှာ ဆီလျော်ချင်မှ ဆီလျော်မယ့် အတွေးအခေါ်တွေကို အလုံးအတိုင်းယူပြီး သုံးမိမှာကို စိုးရိမ်ရတဲ့ အနေအထားမျိုး ရှိပါတယ်။

ဘယ်အစိုးရပဲတက်တက်၊ အစိုးရတွေကို အကြံပေးတဲ့သူတွေကို ကြည့်လိုက်မယ်ဆိုရင် များသောအားဖြင့် Ivy League လို့ခေါ်တဲ့ Harvard စတဲ့ ကျောင်းဆင်းတွေ ပါတာ အများကြီး တွေ့ရတတ်ပါတယ်။ နိုင်ငံတော်တော်များများကို ကြည့်လိုက်ရင်လည်း ဒီအတွေးအခေါ်တွေ လွှမ်းမိုးတာ တွေ့ရပါတယ်။ ကျနော့်အနေနဲ့ကတော့ ကောင်းတာကို ယူပြီး ကိုယ့်ရေခံမြေခံနဲ့ ပေါင်းစည်းနိုင်တဲ့ တွေးခေါ်ပုံတွေ၊ မူဝါဒတွေကို မြင်ချင်တယ်လို့ ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။

## ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးနှင့် ပညာရေးအပေါ် မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များ

[ပထမအချက်က ရေရှည်တည်တံ့ ဖွံ့ဖြိုးတဲ့ ပညာရေးကို သွားဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းသင်ကြားဖို့ ဖြစ်ပါတယ်။ ထည့်သွင်းရုံနဲ့ မပြီးပါဘူး။ ထိရောက်တဲ့ သင်ကြားနည်းတွေနဲ့ သင်ရိုးညွှန်းတမ်းမှာ ဘယ်လိုထည့်သွင်းမလဲ ဆိုတာကို ဆရာမ ဥမ္မာထွေးက ဆွေးနွေးသွားတယ်။

ဒုတိယအနေနဲ့ ရေရှည်တည်တံ့ဖွံ့ဖြိုးတဲ့ ရည်မှန်းချက်တွေဆီကို သွားတဲ့နေရာမှာ ကြုံတွေ့လာရမယ့် စိန်ခေါ်မှု အခက်အခဲတွေ ဘာတွေ ရှိနိုင်မလဲ။ အဲဒီအချက်တွေကို သိထားခြင်းအားဖြင့် ဘာတွေများ ဆက်လုပ်ဖို့ လိုအပ်မလဲဆိုတဲ့ အကြောင်းကို ဆရာမ ဟယ်လင်မှ ဆွေးနွေးခဲ့ပါတယ်။

ဆရာစိုင်းဆမ်ခမ်း ဆွေးနွေးသွားတဲ့ အကြောင်းအရာကတော့ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုကို သွားတဲ့အချိန်မှာ လွန်ခဲ့တဲ့ စီမံကိန်းတွေ၊ ရည်မှန်းချက်တွေ ဘယ်လို လုပ်ခဲ့သလဲ။ ရှေ့ဆက်ပြီးတော့ အကောင်အထည် ဖော်တဲ့ နေရာမှာကော အဓိက အရေးကြီးတဲ့ အချက်တွေ၊ ကျွမ်းတို့ ဘိုးဘွားဘီဘင်တွေ သယ်ဆောင်လာတဲ့ ဉာဏ်ပညာတွေ၊ ကျွမ်းတို့ဒေသမှာ ရှိနေတဲ့ ပညာတွေနဲ့ ဘယ်လို ပေါင်းစပ်ပြီးတော့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးကို သွားနိုင်မလဲ။ ဒါတွေ မပါရင် ဘာဖြစ်မလဲ စတာတွေကို ထည့်သွင်းဆွေးနွေးသွားတာ ဖြစ်ပါတယ်။

မေးခွန်းမေးတဲ့အချိန်မှာ နာမည်ကို မိတ်ဆက်ပေးပါ။ ပြီးတော့ ဘယ်သူ့ကို မေးချင်တာလဲ။ ဒါမှမဟုတ် ဘယ်သူဖြစ်ဖြစ် ဖြေလို့ရပါတယ် ဆိုတာမျိုးကို မေးခွန်းမေးပေးစေချင်ပါတယ်။

**– ဆရာမ ဟောင်းနိုင်]**

**မေးခွန်း (၁)။** ကျမကတော့ ဒေါက်တာ နှင်းရီအေးပါ။ သားဖွားနဲ့မီးယပ် အထူးကုဆရာဝန်ကြီးပါ။ ပင်စင်ယူထားတာ ၁၁ နှစ် ရှိပါပြီ။ ကျမက လူမှုရေးတွေ အများကြီးလုပ်ပါတယ်။ ပညာရေးကိုလည်း အများကြီး စိတ်ဝင်စားပါတယ်။ ပထမဆုံး ပြောသွားတဲ့ panelist ဆွေးနွေးသွားတဲ့ ကျောင်းသင်ရိုး ညွှန်းတမ်းမှာ သဘာဝပတ်ဝန်းကျင်အကြောင်း ထည့်ဖို့ ဆိုတာလည်း သဘောတူပါတယ်။ ဒါက ကလေးသူငယ်တွေ အတွက်ပေါ့။ နောက် အလတ်တွေအတွက် ဟယ်လင် ပြောသွားတာ ဖြစ်သင့်ပါတယ်။ နောက် အကြီးဘက် ဆရာ ဦးစိုင်းဆမ်ခမ်း ပြောတာကတော့ ကျမတို့ စိတ်ထဲမှာ အမြဲ ရှိနေတဲ့ကိစ္စတခုကို ဆရာ ပြောသွားပါတယ်။ ရိုးရာ ကိစ္စပါ။ ဒါကို လက်ဆင့်ကမ်းဖို့က သိပ် အရေးကြီးပါတယ်။ ကလေးတွေကော လူလတ်ပိုင်း လူကြီးပိုင်းကော တော်တော် လေး လက်ဆင့်ကမ်းဖို့ လိုပါတယ်။ ကလေးတွေက ကျောင်းမှာ သင်လို့ ရပါတယ်။ လူလတ်ပိုင်းနဲ့ လူကြီးပိုင်းတွေ အတွက် ရိုးရာအသိပညာဆိုတဲ့ ဉာဏ်ပညာကို ဘယ်လိုမျိုး platform တွေ ဖော်ဆောင်ပြီး ထည့်သွင်းပေးနိုင်မလဲလို့ သိချင်ပါတယ်။

---

**ဦးစိုင်းဆမ်ခမ်း –**

ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ကျနော် အတွေ့အကြုံရှိသလောက် ပြောချင်ပါတယ်။ အခုခေတ်က၊ telecommunication က အရင်ကထက် အများကြီးကောင်းလာပြီဆိုတော့ ဒီနည်းပညာ ကိုလည်း ဖမ်းဆုတ်နိုင်ပြီလို့ ထင်ပါတယ်။ ရိုးရာအသိပညာတွေ ကို စုစမ်းဖော်ထုတ်ပြီးတော့ ကျန်တဲ့သူတွေ လေ့လာနိုင်အောင် website ပဲဖြစ်ဖြစ်၊ ဒီ IT နည်းပညာနဲ့ ပတ်သက်ပြီးတော့ လုပ်နိုင်မယ့်အပိုင်းလည်း ရှိမယ်လို့ မြင်ပါတယ်။

နောက် platform တချို့ကို နည်းနည်းပြောချင်ပါတယ်။

တခု ကျနော် မြင်တာကတော့ တိုင်းရင်းသားတိုင်းမှာ စာပေယဉ်ကျေးမှု အဖွဲ့တွေ ရှိပါတယ်။ ရိုးရာယဉ်ကျေးမှုဓလေ့တွေကို ဖော်ထုတ် ထိန်းသိမ်းတဲ့ အပိုင်းတွေကို အများကြီး လုပ်နေကြပါတယ်။ ကျနော် သိသလောက် သုတေသနလည်း စပြီး လုပ်တဲ့အဖွဲ့တွေလည်း ရှိပါတယ်။ ဥပမာဆိုရင် ထားဝယ်ဘက်ကဆိုရင် သူတို့ရဲ့ရိုးရာတွေကို လေ့လာ ဖော်ထုတ်နေတာတွေ ရှိပါတယ်။ ဒီလိုအဖွဲ့လေးတွေ အချင်းချင်း တွေ့ဆုံ ပြီး အသိပညာ ဖလှယ်တာ၊ ပေါင်းကူးပေးတာလည်း လုပ်နိုင်မယ်လို့ ထင်ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအနေနဲ့ လုပ်နိုင်တာ အများကြီး ရှိပါတယ်။ အစိုးရဘက်ကနေလည်း ဒါတွေကို အားပေး ဖော်ထုတ် အကူအညီ ပေးနိုင်တဲ့အပိုင်း ရှိတယ်လို့ မြင်ပါတယ်။

ဒုတိယတခု ကျနော် မြင်တာကတော့ တက္ကသိုလ်တွေ ဖြစ်ပါတယ်။ အထက်တန်းကျောင်းပဲဖြစ်ဖြစ်၊ တက္ကသိုလ်ပဲဖြစ်ဖြစ် သုတေသန လုပ်တာကို အားပေးဖို့ လိုတယ်လို့ မြင်ပါတယ်။ နိုင်ငံတကာမှာဆော့ မူလတန်း၊ အလယ်တန်းကနေစပြီး သုတေသန လုပ်တတ်တဲ့အလေ့ကို ပျိုးထောင်ပေးနေတာ ဖြစ်ပါတယ်။ ကလေးတွေကို assignment ပေး တယ်။ စာဖတ်ခိုင်းတယ်။ မေးမြန်းမယ်။ မှတ်သားမယ်။ သုံးသပ်တာတွေ ကို လုပ်ခိုင်းတဲ့ အလေ့အထတွေ ရှိပါတယ်။ ပညာရေးစနစ် ဘက်စုံ ပြောင်းလဲအောင် ကျနော်တို့ ကြိုးစားတဲ့အခါမှာ ကျွကူးရေပါ တပါတည်း ပါလာမယ်လို့တော့ မျှော်လင့်ပါတယ်။ ဒါတွေ လုပ်လာနိုင်အောင် ဝိုင်းပြီး ကြိုးစားဖို့ လိုပါတယ်။ အထူးသဖြင့် စာပေယဉ်ကျေးမှုအဖွဲ့တွေကို သုတေသနလုပ်တဲ့ အပိုင်းတွေ အားထည့်နိုင်ဖို့အတွက်လည်း အားပေးချင် ပါတယ်။

**Social justice** အကြောင်းကို ပြောကြတဲ့အခါမှာ မြန်မာနိုင်ငံ မှာ ရှိတဲ့ လူမှုအဖွဲ့အစည်းတွေ အသုံးပြုတာများတဲ့ platform တခုက တော့ Participatory Action Research အနားညီတူ ပူးပေါင်းပါဝင်ပြီး တော့ လက်တွေ့လုပ်နိုင်တဲ့ဟာတခုခုကို ဝိုင်းပြီး သုတေသနလုပ်တဲ့အပိုင်း ရှိပါတယ်။ ဒီနည်းစဉ်ရဲ့ အရေးကြီးတဲ့အချက်က အသိပညာကို အတူတကွ ဝိုင်းဝန်းပြီး ဖော်ထုတ် ဖန်တီးကြတာ ဖြစ်ပါတယ်။ Co-

creation of knowledge ပေါ့။ ရပ်ရွာထဲမှာ ရှိတဲ့ဟာတွေကို ပူးပေါင်းပြီး လုပ်တဲ့ အပိုင်းတွေ ရှိပါတယ်။ ကျနော့်ရဲ့ အတွေ့အကြုံက စားနပ်ရိက္ခာ အုပ်စိုးပိုင်ခွင့် (food sovereignty) နဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုမှာ ကျေးရွာသူကျေးရွာသားတွေ ကိုယ်တိုင် ဦးဆောင်ပြီး သူတို့ဆီမှာ ရှိတဲ့ အစားအစာတွေ အကြောင်းကို သုတေသန လုပ်တာတွေ ရှိပါတယ်။ ဘယ်ကာလတွေမှာ ဘယ်လို အစားအသောက် တွေကို စိုက်တယ်။ ပတ်ဝန်းကျင်ဆိုးကျိုး ခံလာရတဲ့ အခါမှာ ခုခံ ကာကွယ်နိုင်ဖို့အတွက် ဘယ်လိုစိုက်တဲ့ အစားအစာတွေက ဘာတွေ ရှိတယ် ဆိုတာတွေကို ရွာသူရွာသားတွေ ကိုယ်တိုင်၊ များသောအားဖြင့် ပညာတတ်တဲ့ အသိုင်းအဝိုင်းတွေက ဘာမှ မသိဘူး။ မတတ်ဘူးလို့ သတ်မှတ်ထားတဲ့ ရွာသူရွာသားတွေ ကိုယ်တိုင်က သူတို့ရဲ့ အသိပညာကို သူတို့ကိုယ်တိုင် ဝိုင်းဝန်းပြီး ဖော်ထုတ်တဲ့ နည်းစဉ်တွေလည်း ရှိပါတယ်။ ဒါတွေကို အသုံးပြုမယ်ဆိုရင် အများကြီး လုပ်နိုင်မယ်လို့ မြင်ပါတယ်။

နောက် ကျနော် စေတနာ့ဝန်ထမ်း လုပ်ခဲ့တဲ့ ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်များအဖွဲ့က အမျိုးသားအဖွဲ့တွေ၊ အမျိုးသမီးအဖွဲ့ တွေ လုပ်တဲ့ကိစ္စတခု ရှိပါတယ်။ ဥပမာ ကချင်ရိုးရာ ရက္ကန်း။ အမျိုးသမီး အဖွဲ့တွေက တတ်တဲ့လူကြီးတွေ အဘွားတွေကို ခေါ်ပြီးတော့ လူငယ်တွေ ကို နေရာသိမှာ ဖိတ်ပြီး သင်တန်းလုပ်ပေးတာမျိုး၊ အမျိုးသားတွေဆို ရင် တိုင်းရင်းဆေးဆရာကြီးတွေကို ခေါ်ပြီးတော့မှ တတ်ချင်တဲ့ လူလတ် တွေ လူငယ်တွေကို ဖိတ်ပြီး ဒီပညာတွေကို လက်ဆင့်ကမ်း သင်ပေးတဲ့ ဟာတွေ လုပ်တာ ရှိပါတယ်။

ဘုရားကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေကလည်း platform တခု ဖြစ်လာနိုင်တယ်လို့ မြင်ပါတယ်။ နေရာလည်း ရှိပြီးသား။ ဆရာတော် တွေ၊ တရားဟောဆရာကြီးတွေရဲ့ ဩဇာလွှမ်းမိုးမှုကလည်း ရှိပြီးသား။ ဂရုတစိုက်လေးနဲ့ လုပ်မယ်ဆိုရင် တိုင်းရင်းသားတွေရဲ့ အသိပညာကို တနည်းတဖုံ ဖော်ထုတ်ထိန်းသိမ်းနိုင်မယ်၊ ပေါင်းကူးပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

---

## မေးခွန်း (၂)

ကျွန်တော်ကတော့ ပါမောက္ခပင်စင်စား ဒေါက်တာ အောင်ကြိုင် ဖြစ်ပါတယ်။ ပညာရှင်သုံးဦးကို မေးချင်တာက ကျွန်တော်တို့တွေ အခုလို ဆွေးနွေးနေတဲ့ အသိပညာ အတတ်ပညာတွေလိုမျိုးကို ကျွန်တော်တို့ကို အုပ်ချုပ်တဲ့ နိုင်ငံတော်အစိုးရ၊ ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်မှာလား။ ဘယ်လိုမျိုး လုပ်ကြမလဲ။ အစိုးရနဲ့ NNER နဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ နိုင်ငံတော် အကျိုးရှိအောင် ဘယ်လိုစည်းရုံးပြီးတော့ ဘယ်လိုလုပ်နိုင်ပါသလဲလို့ မေးချင်ပါတယ်။

---

**ဟယ်လင်ဇါဘူ –**

လူမှုအဖွဲ့အစည်းတွေ (CSOs) နဲ့ အစိုးရနဲ့ ပူးပေါင်းပြီးတော့ ဒီရည်မှန်းချက် ပန်းတိုင်တွေကို ဘယ်လိုဖော်ဆောင်ရမလဲ ဆိုတာကို မေးတဲ့ မေးခွန်းသဘောပါပဲ။ အရပ်ဘက် လူ့အဖွဲ့အစည်းတွေအနေနဲ့ အရေးကြီးတာကတော့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေမှာ အသံ voice ရှိပါတယ်။ တကယ်လို့ အစိုးရလုပ်နေတာ မကောင်းဘူးဆိုရင် ပြောပိုင်ခွင့် ဝေဖန်ပိုင်ခွင့်တွေ ရှိရပါတယ်။ အစိုးရ လုပ်နေတဲ့ ရည်မှန်းချက်ကို အကောင်အထည် ဖော်တဲ့နေရာမှာ ဘယ်လောက် ထိရောက်တယ်၊ မထိရောက်ဘူး ဆိုတာ ထောက်ပြပေးနိုင်တဲ့ အခွင့်အရေး ရှိပါတယ်။ ဒါတွေက အရေးကြီးပါတယ်။

CSO အနေနဲ့ အစိုးရနဲ့စကား ပြောတဲ့အခါမှာ ထောက်ပြတဲ့အခါမှာ အစိုးရရဲ့ လုပ်နေတဲ့လိုအပ်ချက်တွေ၊ မှားယွင်းတာတွေကို သေသေချာချာ ထောက်ပြဖို့ လိုအပ်ပါတယ်။ CSO တွေက အစိုးရအနေနဲ့ ပညာရေးကို ဖော်ဆောင်

တဲ့ နေရာမှာ အားလုံးပါဝင်နိုင်ရေး၊ ခွဲခြားထားတဲ့လူတွေပါ ပါဝင်ခွင့်ရရေး ဆိုတာတွေပါ ဖိအားပေးဖို့ လိုအပ်ပါတယ်။ ပညာရေးနဲ့ ပတ်သက်ပြီး ကုန်တဲ့ငွေကြေးတွေကိုလည်း၊ တော်တော်များများ ထုတ်ပေးနိုင်အောင် ဖိအားတွေ ပေးသင့်ပါတယ်။ လက်ရှိသုံးနေတာ နည်းလွန်းတဲ့အတွက် ဒါတွေကို ထောက်ပြသင့်ပါတယ်။

SDG 4 ရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့နေရာမှာ အစိုးရအနေနဲ့ တနိုင်ငံလုံး အတိုင်းအတာအနေနဲ့ အားလုံး ပါဝင်ပူးပေါင်းတဲ့ လုပ်ငန်းဆိုင်ရာ လုပ်ပုံနဲ့ အကောင်အထည်ဖော်ဖို့ လိုပါတယ်။ SDG 4 ကို အကောင်အထည်ဖော်ရာမှာ အစိုးရအနေနဲ့ မည်သူမဆို ပူးပေါင်းလုပ်ဆောင်တဲ့ သူတွေကိုပါ ပါဝင်လို့ရတဲ့ နည်းလမ်းတွေနဲ့ အသုံးပြုသင့်ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းအနေနဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ပညာရေးနဲ့ပတ်သက်တဲ့ မူဝါဒတွေနဲ့ပတ်သက်ပြီး ပိုပြီး ထဲထဲဝင်ဝင် လေ့လာဖို့ လိုအပ်ပါတယ်။ ဒါမှ အစိုးရနဲ့ ပူးပေါင်း ပြောဆိုဆွေးနွေးတဲ့အခါမှာ ကိုယ့်ဘက်က ပြောဆိုဆွေးနွေးမှုတွေက ထိရောက်ပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

နောက်ဆုံးအချက်အနေနဲ့ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတွေအနေနဲ့ အစိုးရနဲ့ပိုပြီး နီးစပ်တဲ့ နီးကပ်တဲ့ ဆက်ဆံရေးမျိုးရှိဖို့ လိုအပ်ပါတယ်။ ပညာရေးကို ပြောင်းလဲဖို့ လုပ်နေရင်း လူ့အခွင့်အရေးနဲ့ အခြားသော ကိစ္စတွေကိုလည်း ဆုပ်ကိုင်သွားနိုင်တဲ့အတွက် အစိုးရနဲ့ ရင်းရင်းနှီးနှီး အချိန်မရွေး ဆွေးနွေးပြောဆိုလို့ရတဲ့ အခြေအနေတခု တည်ဆောက်သွားဖို့ လိုအပ်ပါတယ်။

## မေးခွန်း (၃)

ကျွန်တော်ကတော့ ခွန်ရဲသွေး ဖြစ်ပါတယ်။ ပအိုဝ်းလူငယ် အစည်းအရုံးက တွဲဘက်အတွင်းရေးမှူးအနေနဲ့ တာဝန်ယူပါတယ်။ သိချင်တာက လက်ရှိမြန်မာနိုင်ငံမှာ စားသောက်ဆိုင်၊ လွှက်ရည်ဆိုင်တွေမှာ အလုပ်လုပ်နေကြတဲ့ ကလေးသူငယ်တွေ တော်တော် များနေတာ တွေ့ရပါတယ်။ ကလေးသူငယ်တွေအတွက် NNER အနေနဲ့ ဘယ်လို ပညာရေးမျိုးကို ထောက်ပံ့ပေးချင်သလဲ ဆိုတာကို သိချင်ပါတယ်။ ပြီးရင် ဒီပညာရေးက လူငယ်တွေကို အနာဂါတ်ခေါင်းဆောင် ကောင်းဖြစ်အောင် ဘယ်လိုပြုစုပျိုးထောင်ပေးနိုင်မလဲဆိုတာ ကို သိချင်ပါတယ်။

---

## ဒေါက်တာဥမ္မာထွေး –

NNER အနေနဲ့ ကလေးလုပ်သားတွေ၊ ကလေးစစ်သားတွေ ပပျောက်စေဖို့ မသင်မနေရ အခမဲ့ပညာရေးကို ၉ နှစ်အထိ တောင်းဆိုထားတာ ရှိပါတယ်။

နောက်ထပ်မေးတဲ့မေးခွန်းဖြစ်တဲ့ လက်ရှိပညာရေးက အနာဂတ် ခေါင်းဆောင်ကောင်းတွေ ဘယ်လိုပြုစုပျိုးထောင်မလဲဆိုတာနဲ့ပတ်သက်လို့ ကလေးတွေ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိတဲ့ စာသင်ခန်းတွေ ရှိဖို့ လိုပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ သင်ယူမှုကို စစ်ဆေးရာမှာ စာမေးပွဲနည်းတခုတည်း မဟုတ်ဘဲနဲ့ သူတို့ရဲ့သင်ယူမှုကို ဖုံဖိုးတဲ့နည်းတွေကို သုံးဖို့ လိုတယ်လို့ ထင်ပါတယ်။ ဒီအတွက်လည်း၊ NNER က သင်ယူနေစဉ်အတွင်း စစ်ဆေးခြင်းဆိုတဲ့ formative assessment ကို တစိုက်မတ်မတ် advocate လုပ်နေပါတယ်လို့ ဖြေကြားချင်ပါတယ်။

---

စကားဝိုင်းဆွေးနွေးပွဲ – ၂

# ဖက်ဒရယ်နိုင်ငံနှင့် ဒီမိုကရေစီပညာရေးစနစ်

နိုင်ငွေသိန်း

ပထမဆုံး ဖက်ဒရယ်နဲ့ ပတ်သက်တာ၊ ဖက်ဒရယ်နိုင်ငံတော် ဆိုတဲ့ ပင်လုံစာချုပ်အရ ချုပ်ဆိုခဲ့တဲ့ အချက်တွေကို ပြောပြမယ်ဆိုရင် ပထမဆုံးက အားလုံးသဘောတူညီချက်နဲ့ equality အခွင့်အရေးတန်းတူ ရရမယ်ဆိုတာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးပေါ့ဗျာ။

နံပါတ်(၂)ကတော့ self–determination ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသနဲ့ ကိုယ့်ပြည်နယ်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီးတော့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့် အခွင့်အရေးလည်း ရရမယ်ဆိုတော့ စာချုပ် ချုပ်ခဲ့ကြပါတယ်။

နောက်တခုကတော့ multi-party democracy system လို့ ခေါ်တယ်။ စစ်တပ်အာဏာရှင်စနစ် စသည်တို့ကို ပယ်ရှားပြီးတော့ multi–party democracy system နဲ့ သွားရမယ်ဆိုလို့ ရှိရင်၊ သိပ်ကို ပြည်သူတွေ လိုအပ်တဲ့အရာ ဖြစ်တဲ့အတွက်ကြောင့်မို့ သိပ်ကိုကောင်းကြမယ်ဆိုပြီး သွားချင်ကြပါတယ်။

နံပါတ် (၄) ကတော့ ကျနော်တို့သွားတဲ့ ပြည်ထောင်စုက ပင်လုံစာချုပ်အရဆိုရင် အမျိုးသားရေးကို အခြေခံပြီးတော့ တည်ထောင် တဲ့ ဖက်ဒရယ်ပြည်ထောင်စု။ ဒေသကို အခြေခံပြီးတော့ တည်ထောင်တဲ့ ဖက်ဒရယ်ပြည်ထောင်စု မဟုတ်ဘူး။ ဒါကြောင့်မို့ ဘယ်လိုဖြစ်ဖြစ် ရထားတဲ့ ပြည်နယ်တခုခုမှာ ဘာသာရေးလွှမ်းမိုးပြီးတော့ သွားလို့မရပါဘူးဆိုတဲ့ ပြည်နယ်မျိုးကို သဘောတူထားကြတယ်။

နောက်ဆုံးကတော့ အားလုံးသိကြတဲ့အတိုင်းပဲ ခွဲထွက်ရေး။ ဒီမိုကရေစီကို ဘယ်လောက်ပေးထားလဲဆိုလို့ရှိရင်တော့ နောက်ဆုံး သဘောမကျရင် ခွဲထွက်ခွင့်တောင် ပေးထားတဲ့အနေအထားမှာ ရှိခဲ့တယ်။ ဒါပေမဲ့ ဘယ်သူမှလည်း ခွဲထွက်ခွင့် မပြောကြပါဘူး။ ဆိုလိုချင်တာက ဒီမိုကရေစီရဲ့အတိုင်းအတာ၊ ဒီမိုကရေစီရဲ့အစုအပုံ ဘယ်လောက်များများ ပေးထားသလဲဆိုတာက ခွဲထွက်ရေးကို ကြည့်မယ်ဆိုရင် သိနိုင်တယ်။ ခင်ဗျား မကြိုက်ရင် ခွဲထွက်လို့ ရတယ်ဆိုတဲ့ဟာမျိုး။ ဒီမိုကရေစီအပြည့် ပေးထားတဲ့သဘော။ တခုကတော့ ကွဲပြအောင်လုပ်တဲ့သဘောတော့ မဟုတ်ပါဘူးလို့ပဲ သဘောပေါက်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုက ပင်လုံစာချုပ်အရ အားလုံး သဘောတူညီချက်နဲ့ ချုပ်ဆိုထားတဲ့အချက်အလက်ပေါ်မူတည်ပြီးတော့ ကျနော်တို့က တကယ့်ဒီမိုကရေစီနိုင်ငံတော် ဒီမိုကရေစီပြည်နယ်တွေ ကျနော်တို့ တည်ထောင်မယ် ဆိုတာ အားလုံးလည်း သိကြပြီး ဖြစ်တယ်။

အဲဒီအခြေခံပေါ်မှာမူတည်ပြီးတော့၊ ကျနော်တို့ NNER ကနေပြီးတော့၊ ဒီမိုကရေစီပညာရေးကို သွားကြတယ်။ ဒီမိုကရေစီပညာရေးကို သွားတဲ့နေရာမှာ NNER က သိတဲ့အတိုင်းပါပဲ နှစ်နဲ့ချီပြီးတော့ နယ်ဆင်းလိုက်၊ ရလာတဲ့အဖြေတွေ စုဆောင်းလိုက်။ မနေ့ကလည်း ဒေါက်တာသိန်းလွင် ပြောပြီးပါပြီ။ ကျနော်တို့ နေရာ ၂၅ နေရာ၊ တကယ့်အဓိကနေရာတွေ ဆင်းတယ်။ အကြိမ် ၂၈ ကြိမ်လောက် အဓိကဆွေးနွေးတယ်။ နေရာသေးသေးလေးတွေကတော့ အများကြီးပါ။ ကျနော်တို့လည်း တတ်နိုင်သလောက် ပါဝင်ခဲ့ကြတာကြောင့် NNER ရဲ့ပညာရေးဟာ ပြည်သူကလိုချင်တဲ့ ပညာရေးဆိုတာ သိပ်ရှင်းတယ်။ ပြည်သူက အကြံ

ဆည်းပြီးတော့ စုဆောင်းပြီးတော့ ပြည်သူရဲ့ဆန္ဒအရလုပ်ထားတဲ့ ပညာရေး မြင့်တဲ့အတွက်ကြောင့် ဒါကို အောင်မြင်ဖို့အတွက် မဖြစ်မနေ တသွေ တော်မ်း အနိုးကြေကြေ အရည်ခမ်းခမ်းပေါ့ဗျာ၊ လုပ်ကို လုပ်မှာပဲလို့ ဒီလိုမျိုး သဘောပေါက်ပြီးတော့ ဒီလိုမျိုးသိထားပါတယ်။

အကျဉ်းချုပ်ပြီးပြောမယ်ဆိုရင်တော့ ပထမဦးဆုံးက မူဝါဒပေါ့ ဗျာ။ ကျနော်တို့ NNER ရဲ့ ပညာရေးမူဝါဒ (၁) ကတော့ ပညာရေး စီမံကိန်းခန့်ခွဲမှုဆိုင်ရာ အဆိုပြုချက်။ အဓိပ္ပါယ်ကတော့ အဆင့်မြင့်ပညာ မှာရော၊ အခြေခံပညာမှာရော centralization မရှိဖို့ အရေးကြီးတယ်။ နေရာတကာမှာ ချုပ်ကိုင်မှုမလုပ်ပါနဲ့။ သင်ကြားရေးမှာလည်း မလုပ်ပါနဲ့။ စစ်ဆေးရေးမှာလည်း မလုပ်ပါနဲ့။ အစစအရာရာမှာ အာဏာရှိတဲ့သူက ဝင်ပြီး ချုပ်ကိုင်မယ်ဆိုရင် ပညာရေးက ဘယ်လိုမှ လုပ်လို့မရဘူး ဖြစ်နေ မယ်။ ကျနော့်အတွေ့အကြုံအရလည်း နှစ် ၇၀ လောက် တွေ့ခဲ့ပါတယ်။ ဒါကြောင့် ကျနော်တို့က စီမံခန့်ခွဲမှုဆိုင်ရာ အဆိုပြုထားတာက လွတ်လွတ်လပ်လပ် စီမံခန့်ခွဲမှုပေးပါ။

နံပါတ်(၂) ကတော့ ပညာရေးအရည်အသွေး မြင့်မားမှု။ အားလုံး သိကြတဲ့အတိုင်းပါပဲ။ ကျနော်တို့ငယ်ငယ်တုန်းက တက္ကသိုလ် သွားတာ၊ ဟိုတုန်းကဆိုရင် နိုင်ငံတကာက ပညာ လာသင်ကြသေးတယ်။ ပညာတော်သင်တွေ ရှိတယ်။ အခု ဘယ်သူမှ မလာတော့ဘူး။ ဒါ ကျနော်တို့ တွက်လို့ရတယ်၊ ပညာရေးက ဘယ်လောက် နိမ့်ကျသွားသလဲ ဆိုတာ။ ခေတ်ကိုက ဘာဖြစ်သွားလဲဆိုရင်တော့ ဆယ်တန်းအောင်တယ်။ ကျက်ဆယ်တန်း။ ဘွဲ့ရတယ်။ ကျက်ဘွဲ့ ဖြစ်နေတယ်။ ကလေးတွေဟာ ရှေ့ဆက်ပြီးတော့ ပညာရှင်ဖြစ်ဖို့အတွက်က အခက်အခဲ အကြီးအကျယ် ရှိတယ်။ Environment ပေါ့လေ။ ပတ်ဝန်းကျင်ကလည်း ပညာရေးနဲ့ ပတ်သက်တာ ဘာမှ အထောက်အကူပေးတဲ့ အနေအထား မရှိဘူး။

နောက်တခုကတော့ အခြေခံပညာဆိုင်ရာ အဆိုပြုချက်။ အခြေခံပညာကတော့ အခု ပိုဆိုးလာတယ်။ မူကြိုလည်း ကျူရှင်ရှိတယ်။ သိပ်သနားဖို့ကောင်းတယ်။ ကလေးတွေက မိုးလင်းတာနဲ့ "သားရေ ထ" "အမေ၊ အိပ်အိပ်းပါချင်တယ်။" "အိပ်အိပ်းပါမနေနဲ့။ အခုကျူရှင်သွားရမှာ။"

ကျူရှင်ခေါ် သွားတယ်။ ရှစ်နာရီလောက် ပြန်လာ။ ဒီမှာ အိပ်ငိုက်နေပြီ။ "ထမင်းစား။" ထမင်းပါးစပ်ထဲထည့်။ ပြီးရင် ကျောင်းရောက်တော့ အိပ်ငိုက်နေပြီ။ ဘာမှလုပ်လို့မရဘူး။ ကလေးရဲ့အသက်က ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်လောက်ပဲ ရှိသေးတယ်။ နောက် ကျောင်းပြန်တဲ့အခါ ကျတော့လည်း ညနေပိုင်းဆိုလို့ ရှိရင်၊ တချို့တိုင်းရင်းသားစာပေ သင်ပြန် ပြီ။ ဒုက္ခ။ ကျောင်းလည်း တက်နိုင်းတယ်။ ကလေးရဲ့ ဟာက စိတ်ပညာ (psychology) အရဆိုရင် သိပ်သနားဖို့ ကောင်းပါတယ်။ ကျောင်းက ရောက်တာနဲ့ ထမင်းတလုပ်နှစ်လုပ် ခွံ့ပြီး တခါ ကျူရှင်သွားပြန်ရော။ ကလေးက ဦးနှောက်နဲ့ ပတ်သက်တာ အားလုံးတွက်လို့ ရပါတယ်။ မူကြိုကနေစ အားလုံးမှာ ကျူရှင်ရှိနေကြပါတယ်။ ကျနော်ကလည်း အားလို့ တခါတလေကျရင် အခြေခံအင်္ဂလိပ်စာ သင်တယ်။ စာမေးပွဲ နီးရင် တက္ကသိုလ်စာမေးပွဲ နီးရင်လည်း ကျနော့်ဆီ ရောက်လာတယ်။ ကျူရှင်အားလုံးက အဲလိုမျိုး ဖြစ်တဲ့အခါကျတော့ ကျနော်တို့ရဲ့ အခြေခံပညာမှာ ဒါကျက်၊ ဒါမှတ်၊ ဒါဖြေပဲ ရှိတာအတွက်ကြောင့်မို့ ကလေးတွေဟာ ရှေ့ဆက်သွားဖို့အတွက် အခက်အခဲ တွေ့မယ် ဆိုရင် တွေ့ရပါမယ်။

အခြေခံပညာမှာ အထူးသဖြင့် တွေ့ရတာက မိခင်ဘာသာစကားနဲ့ ပတ်သက်တာပဲ။ ကျနော်က ကရင်မှာ ၂၃ နှစ်၊ မွန်မှာ ၈ နှစ်၊ ပဲခူးမှာ ၂ နှစ်၊ ပဲခူးလည်း တိုင်းရင်းသား ချင်းတွေ ရှိတယ်။ ကချင်မှာ ၃ နှစ်၊ မန္တလေးမှာ ၂ နှစ် နေခဲ့တာ။ အတွေ့အကြုံအရဆိုရင် တိုင်းရင်းသား တွေနဲ့ တွေ့ကြုံ။ လက်တွေ့တော်တော်များ။ အမှန်အတိုင်းပြောမယ် ဆိုရင် တိုင်းရင်းသားကလေးတွေက တော်တော်သနားဖို့ ကောင်းပါတယ်။ ကျောင်းရောက်ရင် သူ့အမေဘာသာစကားနဲ့ သင်မယ်။ ဗမာစာတော့ သင်မှာပါ။ မပူပါနဲ့။ သင်တဲ့ပုံစံ၊ ပြဋ္ဌာန်းထားတာ ဗမာစာ မဟုတ်ဘူး။ အသစ် တီထွင်ထားတာ။ New curriculum နဲ့ သွားမယ်။ New strategy နဲ့သွားမယ်။ New assessment တွေနဲ့ သွားမယ် ဆိုရင် ကလေးတွေက မူလတန်းပြီး၊ ၆ တန်းမှာ ကလေးတွေက ဗမာစကားလည်း တတ်မယ်။ အပြော၊ အရေး၊ အဖတ် တတ်မယ်။ ကလေး ကျောင်း

ရောက်လာမယ် ဆိုရင်၊ သူ့အမေစကားနဲ့ သင်ပေးပါ။ သူ့အမေစကားနဲ့ မသင်ဘဲနဲ့ တခြား စကားနဲ့ သင်တာ သူ ဘာမှ နားမလည်ဘူး။ နားမလည်တဲ့ အခါကျတော့၊ ဘယ်လောက် စိတ်ညစ်ဖို့ ကောင်းမလဲ။ ကိုယ်ချင်းစာဖို့ ကောင်းပါတယ်။ မပျော်တော့ဘူး။ ကျောင်း မလာချင်တော့ဘူး။ Dropout ကျောင်းထွက် ဘယ်လောက် ရှိသလဲလို့ ပြောမယ်ဆိုရင် အစိုးရကတော့ ပြောချင်တာပြော။ အခု မူလတန်း ပညာရေးမှာ ကျောင်းထွက်တာ ၅၀ ကျော်တယ်ဆိုတာ ကျနော် ပြောင် ပြောတယ်။ မှန်မှာဆို မူလတန်းပညာပြီးတာ သုံးလေးယောက် လောက်ပဲ ရှိတယ်။ ကချင်မှာ လုံးဝမရှိဘူး။ ဘာကြောင့်လဲဆိုတာ ပြန်ကြည့်ရင် စစ်ကြောင့် ဖြစ်ရင်ဖြစ်မယ်၊ ဆင်းရဲမှုကြောင့် ဖြစ်မယ် စသဖြင့်ပေါ့။ အဆင့်မြင့် ပညာမှာလည်း ဒီလိုပဲ။ ချုပ်ကိုင်ထားတာတွေ သိပ်များတယ်။ ဘာမှ လုပ်လို့ မရဘူး။ ပါချုပ်လုပ်တဲ့သူက ဘာမဟုတ်တဲ့သူကို ကြောက်နေရ တယ် ဆိုရင် ဘာလုပ်မှာလဲ။

အခြေခံကနေစ အားလုံး တက္ကသိုလ်အထိပေါ့။ ကျောင်းသား၊ ဆရာ၊ မိဘ၊ အစိုးကက ပြည်သူတွေ ပါဝင်ခွင့်။ ခုနက ဆရာကိုတာ ပြသွားတာ။ Participation ပေါ့ဗျာ။ ပါဝင်မယ်။ လုပ်ဆောင်မယ်ဆိုလို့ ရှိရင် ကျနော်တို့နိုင်ငံကတော့ တိုးတက်မှာပဲ။ NNER ရဲ့ ပညာရေးမူဝါဒ အတိုင်း မဖြစ်မနေ ကျနော်ကတော့ လုပ်ဆောင်သွားပါမယ်။ တနည်း အားဖြင့် ပြောရမယ်ဆိုရင် သေသေကြေကြေ ကျနော်တို့ လုပ်မှာ။ ဒါပဲ။ ကျနော် ဗိတ်ခေါ်ချင်တာ သေသေကြေကြေ အားလုံးလုပ်ကြပါစို့လို့ ဖိတ်ခေါ်ရင်းနဲ့ နိဂုံးချုပ်ပါတယ်။

---

[ဆရာသွင်လင်းအောင် –

ဆရာကြီးနိုင်ငွေသိန်းက ဖက်ဒရယ်ရဲ့အနှစ်သာရရယ်၊ သူ့ရဲ့ ပညာရေး အတွေ့အကြုံရယ်ကို ယှဉ်ပြီး ပြောပြသွားတာ အရမ်း ကောင်းပါတယ်။ ဒေါက်တာမင်းသိမ်းကို ဖိတ်ခေါ်ပါတယ်။ ပြည်နယ် အစိုးရနဲ့ ဗဟိုအစိုးရရဲ့ကြားထဲမှာ ဘတ်ဂျက်တွေ ဘယ်လိုခွဲဝေတယ် ဆိုတာနဲ့ပတ်သက်ပြီး ဆွေးနွေးပေးဖို့ ဖိတ်ခေါ် ချင်ပါတယ်။]

စကားဝိုင်းဆွေးနွေးပွဲ – ၂

## ဖက်ဒရယ်နိုင်ငံနှင့် ဒီမိုကရေစီပညာရေးစနစ်

ဒေါက်တာမင်းသိမ်း[*]

ဒီနေ့ ကျနော်တို့နိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံဆီကို ဦးတည်နေပါတယ်။ လက်ရှိအာဏာရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရကလည်း ဖက်ဒရယ် ပြည်ထောင်စုကို ဖော်ဆောင်မယ်လို့ ကြေညာထားပါတယ်။ တိုင်းရင်းသား လူမျိုးစုတွေကလည်း ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် ကြိုးစားနေကြပါတယ်။ မြန်မာနိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ဖြစ်လာရင် မြန်မာနိုင်ငံ ပညာရေးစနစ်ဟာလည်း ဖက်ဒရယ်ပြည်ထောင်စုနဲ့ လိုက်လျောညီထွေ ဖြစ်တဲ့ ပညာရေးစနစ် ဖြစ်ရပါမယ်။

ကျနော် ဒီနေ့ ဆွေးနွေးမှာက မြန်မာနိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာတဲ့အချိန်မှာ ဖြစ်ပေါ်လာသင့် တဲ့ အဆင့်မြင့်ပညာရေးနဲ့ပတ်သက်တဲ့ ဘဏ္ဍာရေးလွတ်လပ်ခွင့်

ပုံစံအကြောင်း ဖြစ်ပါတယ်။

အဲဒီပုံစံကို မပြောခင်မှာ "၁၉၆၂ ခုနှစ် မတိုင်ခင် ဒီမိုကရေစီ အစိုးရလက်ထက်က တက္ကသိုလ်တွေရဲ့ ဘဏ္ဍာရေး စနစ်ပုံစံ" ကို အရင်ပြောချင်ပါတယ်။

၆၂ ခုနှစ် မတိုင်ခင်က တက္ကသိုလ် ဘဏ္ဍာငွေ စီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး အစိုးရက လုံးဝ ကိုင်တွယ်ကြီးကြပ်ခြင်း မရှိပါဘူး။ တက္ကသိုလ်ကောင်စီကို လွတ်လပ်ခွင့် လုံးဝပေးထားပါတယ်။ တက္ကသိုလ်တွေမှာ University Endowment Fund ခေါ်တဲ့ ကိုယ်ပိုင်သီးသန့်ရန်ပုံငွေစာရင်းကို ဘဏ်မှာ ဖွင့်ခွင့် ပေးထားပါတယ်။ အဲဒီ သီးသန့်ရန်ပုံငွေကို တက္ကသိုလ်ကောင်စီက ကြီးကြပ်ပြီး၊ တက္ကသိုလ်အတွက်လိုအပ်တဲ့ငွေကို ထုတ်ယူသုံးစွဲပါတယ်။ တက္ကသိုလ်ရဲ့ ရငွေအားလုံးကိုလည်း အစိုးရထံ ပေးသွင်းစရာ မလိုဘဲ ကိုယ်ပိုင်ရန်ပုံငွေထဲကို ထည့်သွင်းရတယ်။ တက္ကသိုလ်ရဲ့ရငွေဆိုတာက ကျောင်းလခ၊ စာမေးပွဲစစ်ကြေး၊ ထောက်ခံစာ ထုတ်ပေးသဖြင့်ရငွေ စသည်တို့ ပါဝင်ပါတယ်။ အစိုးရအနေနဲ့က တက္ကသိုလ်ကို အလှူငွေ ထည့်ဝင်တဲ့သဘော တက္ကသိုလ်ကုန်ကျစရိတ်ရဲ့ ၄၀%၊ ၅၀% စသည်ဖြင့် အပြီးအပြတ် တက္ကသိုလ်ဘဏ်စာရင်းထဲကို ထည့်ပေးလိုက်တယ်။ စကားလုံးသုံးတာကိုက အခုခေတ်နဲ့ မတူပါဘူး။ တက္ကသိုလ်အတွက် ဘတ်ဂျက်ချပေးတယ်လို့ မသုံးပါဘူး။ Funding လို့ သုံးပါတယ်။ နိုင်ငံတော်အစိုးရက တက္ကသိုလ်အတွက် အလှူငွေထည့်ဝင်ပေးတဲ့သဘောပဲ။ တက္ကသိုလ်ကောင်စီက လွတ်လွတ်လပ်လပ် စီမံခန့်ခွဲပြီး တက္ကသိုလ်အတွက် အသုံးပြုတယ်။ ဒါက ၁၉၆၂ ခုနှစ် မတိုင်မီက တက္ကသိုလ်တွေရဲ့ ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ် ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီက အာဏာသိမ်းပြီးနောက်ပိုင်းမှာ တက္ကသိုလ်တွေရဲ့ ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ်ဟာ ပြောင်းသွားတယ်။ ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့မှာ

အာဏာ သိမ်းတယ်။ မေလ ၉ ရက်နေ့မှာ တော်လှန်ရေးကောင်စီက မန္တလေး တက္ကသိုလ်အက်ဥပဒေနဲ့ ရန်ကုန်တက္ကသိုလ်အက်ဥပဒေတွေကို ဖျက်သိမ်းတဲ့ ဥပဒေတွေ ထုတ်ပြန်တယ်။ အဲဒီဥပဒေရဲ့ နောက်ဆုံးအပိုဒ်မှာ အဲဒီ ဖျက်သိမ်းလိုက်တဲ့ ဥပဒေတွေအရ တက္ကသိုလ်များကို ပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့် အာဏာအားလုံးကို တော်လှန်ရေးကောင်စီက လွှဲပြောင်း ရယူလိုက်တယ်လို့ ရေးသားထားပါတယ်။ အဲဒီ ဥပဒေအပိုဒ်အရ တက္ကသိုလ်ပိုင် ငွေအားလုံးကို တော်လှန်ရေးကောင်စီက သိမ်းယူလိုက်တယ်။ University Endowment Fund ထဲမှာ ရှိနေတဲ့ တက္ကသိုလ်ပိုင်ငွေတွေနဲ့အတူ တက္ကသိုလ်တွေရဲ့ လွတ်လပ်စွာ ဘဏ္ဍာရေး စီမံခန့်ခွဲမှုအာဏာကိုပါ သိမ်းယူလိုက်တယ်။

အဲဒီနောက် တက္ကသိုလ်များအနေနဲ့ ဘဏ္ဍာငွေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေနဲ့အညီ သုံးစွဲရတယ်။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေဆိုတာက နိုင်ငံတော်၏ တလုံးတစည်းတည်းရန်ပုံငွေ (Consolidated Fund) စနစ်ကို ခေါ်တာပါ။ သူ့ရဲ့ အနှစ်သာရက တက္ကသိုလ်တွေရဲ့ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုအာဏာကို ရုပ်သိမ်းပြီး တက္ကသိုလ်တွေကို အစိုးရဌာနတခုလို လုပ်ပစ်လိုက်တဲ့ သဘောပဲ။

အစိုးရဌာနတိုင်းမှာ ရရှိတဲ့ဝင်ငွေအားလုံးကို ဘဏ်ကို သွင်းပြီး တလုံးတစည်းတည်းရန်ပုံငွေထဲကို ထည့်ရတယ်။ တစုတပေါင်းတည်းရန်ပုံငွေ (Consolidated Fund) ထဲကမှ အစိုးရက ဘယ်ဌာနဘယ်လောက်သုံးဆိုပြီး ဘတ်ဂျက်ငွေ ခွဲဝေချထားပေးတယ်။ တက္ကသိုလ်တွေကိုလည်း တခြားအစိုးရဌာနတွေကို ဘတ်ဂျက်ခွဲဝေပေးသလို ခွဲဝေချထားပေးတယ်။

အဲဒီ ဘဏ္ဍာရေးစနစ်ရဲ့အနှစ်သာရက "မင်းတို့ရသလောက် ငါ့ကိုပေး၊ ငါပေးသလောက်သုံး" ဆိုတဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲပုံ ဖြစ်ပါတယ်။ တက္ကသိုလ်ရဲ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုက အဲဒီလိုလုပ်လို့မရဘူး။ "မင်းတို့ရသလောက် မင်းတို့သုံး။ ငါတို့ကလည်း ရန်ပုံငွေထောက်ပံ့ပေးမယ်" ဆိုတဲ့ ပုံစံမျိုး ဖြစ်ရပါမယ်။

တက္ကသိုလ်တွေရဲ့ ဘဏ္ဍာရေး လွတ်လပ်ခွင့် စီမံခန့်ခွဲမှုအာဏာကို ဦးနေဝင်းရဲ့ တော်လှန်ရေးကောင်စီက သိမ်းယူလိုက်ပြီးနောက် တက္ကသိုလ်တွေကို "မင်းတို့ရသလောက် ငါပေး၊ ငါပေးသလောက် မင်းတို့ယူ" ဆိုတဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်နဲ့ စီမံခန့်ခွဲခဲ့တာ။ နောက်ဆုံးတော့ တက္ကသိုလ်ကို ချပေးတဲ့ ဘတ်ဂျက်ဟာ ဆရာလခ ထုတ်ပေးရုံလောက် ချပေးတဲ့ ဘတ်ဂျက် ဖြစ်လာတယ်။ အဆောက်အဦပြင်ဆင်စရိတ်တို့၊ ဓာတ်ခွဲခန်းတွေမှာ သုံးစွဲရန်အတွက် ဓါတုပစ္စည်းဝယ်ရန်ဆိုတဲ့ ငွေတို့ဆိုတာ ပါမလာဘူး။

ကျနော်တို့ နိုင်ငံ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာရင် ဒီလို ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်နဲ့ ဆက်လက်သွားလို့ ရမှာမဟုတ်ဘူး။ ပြည်နယ်နဲ့ တိုင်းတွေမှာ ရှိတဲ့ တက္ကသိုလ်တွေအနေနဲ့ ဘယ်လိုမှ ရပ်တည်လို့ ရနိုင်မှာ မဟုတ်ဘူး။

ဒါနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာတက္ကသိုလ်တွေရဲ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုကို ပြန်လေ့လာတဲ့အခါမှာ သူတို့ ဘဏ္ဍာရေးစီမံခန့်ခွဲပုံက ၆၂ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတက္ကသိုလ်တွေရဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုလို ဘဏ္ဍာရေးလွတ်လပ်ခွင့် အပြည့်အဝ ရှိတယ်။

အင်္ဂလန်နိုင်ငံမှာဆိုရင် ဘဏ္ဍာရေးလွတ်လပ်ခွင့် ဘယ်လောက် ရှိလဲဆိုရင် ပညာရေးနဲ့ပတ်သက်တဲ့ ဘဏ္ဍာရေးခွဲဝေချထားမှုကို အစိုးရက လုံးဝမကိုင်ဘူး။ Higher Education Funding Council ဆိုတာကို သီးခြားလွတ်လပ်တဲ့ ပညာရှင်တွေနဲ့ ဖွဲ့စည်းပေးထားတယ်။ အဲဒီအဖွဲ့မှာ ဘဏ်အရာရှိကြီးတွေ၊ အငြိမ်းစား ပါမောက္ခချုပ်တွေ၊ ပညာရေး အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ စီးပွားရေးပညာရှင်ကြီးတွေ ပါဝင်ကြတယ်။ အစိုးရကိုယ်စားလှယ် တယောက်မှမပါဘူး။ ပညာရေးဌာနက အတွင်းဝန်၊ ဒုတိယအတွင်းဝန်အဆင့်လောက်ရှိတဲ့ ပုဂ္ဂိုလ်တယောက်က အကဲဖြတ်သူ (Assessor) အဖြစ်နဲ့ အစည်းအဝေးတက်ရတယ်။ အဲဒီပုဂ္ဂိုလ်အနေနဲ့ မဲပေးခွင့်၊ ပါဝင်ဆွေးနွေးခွင့် မရှိဘူး။ အဲဒီလောက်တောင် ဘဏ္ဍာရေး လွတ်လပ်ခွင့် ပေးထားတယ်။

အစိုးရက ပညာရေးအတွက်သုံးစွဲရန် ထည့်ဝင်ငွေများကို အဲဒီ Higher Education Funding Council လက်ထဲကို သင့်တော်သလို တက္ကသိုလ်များကို ခွဲဝေပေးပါ ဆိုပြီး လွှဲပြောင်းပေးလိုက်တယ်။ အဲဒီ Funding Council က တနိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ်အသီးသီးထံကို ဘဏ္ဍာငွေများကို ခွဲဝေချထားပေးတယ်။ အကြမ်းအားဖြင့်တော့ ဘတ်ဂျက်ခေါင်းစဉ် ၄ မျိုးနဲ့ ခွဲဝေချထားတယ်။ သင်ကြားရေး (teaching) ရယ်၊ အဆောက်အဦတွေ ပြင်ဆင်ဖို့ရယ်၊ သုတေသနလုပ်ငန်း (research) ရယ်၊ ပြီးတော့ other ဆိုတာရယ်၊ ၄ မျိုး ခွဲဝေချထားပေးတယ်။

သင်ကြားရေး (teaching) နဲ့ပတ်သက်တဲ့ ဘဏ္ဍာငွေကိုတော့ ကျောင်းသားအရေအတွက်ပေါ် မူတည်ပြီး ခွဲဝေပေးတယ်။ သုတေသနနဲ့ ပတ်သက်တဲ့ ဘဏ္ဍာငွေကို သုတေသနလုပ်ငန်းတွေ များများလုပ်နိုင်တဲ့ တက္ကသိုလ်တွေကို ပိုပေးတယ်။ ဥပမာအနေနဲ့ပြောရရင်၊ မန္တလေးတက္ကသိုလ်က လှိုင်ကော်တက္ကသိုလ်ထက် သုတေသနလုပ်ငန်းတွေ ပိုလုပ်နိုင်တယ်ဆိုရင်၊ မန္တလေးတက္ကသိုလ်က လှိုင်ကော်တက္ကသိုလ်ထက် သုတေသနရန်ပုံငွေ ပိုရတယ်။ အဆောက်အဦပြင်ဆင်စရိတ် ရန်ပုံငွေကလည်း အဆောက်အဦတွေပေါ်မှာ မူတည်ပြီး Funding Council က တက္ကသိုလ်ကို ခွဲဝေချထားပေးတယ်။ အစိုးရက Funding Council ရဲ့ ဘဏ္ဍာငွေခွဲဝေချထားမှုအပေါ်မှာ ဝင်ရောက်စွက်ဖက်တာ လုံးဝမရှိဘူး။ ဝင်ရောက်စွက်ဖက်ခွင့်လည်း မရှိဘူး။

ကျနော်တို့မြန်မာနိုင်ငံရဲ့ ပညာရေးဘဏ္ဍာငွေ ခွဲဝေချထားမှုစနစ်နဲ့တော့ လုံးဝပြောင်းပြန်ဖြစ်နေတယ်။ ကျနော်တို့မြန်မာနိုင်ငံရဲ့ ပညာရေးဘဏ္ဍာငွေ ခွဲဝေချထားရေးစနစ်ကို အထက်ကပြောပြခဲ့သလို ဘဏ္ဍာရေးလွတ်လပ်ခွင့်ရအောင် ဆောင်ရွက်ဖို့ကတော့ အခုပြဋ္ဌာန်းအတည်ပြုထားတဲ့ "အမျိုးသားပညာရေးဥပဒေ" အခန်း (၁၂)၊ ပုဒ်မ ၆၄ (က) မှာပါတဲ့ "ဘဏ္ဍာငွေများကို ပြည်ထောင်စု အရအသုံးဆိုင်ရာဥပဒေနှင့်အညီ ထောက်ပံ့ပေးရမည်" ဆိုတာကို လုံးဝ ဖျက်သိမ်းပေးရပါမယ်။

အဲဒီ တစုတပေါင်းတည်းရန်ပုံငွေ စနစ်အောက်မှာဆိုရင်

တက္ကသိုလ်ရဲ့ဝင်ငွေ ဖြစ်တဲ့ ကျောင်းလခ၊ စာမေးပွဲကြေး၊ ထောက်ခံစာများ အတွက် ရရှိငွေ စတဲ့ ရငွေ အားလုံးကို အစိုးရကို အပ်လိုက်ရတယ်။ တက္ကသိုလ်များက သုံးစွဲခွင့် မရှိဘူး။

အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၄ (က) အရ အစိုးရနဲ့ တက္ကသိုလ်များအကြား ငွေရေးကြေးရေးဆက်ဆံမှုကို လေ့လာကြည့်ရင် တဘက်က အစိုးရက တက္ကသိုလ်တွေကို ဘဏ္ဍာငွေ ခွဲဝေချထား ပေးတယ်။ တက္ကသိုလ်များဘက်က အလှူငွေများမှအပ သူတို့ရရှိသည့် ဝင်ငွေ အားလုံးကို ပြန်သွင်းရတယ်။ ဒါကြောင့် တက္ကသိုလ်တွေနဲ့ အစိုးရ အကြား ငွေရေး ကြေးရေး စီးဆင်းမှုဟာ ၂ လမ်းသွားစနစ် ဖြစ်နေတယ်။ အသွားအပြန် ၂ လမ်း ဖြစ်နေတယ်။ တခြားနိုင်ငံမှာ အစိုးရနဲ့ တက္ကသိုလ် များအကြား ငွေရေးကြေးရေး စီးဆင်းမှုဟာ အစိုးရဆီက တက္ကသိုလ်များ ဘက်ကိုသာ စီးဆင်းတယ်။ အစိုးရကသာ တက္ကသိုလ်တွေအတွက် ငွေကြေး ထောက်ပံ့ လှူဒါန်းတယ်။ တက္ကသိုလ်များဘက်က အစိုးရဆီကို ငွေကြေးတစုံတရာ ပြန်လည်ပေးသွင်းရန် မလိုဘူး။ ဒါကြောင့် သူတို့ နိုင်ငံတွေမှာ အစိုးရနဲ့ တက္ကသိုလ်များအကြား ငွေကြေးစီးဆင်းမှုဟာ အစိုးရဆီက တက္ကသိုလ်များဘက်ကိုသာ စီးဆင်းတယ်။ အထက်က အောက်ကို စီးဆင်းတဲ့ တလမ်းသွားစနစ် ဖြစ်တယ်။

မြန်မာနိုင်ငံမှာလည်း အနောက်နိုင်ငံတက္ကသိုလ်တွေလို အစိုးရနဲ့ တက္ကသိုလ်တွေအကြား ငွေကြေးစီးဆင်းမှုကို အထက်ကအောက်ကို စီးဆင်းတဲ့ တလမ်းသွားစနစ် ဖြစ်အောင် ပြုလုပ်မယ်ဆိုရင် အထက်က ဖော်ပြခဲ့တဲ့ ပုဒ်မ ၆၄ (က) ကို ပယ်ဖျက်ပေးရမှာ ဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံ အောက်(စ)ဖို့တက္ကသိုလ်ရဲ့ ငွေစာရင်းကို လေ့လာ ကြည့်တဲ့အခါမှာ အစိုးရဆီကရရှိတဲ့ ထောက်ပံ့ငွေဟာ တက္ကသိုလ်တခုလုံး စုစုပေါင်းဝင်ငွေရဲ့ ၂၀ % လောက်ပဲ ရှိပါတယ်။ တက္ကသိုလ်ဝင်ငွေတမျိုး ဖြစ်တဲ့ ကျောင်းလခတို့၊ စာမေးပွဲဝင်ကြေးတို့၊ ထောက်ခံစာတွေအတွက် ရရှိတဲ့ ဝင်ငွေတို့ဟာ တက္ကသိုလ်တခုလုံးဝင်ငွေရဲ့ ၁၈ % ရှိပါတယ်။ ကျန်တဲ့တက္ကသိုလ်ဝင်ငွေရဲ့ ၆၂ % ဟာ တက္ကသိုလ်က ကိုယ့်ဟာကို ရှာဖွေတဲ့ဝင်ငွေ ဖြစ်ပါတယ်။ အောက်(စ)ဖို့တက္ကသိုလ်ရဲ့ အရေးကြီးတဲ့

ဝင်ငွေတခုက သုတေသနလုပ်ငန်းတွေက ရရှိတဲ့ ဝင်ငွေ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီကြီးများအတွက် အခကြေးငွေယူပြီး သုတေသနလုပ်ငန်းတွေ ပြုလုပ်ပေးတဲ့ ဝင်ငွေဖြစ်ပါတယ်။

အမေရိကန်နိုင်ငံက ဟားဗတ်တက္ကသိုလ် (Harvard University) လို တက္ကသိုလ်ကြီးတွေဆိုရင် တက္ကသိုလ်ရဲ့ သီးသန့်ရန်ပုံငွေထဲက တချို့တဝက်ကို စီးပွားရေးနိုင်မာတဲ့ ကုမ္ပဏီကြီးတွေရဲ့ရှယ်ယာကို ဝယ်ထားပြီး၊ ရန်ပုံငွေတိုးပွားအောင် လုပ်တာတွေ ရှိပါတယ်။

နောက်အရေးကြီးတဲ့အချက်က တက္ကသိုလ်တွေကို ကူညီထောက်ပံ့အလှူ ငွေထည့်နေတဲ့ foundation တွေ ဖြစ်ပါတယ်။ Foundation တွေက တက္ကသိုလ်ရဲ့ရန်ပုံငွေအားဖြည့်ပေးမှုကလည်း တက္ကသိုလ်အတွက် အရေး ကြီးပါတယ်။ ဥပမာအနေနဲ့ပြောရရင် ပြေတီဦး ဖောင်ဒေးရှင်းလို ဖောင်ဒေးရှင်းတွေက တက္ကသိုလ်တခုခုကို တာဝန်ယူ ဆက်သွယ်ထားပြီး အလှူငွေ ထည့်ဝင်ပေးနေတယ်ဆိုရင် တက္ကသိုလ်တွေမှာ ရန်ပုံငွေ ပိုရသွားပါမယ်။ Oxford University Press ခေါ်တဲ့ စာအုပ်ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိတဲ့ စီးပွားရေးလုပ်ငန်းကြီးဟာလည်း အောက်(စ)ဖို့ တက္ကသိုလ် ဝင်ငွေအားလုံးရဲ့ ၂၀% ရရှိပါတယ်။ ပုံနှိပ်လုပ်ငန်းရဲ့ ဝင်ငွေဟာ အစိုးရဆီက ထောက်ပံ့ငွေလောက် ရှိပါတယ်။

ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်ကတော့ ပညာရေးဝန်ကြီးဌာနရဲ့ စာရွက်စာတမ်းတွေကို ရိုက်ပေးနေရတဲ့ တာဝန်လောက်ပဲ ရှိနေတယ်။ တက္ကသိုလ်အတွက် ဘာဝင်ငွေမှ ရှာမပေးနိုင်ဘူး။

ဒါကြောင့် ကျနော်တို့ နိုင်ငံဟာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ဖြစ်လာရင် တက္ကသိုလ်တွေရဲ့ ငွေရေးကြေးရေး ကြီးကြပ်မှုစနစ်တွေကို အားလုံးပြင်ဆင်ရပါမယ်။ ကျနော် အခုတင်ပြခဲ့တာက အကြမ်းသဘော လောက်ဖြစ်ပါတယ်။ ကျနော် ဒီလောက်နဲ့ပဲ နိဂုံးချုပ်ပါမယ်။

---

[ဆရာသွင်လင်းအောင် –

ငွေကြေးသုံးစွဲတာတွေကို နိုင်ငံတကာအတွေ့အကြုံတွေနဲ့ ယှဉ်ပြီးတော့ ပြောပေးသွားတဲ့ ဆရာ ဒေါက်တာမင်းသိမ်းကို ကျေးဇူးတင်ပါတယ်။ ဆရာမ ဒေါ်ခင်မမျိုးကို ဖိတ်ခေါ် ချင်ပါတယ်။ ဆရာမက ဖက်ဒရယ်နဲ့ ပညာရေး ဆက်နွယ်တာတွေကို ရှင်းပြမှာ ဖြစ်ပါတယ်။]

စကားဝိုင်းဆွေးနွေးပွဲ – ၂

## ဖက်ဒရယ်နိုင်ငံနှင့် ဒီမိုကရေစီပညာရေးစနစ်

ဒေါ်ခင်မမျိုး

ကျမတို့ ဖက်ဒရယ်နဲ့ ပညာရေးမူဝါဒ (education policy) နဲ့ ပတ်သက်တဲ့ အပိုင်းလေးတွေကို နည်းနည်း ဆွေးနွေး တင်ပြပါမယ်။ အဲဒီအပိုင်းလေး မတိုင်ခင်မှာ ဖက်ဒရယ်ပေါ့နော်။ လက်ရှိ မြန်မာနိုင်ငံရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာဆိုရင် unitary system ပေါ်မှာ အခြေတည်ထားပါတယ်။ အဲဒါကြောင့် လက်ရှိမြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်မှာ မူတည်ပြီးတော့ ဖက်ဒရယ်စနစ်ကို လုံးဝ တည်ဆောက်လို့ မဖြစ်နိုင်ဘူး ဆိုတဲ့ အခြေအနေလေး တခု။ ဒါကို ကျမ ပြောချင်ပါတယ်။

System ၃ မျိုး ရှိပါတယ်။ Unitary ရယ်၊ federal ရယ်၊ confederal ရယ်ဆိုတဲ့ အနေအထားမှာ၊ လက်ရှိက

ပဟိုကနေပဲပြန်ပြီး central government ကနေ state government များကို ပြန်ပြီး အာဏာခွဲဝေပေးတဲ့ ပုံသဏ္ဌာန်မျိုး ဖြစ်နေပါတယ်။ Confederal ဆိုတာကကြတော့ central government မှာ ဘာပါဝါမှ မရှိဘဲနဲ့ state ကနေ ပြန်စီးဆင်းတဲ့ power ဖြစ်ပါတယ်။ Federal ဆိုတာက central government နဲ့ state government များ အကြားတွေထဲမှာ power ခွဲဝေခြင်းပုံသဏ္ဌာန် ဖြစ်ပါတယ်။ အဲဒါလေးကို ကနဦး ဆွေးနွေးတင်ပြလိုပါတယ်။

ကမ္ဘာပေါ်မှာ federal country (ဖက်ဒရယ်တိုင်းပြည်) အနေနဲ့ တိုင်းပြည် ၂၅ ခုလောက် လောလောဆယ် ရှိနေတဲ့ အခြေအနေ ရှိပါတယ်။ Federal နဲ့ပတ်သက်ပြီး အမျိုးအမည်၊ ပုံသဏ္ဌာန်တွေ အမျိုးမျိုး ကွဲပြားကြပါတယ်။ သို့သော်လည်း အဲဒီ federal countries ၂၅ ခု ဟာဆိုရင် ကမ္ဘာ့လူဦးရေရဲ့ ၄၀ %၊ ကမ္ဘာ့မြေပြင်ရဲ့ ၅၀ % အပေါ်မှာ ရှိနေတဲ့ အနေအထား ရှိပါတယ်။ တချို့တိုင်းပြည်တွေက အရမ်းကျယ်ပြီး တချို့တိုင်းပြည်တွေက တော်တော်လေးကို ကျဉ်းပါတယ်။ တချို့မှာက လူဦးရေ အရမ်းကျယ်ပြန့်ပြီး တချို့မှာကြတော့ လူဦးရေ နည်းပါတယ်။

နောက်တပိုင်းဥစ္စာက တချို့က state (ပြည်နယ်)လို့ ခေါ်ပါတယ်။ တချို့ ကကြတော့ state လို့ မခေါ်ဘဲနဲ့ constituent unit လို့ခေါ်တဲ့ ပုံသဏ္ဌာန် (CU) ဆိုပြီးတော့ ထားရှိပါတယ်။အဲဒီ CU များရဲ့ အမည်များ က အမည်အမျိုးမျိုး ကွဲပြားပါတယ်။ တချို့တိုင်းပြည်မှာ state level တွေကို republic လို့ ခေါ်ပါတယ်။ တချို့မှာ state တချို့မှာ province တချို့မှာ canton ဆိုပြီး ဂျာမနီမှာဆိုရင်တော့ lander ဆိုပြီးတော့ ပြောကြပါတယ်။ ဒါကတော့ state တွေရဲ့ နာမည်ကို အမျိုးမျိုးခေါ်တဲ့ ပုံသဏ္ဌာန်မျိုးတွေပါ။ အဲဒီ CU များတွေရဲ့ အရွယ်အစားကလည်း အကုန်လုံး အတူတူပဲရယ်လို့ မရှိပါဘူး။ ကွဲပြားပါတယ်။ လူဦးရေလည်း ကွဲပြား ပါတယ်။ နောက်တခါ ဘာသာစကားပိုင်းကို တချို့ကပြောတာ ရှိပါတယ်။ တဘက်နဲ့ တဘက် နားမလည်နိုင်တဲ့အတွက် ဘာသာစကား တခုပဲ သုံးရမယ်လို့ ပြောတာမျိုး ရှိပါတယ်။ အဲဒီလို ပုံသဏ္ဌာန်မျိုးရယ်

မဟုတ်ပါဘူး။ US တို့ ဘရာဇီးတို့မှာ ဆိုရင်တော့ official language အရေးဝင် ရုံးသုံးဘာသာစကားက တခုတည်း ရှိပါတယ်။ အိန္ဒိယဆိုလို့ ရှိရင် ၁၈ ခု အထိ ရှိတဲ့ အနေအထားပဲ။ ဒါပုံသဏ္ဍာန်မျိုးစုံရှိနေပါတယ်။

တချို့ federation တွေက highly centralized ဖြစ်ပြီး တချို့ federation တွေက decentralized ဖြစ်နေပါတယ်။ တချို့ တိုင်းပြည်တွေမှာ prime ministers နဲ့ ဖြစ်ပြီးတော့ တချို့ တိုင်းပြည်တွေမှာ president စနစ်နဲ့ သွားတဲ့ပုံစံတွေ ရှိပါတယ်။ တချို့တိုင်းပြည်တွေရဲ့ လူဦးရေကကျတော့ ပိုမိုပြီး ပျံ့နှံ့တဲ့ အနေအထား ရှိပြီး တချို့ တိုင်းပြည်တွေက တနေရာတည်းမှာ စုစည်းတဲ့ပုံသဏ္ဍာန်မျိုးလေးတွေ ရှိပါတယ်။ တချို့တိုင်းပြည်က ချမ်းသာပြီး တချို့တိုင်းပြည်ကကျတော့ ဆင်းရဲပါတယ်။ အဲဒီမှာတင် ခွဲဝေကြတဲ့အာဏာ power distribution တွေကလည်း မတူညီတဲ့အခြေအနေမျိုးတွေ ရှိလာပါတယ်။ အဲဒီတော့ ဒီ federal countries တွေမှာ ထားကြတဲ့ပုံသဏ္ဍာန်၊ education policy ထားကြတဲ့ ပုံသဏ္ဍာန်လေးတွေကို ပြန်လေ့လာကြည့်တဲ့ အခြေအနေမှာ၊ တချို့နေရာဒေသတွေမှာ dual federalism ဆိုတာမျိုးကို သုံးပါတယ်။ အဲဒါကတော့ state နဲ့ federal power ဆိုပြီးတော့၊ federal government ပဲခေါ်ခေါ်၊ central government ပဲခေါ်ခေါ်၊ အဲဒီ government နဲ့ ဒီ CU ပေါ့နော်။ State လို့ပဲခေါ်ခေါ်၊ ဒါမှမဟုတ် republic ပဲခေါ်ခေါ်၊ lander ပဲခေါ်ခေါ်၊ အဲဒီရဲ့ကြားထဲမှာ exclusive power ထားတဲ့ federalism ပုံသဏ္ဍာန်မျိုးကို ကျင့်သုံးကြတာ ဖြစ်ပါတယ်။ အခုလေ ပညာရေးမှာကျတော့ တကမ္ဘာလုံးအဆင့်ထိအောင် တက်လှမ်းကြဖို့အတွက် ရည်မှန်းချက် ဥစ္စာတွေထဲ အစိုးရတွေအကြားမှာ ညှိနှိုင်းလုပ်ဆောင်ရတာ ဖြစ်တဲ့အတွက် တချို့ကျတော့လည်း dual federalism သီအိုရီက သိပ်ပြီး အားမကောင်း နိုင်ဘူး ဆိုတဲ့ အနေအထားကို တချို့ ပြောကြပါတယ်။ အဲဒီ ထဲမှာမှ တချို့တိုင်းပြည်တွေမှာကြတော့ cooperative federalism ဆိုတာမျိုး သုံးပါတယ်။ သူကတော့ state နဲ့ federal က ပူးပေါင်းပြီး လုပ်ဆောင်ကြတာ ဖြစ်ပါတယ်။ အဲဒီအပိုင်းမှာ ခုနက ဆရာကြီး ဒေါက်တာမင်းသိမ်း ပြောသွားတဲ့အတိုင်း ပြဿနာ

တခု သွားတက်လာတာက ဘတ်ဂျက်ကို allocation လုပ်တဲ့ အခါတိုင်း မှာ central government က သူ့အတွက် အများဆုံး ရနိုင်တဲ့ အခြေအနေမျိုးကို backing ပြန်လုပ်ပြီး state government တွေ ကိုကျတော့ ရာခိုင်နှုန်း နည်းနိုင်သမျှ နည်းအောင် လုပ်ဆောင်ရတဲ့ အချိန်မှာ တခါတရံ tension အခြေအတင်တွေ ဖြစ်တတ်တဲ့အတွက် cooperative မှာလည်း အကယ်၍များ power က တန်းတူညီမျှမှု မရှိဘူးဆိုရင် တခါတရံ cooperative လို့ အမည်ခံထားသော်ငြားလည်း central government ဘက်ကနေ ပိုမိုကြီးစိုးသွားတဲ့ ချုပ်ကိုင်တဲ့ ပုံသဏ္ဍာန် ပိုများလာတတ်ပါတယ်။

နောက်တမျိုးကတော့ coercive federalism ဖြစ်ပါတယ်။ အမည်တော့ ခံထားတယ်။ သို့သော်ငြားလည်း central government က အထူးသဖြင့် federal government ကနေ mandate တွေ၊ law တွေ၊ policy တွေနဲ့ပြန်ပြီးတော့ state government ရဲ့လုပ်ပိုင်ခွင့်ကို လိုက်ပြီးချုပ်ကိုင်ထားတဲ့ ပုံသဏ္ဍာန်လေးတွေ ရှိပါတယ်။ ဒါကတော့ coercive federalism ရဲ့သဘောတရား ပုံသဏ္ဍာန်လေးတွေ ဖြစ်ပါ တယ်။ Highly centralized ဗဟိုကနေ ချုပ်ကိုင်မှု အရမ်းများနေတဲ့ ပုံသဏ္ဍာန်ပါ။ ခုနတုန်းက ဆရာကြီးပြောသွားသလိုပဲ ဗဟိုချုပ်ကိုင်တဲ့ ပုံစံက coercive မှာ အရမ်းများပါတယ်။

နောက်ဆုံးတမျိုး ကမ္ဘာမှာ ခေတ်စားလာတဲ့ပုံသဏ္ဍာန်ကတော့ central government ရဲ့ role ရယ်လို့ မရှိတော့ဘဲ polyphonic federalism ဆိုပြီး state များတွေက အချင်းချင်း ပူးပေါင်းဆောင်ရွက် ပြီး အပြန်အလှန် လေ့လာသင်ယူခြင်းအားဖြင့် education policy တွေကို ချမှတ်ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီ state များအားလုံးက ချမှတ်ထားကြတဲ့ ပုံသဏ္ဍာန်တွေသည်လည်း national policy ကိုတော့ သွားပြီး ထိခိုက်မှုမရှိဘဲ သူတို့အားလုံး စုပေါင်းချလိုက်တဲ့ တနိုင်ငံလုံးရဲ့ education နဲ့ပတ်သက်တဲ့ national policy on education ကတော့၊ ဘယ်လိုပုံစံဆိုတာကို central government ရဲ့ role ကို ဖျောက်ပြီး state government များကပဲ ပူးပေါင်းပြီး ချမှတ်လိုက်တဲ့ ပုံသဏ္ဍာန်မျိုး

ဖြစ်ပါတယ်။ ဒါကတော့ polyphonic federalism ဆိုပြီးတော့ အခုနောက်ပိုင်း education policy မှာ ခေတ်စားလာတဲ့ federalism အမျိုးအစားတမျိုး ဖြစ်ပါတယ်။ မြန်မာပြည်နဲ့ ပတ်သက်ပြီးတော့ progressive reform လုပ်ဖို့ အများကြီး ရှိဖို့ လိုပါသေးတယ်။ တကယ်လို့များ မြန်မာနိုင်ငံဟာ federal country ဖြစ်လာခဲ့ပြီ ဆိုရင်တောင် state နဲ့ federal capacity တွေကို မြှင့်တင်ပြီးတော့ တတိုင်းပြည်လုံးရဲ့ ရည်မှန်းချက်တွေကို စုပေါင်းပြီး ချသင့်တဲ့ အနေအထားတွေ ရှိပါတယ်။ ပြီးရင် ပြည်နယ်များရဲ့ အချင်းချင်းကြားမှာ pilot program တွေ လုပ်ပြီးတော့ တချို့ပြည်နယ်တွေမှာ ရှိတဲ့ ကောင်းမွန်တဲ့ lesson learn သင်ခန်းစာတွေကို ပြန်ယူပြီး ကောင်းမွန်တဲ့ လုပ်ထုံးလုပ်နည်း good practice တွေကို အမြန်အလှန် လေ့လာသင်ယူခြင်းအားဖြင့် လုပ်ဆောင်ကြမယ်ဆိုရင် ဒါကလည်း ပြုပြင်ပြောင်းလဲရေးမှာ အားကောင်းပါ့မယ်။

နောက်တခုကတော့ local နဲ့ state နဲ့ federal နဲ့ရဲ့ control မှာ federal government ရဲ့ education policy ၊ အဓိက ကတော့ central government ကြီးရဲ့ ပညာရေးမူဝါဒ (education policy) မှာ ပါဝင် ပတ်သက်မှုကို limit ပြန်လုပ်သင့်တဲ့ အနေအထား ရှိပြီးတော့ state government များ အချင်းချင်းထဲကနေ စုပေါင်းပြီး national goal ကို ချမယ်။ အဲဒါကို federal government နဲ့ပြန်ပြီး ညှိနှိုင်းပြီးမှ policy အနေနဲ့ လုပ်ဆောင်ကြမယ်ဆိုရင်တော့ ဗဟိုကနေ ချမှတ်လိုက်တယ်ဆိုတဲ့ policy ကို ပြည်နယ်များကနေ လိုက်လုပ်ရတယ်ဆိုတဲ့ အခြေအနေမျိုး လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ကျမကတော့ မြန်မာနိုင်ငံအတွက် သင့်တော်တာက polyphonic federalism သဘောတရားကို education policy မှာ ချမှတ်သင့်တယ် ဆိုတဲ့ အပိုင်းကဏ္ဍကို အကြံပြုဆွေးနွေးတင်ပြပါတယ်။

---

[ဆရာသွင်လင်းအောင် –

ပြည့်ပြည့်စုံစုံ ဆွေးနွေးပေးသွားတဲ့ ဆရာမခင်မမျိုးကို ကျေးဇူးတင်ပါတယ်။ Dr. Ashley South ကို ဖိတ်ခေါ်ချင်တာကတော့ ဖက်ဒရယ် federal လို့ ပြောကတည်းက တိုင်းရင်းသားတွေ အများကြီး ပါတယ်။ ဘာသာစကားတွေ အများကြီး ဖြစ်သွားတယ်။ ဘာသာစကားနဲ့ ပတ်သက်ပြီးတော့၊ သင်ကြားမှုအတွက် ဆရာ့ရဲ့ အကြံဉာဏ်ကို ဖိတ်ခေါ်ချင်ပါတယ်။]

စကားဝိုင်းဆွေးနွေးပွဲ – ၂

## ဖက်ဒရယ်နိုင်ငံနှင့် ဒီမိုကရေစီပညာရေးစနစ်

အက်ရှ်လေဆောက်သ်

ဘာသာပြန် - အောင်မျိုးမြတ်

အခု တင်ပြမယ့် အကြောင်းအရာက ကျနော် ရေးသားခဲ့တဲ့ စာတမ်းပါ။ စာတမ်းကို www.AshleySouth.co.uk ဆိုတဲ့ ကျနော့် website မှာ download လုပ်လို့ ရပါတယ်။ ကျနော် ရည်ရွယ်တဲ့သူတွေကတော့ နိုင်ငံတကာ အလှူရှင်တွေရယ်၊ ပြည်တွင်းမှာ အလုပ် လုပ်နေကြတဲ့သူတွေရယ် ဖြစ်ပါတယ်။

ဒီစာတမ်းနဲ့ ပတ်သက်ပြီး သုတေသနပြုလုပ်တဲ့ နည်းလမ်းနဲ့ နယ်ပယ်ကို ပြောပါမယ်။ အဓိက သုတေသနလုပ်ခဲ့တဲ့ နယ်ပယ်တွေကတော့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်တွေမှာ လုပ်ခဲ့ပါတယ်။ အဲဒီဒေသတွေမှာရှိတဲ့

အစိုးရ အုပ်ချုပ်တဲ့ နယ်ပယ်တွေမှာကော၊ တိုင်းရင်းသား လက်နက်ကိုင်တွေ ရှိတဲ့ နယ်ပယ်တွေမှာကော ဒီသုတေသန စာတမ်းကို သွားပြီး ပြုစုခဲ့တာပါ။

ဒီနေ့ တင်ပြဆွေးနွေးမယ့် အကြောင်းအရာ နှစ်ခု ရှိပါတယ်။ ပထမတခုကတော့ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံသင်ကြားခြင်းကို အစိုးရကျောင်းတွေမှာ သင်ကြားခြင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးမှာဖြစ်ပြီး ဒုတိယ အကြောင်းအရာကတော့ အစိုးရကျောင်းတွေရယ် အစိုးရ မဟုတ်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ အခြားသောသူများရဲ့ လက်အောက်ခံကျောင်းတွေရဲ့ကြားထဲက ဆက်ဆံရေးကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပေးထားတဲ့ အချိန်ကလည်း အကန့်အသတ်နဲ့ ရှိတာ ဖြစ်တဲ့အတွက် မိခင်ဘာသာစကားအခြေပြု (mother tongue-based)နဲ့ ပတ်သက်ပြီး အကျိုးကျေးဇူးတွေ အများကြီး မပြောတော့ပါဘူး။ ဒါပေမဲ့ အားလုံးသိကြတဲ့အတိုင်း မိခင်ဘာသာစကားနဲ့ ကလေးတယောက်ရဲ့ ပထမဦးဆုံး ပညာသင်ခွင့် ရလို့ ရှိရင် ကလေးက ပညာနဲ့ပတ်သက်ပြီး ပိုနိုးစပ်မယ်။ သူ့အတွက် သင်ယူခွင့်၊ သင်ကြားခွင့် အခွင့်အလမ်းတွေ အများကြီး ပိုရှိပါတယ် ဆိုတာ အားလုံး သိကြပြီး ဖြစ်မှာပါ။

ဒီနေ့ mother tongue-based နဲ့ ပတ်သက်ပြီး မိခင်ဘာသာစကားနဲ့ ပညာသင်ခွင့်ဟာ မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာမှာလည်း အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာဆိုလည်း တိုင်းရင်းသားတွေ တော်တော်များများက ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ခွင့်နဲ့ပတ်သက်ပြီး အများကြီး လှုပ်ရှားရုန်းကန်နေကြရတာတွေ ရှိပါတယ်။ ပညာသင်ရာမှာ မိခင်ဘာသာစကား မဟုတ်တဲ့ မြန်မာဘာသာစကားကို သင်ရတဲ့အတွက် သူတို့ကိုယ်သူတို့ ဆုံးဖြတ်ခြင်းမှာ အခက်အခဲတွေ အများကြီး ရှိတာ တွေ့ရပါတယ်။

မိခင်ဘာသာစကား အခြေပြု သင်ကြားရေးနဲ့ပတ်သက် ပြီး၊ အယူအဆအမျိုးမျိုး ချဉ်းကပ်ပုံ အမျိုးမျိုး ရှိပါတယ်။ ကျနော့်အနေနဲ့ နိုင်ငံခြားသားတယောက်အနေနဲ့ မိခင် ဘာသာစကား သင်ကြားရေးကို လက်ခံတယ်။ တချိန်တည်းမှာပဲ ဗမာဘာသာစကားကိုလည်း တနိုင်ငံလုံးရဲ့ အခြေပြု ဘာသာစကား အဖြစ် လေးလေးနက်နက် သင်ကြားဖို့ကိုလည်း မီးမောင်းထိုးပြချင်ပါတယ်။

ဒီနေ့စိတ်ဝင်တစားနဲ့ seminar မှာ လာဆွေးနွေးကြတာကတော့ **federalism** နဲ့ ဒီမိုကရေစီပညာရေးပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အစိုးရမဟုတ်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေကနေ တည်ဆောက်လိုက်တဲ့ နောက်ထပ် ပညာရေးစနစ်က အင်မတန်အရေးကြီးပါတယ်။ ဒီ ဒီမိုကရေစီပညာရေးစနစ်က အောက်ခြေကနေ တက်တဲ့ပုံစံမျိုး ဖြစ်တဲ့အတွက် အင်မတန်မှ အရေးပါပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရေးဟာ ဒီမိုကရေစီပညာရေး ပေါ်ပေါက်ရေးအတွက် အလွန်အရေးပါပါတယ်။ လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေအရဆိုရင်၊ ပညာရေးက အပေါ်ကနေ အောက်ကို ဖြာဆင်းတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးနဲ့ပတ်သက်ပြီးတော့ ကချင်ရယ်၊ မွန်ရယ်၊ ကရင်ရယ်၊ ဒီမှာလည်း တကယ့်ကို ထိကျတဲ့ ဥပမာတွေ ရှိပါတယ်။ ရှမ်းပြည်မှာလည်း ရှမ်းတွေ၊ ပအိုဝ်းတွေကြားထဲမှာလည်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေး ပညာရေးနဲ့ ပတ်သက်ပြီး ဖော်ဆောင်မှုတွေဟာ သိသာတဲ့ ဥပမာတွေအဖြစ် တည်ရှိပါတယ်။ အစိုးရမဟုတ်တဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ၊ လက်နက်ကိုင် အဖွဲ့အစည်းတွေ တည်ထောင်လိုက်တဲ့ ပညာရေးမှာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့ အခွင့်အလမ်းတွေ ပိုမိုများတာကို ဥပမာအဖြစ် မြင်ရပါတယ်။

ကြွရောက်လာတဲ့သူတွေထဲမှာ ကျနော့်ထက် တတ်သိနားလည်တဲ့ ပညာရှင်တွေလည်း အများကြီး ပါပါတယ်။ အခု ကျနော်က မွန်မှာ ရှိတဲ့ မိခင်ဘာသာစကားအခြေပြု ပညာရေးနဲ့ပတ်သက်ပြီး နည်းနည်း

ရှင်းပြလိုပါတယ်။ ဒါ့အပြင် မွန်ကိုယ်စားလှယ်အဖြစ် တက်လာတဲ့သူတွေထဲမှာလည်း၊ တတ်သိပညာရှင်တွေ ပါတဲ့အတွက် သူတို့လည်း အများကြီး ပိုသိနိုင်ပါတယ်။

မိခင်ဘာသာစကားအခြေပြု ပညာရေးစနစ်နဲ့ ပတ်သက်ပြီးတော့ မွန်ဟာ တအားစိတ်ဝင်စားဖို့ကောင်းတဲ့ စံနမူနာတခုပဲ ဖြစ်ပါတယ်။ မွန်ပြည်နယ်မှာ ဖွင့်တဲ့ မွန်အမျိုးသားကျောင်းတွေမှာတော့ မွန်ဘာသာစကားနဲ့ပဲ အခြေခံအဆင့်မှာ သင်ပါတယ်။ သူတို့ ဖွင့်တဲ့ကျောင်းတွေက အစိုးရရဲ့လက်အောက်ခံ မဟုတ်ဘဲ မွန်ပြည်သစ်ပါတီရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိပါတယ်။

အလယ်တန်းအဆင့်လောက်မှာတော့ မွန်ကနေ ဗမာဘာသာစကားကို ပြောင်းသင်ပေမယ့်၊ မွန်ဘာသာစကားကိုလည်း အနည်းငယ် သင်ကြားဆဲပဲ။ မွန်ယဉ်ကျေးမှုနဲ့ မွန်သမိုင်းကိုလည်း သင်ကြားဆဲပါပဲ။ အထက်တန်းအဆင့်မှာတော့ ဗမာစကားချည်းပဲ သင်တယ်ဆိုပေမယ့် မွန်ယဉ်ကျေးမှုနဲ့ မွန်သမိုင်းကိုလည်း အနည်းငယ်ထည့်ပြီး သင်ကြားဆဲပါပဲ။

အခြေခံအားဖြင့်တော့ မွန်ဘာသာစကားအခြေပြု သင်ကြားခြင်းကို ဒေသတွင်းမှာပဲ လုပ်ဆောင်ခဲ့တာ ဖြစ်ပြီး မွန်ဘာသာ အခြေပြု သင်ကြားခြင်းစနစ်ကနေ ဗမာဘာသာစကားဘက်ကို တဖြေးဖြေးနဲ့ ပြောင်းယူတဲ့ပုံစံမျိုး ဖြစ်ပါတယ်။

မွန်ပညာရေးကော်မတီက ပြဌာန်းတဲ့ စာအုပ်တွေက အစိုးရရဲ့ ပြဌာန်းစာအုပ်တွေ အပေါ်မှာပဲ အခြေတည်ထားတယ် ဆိုပေမယ့် မွန်ဒေသရဲ့ အနေအထားနဲ့လိုက်လျောအောင် ပြုပြင် မွမ်းမံထားပါတယ်။ ဒီအစိုးရရဲ့ပြဌာန်းချက်တွေကိုပဲ အခြေပြုပြီးတော့မှ သင်ကြားထားတာ ဖြစ်တဲ့ အတွက်ကြောင့် မွန်ကျောင်းက ထွက်တဲ့ မွန်ကလေးတွေ အကုန်လုံးက အစိုးရရဲ့စာမေးပွဲတွေ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွေ ဖြေလို့ရတယ်။ အစိုးရရဲ့ တက္ကသိုလ်ကို တက်ခွင့် ရှိတယ်။ မွန်ဘာသာစကားနဲ့ အခြေပြုသင်တယ်ဆိုပေမယ့်လည်း မြန်မာတနိုင်ငံလုံးက တက္ကသိုလ်တွေ ဘယ်တက္ကသိုလ်မဆို တက်ခွင့်ရပါတယ်။

မွန်ရဲ့ စံနမူနာပုံစံဟာ ဖက်ဒရယ်ပညာရေးနဲ့ ပတ်သက်တဲ့ တကယ် အကောင်းဆုံး စံနမူနာတခုပဲ ဖြစ်တယ်။ ဘာလို့လဲဆိုတော့ မွန်ရဲ့ မိခင်ဘာသာစကားအခြေပြု သင်ကြားခြင်းဟာ ဒေသတွင်းကပဲ အဓိက ဦးစီးဆောင်ရွက်နေတာ ဖြစ်ပေမယ့်လည်း တနိုင်ငံလုံးနဲ့လည်း ပညာရေးက ချိတ်ဆက်ပြီးတော့ အဆင့်မြင့်သွားလို့ ရတာ ဖြစ်တဲ့အတွက် မွန်မှာ လုပ်နေတဲ့ မိခင်ဘာသာစကားအခြေပြု ပညာရေးပုံစံဟာ စံနမူနာ ထားထိုက်ပါတယ်။

ကျွန်တော်ရဲ့ လေ့လာမှုတွေဟာ မွန်တခုတည်းလုပ်ခဲ့တာ မဟုတ်ဘဲ ကချင်နဲ့ ကရင်မှာလည်း လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကချင်နဲ့ ကရင်မှာဆိုရင် လောလောဆယ်တော့ အပစ်အခတ်ရပ်စဲရေးက ပြီးခဲ့တဲ့သုံးနှစ်လောက် က စရထားတယ်ဆိုပေမယ့် အရင်တုန်းက စစ်ဖြစ်နေတဲ့ကြားမှာ ပညာ ရေးနဲ့ ပတ်သက်ပြီး အကောင်အထည် ဖော်ဖို့ ခက်ခဲတယ်။ အပစ်အခတ် ရပ်စဲရေး နောက်ပိုင်းမှာတော့ ပညာရေးနဲ့ပတ်သက်ပြီး အများကြီးဖွံ့ဖြိုး လာအောင် လုပ်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ် လုပ်ငန်းစဉ်တွေဟာ တိုင်းရင်းသား လူမျိုးတွေရဲ့အပေါ်မှာ သက်ရောက်မှုတွေ အများကြီး ရှိပါ တယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွေဟာ မွန်ပြည်နယ်မှာဆိုရင် မွန်ပညာရေး ကို ကိုင်နေတဲ့သူတွေရယ်၊ အစိုးရရဲ့ပြည်နယ်ပညာရေးသမားတွေကြားထဲမှာ အပြုသဘောဆောင်တဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးတွေ အများကြီး ဖွံ့ဖြိုး လာစေပါတယ်။ အခုလောလောဆယ် KNU ဒေသမှာ ရှိတဲ့ စစ်ဖြစ်ခဲ့တဲ့ နေရာဒေသတွေမှာ အစိုးရက ကျောင်းတွေအများကြီး ဖွင့်ပေးပြီး မြန်မာ ဆရာမတွေ အများကြီး လွှတ်ပေးပါတယ်။ ဒါဟာ ပညာရေးနဲ့ပတ်သက် ပြီး ကောင်းတဲ့အချက်ဖြစ်ပေမယ့် အရင်က အစိုးရအုပ်ချုပ်မှုအောက်မှာ မရှိခဲ့တဲ့ ကရင်ဒေသခံတွေအတွက်တော့ ဒါဟာ ခြိမ်းခြောက်မှုတရပ်လို့ သူတို့ မလုံသလို ခံစားရတာတွေ ရှိပါတယ်။ ဒါကြောင့်မို့ အစိုးရအနေနဲ့ ဒီကျောင်းတွေ ဖွင့်တာထက်ပိုတဲ့ အရင်က သူတို့အုပ်ချုပ်မှုအောက်မှာ မရှိတဲ့ ကရင်တွေနဲ့ ပတ်သက်တာ တခုထပ်လုပ်ဖို့ လိုပါသေးတယ်။ ဒီငြိမ်းချမ်းရေးဆွေးနွေးမှု ဖြစ်စဉ်တွေမှာ အဓိက အရေးကြီးတာကလည်း

အစိုးရဘက်က တည်ထောင်တဲ့ ကျောင်းပညာရေးစနစ်ရယ်၊ ဒေသခံတွေက ကြိုးစားပြီးလုပ်နေတဲ့ပညာရေး နှစ်ခုကြားထဲမှာ ဆွေးနွေးညှိနှိုင်းဖို့တွေလိုအပ်တယ်လို့ ယူဆပါတယ်။ အဲဒါဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အင်မတန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။

အခု နိုင်ငံရေးညှိနှိုင်းမှုတွေဆိုတာကတော့ အချိန်လည်းကြာ၊ ချက်ချင်းလုပ်လို့ပြီးတဲ့ကိစ္စလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံရေး ညှိနှိုင်းမှုတွေလုပ်နေတဲ့ အချိန်ကာလအတောအတွင်းမှာလည်း လက်ရှိ အစိုးရအသစ်အနေနဲ့ တိုင်းရင်းသားပညာရေးတွေကိုလည်း အားပေးသင့်တဲ့အကြောင်းလေးကိုပြောရင်းနိဂုံးချုပ်ပါတယ်။

***

**အကြံပြုချက်**

ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာအဆိုပြုချက်မှ (ခ) ပညာရေးမူဝါဒဆိုင်ရာ အခြေခံမှုနဲ့ပတ်သက်ပြီး၊ နိုင်ငံသားအားလုံး၏ တန်းတူအခွင့်အရေးဆိုတာထက် တိုင်းရင်းသားအားလုံး၏ တန်းတူအခွင့်အရေးဆိုတာမျိုးကို ပြန်ဖြည့်စွက်ပြင်ဆင်စေချင်ပါတယ်။ လူ့ဂုဏ်သိက္ခာနှင့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးအရ တိုင်းရင်းသားတန်းတူအခွင့်အရေးဆိုတဲ့ဟာပြောစေချင်ပါတယ်။

ဒုတိယအချက်က ပညာရေးအရည်အသွေးဆိုင်ရာ အဆိုပြုချက်ရဲ့ (ဃ) မှာ ဖော်ပြထားတဲ့ မိခင်ဘာသာစကားကို အခြေပြုသော ဘာသာစကားစုံ ပညာရေးမှာ အမျိုးသားပညာရေးကျောင်းနဲ့ ပတ်သက်ပြီး မူအရဖြည့်စွက်စေချင်ပါတယ်။ လာမယ့် ဖက်ဒရယ် ပြည်ထောင်စုကာလမှာ integrate လုပ်တာပဲ ဖြစ်ဖြစ်၊ convergence လုပ်တာပဲ ဖြစ်ဖြစ်ပို့ပြီးတော့ အဆင်ပြေချောမွေ့ပါလိမ့်မယ်။

နောက်တချက်က ကျနော်တို့ နိုင်ငံရေးပြဿနာရဲ့ အခြေခံကအထူးသဖြင့် ဖက်ဒရယ်ကို သွားမယ်ဆိုရင် တိုင်းရင်းသားအားလုံးရဲ့ယဉ်ကျေးမှုသမိုင်းကို တယောက်နဲ့တယောက် သင်ကြားမှုရှိဖို့ လိုတယ်။

တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ သမိုင်းတွေကို သင်ရိုးညွှန်းတမ်းတွေမှာ ထည့်သွင်းစေချင်တယ်။

နောက်ထပ် သတိထားရမယ့်အချက်တချက်က ဘာသာရေးပဋိပက္ခတွေ မဖြစ်ပေါ်လာအောင် ကြိုတင် တားဆီးနိုင်ဖို့ လိုပါတယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီး ချစ်ကြည်ရင်းနှီးမှုနဲ့ ဆိုင်တာတွေကို သင်ရိုးညွှန်းတမ်းတွေမှာ ထည့်သွင်းစေချင်ပါတယ်။ အထူးသဖြင့် ဘာသာကြီးလေးရပ်ကို ထည့်သွင်းစေချင်ပါတယ်။

နောက်ဆုံး အကြံပြုချင်တာကတော့ အမျိုးသမီးနဲ့ ပတ်သက်တဲ့ ပညာရေးကော အလုပ်အကိုင်အခွင့်အလမ်းတွေ အတွက် အမျိုးသမီးနဲ့ အမျိုးသားဟာ ပညာရေးနဲ့ဆိုင်တဲ့ အခွင့်အရေး တန်းတူညီမျှရှိဖို့ လိုပါတယ်။

---

# ဖက်ဒရယ်နိုင်ငံနှင့် ဒီမိုကရေစီပညာရေးစနစ်အပေါ်
## မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များ

### မေးခွန်း(၁)

ကျမနာမည်က အိသဥ္စာမောင်ပါ။ ကျမ မေးချင်တာတခု ရှိပါတယ်။ မနေ့တုန်းက ကျမတို့ ဒီမိုကရေစီပညာရေး သဘိတ်စစ်ကြောင်းစတော့ ကျမတို့က အချက် ၁၁ ချက် ကိုင်တယ်။ အဲဒီအထဲမှာ မိခင်ဘာသာစကားအခြေပြု သင်ကြားရေးဆိုတာ ပါတယ်။ အဲဒီမှာ ကျမတို့ ပြဿနာတခု သွားတွေ့တယ်။ စကားလုံး အသုံးအနှုန်းထိပါ ပြောင်းလိုက်ရတယ်။ တိုင်းရင်းသား ဘာသာစကားအခြေပြု သင်ကြားရေး ဆိုပြီးတော့ ပြောင်းလိုက်ရတယ်။ အဲဒီပြဿနာက ဘာလဲဆိုတော့ ကျမတို့ကို အင်္ဂလိပ်ဘာသာစကား သင်ကြားတယ်ဆိုပြီးတော့မှ ထင်ကြတယ်ပေါ့။ ကျမတို့ဆို အဆဲခံရတယ်။ တိုင်းပြည်ဖျက်မယ့်သူတွေဆိုတဲ့အထိပါ အဆဲခံရတယ်။ ဘာလို့လဲဆိုတော့ ကျမတို့ဟာ အင်္ဂလိပ်ဘာသာစကားကို၊ ကုလားဘာသာစကားကို သွားဖို့ရာ အခြေပြုနေကြတယ်လို့ ထင်ကြတယ်။ အကယ်၍များ ကျမတို့က တိုင်းရင်းသားဘာသာစကား အခြေပြု သင်ကြားမယ် ဆိုရင် ဒီသင်ကြားတာက အနာဂတ်မှာ တိုင်းပြည်အတွက် အန္တရာယ်မရှိဘူးဆိုတာ ပြည်သူတွေ သိအောင် ဘယ်လို လုပ်ဆောင်သင့်တယ်လို့ ထင်သလဲ။

---

ဒေါ်ခင်မမမျိုး —

Ethnic language နဲ့ပတ်သက်တဲ့ အပိုင်းနှစ်ပိုင်းရှိတယ်လို့ မြင်ပါတယ်။ UK မှာကြုံခဲ့ဖူးတဲ့ ပုံသဏ္ဍာန်က ကျောင်းသင် ပညာရေး curriculum ထဲမှာ ပါပြီး သင်ခွင့်ရတယ်။ ဥပမာ၊ UK ရဲ့ ethnic ဆိုရင်တော့ English ရယ်၊ Scottish ရယ်၊ Irish ရယ်၊ Welsh ရယ်ပေါ့နော်။ အမျိုးသားကျောင်းတွေ သီးသန့် ခွဲတဲ့အခါ Welsh National School, Irish National School တွေမှာ ဆိုင်ရာ ethnic language ကို သင်ခွင့်ရှိတယ်။

နောက်တပိုင်းကတော့ ethnic language ပါ အပါအဝင် ဖြစ်နေသော mother tongue language နဲ့ ပတ်သက်တဲ့အပိုင်း။ UK မှာ မြန်မာပြည်က ဘာသာစကားတွေက ethnic language မဟုတ်ဘူး။ ဘာနဲ့ ပြန်ပြီးခွင့်ပြုလဲဆိုတော့ community education မှာ mother tongue language ကို ခွင့်ပြုထားပါတယ်။ Community centre တွေကို လုပ်ခွင့် ပေးထားတယ်။ မြန်မာကလည်း Burmese Community Centre ဆိုပြီးတော့ လုပ်ကြတယ်။ ကရင် community centre ရှိတယ်။ ရှမ်း community centre ရှိတယ်။ Community centre တွေ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ရှိတယ်။ အဲဒီအပိုင်းကိုကျတော့ mother tongue language ကို all community centres တွေမှာ community education အနေနဲ့ သင်လို့ရတယ်။ Ethnic language ကိုကျတော့ compulsory education system ထဲမှာကို ပြန်ထည့်ထားတယ် ဆိုတဲ့ အပိုင်း။ ဒါလေးကို ကျမတို့ တွေ့ခဲ့ရတဲ့ အနေအထား။

နောက်တချက်က အဲဒီထဲမှာ နည်းနည်းထပ်ဖြည့်ပြောချင်တဲ့ အပိုင်းက ဒီ language တွေ သင်ခြင်းအားဖြင့် တနိုင်ငံလုံး။ UK ဆိုရင် ဖက်ဒရယ်တိုင်းပြည် မဟုတ်ဘူး။ Decentralization လုပ်ထားတဲ့ တိုင်းပြည်။ ဒါတောင်မှ Scottish Parliament, Irish Assembly, Welsh Assembly ဆိုတဲ့ အဲဒီသုံးနေရာစလုံး တခြားပါလီမန်တွေမှာ လူမျိုးစုံပါလီမန်တွေမှာ ဘာလုပ်ခွင့်ပေးထားသလဲဆိုတော့ official lan-

guage ကို mother tongue or ethnic tongue language ကိုကော တနိုင်ငံလုံး သုံးတဲ့ official language ကော သုံးခွင့် ရှိထားတယ်။ အဲဒီတော့ အင်္ဂလိပ်လိုလည်း ပြောခွင့် ရှိတယ်။ အဲဒီအတိုင်းပဲ Scottish လိုလည်း ပြောခွင့် ရှိတယ်။ အဲဒီပါလီမန်ထဲမှာ နားမလည်ရင် ဘယ်လို လုပ်မလဲလို့ မေးကြတော့ ဘာသာပြန်တွေ ထားပါတယ်။ အဲလို ပုံစံမျိုးနဲ့ ဒါတောင် ဖက်ဒရယ် မဟုတ်သေးဘူး။ ဒီ language ကို approve လုပ်ထားတယ် ဆိုတော့ ဒါတွေသည် တိုင်းပြည်ရဲ့ national security ကို threat ဖြစ်နေတဲ့ အရာ မဟုတ်ဘူး။ ဒီ ethnic language များဥစ္စာသည် တချို့တိုင်းပြည်တွေမှာ official language တွေအနေနဲ့ပါ အသုံးပြုတယ်ဆိုတဲ့ အနေအထားတွေကို ကျမတို့ အထောက်အထား အပြည့်အစုံနဲ့ ပြန်လည်ရှင်းပြရမယ်ဆိုရင်တော့ ခုနက ဆွေးနွေးသွားတာက အချက်အလက်အပြည့်အစုံနဲ့ ပြန်ရှင်းပြလို့ရတဲ့ အပိုင်းလို့ မြင်ပါတယ်။

* * *

**အက်ရှ်လေဆောက်ခ် –**

Mother tongue-based ဟာ တိုင်းပြည်ရဲ့စည်းလုံးညီညွတ်မှုကို မပျက်စီးစေရဘူး။ တိုင်းပြည်ကို အန္တရာယ်မဖြစ်စေတာကို ဘယ်လိုမျိုး သိအောင်လုပ်မလဲဆိုတာကို ဖြေပါမယ်။

Mother tongue-based နဲ့ပတ်သက်ပြီးတော့ အကျိုးကျေးဇူး နစ်ခုရှိပါတယ်။ တခုကတော့ နိုင်ငံရေးမှာ အကျိုးရှိပြီး mother tongue-based နဲ့ ဆွေးနွေးမယ်ဆိုရင် နိုင်ငံရေးမှာ ထဲထဲဝင်ဝင် ဆွေးနွေးနိုင်ပါမယ်။ မှန်ဆိုရင် အန္တရာယ်မရှိတဲ့ အကြောင်းကို ပြပေးတဲ့ ဥပမာကောင်း ဖြစ်ပါတယ်။ ဒီမေးခွန်းက NNER ရဲ့တန်ဖိုးကို ပိုတက်စေပါတယ်။ NNER မှာဆိုရင် mother tongue-based ကို မတူကွဲပြားပြီး အားလုံးက ဝိုင်းဝန်း ဖော်ဆောင်နေကြတာပဲ ဖြစ်ပါတယ်။

**မေးခွန်း(၂)**

ကျမကတော့ ဒေါ် ခင်မိုးမိုးပါ။ ဆရာမ ဒေါ် ခင်မမမျိုးကို မေးချင်တာပါ။ NNER ရဲ့မူဝါဒတွေထဲမှာ ပညာသင်ကြားရေးမှာ ကျား/မခွဲခြားမှု မရှိဘူးလို့ ပါပါတယ်။ နောက်တခါ မသင်မနေရ ပညာရေးစနစ်ကို တသင်နှစ် ၉ နှစ်အထိ ထားမယ်လို့ ပါပါတယ်။ သို့သော်လည်း နံပါတ် (၁) အကြံပြုချက် ဆရာ ပြောသွားသလိုပဲ ကျား/မ တန်းတူ အခွင့်အရေးက မသင်မနေရမှာလည်း မရပါဘူး။ အမျိုးသမီးတွေကို ဘယ်လောက်ပဲ မသင်မနေရ ပညာရေးစနစ်ကို ပေးမယ်ဆိုပေမယ့် အမျိုးသမီးတွေက အမကြီးဖြစ်လို့ မောင်လေး၊ ညီမလေးတွေကို ဦးစားပေးလိုက်ရတယ်။ နောက်တခါ မိဘရဲ့အခြေအနေအရ အမျိုးသမီးလေးတွေဟာ ပညာသင်ကြားရေးမှာ အများကြီးအားရစရာ မရှိတဲ့ အနေအထား ရှိပါတယ်။ အထူးသဖြင့် တိုင်းရင်းသားဒေသတွေက အမျိုးသမီးတွေရဲ့ပညာရေးက မြို့ကြီးတွေထက် ပိုပြီး နိမ့်ကျနေပါတယ်။ အားလုံးအသိအမြင်ပဲ ဖြစ်ပါတယ်။ အဲဒီတော့ အမျိုးသမီးတွေရဲ့ပညာရေးနဲ့ပတ်သက်ရင် ၂၅ နိုင်ငံသော ဖက်ဒရယ်နိုင်ငံတွေမှာ ဘယ်လိုစီမံဆောင်ရွက် ထားပါသလဲ ဆိုတာ သိချင်ပါတယ်။ ကျမတို့နိုင်ငံမှာတော့ ကျမမျက်စိမှာ အမြဲတမ်း မြင်တွေ့ရလို့ စိတ်တိုင်းမကျတာကတော့ အမျိုးသမီးလေးတွေထဲမှာ ဘွဲ့ရလေးတွေလည်း ရှိကြပါတယ်။ အဲဒီဘွဲ့ရအမျိုးသမီးလေးတွေက ဘယ်အလုပ်တွေမှာ သွားကြရသလဲဆိုရင် ကာရာအိုကေမှာလည်း အမျိုးသမီးဘွဲ့ရတွေ ရှိပါတယ်။ Sex worker တွေမှာလည်း အမျိုးသမီးဘွဲ့ရတွေ ရောက်နေရတယ်။ နောက်တခါ အခု အနီးစပ်ဆုံးကတော့ ဓါတ်ဆီဆိုင်မှာ pump ကိုင်တဲ့ အမျိုးသမီးလေးတွေကို မြင်နေရတာဟာ ကျမ ပညာရေးစနစ်အတွက် ရင်အနာဆုံး ဖြစ်ပါတယ်။ အဲဒါတွေကို တခြား federal state တွေကကော ဘယ်လိုကူညီဆောင်ရွက်ပေးထားလဲ ဆိုတာလေးတွေကို တင်ပြပေးစေချင်ပါတယ်။

---

**ဒေါ်ခင်မမမျိုး –**

ကျား/မနဲ့ ပတ်သက်တဲ့ အပိုင်းပေါ့နော်။ အမျိုးသမီးရေးရာနဲ့ ပတ်သက်ပြီးတော့ အမျိုးသမီးအရေးလှုပ်ရှားတဲ့သူတိုင်း ကြုံနေရတဲ့ပြဿနာ တခု။ အဲဒီဥစ္စာ တွေ့နေရတဲ့ ကိစ္စက discrimination တွေရဲ့ pattern တွေထဲမှာ အမျိုးသမီးတွေဟာ ဒုက္ခအရောက်ဆုံး ဖြစ်နေတာကို သွားတွေ့ရပါတယ်။ ဥပမာဆိုရင် discrimination မှာ class ပေါ်အခြေတည်ပြီးတော့၊ income ကနည်းလို့ပေါ့လေ။ ဒီပေါ်မှာမူတည်ပြီး ချမ်းသာ/ဆင်းရဲ ကွာဟမှုကြောင့်လာတဲ့ discrimination။ အဲဒီအပိုင်းထဲမှာ ဆင်းရဲတဲ့သူတွေ ခံရတယ်။ နောက်တခုက ethnic ပေါ်အခြေခံပြီးလုပ်တဲ့ discrimination ။ အဲဒါလည်းရှိတယ်။ နောက်တခုဥစ္စာကကျတော့ gender ပေါ်အခြေတည်တဲ့ discrimination ။ အဲလိုအမျိုးသမီးတွေအတွက်ကျတော့ ethnic လည်းဖြစ်မယ်၊ ဆင်းလည်းဆင်းရဲတယ်၊ gender အရလည်း အမျိုးသမီးဖြစ်နေတယ်ဆိုရင် သူတို့က triple discrimination ကြုံရတဲ့ အနေအထားမျိုး။ Discrimination မှာ သုံးဆပြန်သုံးမျိုးလုံးရဲ့သားကောင် သွားဖြစ်တဲ့အပိုင်း။ Federal state တွေမှာလည်း developing country လား၊ developed country လား ဆိုတာပေါ် မူတည်ပြီး သူတို့ရတဲ့ အခွင့်အရေး ပုံသဏ္ဌာန်မျိုးတွေက မတူဘူး။ သို့သော်ငြားလည်း ကျား/မ ခွဲခြားပြီး ပညာရေးမှာ ခွဲခြားခြင်း မခံရအောင် ဆိုပြီး policy နဲ့ ချမှတ်ထားပါတယ်။ မသင်မနေရ ပညာရေးမှာ အသက် ၁၄ နှစ်အထိ မသင်မနေရကိုတော့ ကြုံတွေ့ခဲ့ဖူးတဲ့ တချို့နိုင်ငံတွေ၊ အထူးသဖြင့်တော့ developed country တွေမှာ ဆိုပြီးတော့၊ ၉ နှစ်ကနေ ၁၂ နှစ်အတွင်းကိုတော့ developing country တွေမှာ ပြန်သတ်မှတ်ထားတာ ရှိတယ်။ အဲဒီထဲမှာ incentive အနေနဲ့ carrot and stick ကို ကျင့်သုံးတယ်။

Carrot အနေနဲ့ ကလေးကို ကျောင်းတက်ဖို့ မသင်မနေရ သတ်မှတ်ထားပေမယ့်၊ ကျောင်းသွားဖို့ အခက်အခဲ မိဘမှာ ရှိနေတယ်ဆိုရင် မိဘကို ကူညီမှုကို social benefit အနေနဲ့ ပေးတယ်။ အဲလို

ပေးတာတောင် ကလေးကို ကျောင်းမထားဘူး ဆိုရင်တော့ social welfare က ကလေးကို လာခေါ်သွားရော။ မိဘ (သို့) စောင့်ရှောက်သူ/ အုပ်ထိန်းသူသည် ကလေးတယောက်ရဲ့ education နဲ့ ပတ်သက်တဲ့ the right to education ကို စောင့်ရှောက်ပေးဖို့ duty of care ရှိရမယ်။ စောင့်ရှောက်ပေးရန် တာဝန်ရှိရမယ်။ ဒါကို မရှိဘူး ဆိုတဲ့ အနေအထား ဆိုရင် အရေးယူဆောင်ရွက်မှုကို ပြန်လုပ်ဆောင်တဲ့ ပုံသဏ္ဍာန်မျိုးနဲ့ သွားတယ်။ အဲဒါတွေဟာ social security ပါလာတယ်။ Education ပါလာတယ်။ တဖြိုင်နက်ထဲမှာပဲ ပြည်ထဲရေးက အရေးယူရတယ်။ Measure တွေ တခါထဲပြီး ပါလာတယ်။ အဲဒီအမြင်ကို child rights နဲ့ပတ်သက်ပြီး implementation လုပ်တဲ့ mechanism တွေဆိုတော့ multi-agency approach နဲ့ ဘက်ပေါင်းစုံကနေ ပြန်လုပ်ထားတာမျိုး ဖြစ်တယ်။ မြန်မာနိုင်ငံလို မသင်မနေရ ဆိုတာမျိုးတွေ ပြောချင်ပြောမယ်။ ကျောင်းဖွင့်ရာသီ ကျောင်းအပ်ပါ ဆိုပြီးတော့ ကျောင်းထဲကနေ မိဘဆီမရောက်ဘဲ အော်လံနဲ့ထိုင်ပြီး သီချင်းဖွင့်နေတဲ့ အနေအထားမျိုး တခြားမည်သည့်နိုင်ငံရဲ့ ပညာရေးစနစ်မှာမှ မရှိဘူး ဆိုတဲ့ အကြောင်းတွေကို ကျွမ ဆွေးနွေးလိုပါတယ်။

**မေးခွန်း(၃)**

ကျနော်က ဒေါက်တာမင်းသိမ်းကို မေးချင်တာပါ။ ကျနော်တို့ အခုလက်ရှိ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနက ဒေါက်တာ မောင်သင်း ဆိုတဲ့ ဆရာ တယောက်။ သူက ဘူမိဗေဒ မဟာတန်းတွေ၊ ဘွဲ့လွန်တန်း တွေနဲ့ တွေ့တဲ့အခါ ဘာပြောလဲဆိုတော့ autonomous university မင်းတို့ ကျောင်းသားတွေကို ပေးလိုက်မယ်ဆိုရင် မင်းတို့ တက္ကသိုလ် အနေနဲ့ ကိုယ့်ဘဏ္ဍာငွေကို ကိုယ်ရှာ။ အစိုးရအနေနဲ့ ဘာမှ ထောက်ပံ့ ပေးစရာ မလိုတော့ဘူး။ မင်းတို့အနေနဲ့ ဆက်ပြီးတော့ ကိုယ့်တက္ကသိုလ်ရဲ့ ငွေကြေးပိုင်းကို ကိုယ့်ဘာသာကိုယ် ရှာရမယ်ဆိုတဲ့ အသုံးအနှုန်းတွေ ပြောခဲ့ပါတယ်။ နောက်တယောက်က ဒေါက်တာ အောင်သူ။ တောင်ငူ တက္ကသိုလ်မှာ ပါမောက္ခချုပ် ဖြစ်စဉ်က ကျနော်တို့နဲ့ ထိပ်တိုက် တွေ့ခဲ့ ပါတယ်။ Autonomous university နဲ့ ပတ်သက်ပြီးတော့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တက္ကသိုလ်တွေသာ ပေးလိုက်မယ် ဆိုရင်၊ ဘာတွေ ဖြစ်လာ မလဲဆိုရင် တက္ကသိုလ်တွေက ကိုယ့်ဘဏ္ဍာငွေ ကိုယ်ရှာရမယ်။ အစိုးရက ထောက်ပံ့ ပေးစရာ မလိုတော့ဘူး။ ဒါမျိုးတွေ ခိုင်းနှိုင်း ပြောပါတယ်။ အဲဒီလိုမျိုး autonomous university ပေါ်မှာတောင်မှ တော်တော် များများက ပညာရှင်လို့ လက်ခံထားတဲ့ ပုဂ္ဂိုလ်တွေက အဲလိုမျိုးတွေ ပြောနေတော့ အယူအဆအလွဲတွေ ပြောနေတော့ တခြား မိခင်ဘာသာ စကားအခြေပြု ကိစ္စတွေ တခြား ဘတ်ဂျက်အသုံးပြုရေး ကိစ္စတွေမှာ ဆိုရင် ပိုဆိုးပါတယ်။ ပိုပြီးတောင်မှ သူတို့ရဲ့အယူအဆတွေက ပိုလွဲနိုင် ပါတယ်။ အဲလို အယူအဆတွေ အပေါ်မှာ ဆရာ့အနေနဲ့ ဘယ်လိုမျိုး တုံ့ပြန်မလဲ။ ဆရာ့ရဲ့ တုံ့ပြန်တဲ့စကားကို ကျနော် ကြားချင်ပါတယ် ဆရာ။

---

**ဒေါက်တာမင်းသိမ်း –**

အနေက ဒေါက်တာမောင်သင်းတို့၊ ဒေါက်တာအောင်သူတို့ ပြောတယ် ဆိုတာဟာ လုံးဝမမှန်ဘူးလို့တော့ ပြောလို့မရဘူး။ ဒါပေမဲ့ အစိုးရက တက္ကသိုလ်တွေကို ထောက်ပံ့ကြေးပေးမှာ မဟုတ်ဘူးဆိုတာတော့ မမှန်ပါ

ဘူး။ တက္ကသိုလ်တွေရဲ့ ကုန်ကျစရိတ်တွေအနက် ရာနှုန်း အချိုးအဆ (၃၀% ဖြစ်စေ၊ ၄၀% ဖြစ်စေ) အစိုးရက ထောက်ပံ့ကူညီရပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ အကြမ်းအားဖြင့် တက္ကသိုလ်နှစ်မျိုးနှစ်စား ရှိပါတယ်။ တမျိုးက private university လို့ ခေါ်ပါတယ်။ အဲဒီတက္ကသိုလ်တွေကိုတော့ အစိုးရက ထောက်ပံ့ကြေး မပေးပါဘူး။ အမေရိကန်နိုင်ငံက တက္ကသိုလ်အများစုဟာ private university တွေ ဖြစ်ပါတယ်။ နောက်တမျိုးက public university လို့ ခေါ်ပါတယ်။ အဲဒီလိုအမျိုးအစား တက္ကသိုလ်တွေကို အစိုးရက ကုန်ကျစရိတ်ရဲ့ ရာနှုန်းအချိုးအဆတခု ထောက်ပံ့ပါတယ်။ အင်္ဂလန်နိုင်ငံမှာ ရှိတဲ့ တက္ကသိုလ်များအနက် တက္ကသိုလ်နှစ်ခုက လွဲပြီး ကျန်တက္ကသိုလ်အားလုံးဟာ public တက္ကသိုလ်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက တက္ကသိုလ်တွေဟာလည်း public တက္ကသိုလ်အမျိုးအစား ဖြစ်တဲ့အတွက် အစိုးရအနေနဲ့ ပံ့ပိုးကူညီရမယ့် တာဝန် ရှိပါတယ်။ တက္ကသိုလ်တခုဟာ အဆင့်မီမီ run ဖို့ဆိုရင်၊ အစိုးရပေးတဲ့ ထောက်ပံ့ငွေနဲ့ မလုံလောက်ဘူး။ Oxford တက္ကသိုလ်ရဲ့ ဝင်ငွေတွေကို ပြန်ကြည့်ရင် အစိုးရက ပေးတဲ့ ရန်ပုံငွေဟာ တက္ကသိုလ်တခုလုံး ဝင်ငွေ အားလုံးရဲ့ ၂၀% ပဲ ရှိပါတယ်။ အစိုးရက ထောက်ပံ့တဲ့ ၂၀%ကိုပဲ မှီသက်ခိုပြီး ရပ်တည်နေမယ်ဆိုရင် တက္ကသိုလ်တွေ တိုးတက်လာမှာ မဟုတ်ပါဘူး။ တကယ့်တကယ် autonomous တက္ကသိုလ်တွေ ဖြစ်လာရင် အစိုးရက ၂၀% သို့မဟုတ် ၄၀%၊ ၅၀% စသည်ဖြင့် ထည့်ဝင် လှူဒါန်းပေးတာမျိုး ရှိသလို၊ တက္ကသိုလ်တွေအနေနဲ့ကလည်း ရန်ပုံငွေ ရှာဖွေတာမျိုးတွေ ရှိရပါမယ်။ တက္ကသိုလ်တွေအနေနဲ့ ကိုယ့်ရန်ပုံငွေ တိုးပွားအောင် ကိုယ့်အားကိုယ်ကိုးရမယ် ဆိုတာ ကျောင်းသားတွေဆီက လခ ပိုတောင်းတာမျိုး မဟုတ်ပါဘူး။ ဥပမာအနေနဲ့ ပြောရရင် စာအုပ်ထုတ်ဝေရေးလုပ်ငန်း လုပ်တာမျိုး၊ အမြတ်အစွန်း ရရှိအောင် စီးပွားရေး နိုင်မာတဲ့ ကုမ္ပဏီတွေရဲ့ ရှယ်ယာ ဝယ်ထားတာတို့ လုပ်ဆောင်ရပါမယ်။ လန်ဒန်တက္ကသိုလ်တို့ အောက်(စ) ဖို့တက္ကသိုလ်တို့မှာဆိုရင်၊ ကုမ္ပဏီကြီးတွေ၊ စီးပွားရေး လုပ်ငန်းရှင်ကြီးတွေက သူတို့လုပ်ငန်းတွေအတွက် သုတေသနလုပ်ပေးရန် တက္ကသိုလ်ကို

လာအပ်တာ ရှိပါတယ်။ အဲဒီလို သုတေသနလုပ်ငန်းတွေကို တက္ကသိုလ်တွေက အခကြေးငွေယူပြီး လုပ်ဆောင်ပေးတယ်။ ဒါဟာလည်း တက္ကသိုလ်တွေရဲ့ ဝင်ငွေရကြောင်း တခုပဲ။ မြန်မာပြည်မှာ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ဒေါက်တာ ခင်မောင်လွင်ရဲ့ Fame ကုမ္ပဏီက သစ်ရွက်လေးတွေ ခူးလာပြီး Botany Department ကို ဒီအရွက်လေးထဲမှာ ဘာဆေးတွေပါသလဲ စမ်းသပ်ပေးပါဆိုရင် တက္ကသိုလ်အနေနဲ့ ဝန်ဆောင်ခ အခကြေးငွေယူပြီး သုတေသန လုပ်ပေးလို့ ရပါတယ်။ Botany Department က အဲဒီအရွက်လေးထဲမှာ ဘယ်လို ဓါတုပစ္စည်းတွေ ပါတယ်ဆိုတဲ့ အဖြေထွက်လာပြီးရင် ဆေးတက္ကသိုလ်တွေသွားပြီး ဆေးဝါးဗေဒ (Pharmacology Department) ဌာနမှာ၊ အဲဒီသစ်ရွက်လေးမှာပါဝင်တဲ့ ဓါတုပစ္စည်းတွေရဲ့ဆေးဝါးအာနိသင်တွေကို သုတေသနလုပ်နိုင်းလို့ ရတယ်။ ဆေးဝါးဗေဒဌာနက အခကြေးငွေယူပြီး သုတေသနလုပ်ပေးတယ်ဆိုရင် ဆေးတက္ကသိုလ်အတွက် ရန်ပုံငွေရတာ[illegible]၊ အဲဒီ သုတေသနလုပ်ငန်းတွေက ရတဲ့ ငွေတွေကိုလည်း၊ တက္ကသိုလ်က အားလုံးယူလို့ မရပါဘူး။ သုတေသန ပြုလုပ်နေတဲ့ ပညာရှင်တွေကိုလည်း၊ အချိုးကျ ခွဲဝေ ထောက်ပံ့ရတယ်။ အနောက်နိုင်ငံတက္ကသိုလ်ကြီးတွေက သုတေသနပညာရှင်တွေ မကြာခဏ နိုဘယ်လ်ဆု ရရှိသွားတာ ကြားသိကြပါမယ်။ အဲဒီပုဂ္ဂိုလ်ကြီးတွေဟာ သုတေသနထောက်ပံ့ငွေတွေကို ယူပြီး၊ သုတေသနလုပ်ငန်းကို ဇောက်ချ [illegible]ကိုင်ရင်းနဲ့ နိုဘယ်လ်ဆု ရသွားကြတာ ဖြစ်ပါတယ်။

တက္ကသိုလ်တွေအတွက် ဝင်ငွေရနိုင်တဲ့ source တွေ အကုန်လုံး [illegible] သုံးပိုင်ခွင့် ပေးရပါမယ်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဟာ [illegible]လောက်စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သလဲဆိုတဲ့အပေါ်မှာ မူတည်ပြီး တက္ကသိုလ်တွေမှာ ဝင်ငွေတိုးတက်လာမှာပါ။ အစိုးရဆီက အထောက်[illegible] [illegible]နည်းကိုပဲ မှီသက်ခံစို့နေရင်တော့ တက္ကသိုလ်တွေဟာ ဘယ်လို [illegible]တက်လာနိုင်မှာ မဟုတ်ဘူး။ ယခုလက်ရှိအခြေအနေမှာပဲ ရပ်တန့် [illegible]နေမှာပါ။

---

**မေးခွန်း(၄)**

ကျနော်က ရခိုင်ပြည်နယ် မြေပုံမြို့နယ်က လာတဲ့ ကိုယ်စားလှယ် တယောက်ပါ။ အခြေခံပညာအထက်တန်း အခမဲ့စာသင်ကျောင်းတွေကို ဖွင့်လှစ်ထားတဲ့ ကျောင်းဆရာတယောက် ဖြစ်ပါတယ်။ အခြေခံပညာနဲ့ ပတ်သက်ပြီး ဆရာကြီးနိုင်ငွေသိန်းကို မေးကြည့်ချင်ပါတယ်။ မြန်မာနိုင်ငံ ရဲ့ အခြေခံပညာကဏ္ဍဟာ နှစ်ပေါင်းမြောက်မြားစွာ ဆိုးဆိုးရွားရွား ဖျက်ဆီးခြင်း ခံထားရတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီကဏ္ဍကို အခုတက်လာတဲ့ အစိုးရသစ်က အကောင်အထည် ဖော်ပေးမယ်လို့ ကျနော်တို့အနေနဲ့ ယုံကြည်မိပါတယ်။ ဒါပေမဲ့ ဒီဖက်ဒရယ်ပညာရေး စနစ်ကို အမှန်တကယ် အကောင်အထည်မဖော်ပေးလို့ရှိရင် NNER အနေ နဲ့ ဘယ်လိုများဆောင်ရွက်ချက်၊ ဘယ်လို plan များ ရှိပါသလဲ ဆိုတာကို မေးချင်ပါတယ်။

---

**ဦးနိုင်ငွေသိန်း –**

ခုနက တင်ပြသွားတာတွေကို NLD က လက်မခံတဲ့အခါ ဘယ်လိုလုပ် မလဲလို့ သဘောပေါက်ပါတယ်။ NNER က ဝန်းရံပြီးတော့ ကျောင်းသား တွေ တင်ပြတဲ့အချက်အားလုံးက၊ NLD ခေါင်းဆောင်အချို့ကတောင်မှ မိခင်ဘာသာစကား အခြေပြု ဘာသာစကားစုံဖြင့် သင်ကြားရေး (Mother Tongue-based Multilingual Education) ကို စိတ်ကူးယဉ် တာပဲလို့ လူထုရှေ့မှာ ပြောနေတာ တွေ့ရပါတယ်။ ဒါတင်မက ကျောင်း သားသမဂ္ဂ၊ ဆရာသမဂ္ဂ လုံးဝမလိုအပ်ပါဘူးဆိုတဲ့ အနေအထား မျိုးလည်း ရှိပါတယ်။ ဒါပေမဲ့ ဒီနေ့ဒီအချိန်မှာ ဘယ်လိုရှိနေသလဲဆိုတာ တချို့နေရာတွေမှာ ပညာရေးနဲ့ပတ်သက်တာ ကျွမ်းကျင်မှု မရှိဘဲနဲ့ ခန့်ထားတာတွေလည်း ရှိပါတယ်။ ဒါကတော့ ကျွမ်းကျင်မှု မရှိတာ

ထက်ကို တချိန်တုန်းက NNER ရဲ့ရပ်တည်ချက်ကို ဆန့်ကျင်တဲ့သဘောနဲ့ လုပ်ခဲ့တဲ့သူကို ပညာရေးဌာနမှာ ပြန်ခန့်ထားတဲ့သဘော ရှိတယ်။ ဘာမှ စိတ်မပူနဲ့။ NNER မှာ ဒီမိုကရေစီ ဦးဆောင်တဲ့ ကလေးတွေ တောင်းဆိုတဲ့ အရာကတော့ အင်ချွန်း ကမ္ဘာ့ပညာရေးညီလာခံရဲ့ ဆုံးဖြတ်ချက်နဲ့ NNER က ဆုံးဖြတ်ချက်ပါ ကလေးတွေ တောင်းဆိုတဲ့ အချက် ၁၁ ချက်နဲ့ အကိုက်ပဲ ဖြစ်နေတယ်။ ဗမာပြည်သူလူထုသာမက ကမ္ဘာ့ပြည်သူကပါ သက်ခံတယ် ဆိုရင် NLD က မလုပ်ပေးဘူးဆိုတဲ့ဟာက ပြဿနာမရှိဘူးလို့ ဘုန်းနော် ပြောချင်ပါတယ်။

**မေးခွန်း(၅)**

ကျနော်က ပြည်တက္ကသိုလ်က ကျောင်းသားတယောက်ပါ။ ဒီ ပညာရေး ဆွေးနွေးပွဲမှာ ကျနော်တို့ ကျောင်းသားတွေကို အလေးပေး ဆွေးနွေးစေချင်ပါတယ်။ လက်ရှိပညာရေးစနစ်မှာ ကျနော်တို့ ကျောင်းသားတွေက အများဆုံး ခံရတဲ့ဘက်ကမို့ပါ။ နောက်တချက်က ဒီမိုကရေစီပညာရေး အောက်မှာ ဆွေးနွေးသွားတာဟာ အခြေခံပညာရေးစနစ်ကိုပဲ အများဆုံး ဆွေးနွေးသွားတယ်။ အဆင့်မြင့်ပညာရေး၊ တက္ကသိုလ်ပညာရေးကို ဆွေးနွေးတာ အနည်းအကျဉ်းသာ ရှိပါတယ်။ ဒါကလည်း ပညာရေးဆိုတာ အခြေခံကစဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ အဆင့်မြင့်ပညာရေးစနစ်ဟာ တကယ်ပဲ ကောင်းမွန်နေလို့လား။ တက္ကသိုလ်မှာ ကျောင်းသားတွေရဲ့ သုံးပုံနှစ်ပုံလောက်က အဝေးသင်ကျောင်းသားတွေ ဖြစ်ပါတယ်။ အဝေးသင် ကျောင်းသားတွေရဲ့ ပညာရေးစနစ်က သူတို့ ဘွဲ့တဘွဲ့ ရဖို့ ကျနော်တို့ လေးနှစ်လောက်တက်ခဲ့တဲ့စာကို သူတို့က လေးလလောက် တက်ပြီး ဖြေပြီး ဘွဲ့ရတဲ့ ပညာရေးစနစ်လား။ ပြီးတော့ လက်တွေ့မှာ assignment တွေ တင်တဲ့ကိစ္စမှာလည်း၊ assignment ဆိုတာ ကိုယ်ပိုင် အတွေးအခေါ် တခုမှ မရှိပါဘူး။ Assignment ဖြေဖို့အတွက်၊ အဖြေက စာအုပ်ထဲမှာ ရှိပါတယ်။ စာအုပ်မှာ ကြည့်ရေးပြီး ပြန်တင်တယ်။ ဘွဲ့တွေ ရပြီးသွားတော့ အလုပ်မရတာ ဒီပညာရေးစနစ်ကြောင့်လို့ ထင်ပါတယ်။ နိုင်ငံခြား university တွေမှာလည်း ဒီလိုပဲ အဝေးသင်ကျောင်းသားတွေ ရှိလို့ သူတို့ရဲ့ ပညာရေးစနစ်ကလည်း၊ ဒီလိုပဲလားလို့ ကျနော် မေးချင်ပါတယ်။

---

**ဒေါ်ခင်မမမျိုး –**

Education နဲ့ပတ်သက်ပြီး primary ပဲ အများဆုံး ပြောသွားတယ်ဆိုတဲ့ အနေအထားလေး ပြောသွားတယ်။ အဓိကကတော့ education ဆိုတာထဲမှာ primary education, secondary education, tertiary

education, higher education, distance education ဒါတွေ အားလုံးကို အကျုံးဝင်ပြီးတော့ ပြောဖြစ်ကြပါတယ်။ သို့သော်ငြားလည်း တခါတရံမှာ higher education အပိုင်းက နည်းနေကြတယ် ဆိုတဲ့ အပိုင်းက မြန်မာပြည်အချို့အနေအထားပါ။ Primary education ပိုင်းတွေထဲကိုပါ မရသေးတဲ့ အနေအထားပေါ့။ ကျမတို့ "အားလုံး အတွက် ပညာရေး" မဖြစ်သေးတဲ့ အခြေအနေမို့ တခါတလေ မီးမောင်း ထိုးပြပြီးတော့ ပြောဖြစ်သွားကြတာ ဖြစ်ပါတယ်။

Distance education နဲ့ပတ်သက်လို့ တခြားနိုင်ငံတွေမှာ ဘယ်လို ထားသလဲဆိုတဲ့ အပိုင်းမှာ UK အတွေ့အကြုံအရ UK မှာ distance education ပေးတဲ့ e-university နှစ်ခု ရှိပါတယ်။ တခုက University of London ရဲ့ distance education ဖြစ်ပါတယ်။ အဲဒါကကျတော့ London University အောက်မှာ ရှိတဲ့ အခြားသော ကောလိပ်တွေအကုန်လုံး စုစည်းပြီးတော့ တချို့ကောလိပ်က ဘယ်ဘွဲ့ကို ပေးမယ်ဆိုပြီး LSE ဆိုရင် BSc Management, BSc Politic, BSc IR ဒါမျိုးတွေ ပေးပါတယ်။ Goldsmiths ဆိုရင် BA နဲ့ ပတ်သက် တဲ့ ဘွဲ့တချို့တွေ ပေးပါတယ်။ ဒါသည် University of London အောက်က ဖြစ်တဲ့အတွက် အခြားကောလိပ်များက ရထားသော ဘွဲ့တွေ နဲ့ အလားတူ quality ရှိသောဘွဲ့အဖြစ် အသိအမှတ်ပြုထားပါတယ်။ နောက်တခုကကြတော့ Open University ဆိုပြီးတော့၊ ပွင့်လင်း တက္ကသိုလ်ဆိုပြီးတော့ distance learning ပေးပါတယ်။ အားလုံးက အရည်အသွေး ပိုင်းမှာ အတူတူဆိုတာကို guarantee လုပ်ထားပေးပါတယ်။ တချို့တက္ကသိုလ်တွေထဲမှာကျတော့ blended learning ဆိုတဲ့ ပုံသဏ္ဌာန် ကို အကောင်အထည် ဖော်ပါတယ်။ Course တချို့ကိုလည်း တက်ရ တယ်။ Assignment တချို့ကိုလည်း အဝေးသင်အနေနဲ့ ပေါင်းစပ်ပြီး တော့ သုံးတဲ့ပုံသဏ္ဌာန်မျိုး ဖြစ်ပါတယ်။ အဲဒီ blended learning ရဲ့ နောက်တမျိုးက e-learning ဖြစ်ပါတယ်။

E-learning လို့ ပြောလိုက်ရင် ဟိုတလောတုန်းက ဘွဲ့အတု ပြဿနာတွေ ပေါ်လာတော့ ဒါ နည်းနည်းလေး ရှင်းပြဖို့ လိုပါတယ်။

E–learning ဆိုတာမှာ တကယ့် campus ရှိသော university များက လုပ်တဲ့ e–learning ဆိုတဲ့ကိစ္စက quality ရှိသော၊ quality control ဖြစ်တဲ့ ဘွဲ့များကို ပေးတဲ့အတွက် ဒါက guarantee ရှိပါတယ်။ သို့သော်ငြားလည်း ဘယ်မှာမှ campus မရှိဘဲနဲ့ online မှာတင် ဘယ်သူတွေ ထောင်ထားမှန်း မသိသော online တက္ကသိုလ်ဆိုတာတွေ သင်သင်ရှိနေပါတယ်။ အဲဒီတက္ကသိုလ်က ဘွဲ့တွေကျတော့ education နဲ့ပတ်သက်ပြီး၊ တခြားတက္ကသိုလ်များနည်းတူ guarantee မပါဘူး။ Quality control mechanism ဘာမှမပါတဲ့ အခါကျတော့ တချို့ဆိုရင် life experience ကို ရေးပြရင်တောင် PhD ဒေါက်တာပေးတဲ့ အနေအထားမျိုး လုပ်ထားတယ်။ ဘွဲ့အစစ်၊ အတုဆိုတဲ့ ကိစ္စကို ခွဲဖို့ လိုပါတယ်။

တက္ကသိုလ်တခုဆိုတာနဲ့ အဲဒီတက္ကသိုလ်ဟာ ဘယ်ဒေသ၊ ဘယ်မြို့မှာ campus အနေနဲ့ ရှိသလဲဆိုတဲ့ကိစ္စကို ပြန်လေ့လာပြီးတော့မှ ဒီဘွဲ့က မှန်သလား၊ မှားသလား၊ အတုလား၊ အစစ်လား ဆိုတဲ့ ကိစ္စကို ပြန်ပြီး ခွဲခြားဖို့ လိုပါတယ်။ အဓိကကတော့ quality control mechanism နဲ့ပဲ distance education ကို ထိန်းချုပ်ထားပါတယ်။ မြန်မာနိုင်ငံမှာ assignment ဝယ်လို့ ရပါတယ်။ အခြားနိုင်ငံမှာ လုံးဝ မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ Internet ပေါ်က စာကြောင်းတကြောင်းကို ကူးချလိုက်လို့ ရှိရင်တောင် ဒါဟာ ပညာရေးနဲ့ပတ်သက်ပြီး မရိုးသားမှု ဆိုပြီး တခါတည်း ဆက်လက်ကျောင်းတက်ခွင့် မပေးပါဘူး။ ဒါကိုစစ်တဲ့ software တွေနဲ့ပါ တခါတည်း assignment ကို စစ်တာ ဖြစ်ပါတယ် ဆိုတဲ့အကြောင်းလေး ဖြေရှင်းလိုပါတယ်။

---

စကားဝိုင်းဆွေးနွေးပွဲ – ၃

## ပညာရေးအရည်အသွေး

*ဒေါက်တာသန့်လွင်မောင် (စာရေးဆရာ ကိုတာ)*

**ပရိသတ်ကြီး ခင်ဗျား . . .**

ကျွန်တော်ကဖြင့် ဒီနေ့မှာ အလောတော်ကလေး အနေတော်ကလေး ဖြစ်ပြီး နေလို့ကောင်းနေပါတယ်။ ခင်ဗျား တို့လည်း အဲသလိုလေး အနေတော် အလောတော် ဖြစ်ကာ နေကောင်းနေပါစေ။ သက်သောင့်သက်သာလေး ငြိမ်ငြိမ် လေး နားဆင်တော်မူကြပါ ခင်ဗျာ။ ပညာရေးက ဘာလဲ။ ပညာရေးအဆောက်အအုံကြီး၊ အဆောက်အအုံထဲက အရာ များ။ အဆောက်အအုံကြီးကို စစ်ခြင်း၊ ဒါတွေကို ဟောပါ့မယ်။

### ၁။ ပညာရေးရဲ့ အနက်ကောက်

ပထမဆုံး ပညာရေးရဲ့ အနက်ကောက်ကို ကျုပ် နားလည်သမျှ ပြောပါရစေ။ ပညာရေးက ဘာတုန်း။ လေ့ကျင့် ခြင်း၊ သတင်းပေးခြင်း၊ ကျောင်းတက်ခြင်း၊ ဘွဲ့တပ်ဆင်ခြင်း (training, informing, schooling, equipping) တွေနဲ့ ပညာရေးဟာ မတူဘူးရယ်။ ဒါပေတဲ့ တူတယ်ရယ်လို့ မှားယွင်းကြတယ်။ ပညာရေးဟာ အဲဒါတွေထက်တော့ ပိုရမှာပဲ။

"ဒီလောရဲ့ ဂရုစ်" ဆိုတာကို တင်ပြပါရစေ။ ပညာရေးဟာ –

၁။ သိသူတွေဖြစ်အောင် လုပ်တယ်။
သို့သော် ဘာ'သိ'ရမှာလဲ။

၂။ လုပ်တတ်သူတွေဖြစ်အောင် လုပ်တယ်။
ဘဝရပ်တည်ရန်သော်၊ အလုပ်အကိုင် လုပ်ရန်သော်၊ လိုအပ်သော အရည်အချင်းများ ရရှိစေရန်။

၃။ နေတတ်သူတွေဖြစ်အောင် လုပ်တယ်။
လူ့အသိုက်အဝန်းအတွင်းမှာ နေတတ်ဖို့ ဆက်ဆံရေး ပဋိပက္ခများ ပြေလည် ပြေရှင်းသွားစေရေး၊ အခြားသူများအား သည်းခံနားလည်ရေးများ ရရှိစေရန်။

၄။ တစုံတယောက်ဖြစ်အောင် လုပ်တယ်။
အနုပညာအရည်အသွေးနှင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်အောင် သင်ခြင်း၊ ဝေဘန္တကပြုရန်နှင့် ကိုယ်ပိုင်အတွေးအခေါ် ရှိစေရန်။

၅။ ပြောင်းလဲနိုင်သူတွေဖြစ်အောင် လုပ်တယ်။
ပတ်ဝန်းကျင်ထိန်းသိမ်းရေးအား အလေးဂရုပြုတတ်ခြင်း၊ လောကသည် ဆက်စပ်နေသော တခုကြီးသာဖြစ်ခြင်းဟူသော အမြင်ကို ရှိသေတတ်ခြင်း၊ မျိုးနွယ်ကြောင့် လိင်ကြောင့် အဆင့်အတန်းမခွဲခြားခြင်း စသော လူ့ဖွံ့ဖြိုးမှုဆိုင်ရာအကြောင်းအရာများကို ရရှိစေရန်။

## ၂။ အဆောက်အဖွဲ့တွင်းက ကိစ္စများ

ပညာရေးမှာ အပိုင်း ၂ ပိုင်းပဲ ရှိတယ်။ ဘာကိုသင်မလဲနဲ့ ဘယ်လိုသင်မလဲ။ ပညာရေးဟာ ဒါပါပဲ။ ပါဝင်တဲ့ ပစ္စည်း / အထည်သား (substance) နဲ့ နည်းနာ/ဖြစ်စဉ် (process/delivery) ပေါ့ဗျာ။

### (က) ဘာကိုသင်မလဲ (ဝါ) သင်ရိုး။

သင်ရတဲ့ပစ္စည်းမှာ (သင်ရိုးလို့ ခေါ်မှာပေါ့) knowledge, ideas, facts တွေ ပါတယ်။ သင်ရတဲ့ အရာကတော့ ရှေးတုန်းကတော့ ကျမ်းစာ Canon လို့ ခေါ်တယ်။

ယခုခေတ်မှာတော့ အဲဒီကိစ္စက ရှုပ်ရှုပ်ထွေးထွေး ရှိတယ်။ ဘာသင်ရမယ် ညာသင်ရမယ် မတူကြဘူး။ ဒါကိုပဲ အငြင်းပွားနေကြတယ်။ အချိန်ကုန်ကြတယ်။ သင်ရိုးကိစ္စက STEM မှာ အငြင်းပွားစရာ မရှိပါဘူး။ Social Studies & Humanities မှာပဲ ငြင်းချင် ငြင်းစရာ ရှိပါတယ်။ (STEM ဟာ Science, Technology, Engineering, Maths ဖြစ်ပါတယ်။)

သင်ရိုးမှာ ဂေဟစိတ်ကူး၊ ဝေဖန်ဆန်းစစ်နိုင်ခြင်း၊ လွတ်လွတ်လပ်လပ် တွေးခေါ်နိုင်ခြင်း၊ အားလုံးဟာ ဆက်စပ်ပတ်သက်နေတယ်ဆိုတဲ့ အသိရှိခြင်း၊ ပညာရေးမှာ အဆိုပါအချက်တွေ ပါရမယ်ဟု နည်းအားဖြင့် အဆိုပါအချက်တွေကို ထည့်နိုင်ပါမှ ကျုပ်တို့ ဘေးကြီး မသင့်မှာလို့ သဘာဝပတ်ဝန်းကျင်ဆရာ ဒေးဗစ် အော (David Orr) က ဆိုတယ်။ အဲဒါမျိုးတွေ မပါခဲ့လို့ပဲ ကျုပ်တို့ ကမ္ဘာကြီးဟာ ရာသီဥတုတွေ ပျက်၊ မျိုးစိတ်တွေ ဆုံးရှုံး ဒါတွေဖြစ်နေရတယ်လို့ ပြောရင် ◆ ရနိုင်တယ်။

+++

**တက္ကသိုလ်ကောလိပ်တွေမှာ လုပ်လေ့လုပ်ထ ရှိတာကတော့**

"တက္ကသိုလ်အာဏာပိုင်ဆိုသူတို့က ပညာဗဟုသုတကြီး၏ အစိတ်အပိုင်း ဘာသာရပ်တချို့ကို ရွေးလိုက်တယ်။ ကျောင်းသား ဦးနှောက်က ရယူနိုင်သော အလွန်မခက်လှ အလွန်မများလှသော သိခြင်းတခုပါပဲ။ ထိုအရာကို မေဂျာဘာသာရပ်ဟု ခေါ်လိုက်ကြတယ်။ ကျောင်းသားဟာ ထိုဘာသာရပ်အား အဓိက အာရုံစိုက်ရမည်။"

တက္ကသိုလ်အာဏာပိုင်တွေသည် အခြားဘာသာရပ် နယ်ပယ်များ၏ အစိတ်အပိုင်းများ (မိုင်နာဘာသာရပ်များ) ကိုလည်း ကျောင်းသား သင်ယူရန် တွန်းအားပေးပါတယ်။

ဘက်စုံနှံ့သူ (well rounded person) ဖြစ်လာရန်ကို ထိုသို့ လုပ်ရမည် မဟုတ်လော။ ကျောင်းသားဟာ ဂီတ အနည်းငယ်၊ ဒဿနဗေဒ မြည်းခြင်း၊ သမိုင်းကို ချောင်းကြည့်ခြင်း၊ လက်တွေ့ ဓာတ်ခွဲခန်း နည်းနာ လေ့ကျင့်ခန်းဆင်းခြင်း၊ ကဗျာခံစားခြင်း အတွက် တပုဒ်တလေ

လုပ်ရတယ်။ ဤအရာများသည် အကြင် လူတယောက်ကို စိတ်ပိုင်းကျွန်းမာရန် (တဘက်သတ် တလမ်းသွား မဖြစ်ရန်) ရည်သန်တာဆိုပဲ။

ဒါပေတဲ့ ဒီဘာသာရပ်ကို တော်တော်သိတယ်။ တချို့ ဘာသာရပ်တွေကိုတော့ဖြင့် နည်းနည်းသိတယ်ဆိုတာနဲ့ အကြင်ကျောင်းသားဟာ အမှန်တကယ်သိခြင်း၊ နားလည်ခြင်း ရရောလား။ အမှန်တကယ် နားလည်ခြင်းဟာ ဒါတော့ဖြင့် မဟုတ်ဘူးလို့ တချို့က ငြင်းကြတယ်။

Men say "a little of everything and everything of something – that gives a liberal education." But they forget that knowledge when made up of "everythings" and "somethings" is not real knowledge at all – not knowledge in the sense of wisdom or of understanding.

Unity of Knowledge?

အသိပညာရဲ့ စည်းလုံးခြင်းဆိုလား။ ဘာသာရပ်တွေ တခုနဲ့တခု အဆက်အစပ်ရှိအောင် လုပ်ချင်ကြလို့ပဲ။ သို့သော် unity of knowledge ဆိုတာ ရှိသလား။

Logic & Ethics ယုတ္တိဗေဒနှင့်ကျင့်ဝတ်ဆိုင်ရာပညာ။ ထိုနှစ်ခုနဲ့ အသိပညာတွေ (ဝါ) ဘာသာရပ်တွေကို ဆက်စပ်ပေးရမှာပဲဟု စဉ်းစားကြပါတယ်။ Howard Gardner ပြောသော မှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်းနှင့်လည်း ဆက်စပ်ပေးနိုင်မည်ဟု ကျွန်တော် ထင်ပါတယ်။

သင်မှိုနဲ့စပ်လျဉ်းတဲ့ ကျွန်တော့် စဉ်းစားချက်က အဲသလောက်ပါပဲ။ အချိန်က ၁၂ မိနစ်ပဲပေးလို့ အလွန်မတန်မှ အတိုချုံ့ရတာကို ခွင့်လွှတ်ပါ။

## (ခ) ဘယ်လိုသင်မလဲ။

ဘယ်လိုသင်မလဲမှာ ပါတာကတော့ သင်နည်း (pedagogy) နှင့် သင်တဲ့ဆရာ အကြောင်းပေါ့ဗျာ။

**ဆရာ ... ဆရာ ... ဆရာ**

ဖင်လန်ကကျောင်းဆရာတွေက၊ သူတို့ဟာဖြင့် အမှန်တကယ် တတ်ကျွမ်းသူ ပရော်ဖက်ရှင်နယ်တွေ ဖြစ်တဲ့အလျောက် လွတ်လွတ်

ပ်လပ် သင်ခွင့်၊ ဂုဏ်ရှိခြင်း၊ အလေးစားခံရခြင်း၊ အယုံအကြည် ခံရခြင်းတွေကို မျှော်လင့်ကြတယ်။ ဖင်လန်မှာ ဆရာဖြစ် သင်ခွင့်ဟာ တော်တော် ကြိုးစားရတယ်။ အထက်တန်းအောင်ပြီး ပညာပါရမီ ရှိသူတွေ ဆွဲဆောင်နိုင်တယ်။ ဖျမ်းမျှလစာငွေထက် နည်းနည်းပိုမြင့်တဲ့လစာကို ဖင်လန်က ဆရာတွေ ခံစားကြတယ်။ (*Finnish Lessons* မှ)

ဖင်လန်နိုင်ငံက ဆရာဖြစ်ဖို့ လိုအပ်တဲ့ အရည်အသွေးကို အောက်ပါဇယားမှာ ကြည့်ပါ။

**Required Teacher Qualifications by Type of Finnish School**

| Type of school | Age of pupils | Grades | Required teacher qualifications |
|---|---|---|---|
| Kindergarten | 0 – 6 | | Kindergarten teacher (BA) |
| Pre-school | 6 | | Kindergarten teacher (BA) Primary school teacher (MA) |
| Comprehensive School (Peruskoulu) | 7 – 16 | 1 – 9 | Comprehensive school teacher (MA) |
| Primary school | 7 – 12 | 1 – 6 | Primary school teacher (MA) |
| Lower-Secondary School | 13 – 15 | 7 – 9 | Subject teacher (MA) |
| General Upper-Secondary | 16 – 18 | 10 – 12 | Subject teacher (MA) |
| Vocational Upper-Secondary | | | Vocational teacher (BA) Subject teacher (MA) |
| University | 19 – | | Higher academic degree (MA/PhD) |
| Polytechnic | | | Higher education degree (MA/PhD) |

အထက်ပါဇယားကို ကြည့်ရင် ဆရာဟာ ပရောဖက်ရှင်နယ် ဖြစ်ရမယ်။ ဒါကြောင့်သာ ဆရာကို လေးစားကြတယ်ဆိုတာ သိနိုင်မှာပါ။

**စာမေးပွဲ ... စာမေးပွဲ ... *Test Less, Learn More***

စာမေးပွဲကို နည်းနည်းစစ်တဲ့။ ဒီမှာ ဖော်ပြတဲ့ စာမေးပွဲဆိုတာ standardized test ကို ဆိုလိုတာပါ။ ယခု ၄ တန်း၊ ၈ တန်း၊ ၁၀ တန်းမှာ အဲသလို စာမေးပွဲတွေ စစ်ကြတယ်။ အစိုးရ ၄ တန်း စာမေးပွဲ စစ်တာဟာ လိုရဲ့လား။ ပညာရေးပြုပြင်ပြောင်းလဲမှုဆိုပြီး စာမေးပွဲတွေ တိုးပြီးစစ်ကြတယ်။ ပညာရေးအရည်အသွေး တိုးရောတဲ့လား။ စာမေးပွဲ များများစစ်၊ များများ ပြိုင်ဆိုင်ပြီး ပညာရေး အရည်အသွေး တိုးတက်အောင် လုပ်မယ်ဆိုတာ မမှန်ပါဘူး။

**(ဂ) စစ်ဆေးအကဲဖြတ်ခြင်း**

- Summative (အဆုံးသတ်စစ်ဆေးခြင်း)
- Formative (ဟင်းမြည်းရင်း ဟင်းချက်ခြင်း)

ကလေးကို စာတတ် မတတ် စစ်ရာမှာ -ဟင်းကိုမြည်းရင်း ချက်တဲ့ နည်းကို များများသုံးသင့်ပါတယ်။ ဒီနည်းကို ဆရာတွေကို သင်ပေးရမယ်။ ဒီလိုနည်းကမှ ကလေးရဲ့ပညာရေးကို အထောက်အပံ့ ပြုတာပါ။ အဆုံးသတ် စစ်ဆေးခြင်းကို မလိုအပ်ဘူးလို့ မဆိုလိုပါ။

**၃။ အဆောက်အအုံတည်ဆောက်ခြင်း**

အဆောက်အအုံအတွင်းက ကိစ္စများကို တင်ပြပြီးပါပြီ။ ပညာရေးအဆောက်အအုံကြီးကိုတော့ အောက်ပါအတိုင်း တည်ဆောက်ဖို့ပါပဲ။ ကမ္ဘာလုံးဆိုင်ရာ ပညာရေးဖိုရမ် ၂၀၁၅ အင်ချွန်း ကြေညာချက်အရတော့ ပညာရေး အဆောက်အအုံကြီးကို အောက်ပါအတိုင်း ဆောက်တဲ့။

ပညာရေးတွင် ကျောင်းသားများ ၁၂ နှစ်တာခန့် အခမဲ့ ပညာ သင်ယူခွင့် ရရှိရေး၊ ခွဲခြားဆက်ဆံခြင်းကင်းပြီး အရည်အသွေး ပြည့်ဝသော မူလတန်းနှင့် အလယ်တန်းပညာရေး ရရှိနိုင်စေရေး၊ အနည်းဆုံး ကိုးနှစ်ကြာမျှ မသင်မနေရ ပညာရေးဖြစ်ရန်၊

အနည်းဆုံး တနှစ်ခန့် အခမဲ့ မသင်မနေရ မူလတန်းကြိုကျောင်းများ စီစဉ်ပေးရန်၊ ကလေးဖွံ့ဖြိုးရေးပညာများ ရရှိအောင် ပံ့ပိုးပေးရန်။ ကျောင်းပြင်ပသို့ ရောက်ရှိသွားသော ကလေးငယ်များနှင့် ဆယ်ကျော်သက်များအတွက်လည်း ထိရောက်အသုံးတည့်သော ပညာသင်ကြားပေးခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

နိုင်ငံတကာပျမ်းမျှ သတ်မှတ်နှုန်းထားများအရ အနည်းဆုံး တနှစ် လျှင် တမျိုးသားလုံး ပြည်တွင်းထုတ်ကုန်၏ ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်း အထိ (သို့မဟုတ်) အစိုးရဘတ်ဂျက်တခုလုံး၏ ၁၅ –၂၀ ရာခိုင်နှုန်း အထိ သုံးစွဲကြရန်။

ဒီမှာ သတိထားမိကြဖို့က အင်ချွန်းကြေညာစာတမ်းပါ အချက်တွေဟာ၊ ကျောင်းသားတွေနဲ့ NNER က ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် တင်ပြတဲ့ အချက်တွေနဲ့ တသဝေမတိမ်း ကိုက်ညီနေတာပါ။

## ၄။ အရည်အသွေး အာမခံတဲ့စနစ် *(Quality Assurance System)*

အရည်အသွေး မရှိတာတွေကို ပယ်ဖို့ ရှင်းဖို့ပဲ။ အရည်အသွေး ရှိလာအောင် ဒီနည်းနဲ့လုပ်တာပဲ။ ဒီစနစ်ဟာ လူလေးစားတဲ့ ပုဂ္ဂိုလ်တွေ ပါတဲ့ အဖွဲ့အစည်း ဖြစ်တယ်။ လွတ်လပ်တဲ့ အဖွဲ့အစည်း ဖြစ်ရမယ်။ ပညာရေး ကိစ္စကြီးတခုလုံးကို စဉ်းစားတဲ့ အဖွဲ့ပေါ့။

## ၅။ စဉ်းစားစရာတွေ

Education is understood as a developmental process that generates human capacities that do not ordinarily arise except through the cultivation of what used to be called a second nature.

သူ့အလိုအလျောက်တော့ ပေါ်ထွက်မလာနိုင်တဲ့ လူ့အရည်အချင်းတွေကို ပြုစုပျိုးထောင်ပေးမှ ထွက်သတဲ့။ အဲသလို ပြုစုပျိုးထောင်ခြင်းကို ပညာရေးလို့ ခေါ်တာပဲ။

ပညာသင်တယ်ဆိုတာ ဘာလဲ။ ဘဝအတွက် ပြင်ဆင်တာပါပဲ။ ဘဝအတွက် ဉာဏ်ကို တပ်ဆင်ပေးဖို့ပဲ။ "Intelligence, capable of being applied in any field whatever" တဲ့။

အဲဒီဉာဏ်က ဝေဖန်တတ်မှု (critical thinking) ရတယ်။ ဝေဖန်တတ်ခြင်းရဲ့ အခြေခံကတော့

– ဘာကိုမှ အလွယ်တကူလက်မခံဘဲ မေးခွန်းထုတ်တာ။
– သိခြင်းဟာ အထင်အမြင်ထက်ကောင်းတယ်လို့ သိတာ။

ဆော့ကရတီက သူ သိတာတခုတော့ဖြင့် ရှိတယ်လို့ ပြောဖူးတယ်။

"သိခြင်း သိမြင်ခြင်း အသိပညာဟာ အထင်အမြင် (ထင်ရာယူဆခြင်း) ထက် ပိုကောင်းတာချည်းပဲ။ အသိပညာဟာ အခြေအမြစ် (မည်မည်ရရ ရှိခြင်း၊ ယုတ္တိနဲ့ တုပ်ထား ချည်ထားခြင်း) ရှိတာမို့။ ဒါကြောင့် ထင်ရာတွေ ဦးစားပေးတာတွေ မှားယွင်းတဲ့ စိတ်ကူး စိတ်သန်းတွေထဲမှာ လွင့်မသွားတော့ဘူး။ မှန်ခြင်း အမြော်အမြင်ရှိခြင်းတွေရဲ့ အဝေးဆီကို ရောက်မသွားတော့ဘူး။ (Plato, *Meno*)

သိဖို့အပြင် နောက်တချက်သင်ပေးရမှာက မေးခွန်းထုတ်ဖို့ပဲ။ ရဲရဲကျိုးပြီး မယုံကြည်လိုက်ဖို့ပဲ။

I think it is fitting for a man to risk the belief – for the risk is a noble one. (Plato, *Phaedo*)

In this understanding of education, the work of the intellect is not to capture, contain, and transmit absolute truth but to remind us again and again of the nobility of risking belief – or, we might say, conscious affirmation.

ဉာဏ်ကိစ္စသည် မှန်သည်ဟူ၍ တထစ်ချပြောဆိုကြသော အရာများကို ဖမ်းဆုပ်ရန်၊ သိမ်းပိုက်ရန်၊ လက်ဆင့်ကမ်းရန် မဟုတ်။

ရိုကျိုး ယုံကြည်မှုအား မေးခွန်းထုတ်ကောင်းသည်ဟူသော အချက်ကို သတိပြုမိရန် လုပ်ခြင်း၊ တနည်းအားဖြင့် သတိမလစ်သော၊ သိခြင်းပြည့်သော နိုင်နိုင်မာမာ ဖြစ်ခြင်း။

**ဝေဖန်တတ်ခြင်းဆိုတာ ဘာလဲ။**

ကျိုးကြောင်းဖော်ပြချက်တခုကို နားလည်ရုံသာမကဘဲ အခြား အချေအတင် ဖော်ပြချက်တွေနှင့် နှိုင်းယှဉ်တွက်ချက်ရန်။ အချေအတင် အချက်တွေ၏ အားနည်းချက် အားသာချက်တွေကို သိလာရန်။ ထို့နောက် ထိုနားလည်မှု သိမှု၊ နှိုင်းယှဉ်တွက်ချက် အကဲဖြတ်မှုကို လွှန်လျက်၊ ထောက်ခံချက်ပေးရန်။

ထိုကိစ္စ ထိုပြဿနာမျိုးအတွက် ဘယ်ဟာကတော့ဖြင့် သင့်လျော်ကြောင်းကို နားလည်ခြင်း၊ ထို့နောက် အကဲဖြတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း (understanding, evaluating, recommending) စသော အဆင့်မြင့် စိတ်ပိုင်း အရည်အသွေးများကို ဆရာ၏ လမ်းညွှန်မှုနှင့် လေ့ကျင့်ခန်း ဆင်းခြင်း။

ဘယ်မှာ လေ့ကျင့်ခန်းဆင်းမလဲဆိုတော့ စာသင်ခန်းထဲမှာ (အကာအကွယ်ပေးထားသော၊ ကြွယ်ဝသော ပတ်ဝန်းကျင်) သည်လိုနဲ့ ကျုပ်တို့တတွေဟာ လောကကြီးထဲမှာ ဘယ်လိုနေရမလဲဆိုတာ သိလာတယ်၊ နေတတ်တဲ့အရည်အချင်း ရလာတယ်။ အဲသလို ရအောင်လုပ်တာကို ပညာသင်ခြင်းလို့ ခေါ်တာပဲ။

**ဘာသာရပ်ဆိုင်ရာဉာဏ်**

အဆင့်မြင့်ပညာသင်တဲ့ ရည်ရွယ်ချက်ကတော့ disciplined mind လို့ ခေါ်တဲ့ ဘာသာရပ်ဆိုင်ရာ ဉာဏ်ရဖို့တဲ့။ ဟောင်းဝဒ် ဂါးနားကတော့ အဲသလို ဆိုတယ်။ အဲသည် ဉာဏ်ရဖို့က အချိန်ယူတယ်။ ၁၀ နှစ်ထိ ကြာတတ်တယ်လို့ ဆိုပါတယ်။

**အရည်အသွေးပြည့်ဝတဲ့ ပညာရေးဟာ ဘာလဲ။**

ပေါ် လို ဖရဲရုး ဝေဖန်တဲ့၊ ဘဏ်ထဲကို ငွေထည့်သလို ကလေးရဲ့ ခေါင်းထဲကို အချက်အလက်တွေထည့်ပေးတဲ့ ပညာရေးမဟုတ်မှ ဖြစ်မယ်။ ကလေးဟာ တီထွင်ဖန်ဆင်းခြင်းဆိုတဲ့ လူ့ဘဝမှာ အရေးကြီးတဲ့ အခြင်းအရာ ချို့တဲ့မှာကိုး။

သိစေချင်တဲ့အချက်အလက်တွေကို ကလေးတွေရဲ့ ခေါင်းထဲထည့်ပြီး ပြန်အထုတ်ခိုင်းတဲ့ ကိစ္စကိုတော့ semi–animal project တိရစ္ဆာန် သာသာ ကိစ္စပဲတဲ့။ အဲသလိုပဲလို့ တော်စတွိုင်းက ဆိုတယ်။

**၆။ နိဂုံး**

Education is culture under restraints. Culture is free.
*(Leo Tolstoy)*

ပညာရေးဟာ အချုပ်အချယ်အောက်မှာ ရှိနေတဲ့ ယဉ်ကျေးမှု ထုံးစံကြီး။ ယဉ်ကျေးမှုထုံးစံဆိုတာက လွတ်လပ်ရတာတဲ့။ အင်မတန် စဉ်းစားစရာ ကောင်းပါတယ်။ ချုပ်ချယ်ခြင်းနည်းတဲ့ ဖင်လန်လိုအရပ်မှာ ပညာရေးဟာ ကောင်းပြီး၊ ချုပ်ချယ်ခြင်းများတဲ့ ကျုပ်တို့ဆီမှာ ချွတ်ချုံကျ သွားတာပါပဲ။

- ဗဟိုချုပ်ကိုင်မှု လျော့နည်းအောင် (decentralization) လုပ်ရမှာပါ။
- လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဖြစ်နေတဲ့ တကယ်တော်တဲ့ ဆရာတွေ ဖြစ်လာအောင် ဆရာတွေကို ပြောင်းလဲရမယ်။
- အင်ချွန်း ကြေညာချက်နဲ့အညီ ပညာရေး အဆောက်အအုံကြီးကို တည်ဆောက်ရမယ်။

အဲသလိုဆိုရင် အရည်အသွေးရှိ ပညာရေးပါပဲလို့ ကျွန်တော်ကဖြင့် ထင်ပါတယ်။

---

[ဆရာမဒေါ်သုသုမာ –

ဆရာက အဆောက်အအုံနဲ့ အဆောက်အအုံထဲကကိစ္စတွေကို သေချာ ရှင်းလင်းပြပေးပြီး၊ ဆရာ့ရဲ့ ပညာရေးအရည်အသွေး အနှစ်သာရကို တင်ပြပေးသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒုတိယ တယောက် အနေနဲ့ Mr. Jim Connor ကို ဖိတ်ခေါ်ပါတယ်။]

စကားဝိုင်းဆွေးနွေးပွဲ – ၃

## ပညာရေးအရည်အသွေး

ဂျိမ်းကော်နာ

ဘာသာပြန် - အောင်မျိုးမြတ်

မင်္ဂလာပါ။ အခုလို မျှဝေခွင့် ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်လောက်က ဒီမိုကရေစီပညာရေး ဘက်စုံ ပညာရေးနဲ့ ပတ်သက်ပြီး ရင်းနှီးခဲ့သမျှ အားလုံးကို ပြန်လည် ဝေမျှခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒီ ၂၅ နှစ်ကာလ အတွေ့အကြုံတွေမှာ ရခဲ့တဲ့ ကျနော့်ရဲ့ အတွေးအခေါ်နဲ့ အယူအဆလေးတွေပါပဲ။ အရည်အသွေးရှိတဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ အဓိကမဏ္ဍိုင်ကြီး လေးခုကို ကျနော် ဆွေးနွေး ပြောဆိုမှာပါ။

ပညာရေးအရည်အသွေးနဲ့ ပတ်သက်ပြီး အဓိက မဏ္ဍိုင်ကြီးလေးခုထဲမှာ နံပါတ် (၁) ကတော့ ပညာရေးမှာ ရှိတဲ့ ရွေးချယ်မှု အကြောင်း ပြောပြမှာပါ။ နံပါတ်(၂) မဏ္ဍိုင်က သင်ကြားရေး ဖြစ်စဉ်ကို ဗဟိုပြုခြင်း ဖြစ်ပါတယ်။ ပညာရေးမှာ ထွက်လာမယ့် ရလဒ်ကို အဓိကထားခြင်း မဟုတ်ပါဘူး။ တတိယ ကတော့ အတွေ့အကြုံဗဟိုပြုသင်ကြားခြင်းနဲ့ ပတ်သက်ပြီး

ဆွေးနွေးမှာ ဖြစ်ပါတယ်။ စတုတ္ထကတော့ လူ့အဖွဲ့အစည်းတွင်းမှာ လှုပ်ဝင်ဆန့်ခြင်း၊ ဒေသတွင်းမှာ လှုပ်ဝင်ဆန့်ခြင်း တင်မကဘူး၊ ကမ္ဘာနဲ့ အဝှန်းမှာ လှုပ်ဝင်ဆန့်နိုင်ခြင်းတို့ ဖြစ်ပါတယ်။ ဒီပညာရေးနဲ့ ပတ်သက်တဲ့ မဏ္ဍိုင်ကြီး လေးခုကို ဘယ်လို ရရှိနိုင်လဲဆိုတာ သေသေချာချာ လေ့လာကြည့်ပါမယ်။

ဒီ "ပညာရေးမှာရွေးချယ်ခွင့်" ဆိုတာက ပညာရေးစနစ်မှာ အဓိက ပါဝင်နေတဲ့သူတွေ ဖြစ်တဲ့ ကျောင်းသား၊ မိဘနဲ့ ရပ်ရွာထဲကလူတွေဟာ ပညာရေးနဲ့ ပတ်သက်တဲ့ ဖော်ဆောင်တဲ့ မူဝါဒတွေ၊ ဆုံးဖြတ်ချက် ချတာတွေမှာ ပါဝင်ခွင့် ရှိသလား။ ပြောရေးဆိုခွင့် ရှိသလား ဆိုတဲ့ ရွေးချယ်မှုကို ပြောတာပါ။ ဒီပညာရေးမှာ အဓိက ပါဝင်နေတဲ့သူတွေမှာ သူတို့ ဘာတွေကို သင်ယူနေသလဲ ဘယ်လိုသင်ယူမလဲ ဆိုတာနဲ့ ပတ်သက်ပြီး သူတို့မှာ ပြောရေးဆိုခွင့် ရှိရဲ့လား ဆိုတာပါ။

ဒီလိုရွေးချယ်မှုတွေဟာ လူတယောက်ချင်းစီရဲ့၊ မိမိရဲ့ ကိုယ်ပိုင် အသိစိတ်ဓာတ်ရယ်၊ တာဝန်ယူနိုင်တဲ့ အသိတရားတွေကို အားပေးပါ တယ်။ ဒီလိုရွေးချယ်မှုတွေ ရှိခြင်းဟာ အနာဂတ် လူငယ်ကျောင်းသား တွေကို ဒီမိုကရေစီဖြစ်စဉ်ကြီးမှာ ပြည့်ဝစွာ ပါဝင်နိုင်ခွင့်ကို ဖန်တီးပေးပါ တယ်။ ဒီလိုရွေးချယ်ခွင့် ပေးခြင်းဟာ ဒီမိုကရေစီဖြစ်စဉ်ကြီးမှာ ကလေး ငယ်ဘဝကတည်းက ပြင်ဆင်ပေးခြင်းလည်း ဖြစ်ပါတယ်။

ကလေးတွေနဲ့ပတ်သက်တဲ့ လွှတ်တော်မျိုး၊ ကလေးတွေရဲ့ ကောင်စီ ရှိမယ်။ မိဘတွေနဲ့ပတ်သက်တဲ့ မိဘတွေပါဝင်တဲ့အဖွဲ့တွေ ရှိမယ်။ မိဘကော်မတီတွေ ရှိမယ်။ ကလေးတွေနဲ့ ကျောင်းသားတွေအနေနဲ့ နေ့စဉ်နဲ့အမျှ ဒီစာသင်ခန်းထဲမှာရှိတဲ့ စည်းကမ်းတွေ၊ ကျောင်းရဲ့စီမံခန့်ခွဲမှု တွေထဲမှာ ပါဝင်ပတ်သက်ဆောင်ရွက်နိုင်ဖို့။ ဥပမာအနေနဲ့၊ အိန္ဒိယက ရာဂျစ်စတန်မြို့မှာ ကျောင်းပေါင်း ၄၀ ရာကျော်က ကျောင်းသားတွေ ပါဝင်တဲ့ ကလေးလွှတ်တော် ရှိပါတယ်။ အဲဒီမှာ အသက် ၁၃ နှစ်အရွယ် ကလေးမလေး တယောက်ဟာ ပညာမတတ်တဲ့မိသားစုက လာပေမယ့် ပါလီမန်ကို ဦးဆောင်နိုင်တဲ့ အရည်အချင်း ရှိတယ်ဆိုတာကို တွေ့ရပါတယ်။

ဒုတိယအချက်ကတော့ ပညာရေးမှာ သင်ကြားရေး သင်ယူရေး

ဖြစ်စဉ်ကို ဇဟိုပြုခြင်းပါပဲ။ သင်ကြားပြီးမှ ထွက်လာတဲ့ရလဒ်မျိုးကို ဇဟိုပြုခြင်း မဟုတ်တဲ့ဟာပါပဲ။ ကျန်းမာရေးနဲ့ လုံခြုံရေးဟာ သင်ကြားရေးမှာ လိုလားအပ်သော ပတ်ဝန်းကျင်တခု ဖြစ်ဖို့အတွက် အဓိက အချက်တွေ ဖြစ်ပါတယ်။ ပညာရေးနဲ့ ပတ်သက်တဲ့ ကျောင်းတွေ နေရာတွေဟာ ကလေးတွေကို ဝေဖန်ပိုင်းခြား သိမြင်စေတဲ့ ဉာဏ်ရည်နဲ့ သူတို့ရဲ့ ကိုယ်ပိုင်ယုံကြည်မှုကို ဖွံ့ဖြိုးအောင် လုပ်ပေးတဲ့ နေရာမျိုး ဖြစ်သင့်ပါတယ်။

သင်ယူသူတွေအနေနဲ့ ကျောင်းတွေမှာ သူတို့ သင်ယူစဉ်မှာ ဆောင်ရွက်မှုတွေဟာ အဓိပ္ပာယ်ရှိတဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ ဖြစ်သင့်တယ်။ အဲလိုလှုပ်ရှားဆောင်ရွက်မှုတွေဟာ သူတို့ရဲ့ဘဝနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ လှုပ်ရှားဆောင်ရွက်မှုမျိုး ဖြစ်သင့်ပါတယ်။ ကျောင်းနဲ့ ပတ်သက်တဲ့ ပတ်ဝန်းကျင်တွေဟာ မည်သည့်နည်းနဲ့မဆို အပြိုင်သင်ယူလို့ရတဲ့ ပတ်ဝန်းကျင်မျိုး ဖြစ်သင့်ပါတယ်။

သင်ကြားခြင်း၊ သင်ယူခြင်းဟာ ပျော်ရွှင်စရာကောင်းတဲ့ ဖြစ်စဉ်တခုပဲ ဖြစ်သင့်ပြီး ပျော်ရွှင်စရာကောင်းတဲ့ ပတ်ဝန်းကျင်တခု ဖြစ်သင့်ပါတယ်။ ဒီထဲမှာ သိပ်ငယ်တဲ့ ကျောင်းသားငယ်တွေအတွက်ဆိုရင် ကစားခြင်းကို အသားပေးသင်ကြားတဲ့ ပညာရေးမျိုး ဖြစ်သင့်ပါတယ်။

အဓိကရည်မှန်းချက်ကြီး အနေနဲ့ကတော့ ပညာရေးဆိုတာ ကလေးတွေရဲ့ သိလိုစိတ်ကို ဆွပေးပြီး၊ မျိုးထောင်ပေးတဲ့အရာ ဖြစ်ပြီးတော့၊ သူတို့ရဲ့ ရာသက်ပန်သင်ကြားမှုအတွက် စိတ်ဆန္ဒဖြစ်ပေါ်စေအောင် လုပ်ပေးတဲ့နေရာပဲ ဖြစ်သင့်ပါတယ်။

ဒီလိုသင်ကြားရေးပုံစံမျိုးတွေဟာ မတူညီသောကလေးတွေရဲ့ သင်ယူမှုပုံစံ၊ မတူညီတဲ့သဘာဝအမျိုးမျိုး ရှိတဲ့ ကလေးတွေကို သင်ကြားမှုပုံစံအမျိုးမျိုးနဲ့ သင်ယူအောင်လို့ ထောက်ပံ့ပေးတဲ့ပုံစံမျိုးပဲ ဖြစ်ပါတယ်။ သင်ယူသူတွေကို ခွဲခြားတာမျိုး၊ ဝိုင်းခြားလိုက်တာမျိုး၊ နှိမ်ချတာမျိုး မလုပ်ဘဲနဲ့ အားလုံး အောင်အောင်မြင်မြင်နဲ့ ပညာသင်ယူနိုင်ပြီး၊ စိတ်ထဲမှာ ယုံကြည်ချက်ကို ပြည့်ဝလာစေတဲ့ပုံစံမျိုးပဲ ဖြစ်ပါတယ်။

လောလောဆယ် အမေရိကားနဲ့ ဥရောပတွေဘက်မှာ သင်ကြားနေတဲ့ စီမံကိန်းသင်ယူမှုပုံစံမျိုးတွေ၊ အကြောင်းအရာတခုကို ဇဟိုပြု

သင်ယူမှုပုံစံမျိုးလေးတွေဟာ ပိုပြီး လိုလားအပ်မှယ် ဖြစ်ပါတယ်။ အဲလို စီမံကိန်းဗဟိုပြု သင်ကြားခြင်း၊ အကြောင်းအရာဗဟိုပြု သင်ကြားခြင်း ပုံစံမျိုးတွေက၊ ကျောင်းသားတွေရဲ့ လက်တွေ့ဘဝနဲ့ ပိုပြီးထိတွေ့စေပြီး တော့၊ သူတို့နဲ့မဆိုင်တဲ့ အကြောင်းအရာကို သင်ကြားတဲ့ပုံစံမျိုး မဟုတ်ပါ။

တတိယအချက်ကတော့၊ အတွေ့အကြုံဗဟိုပြုသင်ကြားခြင်းပဲ ဖြစ်ပါတယ်။ ကလေးတွေ လက်တွေ့လုပ်ဆောင်မှုကနေ အတွေ့အကြုံ အဖြစ် ပြောင်းလဲပေးနိုင်တဲ့ သင်ကြားမှုမျိုး ဖြစ်ပါတယ်။ ကျောင်းသားတွေ က သူတို့ သင်ယူနေတဲ့ဟာတွေက သူတို့လက်တွေ့ဘဝနဲ့ သက်ဆိုင်တဲ့ ဟာမျိုး သင်ကြားခွင့်ကို ဆိုလိုတာပါ။ အဲလို သင်ကြားမှု ပုံစံမျိုးတွေက၊ သူတို့ကို သင်ယူလိုစိတ်နဲ့ စာသင်ခန်းထဲမှာ သင်နေတဲ့ စာတွေထက် ကျော်ပြီး၊ လက်တွေ့အပြင်မှာ ထပ်မံသင်ယူလိုစိတ်တွေကို နှိုးဆွပေးတဲ့ သင်ကြားမှု ပုံစံပဲ ဖြစ်ပါတယ်။

ကိုယ်ရည်ကိုယ်သွေးဆိုင်ရာဖွံ့ဖြိုးမှုနဲ့ ပတ်ဝန်းကျင်နဲ့ လူမှုဆက်ဆံ နိုင်၊ ပြောရေးဆိုရေးရှိနိုင်ဖို့အတွက် ဒီလို အရည်အသွေးမျိုးတွေ ရရှိလာဖို့ သင်ကြားပေးတာမျိုး ဖြစ်သင့်ပါတယ်။ စာချည်းသင်နေတာမျိုး မဟုတ်ဘဲ၊ ခေါင်းကနေ တွေးခေါ်မယ်။ နှလုံးသားကနေ ခံစားမယ်။ လက်ကနေ လက်တွေ့လုပ်တဲ့ ပုံစံမျိုးတွေ ဖြစ်သင့်ပါတယ်။

ပညာကိုသင်ပေးလိုက်တာထက်၊ ရလာတဲ့ပညာပေါ်မှုတည်ပြီး တည်ဆောက်လိုက်တဲ့ ကျွမ်းကျင်မှုမျိုး၊ ဒီလို ကျွမ်းကျင်မှုမျိုးကနေတဆင့် အောင်မြင်တဲ့ဘဝကို တည်ဆောက်နိုင်တာမျိုးက ပိုပြီးအရေးကြီးပါတယ်။ ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ အရည်အသွေးတွေ၊ ဆက်ဆံရေးဆိုင်ရာ အရည်အသွေးတွေ၊ ပြဿနာဖြေရှင်းရေးဆိုင်ရာ အရည်အသွေးတွေ၊ ဒါတွေကို ဗဟိုပြု သင်ကြားပေးသင့်ပါတယ်။

မြန်မာရဲ့အိမ်နီးချင်းနိုင်ငံတွေ ဖြစ်တဲ့ ထိုင်းနဲ့ လာအိုမှာဆိုရင်၊ သူတို့ရဲ့ ကျောင်းသုံးပြဌာန်းစာအုပ်ရဲ့ ၂၀% ကနေ ၃၀% ဟာ အရှေ့ ပိုင်းမှာ ဆွေးနွေးခဲ့တဲ့ traditional wisdom ရိုးရာယဉ်ကျေးမှုဆိုင်ရာ အသိပညာတွေ ထည့်သွင်းထားနိုင်ခဲ့ပြီးပြီ ဖြစ်ပါတယ်။

နံပါတ် (၄) ခုမြောက် မဏ္ဍိုင်ကတော့ လူ့အဖွဲ့အစည်းတခုလုံး

ပါဝင်လှုပ်ရှားမှုတွေအကြောင်းပဲ ဖြစ်ပါတယ်။ ဒီလိုပညာရေးဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ပါဝင်မှုဆိုတာဟာ လူမှုရေးအရရော၊ ပတ်ဝန်းကျင် အရရော၊ ဒေသအဆင့်မှာကော၊ ကမ္ဘာတဝှန်းလုံးဆိုင်ရာအဆင့်နဲ့ပါ ပါဝင် နိုင်မှုတွေကို ဆိုလိုပါတယ်။

ဒါတွေဟာ ဘာကိုပြောချင်တာလဲဆိုတော့ ကျောင်းတွေအနေနဲ့ ကျောင်းတွေတည်ရှိတဲ့ ဒေသတွင်းမှာရှိတဲ့ ပြဿနာတွေနဲ့ အဖြစ်အပျက် တွေမှာ သူတို့ ပါဝင်ပတ်သက်နိုင်ခွင့်ပေါ့။ နေ့စဉ်သင်ကြားမှုမျိုးက နေပြီးတော့ ပရဟိတစိတ်တွေ ရှိလာဖို့နဲ့ လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးကို ပါဝင် ဆောင်ရွက်ချင်စိတ်တွေ ဖြစ်အောင် သင်ကြားမှုမျိုးကို ဆိုလိုတာပါ။ သူတို့ နေ့စဉ်တွေ့ကြုံနေရတဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီးတော့မှ၊ ဒီကျောင်းသားတွေကော၊ လူ့အဖွဲ့အစည်းကပါ ဒါတွေရင်ဆိုင်လာနိုင် အောင် သင်ကြားပေးနေတဲ့ပုံစံမျိုး ဖြစ်သင့်ပါတယ်။ ဒီလိုပုံစံမျိုး သင်ကြား မှုမျိုးဟာ ကျောင်းသားသာမက ဒေသတွင်းလူ့အဖွဲ့အစည်းကိုပါ စာနာ မှုဝေ ခံစားစိတ်တွေရယ်၊ မေတ္တာစိတ်တွေရယ်၊ စိတ်ခံစားချက်ဆိုင်ရာ အရည်အသွေးတွေကို မြင့်မားလာစေပါတယ်။ ဒီလိုသင်ကြားပေးမှုမျိုးတွေ ကနေ၊ ကျောင်းသားဟာ သူတို့ရဲ့လူ့အဖွဲ့အစည်းကိုသာမက ပိုကျယ်ပြန့် တဲ့ နေရာနဲ့ပတ်သက်တဲ့ တာဝန်ယူချင်စိတ်တွေ ပေါ်ပေါက်လာစေဖို့ ဖြစ်ပါတယ်။

အခု ကျနော် ဝေမျှသွားတာတွေ အားလုံးနဲ့ပတ်သက်ပြီး တခြား နိုင်ငံတွေနဲ့ ယှဉ်လေ့လာလိုက်ရင်၊ မြန်မာနိုင်ငံမှာလည်း၊ အခု ပြောနေ တာတွေ စတင်နေပါပြီ။ ဒီအချိန်ဟာ ပညာရေးနဲ့ပတ်သက်ပြီး၊ စိတ် လှုပ်ရှားစရာ အကောင်းဆုံးအချိန်ပဲ ဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်တဲ့ အရည်အသွေးမြင့်မားစေဖို့ လူငယ်ကျောင်းသားတွေရဲ့ စရိုက်လက္ခဏာ၊ ကိုယ်မိမိယုံကြည်မှုတွေ၊ မြင့်မားတဲ့စွမ်းဆောင်ရည်တွေ၊ ပညာရေးစနစ် ကြီးမှာ ပါဝင်လာနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီဟာတွေအားလုံးက ပညာရေးရဲ့ စနစ်တခုလုံးကို မြင့်နိုင်စွမ်းနဲ့၊ စနစ်တခုလုံးရဲ့အရည်အသွေးကို မြှင့်နိုင်စွမ်းတွေပဲ ဖြစ်ပါတယ်။

---

[ဆရာမဒေါ်သူသူမာ –

Mr. Jim Connor က တာဝန်ယူ တာဝန်ခံတတ်တဲ့ ယဉ်ကျေးမှု အတွက် ဒီမိုကရေစီလေ့ကျင့်တဲ့ အခွင့်အရေးတွေကို ပေးရင်းနဲ့ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် အခွင့်အလမ်းတွေ ပေးခြင်းအားဖြင့် ပညာရေးရဲ့အနှစ်သာရကို ရှင်းပြသွားပါတယ်။ နောက် ဖိတ်ခေါ်ချင်တဲ့သူကတော့ ဆရာမ ဒေါ်မေကိုကိုလွှယ် ဖြစ်ပါတယ်။]

စကားဝိုင်းဆွေးနွေးပွဲ – ၃

## ပညာရေးအရည်အသွေး

ဒေါ်မေကိုကိုလွှယ်

ကျမကတော့ ဆရာမတယောက် အမြင်အနေနဲ့ ပညာရေး အရည်အသွေးကို ဆွေးနွေးရမယ် ဆိုရင်တော့ ၂၁ ရာစုမှာ သတင်းအချက်အလက်နဲ့ ပညာခေတ်ကို ကူးပြောင်းလာပြီးတော့၊ တကမ္ဘာလုံးမှာ သတင်းအချက်အလက်များကို နိုင်ငံအလိုက် လွယ်ကူစွာ ရယူနိုင်ဖို့အတွက် လူသား အရင်းအမြစ်ဖွံ့ဖြိုးမှုကို အဓိက အသုံးပြုရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ပညာရေးဆိုတာကို၊ ကျမတို့ အမြင် အမျိုးမျိုးနဲ့ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုလို့ ရပါတယ်။ ဒါပေမဲ့ ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုမယ်ဆိုရင်၊ ပညာရေးဆိုတာ၊ လူတယောက်ရဲ့ မွေးရာပါအရည်အသွေးကို အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင် လုပ်ကိုင်ပေးခြင်းလို့ ကျမထင်ပါတယ်။ အရည်အသွေးဆိုတာကလည်း၊ လူတိုင်း

ကိုယ်စီမှာ ကိုယ်ပိုင်အရည်အသွေးတွေ ရှိတယ်။ ကိုယ်ပိုင်ကျွမ်းကျင်မှုတွေ နဲ့သလို၊ သင်ယူပြီးမှရလာတဲ့ အရည်အသွေး ကျွမ်းကျင်မှုတွေလည်း နဲ့ပါတယ်။ အရည်အသွေးဆိုတဲ့နေရာမှာ၊ ခါးနဲ့တူပါတယ်။ သွေးမှ ထက်မှာပါ။ မသွေးရင် မထက်ပါဘူး။

ယနေ့ပညာခေတ်မှာ၊ ပညာ အပြည့်အဝ ဆည်းပူးလေ့လာနေတဲ့ အတွက်ကြောင့်ဗို့၊ လူထုဆက်သွယ်ရေး နည်းလမ်းတွေကို ခေတ်မှီ တိုးတက်တဲ့ အတတ်ပညာနဲ့ပေါင်းစပ်ပြီးတော့၊ ကျောင်းသားလူငယ်တွေ အတွက် သင်ယူမှုအခွင့်အလမ်း တိုးတက်အောင် ကျွမတို့ကျောင်းတွေ ကနေ လုပ်ကိုင်ဆောင်ရွက်ပေးဖို့ အများကြီးလိုအပ်နေတယ်လို့ ထင်ပါ တယ်။

ကလေးများရဲ့ အခြေခံအသိပညာကို ပိုမိုပြည့်စုံအောင်ပြုလုပ် ပေးခြင်းဟာ၊ ပညာသင်ကြားရေးမှာ အရေးကြီးဆုံး အချက်လို့ ကျွမ ထင်ပါတယ်။ အဲဒီလိုပြုလုပ်ပေးဖို့အတွက် အခြေအနေတွေ အများကြီး လိုအပ်ပါတယ်။ ဆရာ/ဆရာမ၊ ကျောင်းသား၊ မိဘအားလုံး ပူးပေါင်း ဆောင်ရွက်မှ အောင်မြင်တဲ့ပညာရေး၊ တိုးတက်ဖွံ့ဖြိုးတဲ့ပညာရေးကို ရရှိမှာ ဖြစ်ပါတယ်။

ပညာရေးကို အရည်အသွေးမြင့်တယ် ဆိုတဲ့နေရာမှာလည်း သင်ရိုးညွှန်းတမ်း၊ သင်ပြနည်း၊ သင်ကြားပြသတဲ့ ဆရာ/ဆရာမ၊ သင်ယူ တဲ့ ကျောင်းသူ/ကျောင်းသားများနဲ့ ဘေးပတ်ဝန်းကျင်က ပံ့ပိုးပေးတဲ့ [illegible]တွေက တက်ညီလက်ညီ ကြိုးစားအားထုတ်မှသာလျှင် လိုချင်တဲ့ ပန်းတိုင်ကို ရောက်မှာ ဖြစ်ပါတယ်။ ပညာရေးစနစ်မှာ ဘယ်လောက်ပဲ [illegible]ပြောင်း၊ ဘယ်လောက်ကောင်းတဲ့ နည်းစနစ်ကိုပဲ ပြောင်းပြောင်း၊ [illegible]တဲ့ နည်းလမ်းလွဲနေမယ် ဒါမှမဟုတ် သင်ယူသူက ဒီနည်းတွေကို [illegible] လက်မခံနိုင်ဘူး၊ အဲလိုဖြစ်နေမယ်ဆိုရင် တိုးတက်မှု မရနိုင်ပါဘူး။

အခု ကျွမတို့ မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ ပညာရေးကကျတော့ [illegible]ကြပ် ဖြစ်နေပါတယ်။ ကလေးတွေ သူတို့ရဲ့ ကိုယ်ပိုင်လွတ်လပ်

ခွင့်၊ ကိုယ်ပိုင်ရွေးချယ်ခွင့် မရှိရဘူး။ မိဘတွေရဲ့ဖိစီးမှု၊ မိဘတွေရဲ့လွှမ်းမိုးမှုက ကလေးတွေအပေါ်မှာ အများကြီးသက်ရောက်နေပါတယ်။ မိဘတွေကနေပြီးတော့ ဒါလုပ်ရမယ်၊ ဒါကိုင်ရမယ်၊ ဒီကျောင်း တက်ရမယ်၊ ကျောင်းပြီးတာနဲ့ ကျူရှင်သွားကို သွားရမယ်။ ကျူရှင်ပြန်လာရင် ကလေးတွေက မနားရပါဘူး။ တခါ ည guide ပြန်ဝင်ရမယ်ဆိုရင် ကလေးတွေမှာ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်တတ်ရမယ့်အချိန်မျိုး သူတို့မှာ မရှိပါဘူး။

နောက်တခုကကျတော့ ဆရာ၊ ဆရာမအပိုင်းကနေကြည့်မယ်ဆိုရင်လည်း ကျမတို့ကျောင်းတွေမှာ၊ ပညာပေးတဲ့အချိန်မှာ ကလေးတွေက၊ ဆရာ၊ ဆရာမတွေ ပေးသလောက် သူတို့မယူတတ်တာလည်း ပါပါတယ်။ သူတို့အမြင်မှာ သင်ကြားပြီးသား၊ သိပြီးသားလို့ ထင်ပြီးတော့အမြင်က ကျူရှင်တွေကိုပဲ အားကိုးပြီး နေတဲ့အခါမှာ ကျောင်းကပညာရေးကို သိပ်ပြီးအလေးမထားတာမျိုးပေါ့။ သူတို့သင်ပြီးပြီ၊ သိပြီးပြီပေါ့။ အဲလိုတွေးပြီးတော့ ဘယ်လောက်ပဲ အဓိက concept ကို ပေးပေး၊ ကျောင်းတွေမှာ ကလေးတွေက မယူတတ်တာလည်း ပါပါတယ်။ နောက် မိဘတွေကလည်း အတင်းအကြပ်ပေါ့၊ ဒါဖြစ်ရမယ်၊ ဆရာဝန် ဖြစ်ရမယ်၊ အင်ဂျင်နီယာ ဖြစ်ရမယ်ဆိုတဲ့ ဒီ target ကြီးကို ထားတဲ့အတွက်ကြောင့်မို့ကလေးတွေဟာ ဖိစီးမှုတွေ အရမ်းဖြစ်တာလည်း တွေ့ရပါတယ်။

နောက် ကလေးတွေ အသက်မွေးဝမ်းကျောင်း ပညာရေးကို ရွေးချယ်ရာမှာ ဆိုရင်လည်း အတူတူပါပဲ။ ကလေးတွေက မိမိတို့ တကယ်ဝါသနာပါတဲ့လမ်းကို ရွေးချယ်ဖို့အခွင့်အလမ်း နည်းနေတယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ရဲ့ ကိုယ်လိုချင်တဲ့တက္ကသိုလ်ကို ဝင်ဖို့အတွက်၊ ကိုယ်ဝါသနာပါတဲ့လုပ်ငန်းကို လုပ်ဆောင်ဖို့အတွက် အမှတ်ကန့်သတ်ချက်တွေ ရှိတယ်။ လူဦးရေကန့်သတ်ချက်တွေ ရှိတယ်။ အဲဒီလိုမျိုး အခွင့်အရေးတွေ မရလိုက်တာတွေ ရှိပါတယ်။ အဲဒီအခါမှာ လိုချင်တဲ့ ဝါသနာပါတဲ့လိုင်းကို မယူလိုက်ရတာမျိုး ရှိတယ်။

နောက် တချက်ကတော့ ကလေးတွေက မိဘတွေရဲ့ရွေးချယ်မှုအောက်မှာ အများကြီး မှီတည်နေတာပေါ့။ မိဘတွေက ဒီကျောင်းကို

တက်ရမယ်။ ဒါလုပ်ရမယ်ဆိုတဲ့ လွှမ်းမိုးမှုတွေ များတဲ့အချိန်မှာ ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကလေးတွေက ဒီလမ်းကို လျှောက်ရတာမျိုးတွေလည်း ရှိတဲ့အခါမှာ အောင်မြင်သင့်သလောက် မအောင်မြင်ဘူး။ ဥပမာ အခု ဆရာမ တို့ရဲ့ ပညာရေးကောလိပ်မှာဆိုရင် ဘာကြောင့် ကလေးတွေ ဒီပညာရေး ကောလိပ်ကို ရောက်လာသလဲ။

နံပါတ် (၁) အချက်က အလုပ်အကိုင် အခွင့်အလမ်းကြောင့်ပါ။ ကျမတို့ မြန်မာနိုင်ငံမှာ အလုပ်အကိုင် အခွင့်အလမ်း အရမ်းနည်းနေတဲ့အခါမှာ ကလေးတွေက ဆရာမဖြစ်ချင်တယ် ဆိုတဲ့ ဝါသနာထက် အလုပ်ရဖို့ဆိုတဲ့ဦးတည်ချက်နဲ့ ကျောင်းကို ရောက်လာတာလည်း ရှိပါတယ်။ နောက်တခုကကျတော့ မိဘတွေက အတင်း သွတ်သွင်းပြီးတော့ ရောက်လာတာတွေလည်း ရှိပါတယ်။ တကယ့်ကို ဝါသနာပါလို့ ရောက်လာတဲ့သူတွေက သတ်မှတ်ထားတာထက် ပိုပြီးတော့၊ မျှော်လင့်ထားတာထက် ပိုပြီးတော့ နည်းနေတာ တွေ့ပါတယ်။ အဲဒီအချိန်မှာ အဲဒီလို ဝါသနာမပါဘဲ ရောက်လာတာမျိုး၊ မိဘရဲ့တွန်းအားကြောင့် ရောက်လာတာမျိုး၊ အလုပ်အကိုင် အခွင့်အလမ်း၊ ဒီဟာဆင်းပြီးရင်၊ ကျောင်းဆင်းပြီးရင် အလုပ်ရမယ်ဆိုတဲ့ အလုပ်အကိုင်အခွင့်အလမ်းကြောင့် ရောက်လာတဲ့အခါ ဒီရည်ရွယ်ချက်တွေနဲ့ ကျောင်းကို လာတက်တဲ့အခါမှာ တကယ်တမ်း ကျောင်းပြီးသွားလို့ လုပ်ငန်းခွင် ဝင်ရောက်တဲ့အခါမှာ၊ ကိုယ့်ရဲ့ဝါသနာနဲ့ ကိုယ်လုပ်တဲ့ လုပ်ငန်းဟာ အံဝင်ခွင်ကျ မဖြစ်တဲ့ အခါမှာ တိုးတက်သင့်သလောက် မတိုးတက်ဘူး။

လုပ်ငန်းခွင်မှာ မပျော်မွေ့တာတွေ ဖြစ်လာတယ်။ သူတို့ အောင်မြင်သင့်သလောက် မအောင်မြင်ဘူး။ နောက်တခါ ဒီသင်တန်း ဒီကျောင်းကို ဆင်းပြီးတဲ့ အခါမှာလည်း အဲဒီ အချိန်မှာ ဒီသင်ထားတဲ့ ပညာရပ်တွေဟာ ဥပမာ ၄ နှစ်ဆိုရင် ၄ နှစ်၊ ဆရာဝန်ဆိုရင်လည်း အတူတူပဲ။ ဆရာဝန် ၅ နှစ်ဆို ၅ နှစ်၊ သူတို့မှာ ရင်းနှီးထားရတဲ့ အချိန်တွေ အဲဒီငွေတွေ၊ သူတို့ရဲ့ အကုန်လုံး အဲဒါတွေဟာ ပြန်လည် အသုံးမချဘူးဆိုရင် ဒီပေးဆပ်ထားတာတွေက အရမ်းကို နှမြောစရာ ကောင်းပါတယ်။

ဒါကြောင့်မို့လို့ ဆရာမတို့က တခြားတဘက်ကနေ ကြည့်မယ် ဆိုရင် ကလေးတွေကို ငယ်ငယ်လေးကတည်းက သူတို့ဝါသနာပါတဲ့ဟာ ကို လုပ်ကိုင်နိုင်ဖို့အတွက် အဓိကနားလည်ရမှာကတော့ မိဘပေါ့။ မိဘနဲ့ ဆရာတွေကနေပြီးတော့ လမ်းညွှန်ပေးရမယ်။ Guide line ပေးဖို့ လိုအပ်နေပါတယ်။

နောက်တခုက၊ ကျမတို့ ပညာရေးစနစ်မှာ အရည်အသွေးကို စာမေးပွဲတခုနဲ့ပဲ လုံးဝအပြီးသတ် ဆုံးဖြတ်တာမျိုးပေါ့။ ဒီစာမေးပွဲဆိုတဲ့ ဖိအားတွေ၊ stress တွေကြောင့်၊ အမှတ်များများရဖို့၊ စာမေးပွဲအောင်ဖို့ ဆိုတဲ့၊ အဲဒီဟာတွေပဲ၊ ကလေးတွေရဲ့ဦးနှောက်ထဲမှာ ရှိတဲ့အခါ၊ စာမေးပွဲ ပါတာတွေကိုပဲ၊ သူတို့ကြည့်မယ်။ အမှတ်များများရဖို့အတွက်ပဲ ကြိုးစား ကြတဲ့ အခါမှာ၊ ဒီပညာရပ်နဲ့ ပတ်သက်ပြီးတော့ အဓိက ပေးချင်တဲ့ concept တွေကို သူတို့ မရလိုက်တာမျိုးတွေလည်း ရှိပါတယ်။

ဆရာမတွေဘက်ကနေ ကြည့်မယ်ဆိုရင်လည်း ကလေးတွေရဲ့ ဝါသနာပါရာ၊ တကယ်လိုအပ်ချက်ကို တဦးခြင်း တယောက်ချင်းအနေနဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးဖို့ဆိုတာ အချိန်တွေ အများကြီး လိုအပ်ပါတယ်။ နောက်တခါ ကျမတို့မြန်မာနိုင်ငံမှာ ဆရာ၊ ဆရာမ အရေအတွက်နဲ့ ကလေးရဲ့အရေအတွက်၊ ဆရာမအချိုးနဲ့ ကျောင်းသား အချိုး မမျှတဲ့အခါ၊ ဥပမာ အတန်းတတန်းကို လေးငါးဆယ် မဟုတ်ဘဲ တချို့မြို့တွေမှာဆိုရင် ကျောင်းသားအရေအတွက်က ၁၀၀/၇၀/၈၀ ဆိုတော့၊ ကလေးတယောက်ချင်းစီကို အသေးစိတ် ဆရာမတွေမှာ လုပ်ဆောင်ပေးနိုင်တဲ့အချိန် မရှိပါဘူး။

နောက်တခုကကျတော့ ဒီဆရာ၊ ဆရာမဆိုတဲ့ တာဝန်ဝတ္တရား တွေမှာ ကျမတို့က ပညာသင်ကြားတာတခုပဲ မဟုတ်ဘဲနဲ့ အခြား duty တွေ အများကြီးရှိပါတယ်။ သင်ကြားရေးနဲ့ မသက်ဆိုင်တဲ့ duty တွေ အများကြီး ရှိပါတယ်။ ဥပမာ phone duty စောင့်ရတာတို့ gate duty စောင့်ရတာတို့ ဒါတွေသည် အခြားလုပ်ငန်းတွေပေါ့။ ဒါကြောင့် သင်ကြားရေးကို ဖိဖိစီးစီး အာရုံမထားနိုင်ဘူး။

နောက်တခါကျတော့ ပြင်ပက စားဝတ်နေရေးတွေ၊ လူမှုရေးတွေ၊

အခြား အဆင်မပြေတာတွေပေါ့။ အဲဒါတွေ ရှိတဲ့အခါကျတော့လည်း ကျောင်းရဲ့ ပညာရေးကို ဖိဖိစီးစီး မလုပ်ပေးနိုင်တာလည်း ရှိပါတယ်။ ဒါကြောင့်မို့ အခြား duty တွေကို လျှော့ပြီးတော့ သင်ကြားရေးကိုပဲ ထိထိရောက်ရောက် လုပ်မယ်။ ဆရာမအချိုးနဲ့ ကျောင်းသားအချိုးလည်း ညီမယ်။ ဆရာမတွေ လုံလောက်တဲ့အချိန်၊ စာဖတ်နိုင်တဲ့ အချိန်တွေ ပေးမယ် ဆိုရင်တော့ အများကြီးတိုးတက်လာမယ်လို့ ထင်ပါတယ်။

နောက်တခုရှိတာက ကျမတို့သင်ကြားရေးမှာ ကန့်သတ်ချက်တွေ၊ ဘောင်တွေ၊ စည်းတွေ အများကြီး ရှိပါတယ်။ ဒီတလအတွင်းမှာ ဒီသင်ခန်းစာကို ပြီးအောင် သင်ရမယ်ပေါ့။ ကလေးတွေ အမှန်တကယ် တတ်တာ မတတ်တာထက် ပြီးဖို့အရေး၊ ရှိအရေးပေါ့။ အဲလိုတွေရှိတဲ့ အခါမှာ တတ်အောင်သင်လို့လည်း ပြောတယ်။ ပြီးရမယ်ဆိုတဲ့ ဘောင်တွေ၊ ကန့်သတ်ချက်တွေနဲ့ ဒါကြီးပြီးဖို့ ဖြစ်နေတဲ့အခါမှာ ကလေးတွေ အမှန်တကယ် တတ်မြောက်သွားလား၊ မတတ်မြောက်သွားလားဆိုတာ ပြန်ဆန်းစစ်နိုင်ဖို့အတွက် အချိန်က နည်းသွားတာမျိုးလည်း တွေ့ရပါတယ်။

ဒါကြောင့်မို့ ပညာသင်ကြားခွင့်ရတဲ့သူတိုင်းဟာ သင်ကြားခဲ့တဲ့ ပညာရပ်တွေကို အမှန်တကယ် အကျိုးရှိရှိ ထိထိရောက်ရောက် ပြန်လည် အသုံးချနိုင်ဖို့ အခွင့်အလမ်းတွေ လိုအပ်နေတယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့၊ ကျမတို့ ဆရာမတွေအနေနဲ့ဆိုရင်လည်း အရေအတွက် များတာထက် အရည်အချင်းရှိတဲ့ ဆရာ၊ ဆရာမတွေနဲ့၊ ထူးချွန်တဲ့ ဆရာ၊ ဆရာမတွေ ဖြစ်ဖို့အတွက် ကျမတို့ကလည်း ကြိုးစားဖို့ အများကြီးလိုအပ်ပါသေးတယ်။ ပြင်ပဗဟုသုတ၊ ပြင်ပစာတွေနဲ့ အခြားဗဟုသုတတွေလည်း အမြဲတမ်းလေ့လာနေဖို့အတွက် ထာဝရ ကျောင်းသားတယောက်အနေနဲ့ အမြဲတမ်းကြိုးစားဖို့ ဆရာမတွေအနေနဲ့လည်း အများကြီးလိုအပ်နေပါသေးတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။

[ဆရာမဒေါ်သူသူမာ –

ပညာရေးအရည်အသွေး နိမ့်ကျရခြင်းရဲ့ အကြောင်းရင်းတွေကို ဆရာမရဲ့ ကိုယ်တွေ့ အတွေ့အကြုံတွေနဲ့ ရှင်းလင်းတင်ပြသွားပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ မိဘနေရာကနေ ဦးဆောင် ဆွေးနွေးပေးမယ့် ဆရာ ဦးစိုင်းလင်းမြတ်ကို ဖိတ်ခေါ်ပါတယ်။]

စကားဝိုင်းဆွေးနွေးပွဲ – ၃

## ပညာရေးအရည်အသွေး

စိုင်းလင်းမြတ်

ကျနော်ကတော့ ကလေးမိဘ တယောက်အနေနဲ့ပေါ့နော်။ ကျနော်က ပညာရှင်လည်း မဟုတ်ပါဘူး။ ပညာတတ်ကြီးလည်း မဟုတ်ပါဘူး။ ကလေးမိဘ တယောက်အနေနဲ့ ကလေးဘက်ကနေ ကြည့်ပြီးတော့ ကျနော် ခံစားရတာတွေ နည်းနည်း ပွင့်ပွင့်လင်းလင်းလေး ပြောချင်ပါတယ်။ မှားတာရှိရင်လည်း အခုတည်းက ကြိုပြီးတော့ တောင်းပန်ပါတယ်။ ကျနော်ကတော့ ခေတ်ပျက် စနစ်ပျက်မှာ လူဖြစ်ခဲ့ရတယ်။ ရှိုးရှိုးတန်းတန်းပဲ ကျနော် ပြောမယ်။ ဘာမှ မသိခဲ့ပါဘူး။ ဘာမှလည်း မတတ်ခဲ့ပါဘူး။ အစမ်းသပ်ခံပညာရေးစနစ်အောက်မှာ လူဖြစ်ခဲ့တယ်။ ကျနော်တို့ ငယ်စဉ်ကတည်းက စပြီးတော့ သင်ရိုးညွှန်းတမ်းတွေ တမျိုးပြီးတမျိုး ပြောင်းတယ်။ အဲဒါတွေကို၊ ကျနော်တို့ ရင်ဆိုင်ခဲ့ရတယ်။ ကျနော်တို့ထက်

၂ တန်း ၃ တန်းလောက် ငယ်တဲ့အချိန်မှာ တခါထပ်ပြောင်းတယ်။ အခုချိန်ထိလည်း ပြောင်းနေတုန်းပဲ။ ပြီးခဲ့တဲ့ နှစ်တွေတုန်းကဆိုရင် ကလေးကို ၄ တန်းလောက်နဲ့ ဘွဲ့ဝတ်စုံ ဝတ်ခိုင်းတာတို့။ ကျနော်တို့ ကြောဖူးတာတွေလည်း ကြားရတယ်။

သို့သော်၊ ကျနော်တို့မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ ဘာတွေ ဖြစ်လာလဲ။ ဘာတွေပြောင်းလဲလာသလဲလို့ ကျနော့် personal နဲ့ပေါ့နော် ကြည့်ကြည့်တယ်။ ဘာတွေ ပြောင်းလဲလာပြီလဲဆိုတော့ ထွေထွေထူးထူး [illegible]ည်း ဘာမှဖြစ်မလာဘူးပေါ့ဗျာ။ ကျနော်ကတော့ အဲဒီလိုပဲ ရိုးရိုး [illegible]သား မြင်ပါတယ်။

ပြီးတော့ အခုလက်ရှိ ကျနော် မိဘအနေနဲ့ ပြောတယ်ဆိုတော့ [illegible]နော့်ကလေးအကြောင်း နည်းနည်းလေးလည်း ပါတာပေါ့။ ကျနော့် [illegible]လေးကို ချိန်ထိုးပြီးတော့ ဒီပညာရေးစနစ်အကြောင်း၊ ပညာရေးအရှည် [illegible]ေးကို ပြောချင်ပါတယ်။ အခုအချိန်ထိ ကိုယ့်ကလေးတွေကလည်း [illegible]တ်ကျက် ပညာရေးစနစ်ထဲမှာပဲ၊ လုံးချာလည်လိုက်နေတုန်းပဲ ရှိသေး [illegible]ဆိုတာ တွေ့ရတယ်။ အခု ပြောပြောနေကြတယ်၊ "ပြောင်းလဲချိန် [illegible]" ဟုတ်ကဲ့။ လက်ခံပါတယ်။ အပြည့်အဝ လက်ခံတယ်။ ဒါပေမဲ့ [illegible]တ်သွားမယ့်၊ ကျနော်တို့ မြန်မာနိုင်ငံကြီးကို အမိကပြောင်းလဲမယ့် [illegible] လာမယ့်မျိုးဆက်သစ်တွေအတွက်ကို တောင်းမွန်တဲ့ပညာရေး [illegible] အခြားကိစ္စတွေထက် ပိုပြီးတော့ အရေးကြီးတယ်ဆိုတာကို [illegible] အပြည့်အဝ ထောက်ခံပါတယ်။

အခုလက်ရှိပညာရေးစနစ်ရဲ့အရှည်အသွေးကို ဝေဖန်သုံးသပ်ပါ [illegible] မိဘတယောက်အနေနဲ့တော့ ရိုးရိုးသားသား မြင်တာလေးက [illegible] ဆရာမပြောတဲ့အထဲမှာလည်း ပါပါတယ်၊ သင်ရိုးညွှန်းတမ်းပေါ့။ [illegible] ဘာတွေ သင်မလဲ။ ပြီးရင် ဘယ်သူတွေ သင်တာလဲ။ [illegible]/ဆရာမတွေ သင်တယ်ပေါ့။ ဘယ်လို သင်တာလဲ။ ပြီးရင်၊ [illegible]ကြားခံရတဲ့ ကလေးတွေကကော၊ ဘယ်လိုအသင်ကြားခံတာလဲ။ [illegible] အဲဒါလေးကို စဉ်းစားမိပါတယ်။ ဆရာမဟာနဲ့ သွားတိုက် [illegible] ဒါပေမဲ့ ဆရာမကတော့ ပညာရှင်အနေနဲ့ ပြောတာပါ။ ကျနော်

ကတော့ ကျနော် တွေးမိတာလေးနဲ့ ကျနော် ပြောတာပါ။ သင်ရိုးညွှန်းတမ်းမှာ၊ ကျနော့်စိတ်ထဲမှာ သိပ်အဆင်မပြေတဲ့ ဟာလေးတွေပေါ့။ အဆင်ပြေတဲ့ဟာတော့ မပြောတော့ဘူးပေါ့နော်။

ကျနော်တို့ မြန်မာနိုင်ငံက ပြည်ထောင်စုမြန်မာနိုင်ငံပေါ့နော်။ ကျနော်တို့ သွားနေတာ အခု ဖက်ဒရယ်ပြည်ထောင်စုကို သွားနေတယ်။ ဟုတ်ပြီ၊ ဖြစ်တာ မဖြစ်တာတော့ ထားပါတော့၊ ဘယ်လိုပဲဖြစ်ဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံလို့ ပြောလို့ရှိရင် တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ နိုင်ငံ ဖြစ်တယ်။ လူမျိုးအသီးသီးမှာ သမိုင်းကြောင်း အစုံအညီ ရှိတယ်။ အဲဒါကို လက်ခံရမှာ ဖြစ်တယ်။ ကျနော် ဘာကို ရည်ရွယ်ပြီးတော့ ပြောတာလည်း ဆိုရင် ဥပမာ်တခုအနေနဲ့ ပဉ္စမတန်းရဲ့ ကမ္ဘာ့သမိုင်း ဆိုပါတော့။ သင်ရိုးညွှန်းတမ်းထဲမှာ ဟမ္မူရာဘီ၏ ကိုဓဥပဒေဆိုတဲ့ Code of Hammurabi ဆိုတာလေး ပါတယ်ဗျ။ အဲဒီမှာ ဟမ္မူရာဘီ ကိုဓဥပဒေ ဆိုသည်မှာ မျက်လုံးတလုံးဆုံးလျှင် မျက်လုံးတလုံးချင်း၊ သွားတချောင်း ဆုံးလျှင် သွားတချောင်းချင်း အလျော်ပေးရမယ်ဆိုတဲ့ လက်စားချေတုံ့ပြန်မှုကို အားပေးထားသည် ဆိုတဲ့ သင်ခန်းစာလေး ပါလာတယ်။ အဲဒီတော့ ဒီကလေးတယောက်ဟာ ဦးနှောက်အသိဉာဏ်၊ စဉ်းစားဉာဏ် မဖွံ့ဖြိုးသေးတဲ့ ကလေးတယောက်က ဒီသင်ခန်းစာကို အမှန်တရား ဆိုပြီးတော့ သူ လက်ခံသွားမယ်ဆိုလို့ ရှိရင် ဒါသည် ကောင်းတဲ့အလားအလာ ဟုတ်သလား၊ မဟုတ်သလား ဆိုတာကို ကျနော့်အနေနဲ့ မိဘတယောက်အနေနဲ့ စဉ်းစားမိတယ်။ အဲဒီတော့ ကလေးကိုလည်း ကျနော် မေးတယ်။ အဲဒါကို ဘယ်လိုသဘောရသလဲဆိုရင် ဟာ . . သူဖောက်ရင် ကိုယ်ပြန်ဖောက်မှာပေါ့တဲ့၊ ဟုတ်တယ်နော်။ ဒါက နိုးနိုးလေးပါ။-အဲဒါဆို၊ မင်းဖောက်ရင်ကော ဆိုလို့ရှိရင် ကျနော် သူများကို သွားဖောက်လိုက်ရင်လည်း ကျနော် တလုံးပြန်ပေးရမှာပေါ့ ဆိုတဲ့ ကလေးရဲ့ အတွေးအမြင်မှာ ဒီလိုဖြစ်သွားတယ်။

ကျနော့်အနေနဲ့ ပြောချင်တာက တခြားမဟုတ်ဘူး၊ ဘာကြောင့် ဘာရည်ရွယ်ချက်နဲ့ ဒီ သင်ခန်းစာကို၊ ဒီအတန်း ဒီအရွယ်မှာ ဘာလို့ ထည့်တာလဲ။ တကယ် စဉ်းစားတတ်တဲ့အရွယ် ဥပမာ တက္ကသိုလ်

ရောက်တဲ့ အရွယ်မှာ သမိုင်းဆိုတာ သိသင့်ပါတယ်။ သမိုင်းမသိရင် အတယ်။ ဘယ်လို သမိုင်းကြောင်းမျိုးကို သင်ရိုးညွှန်းတမ်းထဲ ထည့်သင့်သလဲ။ အဲဒါကို ကျနော် စဉ်းစားကြည့်ပါတယ်။ ဒီမှဝါဒတခုကို ကလေးတွေခေါင်းထဲ ရိုက်ထည့်ခြင်းဟာ၊ အခုဗျာ မဆီမဆိုင် ငြိမ်းချမ်းရေး မရတာ ဒါနဲ့များ ဆိုင်သလားပေါ့။ အဲဒီလောက်ထိအောင် ကျနော်စဉ်းစားတယ်။ ကျနော် ပွင့်ပွင့်လင်းလင်း ပြောတာ။ တကယ်စဉ်းစားမိပါတယ်။

ပြီးတော့ မြန်မာ့သမိုင်းမှာ ဘုရင့်နောင်၊ ကျန်စစ်သား၊ ဗန္ဓုလ ပေါ့နော်။ လက်ခံပါတယ်။ ဒါပေမဲ့ ကျနော်တို့ တိုင်းရင်းသားထဲမှာလည်း ဒီသမိုင်းတွေသည် ရှမ်းတွေရဲ့သမိုင်း ဟုတ်ချင်မှလည်း ဟုတ်မယ်။ ရခိုင်ရဲ့ သမိုင်း ဟုတ်ချင်မှလည်း ဟုတ်မယ်။ မွန်တွေရဲ့သမိုင်း ဟုတ်ချင်မှလည်း ဟုတ်မယ်။ မွန်မှာလည်း သူ့ရာဇဝင်သမိုင်းကြောင်း အကြီးကြီးရှိတယ်။ ရခိုင်ဆိုလည်း သူ့သမိုင်းကြောင်း အကြီးကြီးရှိတယ်။ အဲလိုပဲ လူမျိုးတိုင်း လူမျိုးတိုင်းမှာ သူ့သမိုင်းကြောင်းအကြီးကြီး ရှိတယ်။

သို့သော်လည်း၊ ဥပမာ ဆိုလို့ရှိရင် ကျနော့်သမီး စာကျက်တယ်။ သမိုင်းကျက်တယ်။ သမိုင်း ကျက်ရမှာ ဖျင်းတယ်။ ဖျင်းပေမယ့် ကျက်တယ်။ ဘာလို့လဲဆို မဖြေနိုင်ရင် စာမေးပွဲ ကျမှာကိုး။ အဲဒီတော့ “ဦးအောင်ဇေယျသည် မုဆိုးဖိုရွာ၌ ထန်းလုံးခံတပ်ကြီးကို ကာ၍ နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ထုတ်သည်။” နောက်တခေါက်လည်း ဒါပဲ ကျက်တယ်။ နောက်နာရီဝက်လောက် ငြိမ်နေတော့ စာမကျက်ဘူးလား မေးရင်လည်း “ဦးအောင်ဇေယျသည် ...” ဒီကနေ မတက်ဘူး။ ဒီသမိုင်းကြောင်းက ပြောမယ်ဆိုရင် ကျနော်တို့က ဗမာ မဟုတ်သော တိုင်းရင်းသားပေါ့နော်။ ရှမ်းတိုင်းရင်းသား။ အဲဒီတော့ ကျနော်တို့ တိုင်းရင်းသားထဲမှာ ဖရဲသီးဆိုတဲ့ စာလုံးလေးကို သုံးရက် သင်ယူရတဲ့ကလေး ကျနော် တွေ့ဖူးတယ်။ သူ့ဘာသာစကားက ဖရဲသီးဆိုတာ သူ နေ့တိုင်းစားနေတဲ့ အသီးတခုပဲ။ ထူးလည်း မထူးဆန်းတဲ့ကိစ္စပဲ။ သို့သော်လည်း သူသည် သူ့ဘာသာမဟုတ်တဲ့ ဖရဲသီးဆိုတာကို ၃ ရက်လောက် ကျက်ခဲ့ရတယ်။ ဒါသည် ပညာရေးလားပေါ့။ ပညာရေးရဲ့ အရည်အသွေးဆိုတာ ဘာလဲဆိုတာ၊ ကျနော့်မှာ မေးခွန်းတွေ အများကြီး

ဖြစ်ခဲ့ပါတယ်။ ကျနော့် အတွေ့အကြုံလေးကို ပြောပြတာပါ။

ကျနော် ဖတ်ဖူးတာလေးတွေက ပညာရေးဆိုသည်မှာ၊ နံရံလေးဘက် ရှိသော စာသင်ခန်းပဲ ဖြစ်ရမယ်ဆိုတာထက် ကျနော်တို့ သက်ရှိလောကဝန်းကျင်နဲ့ သဘာဝကြီး တခုလုံးဟာ စာသင်ကြားတဲ့ နေရာ ဖြစ်ပါတယ်ဆိုတဲ့ အယူအဆကို ကျနော် အပြည့်အဝ လက်ခံပါတယ်။ ကျနော့်အနေနဲ့ စောဒက တက်မိတာက ကျောင်းက သင်လိုက်တာတွေက တကယ်ရော ဘဝအတွက် ဖြစ်သလား။ အဲဒီမှာ မိတ်ဆွေတယောက် သချာ်နဲ့ ကျောင်းပြီးတယ်။ ဘာလုပ်နေလဲဆိုတော့ မိတ္တူဆိုင်လေးနဲ့ ကွန်ပျူတာဆိုင် ဖွင့်ပြီးတော့ ဘဝရပ်တည်တယ်။ အဲဒီမှာ ဘာပြောလဲဆိုတော့၊ "ငါကွာ၊ ငါပညာတွေ သင်ခဲ့ပြီးတော့ကွာ၊ အခု ဒီအလုပ် လုပ်ရတယ်။ ကွန်ပျူတာ ရိုက်ပြီးတော့၊ စာစီပြီးတော့၊ မိတ္တူအလုပ်လေး ငါလုပ်ရတယ်။ အဲလိုမှန်းသိရင် ငါ့အစကတည်းက ငါးတန်းလောက်ကတည်းက ငါ ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင် စာစီစာရိုက် သင်ပြီးတော့ အလုပ် လုပ်ရင် ပိုက်ဆံ အဲဒီကတည်းက ရတယ်။ ငါ ပညာသင်တာဟာ ဘာအဓိပ္ပာယ်ရှိသလဲ။ ငါ တတ်ထားတဲ့ ပညာ အခု ငါ့ကို ပညာတတ်လို့ ပြောကြတယ်။ ငါ့ဘွဲ့ မှတ်ပုံတင် ရှိတယ်။" ငါ တတ်ထားတဲ့ ပညာက ဘာလဲဆိုတာမျိုးကို ကျနော် ကြားတော့ စိတ်လည်း မကောင်းဘူး။ ပြီးတော့ ကျနော်တို့မှာ စဉ်းစား စရာတွေ ဖြစ်လာတယ်။ အခု ပညာရေး အရည်အသွေးဆိုတာ ဘာလဲ။ ဘာအတွက် အသုံးချမှာလဲဆိုတာ ကျနော့်ဆီမှာ၊ မိဘတယောက်အနေနဲ့၊ ကျနော့်ကလေးအနာဂတ်အတွက်၊ စဉ်းစားစရာတွေ အများကြီး ဖြစ်ခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ကျနော်က ကလေးမိဘအနေနဲ့ နောက်လာမယ့် အနာဂတ်မြန်မာနိုင်ငံအတွက် နိုင်ငံနဲ့ သင့်တော်မယ့် အားလုံးကို ကိုယ်စားပြုမယ့် ပညာရေးစနစ်တခု ကမ္ဘာနဲ့ ရင်ဘောင်တန်းနိုင်တဲ့ ပညာရေးစနစ်တခု၊ အဲဒါမျိုးကို ဖြစ်လာဖို့ လက်ရှိ အစိုးရအပါအဝင်၊ ကျနော်တို့ အကုန်၊ လှုပ်ရှားနေတဲ့ အသိုင်းအဝိုင်း အသီးသီးက ဝိုင်းဝန်းပြီးတော့၊ ကြိုးပမ်းလုပ်ဆောင်ကြပါစို့လို့ ပြောရင်း နိဂုံးချုပ်ပါတယ်။

[ဆရာမဒေါ်သူသူမာ –

ဆရာဦးစိုင်းလင်းမြတ်က မိဘတယောက်ရဲ့ ခံစားချက်နဲ့ အတွေ့အကြုံတွေကို ပြောပြသွားပြီးတော့၊ ပြောင်းလဲချိန်တန်ပြီဆိုတဲ့အထဲမှာ ပညာရေးပြုပြင်ပြောင်းလဲရေးက အဓိကကျတယ်ဆိုတဲ့၊ မိဘတယောက်ရဲ့ဆန္ဒကို တင်ပြသွားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ။ ညီမလေး မြတ်သွယ်ခြူးခြူးကို ဖိတ်ခေါ်ပါတယ်။]

စကားဝိုင်းဆွေးနွေးပွဲ – ၃

## ပညာရေးအရည်အသွေး

မြတ်သွယ်ခြူးခြူး

လက်ရှိပညာရေးကို သမီးအနေနဲ့ ပြောမယ်ဆိုတော့၊ သမီးအနေနဲ့ ဒီပညာသင်ကြားတာ စိတ်ဖိစီးမှုပဲများခဲ့တယ်လို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆို သမီးတို့ ဆယ်တန်း စာမေးပွဲဖြေမှာ မိဘတွေကော၊ ကျောင်းသူတွေကော၊ စိတ်ဖိစီးမှု တော်တော်များများခဲ့တယ်။ ၁၀ တန်းမှ မဟုတ်ဘူး။ သမီးတို့ အိမ်မှာရှိတဲ့ သမီးညီမလေး ၆ တန်း၊ မောင်လေး ၄ တန်း၊ အရွယ်နဲ့မလိုက်အောင် သူတို့ပညာရေးပဲ ဦးစားပေး သင်ကြားခဲ့ရပါတယ်။ ဒီ ၃ လအပိတ်မှာ နားရက်မရှိဘဲ ကျူရှင်၊ အပြင်ကျူရှင်၊ ကျောင်းစာ၊ သူတို့မှာ ကစားချိန်၊ ဒီလိုမျိုး သူငယ်ချင်းတွေနဲ့ မိဘတွေနဲ့ ထိတွေ့မှုအချိန်တောင်မှ မရှိဘဲနဲ့ သူတို့မှာ စာချည်းချည်းပဲ ဦးစားပေးရတဲ့ပညာရေးဟာ သူတို့အတွက် ဘာကောင်းကျိုးရှိတုန်းလို့ သမီးတို့မှာ ဝေဖန်လို့ မတတ်အောင် လက်ရှိပညာရေးက ဇဝေဇဝါ ဖြစ်စေတယ်။

သမီးက ကျောင်းသူအနေနဲ့ပေါ့နော်။ ဒီရဲ့လက်ရှိပညာရေးက တော်တော်စိတ်ဖိစီး မှုများတယ်။ ဘယ်လိုများတုန်းဆို သမီးက ၁၀ တန်း နားလိုက်တယ်။ နားလိုက်ပြီးတော့ အိမ်မှာ ဘယ်လို အပြောခံရတုန်း ဆိုတော့၊ "နင် ပညာ မတတ်ဘဲနဲ့ ဘာလုပ်စားမှာတုန်း။" ဒီ ပညာကတော့ သမီး ၁၀ တန်း အောင်လို့ တက္ကသိုလ်တက်တဲ့အခါ သမီးတတ်ထားတဲ့ ပညာက သမီးအတွက် ဘာကောင်းကျိုး ရှိမှာတုန်း။ သမီးဝါသနာမပါတဲ့ ဘာသာရပ် တခုကို သင်ကြားပြီးရင်လည်း ဒီ သင်ကြားတဲ့ဘာသာရပ်က သမီးအတွက် ဂုဏ်လေးပဲ ရှိစေပြီးတော့ အဲဒီပညာရေးက အသုံးမဝင်ဘူး ဆိုရင် ဒီပညာရေးဟာ၊ သမီးအတွက် တော်တော်လေးကို ဇဝေဇဝါ ဖြစ်တာပေါ့နော်။ ဘယ်လိုပညာရေးတုန်း၊ ဝေဖန်ရအောင်ပေါ့။

လက်ရှိပညာရေးကို ပြောရရင် အများကြီးပါပဲ။ လက်ရှိ ပညာရေးကြောင့် ကျောင်းသူအချို့မှာ သူတို့ရဲ့ ဝါသနာပါတဲ့ ဘာသာရပ်တွေကို သင်ကြားခွင့်မရဘူး။ ဘာလို့တုန်းဆို အမှတ်စနစ်နဲ့ ခွဲခြားတယ်။ အခု လက်ရှိမှာ သူတို့ပညာရေး ပြောင်းလဲမှု လုပ်ပြီဆို။ ဒီ ၁၀ တန်း အောင်ပြီးရင် ဝင်ခွင့်ဖြေမယ်လို့ ပြောတယ်။ အဲဒီဝင်ခွင့်နဲ့ပတ်သက်တဲ့ သတင်း အချက်အလက်တွေကို၊ သမီးတို့ ကျောင်းသူကျောင်းသားမှာ အတိအလင်း ပြဌာန်းတာလည်း မရှိသေးတဲ့အတွက် ကျောင်းသူကျောင်းသားတွေ အနေနဲ့၊ သမီးတယောက်အနေနဲ့ ၁၀ တန်းအောင်ပြီး ဘာကိုဆက်လုပ်မယ် ဘာတက်ရမယ်ဆိုတာ အခုထိ သမီးကိုယ်တိုင်က ဇဝေဇဝါ ဖြစ်ရတာပေါ့နော်။

လက်ရှိပညာရေးကြောင့်ပဲ မိဘအသိုင်းအဝိုင်း။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာလည်း မျက်နှာငယ်ခဲ့ရတယ်။ ဒီပညာရေးကတော့၊ ဒီပညာနဲ့ ကိုယ့်ဘဝကို တိုးတက်အောင် ဘာလုပ်နိုင်လဲ။ ဒီပညာရေးက ကိုယ့်ကိုယ် ဘယ်လောက်ထိ ဆွဲခေါ်သွားမလဲ။ ဘဝအမြင့်ဆုံးကို ဆွဲခေါ်နိုင်တဲ့ ပညာရေးကို သမီး အခုထိ ရှာမတွေ့သေးပါဘူး။

သမီး ဘာလုပ်လဲဆို ဆရာမ ပေးတဲ့ စာကျက်တယ်။ ပြီးရင် ဒါပဲ ကျက်၊ ဒါပဲ လုပ်။ သချာင်္တွက်ရင်လည်း ကိုယ်ပိုင် အတွေးနဲ့ မတွက်နဲ့။

အမှတ်ပေး စည်းမျဉ်းနဲ့ မညီဘူး။ ဒီ ပညာရေးဟာ သွတ်သွင်း ထားတဲ့ ပညာရေးတရပ်လို့ပဲ ကျောင်းသူ တယောက်အနေနဲ့ မြင်ပါတယ်ရှင့်။

သမီးတို့ကျောင်းသူကျောင်းသားတွေအနေနဲ့ ကိုယ်ပိုင်တွေးခေါ် ထားတဲ့ ပညာရေးတရပ်ကို မရဘူးဆိုရင် သူ့ရဲ့ကိုယ်ပိုင်အရည်အချင်းတွေ ကို ဘယ်လိုလုပ်ပြီး ဒီတိုင်းပြည်တိုးတက်အောင် သူ့ရဲ့ပညာရေးနဲ့ လုပ် မလဲပေါ့နော်။ ကျောင်းသူကျောင်းသားတွေရဲ့ ဖွံ့ဖြိုးနိုင်စွမ်းလည်း မရှိ၊ ဆန်းသစ်တီထွင်မှုလည်း မရှိဘဲနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိ ပညာရေးက မြန်မာနိုင်ငံကို တိုးတက်အောင် မလုပ်ဆောင်နိုင်ဘူးလို့ ကျောင်းသူ အနေနဲ့ ထင်မြင်မိပါတယ်ရှင့်။

နောက်ပြီး သမီးတို့ အခုဝင်ခွင့်ဖြေမယ့် ဘာသာရပ်မှာ တိုင်းရင်း သား အနေနဲ့လည်း အခက်အခဲအများကြီး ရှိပါတယ်ရှင့်။ ဝင်ခွင့်အနေနဲ့ ဖြေမယ်ဆို အခုထိ သတင်းအချက်အလက် မပေးသေးတဲ့အတွက် သမီး တို့မှာ ဘာကို သင်တန်းတက်ထားရမယ်။ ကိုယ်ဝါသနာပါတဲ့ဟာကို ဘယ်လိုလေ့လာရမယ်ဆိုတာလည်း အခုထိ တိတိကျကျ မသိတဲ့အတွက် အခက်အခဲအများကြီး ဖြစ်ရပါတယ်ရှင့်။

တိုင်းရင်းသားမှာဆိုရင် ပညာကို မသင်ချင်လောက်အောင်၊ တိုင်းရင်းသား အများစုမှာ တွေ့ရပါတယ်ရှင့်။ သမီးတို့ သူငယ်ချင်းက ဆယ်တန်း အောင်ပြီးပြီ။ ဒါပေမဲ့ တက္ကသိုလ် ဆက်မတက်ဘူး။ ဘာလို့ တုန်းဆို တက္ကသိုလ် တက်ပြီးတော့ ဒီပညာနဲ့ သူလုပ်စားမှာ မဟုတ်ဘူးတဲ့။ သူ့ရဲ့ မိခင်စီးပွားရေး၊ မိဘလုပ်တဲ့ အလုပ်အကိုင်ပဲ သူတို့ လုပ်စားမယ်။ ဒီပညာက သူ့အတွက် အသုံးမဝင်ဘူး ဆိုပြီးတော့ တက္ကသိုလ် ဆက် မတက်တဲ့ သူငယ်ချင်းတွေလည်း အများကြီး ရှိပါတယ်ရှင့်။

လက်ရှိပညာရေးကို ပြောင်းလဲဖို့ဆိုရင် ဆရာ၊ ဆရာမအား၊ မိဘအား၊ ကျောင်းသူကျောင်းသားအား၊ အားလုံး အားသွန်ခွန်စိုက် ပြုလုပ်မှပဲ ဒီပညာရေးကို လက်တွေ့ပြောင်းလဲမှပဲ၊ အားလုံးပါဝင်ပြီး ပြောင်းလဲမှပဲ ဒီပညာရေးကတိုးတက်ပြောင်းလဲမယ်လို့ ထင်ပါတယ်ရှင့်။

လက်ရှိပညာရေးထက် ပိုမိုကောင်းမွန်တဲ့၊ ကျောင်းသူ ကျောင်းသား ကိုယ်ပိုင်အတွေးနဲ့ တွေးခေါ်တဲ့ ပညာရေး၊ သူတို့ရဲ့ဝါသနာကို လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့် ရှိတဲ့ ပညာရေး ဖြစ်ဖို့ဆိုရင် အကုန်လုံး အား လိုပါတယ်လို့ ပြောချင်ပါတယ်ရှင့်။

---

**ဆရာမ ဒေါ်သူသူမာ –**

ပညာရေးစနစ်က သူတို့ရဲ့ဘဝတွေကို မသေချာ မရေရာမှုတွေ အများကြီးဖြစ်စေတဲ့ဟာကို တင်ပြသွားတဲ့အတွက် ညီမလေးကို ကျေးဇူးတင်ပါတယ်။

---

## ပညာရေး အရည်အသွေးအပေါ်
### မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များ

**မေးခွန်း (၁)**

ကျမနာမည် ဒီသဇ္ဇာမောင်လို့ ခေါ်ပါတယ်။ ကျမ အရမ်းသိချင်တာ မေးခွန်းနှစ်ခု ရှိတယ်။ ပထမတခုက ဟိုတလောက ကျမတို့ ဗျည်းအက္ခရာ ၃၃ လုံးမှာ တချို့စကားလုံးတွေကို ဖြုတ်ပြီးသင်မယ်လို့ ပြောတဲ့အပေါ်မှာ ဆရာ/ဆရာမတွေကော ပညာရှင်တွေဘက်ကကော ဝေဖန်သံတွေအများကြီး ထွက်လာတယ်။ အကယ်၍ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်မယ်ဆိုရင်၊ ဒုက္ခရောက်မှာက လက်ရှိပညာသင်ကြားနေတဲ့ ကျောင်းသားတွေက အခက်အခဲအများကြီး တွေ့သွားနိုင်တယ်။ ဘာလို့လဲဆိုတော့ ခေါက်ရိုးကျိုးနေတဲ့စနစ်အတိုင်း သွားနေတဲ့ အတွက်ကြောင့်မို့ ရုတ်တရက်ပြောင်းလဲလိုက်မယ်ဆိုရင် ဒီပေါ်မှာ သူတို့ဟာ လိုက်ပါနိုင်ပါ့မလား။ အကယ်၍ သူတို့ကို လိုက်ပါနိုင်အောင် ဘယ်လိုမျိုး ဆွဲခေါ်တွဲခေါ်မလဲဆိုတဲ့အပေါ်မှာလည်း မေးခွန်းမေးချင်ပါတယ်။ ကျမတို့က ပြောင်းလဲတယ်ဆိုရင် ဒီအပြောင်းအလဲပေါ်မှာ လိုက်ပါနိုင်အောင် သူတို့ကို ဘယ်လိုဆွဲခေါ်မလဲဆိုတဲ့အချက်ကို သိချင်ပါတယ်။ နောက်တခုက ဘာသာရပ်ဆိုင်ရာပြဿနာတွေပါ။ ကျမတို့ဆီမှာ ဖြစ်နေတဲ့ ပြဿနာတွေက Physics တို့၊ Chemistry တို့၊ သမိုင်းတို့၊ မြန်မာတို့နဲ့ ကျောင်းပြီးရင်၊ ဒါ ပညာတတ်လို့ ယူဆတာ မဟုတ်ပါဘူး။ ဒေါက်တာဘွဲ့ရမှ ဆရာဝန်ဖြစ်မှ၊ အခု

နောက်ဆုံး အင်ဂျင်နီယာတောင် သူတို့က ပညာတတ်လို့ ယူဆတဲ့ထဲမှာ မပါပါဘူး။ ဒါ ဘာဖြစ်သလဲဆိုတော့ ပညာရပ်ဆိုင်ရာပြဿနာတွေမှာ ဘာသာရပ်တခုနဲ့တခု တန်းတူတန်ဖိုးထားမှု မရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ တန်းတူတန်ဖိုးထားအောင် တန်ဖိုးတွေကို ဘယ်လိုညှိယူကြမလဲဆိုတာလည်း သိချင်ပါတယ်ရှင့်။

---

**ဒေါက်တာသန့်လွင်မောင် (တဲ်ရေးဆရာကိုတာ) –**

"ဘာသာရပ်တွေအပေါ် မူတည်ပြီး ပညာ တတ်လား၊ မတတ်လား။ ဘွဲ့ရလား၊ မရလား ဆုံးဖြတ်ပါတယ်။ အင်ဂျင်နီယာဘွဲ့ ရတောင်မှ ပညာတတ် မဟုတ်ပါဘူး။ နိုးနိုးဘွဲ့ရရင်လည်း ပညာတတ်မဟုတ်ပါဘူး" ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး comment ပေးမှာ ဖြစ်ပါတယ်။

တတ်ရင် အထင်သေးမှာ မဟုတ်ပါဘူး။ တကယ်တမ်း တတ်မှပါ။ ကျနော့်ရဲ့ ပထမဆုံး slide မှာ ပါသွားတယ်။ ဘွဲ့ရတာဟာ equipping ပါ။ ဘွဲ့ရတာတို့၊ ဘွဲ့လက်မှတ် တပ်ဆင်တာတို့ဟာ ပညာမှ မဟုတ်တာ။ ကျနော် ပြောတာ၊ ဘယ်သူမှ အပြစ်တင်တာ မဟုတ်ဘူး။ မဟုတ်တာတော့ မဟုတ်ဘူးဘဲ။ တကယ်တတ်ရင် ရမှာပေါ့။ ကျနော် ရေးတဲ့ထဲမှာ ပါတယ်။ "Intelligence, capable of being applied in any field whatever" ဆိုတာလေ။ ဉာဏ်ကို တပ်ဆင်ပေးတာကိုး။ ကျနော်တို့က ဉာဏ်ကို တပ်ဆင်ပေးတာမှ မဟုတ်တာ။ ဉာဏ်တပ်ဆင်ပေးနိုင်ရင်တော့ ဘယ်နေရာဖြစ်ဖြစ် လုပ်လို့ရတယ်။ ကျနော့်မှာ သား ၃ ယောက် ရှိတယ်။ သူတို့သင်တဲ့ဟာနဲ့ လုပ်တာနဲ့ ဘာမှမဆိုင်ဘူး။ ဒါပေမဲ့ သူတို့ကို သူတို့ ကျောင်းက ဉာဏ်တခု တပ်ဆင်ပေးလိုက်တာ ရှိတယ်။ ယုံကြည်မှု တပ်ဆင်ပေးလိုက်တယ်။ အင်ဂျင်နီယာလုပ်တဲ့သူက furniture factory တခုလုပ်တယ်။ စဉ်းစားတတ်တော့ လုပ်လို့ ရတာပဲ။

တယောက်က MS Engineering ပေါ့။ ဒါပေမဲ့ သူက restaurant တခု လုပ်တယ်။ လူတွေကို contribute လုပ်နိုင်ရင် အဲဒါကို ပညာလို့ ဘာလို့ မခေါ်နိုင်ရမှာတုန်း။ "Intelligence, capable of being applied in any field whatever." ကျနော်တို့က သူများနိုင်ငံလို ကျနော်တို့ ပညာရေးကို အဲလို ဖြစ်ချင်တာ။ ဖြစ်အောင် လုပ်မယ်ပေါ့။ လုပ်လို့ ရပါတယ်။ ဒါပေမဲ့ အချိန်တော့ ယူရမှာပေါ့။ ဥပမာ ကျနော်တို့က ၁၇၊ ၁၈ အရွယ် နှစ်နှစ်လောက်မှာ ဒီလူငယ်ကို ပညာတပ်ဆင်ပေးလိုက်မယ်။ ဉာဏ်တပ်ဆင်ပေးလိုက်မယ်။ ဘယ်လို လုပ်မလဲဆိုတော့ စာအုပ်တွေနဲ့ လုပ်မယ်။ ပညာသင်တယ် ဆိုတာက လူငယ်ဘဝနဲ့ လူကြီးဘဝနဲ့ ကြားထဲက Space ကြီးကို ပြောချင်တာ။ အဲဒီမှာ တပ်ဆင်နိုင်ဖို့ လုပ်ရမှာပေါ့။ အဲလိုလုပ်ဖို့ ကျနော်တို့က ပြောနေတာလေ။

* * *

**ဆရာမ ဒေါ်မေကိုကိုလွယ် –**

ပထမဆုံးမေးခွန်းဖြစ်တဲ့ ဗျည်းကိုလျှော့တယ်ဆိုတဲ့ဟာ။ တကယ်တမ်း ဗျည်းကို လျှော့တာ မဟုတ်ပါဘူး။ ဗျည်း ၈ လုံးကို ကလေးတွေကို သင်တဲ့ အခါမှာ၊ အခြားဗျည်းကို သင်ပြီးမှသာ ဒီဗျည်း ၈ လုံးကို ကျောင်းဖွင့် ဖွင့်ချင်း မသင်ဘဲနဲ့ ၃ လနေပြီးမှသာလျှင် KG ကလေးကို သင်ပေးရမယ် လို့၊ သတ်မှတ်ထားတာပါ။ လုံးဝ မသင်ဘဲ ချန်ခဲ့တာ မဟုတ်ပါဘူး။

---

**မေးခွန်း (၂)**

ကျွမကတော့ ဒေါက်တာနန်းအေးဆွေ ဖြစ်ပါတယ်။ ကျွမက တောင်ကြီးတက္ကသိုလ်၊ သချ်ာပါမောက္ခ ဌာနမှူးကနေ ပင်စင် ယူခဲ့ပါတယ်။ ကျွမ အခု တင်ပြချင်တာကတော့ ပညာရေးနိမ့်ကျရခြင်း အကြောင်းရင်းက Chapter End Test စနစ်ကို ကျင့်သုံးခဲ့တာ ကြာပြီပေါ့နော်၊ အဲဒီစနစ်ကို ကျွမတို့က ပြောင်းလဲပစ်မှ ရမယ်လို့ ကျွမကတော့ မြင်ပါတယ်။ တလကို တကြိမ်ပဲ မေးတယ်။ နောက်တလ မမေးတော့ဘူး။ နောက်တလ မမေးတဲ့အတွက် ကလေးတွေမှာ ဉာဏ်ရည်ဖွံ့ဖြိုးမှုဆိုတာ လုံးဝမရှိပါဘူး။

---

**ဒေါက်တာသန့်လွင်မောင် (စာရေးဆရာကိုတာ) –**

ဆရာမကြီးနဲ့ သဘောတူတူပါပဲ။ ကျနော့်ကျောင်းမှာလည်း မနှစ်က Chapter End Test အစစ်ခိုင်းတယ်။ ခုကျွရောက်တာပဲ။ ဒါပေမဲ့ မြို့နယ်ပညာရေးမှူးက လာလာစစ်တယ်ဗျာ။ လာစစ်ပြီးမှ သူက အသိအမှတ်ပြုတာကိုး။ ဒီစနစ်ကို ပြုပြင်ပြောင်းလဲဖို့ သဘောတူပါတယ်။

---

**မေးခွန်း (၃)**

ကျနော်က ကျောက်ဆည် နည်းပညာ တက္ကသိုလ်က လက်ထောက် ကထိကကနေ အနားယူလိုက်ပါတယ်။ ကျနော်မေးချင်တာက ဆရာများရဲ့အပိုင်း။ အရေးအတွက် ထက် အရည်အချင်းက ရှိဖို့လိုအပ်တယ်ဆိုတာ။ အဲဒါ ဆရာရဲ့အရည်အချင်းကို ဘယ်လိုများမြှင့်တင်ပေးမယ်ဆိုတာ၊ ဘယ်လိုသင်တန်းမျိုးပေးမယ်ဆိုတာ သိချင်တယ်။ ကျနော်လည်း ဆယ်တန်း သင်ပါတယ်။ ဆယ်တန်းတွေဆိုလို့ရှိရင် ဘယ်အခန်းကနေဘယ် အခန်းအထိကျက်တယ် ဆိုရင် အောင်မှတ်။ ဘယ်အခန်းကနေ ဘယ်အခန်းအထိ ကျက်တယ်ဆိုရင် ဂုဏ်ထူးမှတ်ပေါ့နော်။ အဲလိုသင်ကြားနေတဲ့ ဆရာတွေလည်း ရှိပါတယ်။ အဲဒီစနစ်တွေကို ဘယ်လိုပြင်မလဲဆိုတာ ကျနော်သိချင်ပါတယ်။

---

**ဒေါက်တာသန့်လွင်မောင် (စာရေးဆရာ ကိုတာ) –**

တယောက်က ဆရာများအရည်အချင်းကို ဘယ်လိုမြှင့်မှာလဲ ပေါ့လေ။ ဆရာအရည်အချင်းမြှင့်ရမှာပဲ။ အပြင်ကလူနဲ့ ပူးပေါင်းလုပ်ဖို့ စဉ်းစားမှာလား။ NGO တွေနဲ့ ပေါင်းမှာလား။ အခု Thinking Classroom Foundation ပေါ့လေ။ ကျနော်တို့ပြည်တွင်းမှာ အဲဒါမျိုး ရှိတယ်။ ဘုန်းတော်ကြီးကျောင်းလည်း ရှိပါတယ်။ အကုန်လုံး absorb လုပ်လို့ရပါတယ်။

အင်္ဂလန်တို့ ဘာတို့မှာလည်း၊ အဲလိုဟာတွေရှိတယ်။ ပထမ ခန့်လိုက်တော့ ဆွဲခန့်ပဲ ဆိုပါတော့။ ၂ နှစ်လောက်မှာ သူတို့ လုပ်ငန်းခွင်မှာ ရှိတယ်။ ၂ နှစ် ၃ နှစ် လောက်မှာ အရည်အချင်း စစ်ပြီး ဆရာဖြစ် ကောက်တင်ပေးလိုက်တယ်။

ကျနော်က ပညာရေး ပြုပြင်ပြောင်းလဲဖို့ ဆိုရင် အင်တာဗျူးတခုမှာ ပြောခဲ့တယ်။ အခုလက်ရှိ ပညာရေးဌာနက အရာရှိတွေနဲ့ ဖြစ်မှာမဟုတ်ဘူး။ သူတို့က တော်ပါတယ်။ ကျနော့်ထက် တော်မှာပေါ့။ ဒါပေမဲ့ ပြဿနာက သူတို့မှာက စိတ်ကူးစိတ်သန်း မရှိတာ။ ဘာလို့တုန်းဆို ခေါက်ရိုးကျိုးနေတာ။ System က ပျက်နေတယ်။ Creative ဖြစ်တဲ့ innovative ဖြစ်တဲ့၊ practice ရှိနေမှ၊ ကျနော်တို့က ကျော်လွှန်နိုင်မှာပါ။ ဝိုင်းလုပ်မှ ရမှာပါ။ ကျနော်တို့လည်း ဝိုင်းလုပ်ချင်ပါတယ်။ ဒါပေမဲ့ ဝိုင်းလုပ်ခွင့် ရချင်မှ ရမှာပေါ့။ သူတို့ ကလည်း ခက်တာက သူတို့မှာ အဲဒီအသိုင်းအဝိုင်းထဲမှာ၊ ဒါပဲ နစ်မြုပ်နေတော့ စိတ်ကူးစိတ်သန်းတွေ ခေါက်ရိုးကျိုး။ အဲလို ဖြစ်နေတယ်။

## မေးခွန်း(၄)

ကျမ ပညာရေးကောလိပ်က ဆရာမကို မေးခွန်းမေးချင်လို့ပါ။ ဆရာမ ပြောသွားတဲ့ထဲက၊ ပညာရေးနိမ့်ကျရခြင်းအကြောင်းရင်းတခုက၊ သင်ယူသူ မသင်ယူတတ်တဲ့ပြဿနာကြောင့်လို့ ပြောပါတယ်။ အဲလိုပြောတဲ့အချိန်မှာ ကျမ နားလည်သလောက်ကတော့ သင်ယူသူ မသင်ယူတတ်တာ ဆရာ၊ ဆရာမဆီမှာ တာဝန်အရှိဆုံးပါ။ အဲဒါကြောင့် ဆရာ၊ ဆရာမသည် သည်ကျောင်းသားတယောက်ကို ဘယ်လိုသင်ရမယ်ဆိုတဲ့ skill ကို သင်တတ်ဖို့အတွက် ပိုပြီးအရေးကြီးတာ။ မေးခွန်း (၁) က ပညာရေးကောလိပ်ကနေ၊ ဆရာ ဆရာမတွေကို train လုပ်တဲ့အခါမှာ how to think and how to learn ဆိုတာကို သင်ပေးပါသလား။ မေးခွန်း (၂) က သင်ပေးတယ်ဆိုရင် ကောလိပ်က သင်ပေးလိုက်တဲ့ဟာတွေက ကျောင်းခန်းတွေဆီ ကျောင်းသူကျောင်းသားသင်ယူသူတွေဆီ၊ practice လုပ်နိုင်လောက်အောင် မရောက်ဘူးဆိုရင် ဘာကြောင့် ဒီ knowledge ကြီးက၊ ဒီ practice ကြီးက ကလေးတွေဆီကို မရောက်ရသလဲလို့ ဆရာမရဲ့သုံးသပ်ချက်။ ပြီးရင် အကယ်၍ မရှိဘူးဆိုရင် ပညာရေးကောလိပ်မှာ ဆရာ၊ ဆရာမတွေကို how to think and how to learn ကို သင်ပေးတဲ့ နည်းစနစ် practice လုပ်ပေးတဲ့ဟာ မရှိဘူး ဆိုရင် ဆရာမအနေနဲ့ ဘယ်လိုများ လုပ်လို့ရမယ်လို့ ထင်ပါသလဲ။ ဒီ ၃ ချက်လေး ဖြေပေးပါ။

* * *

## မေးခွန်း( ၅ )

ကျနော်မေးတဲ့ မေးခွန်းကလည်း၊ ခုနက ဆရာမမေးတဲ့ မေးခွန်းနဲ့ တူမယ်ထင်တယ်။ ပညာရေးကောလိပ်က ဆရာမကိုပဲ မေးချင်ပါတယ်။ ခုနက ဆရာမပြောလိုက်တယ်။ ဆရာမတွေပေးသလောက်၊ ကျောင်းသားတွေ မယူနိုင်တဲ့ပြဿနာလို့ပြောတယ်။ အဲဒါကို ကျနော်က အပြင်းအထန်

ကန့်ကွက်တယ်ဗျ။ ဘာလို့လဲဆိုတော့ ကျနော်တို့ နည်းပညာတက္ကသိုလ်တွေမှာ roll one နဲ့ ကျောင်းထွက်သွားတဲ့ ကျောင်းသားကို ဆရာမပေးသလောက် မယူနိုင်ဘူးလို့ ဆရာမ ယူဆပါသလား။ တစ်အချက်က။ ဒါပေမဲ့ နည်းပညာတက္ကသိုလ်က roll one ကျောင်းသားမှန်သမျှက အပြင်လုပ်ငန်းခွင်ထဲ ဝင်ဖို့အတွက် အခြားသင်တန်းတွေ၊ အခြားအထောက်အပံ့တွေ အများကြီး ယူပြီးမှ ဝင်လို့ရပါတယ်။ ဘယ်လုပ်ငန်းခွင်ကမှ နည်းပညာတက္ကသိုလ်မှာ Mechanical ဌာနမှာ၊ roll one ရခဲ့လို့၊ Civil ဌာနမှာ roll one ရခဲ့လို့ဆိုပြီးတော့ ချက်ချင်းခန့်လိုက်တာ၊ အခုချိန်ထိ မတွေ့ခဲ့ဘူးပါဘူး။ နောက်တခုက ဆရာမတွေရဲ့ အရေအတွက်တွေကို လျှော့ပြီး အဲ့ရည်အချင်းရှိတဲ့စနစ်ကို ဆရာမအနေနဲ့ ဖြစ်စေချင်တယ်ဆိုတော့ ကျနော်ပြောချင်တာက အရေအတွက်ကော အရည်အချင်းကော လိုအပ်ပါတယ်။ ကျနော်တို့ အခု ကျနော်တို့နိုင်ငံမှာ အဓိကဖြစ်နေတာက ဆရာ မလောက်ငတဲ့ပြဿနာပါ။ သူများနိုင်ငံမှာ စာသင်သားအယောက် ၂၀ လောက်နဲ့၊ ဆရာ ၁ ယောက်နဲ့ သင်နေတဲ့အချိန်မှာ ကျနော်တို့က အယောက် ၁၀၀ လောက်နဲ့၊ ဆရာ ၁ ယောက်နဲ့ သင်နေရပါတယ်။ အဲဒီနေရာမှာ ထပ်ပြီး အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးမယ်ဆိုလို့ ရှိရင် နှစ်ခုစလုံးကို ဦးစားမပေးဘဲနဲ့ အရည်အချင်းကိုပဲ ဦးစားပေးမယ်ဆိုလို့ရှိရင် ကျနော်တို့ရဲ့ လိုအပ်နေတဲ့ ဆရာ၊ ဆရာမတွေကို ဘယ်လိုများ လျှော့ချပေးနိုင်ပါ့မလဲဆိုတာ ကျနော် သိချင်ပါတယ်။

---

**ဆရာမဒေါ်မေကိုကိုလွင် –**

ဆရာမပြောတဲ့ထဲမှာ quantityကို လျှော့ချမယ်လို့ ပြောတာမဟုတ်ပါဘူး။ Quantity ထက် quality ကို ဦးစားပေးရမယ်လို့ ဆရာမ ပြောတာပါ။ အခုဆိုရင် ဆရာမတို့က ဆရာမအရေအတွက်ကလည်း ကျောင်းသားအချိုးနဲ့ မမျှပါဘူး။ ဒါပေမဲ့ ပညာရေးကောလိပ်ကို ဝင်ဆန့်

နိုင်တဲ့ အတိုင်းအတာကလည်း သတ်မှတ်တဲ့အတိုင်းအတာပဲ ဝင်ဆန့်လို့ ရပါတယ်။ ဥပမာ၊ ဒီတနှစ်မှာ ဘယ်လောက်သတ်မှတ်ထားတယ်ဆို အဲလောက်ပဲ ဆရာမတို့လက်ခံနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ အဲလိုအတွက် ကြောင့်မို့ ဒီပညာရေးကောလိပ်ကနေပြီးတော့ မွေးထုတ်လိုက်တဲ့ ဆရာ၊ ဆရာမတွေ မလုံလောက်တဲ့အတွက်ကြောင့်မို့ ပြင်ပကနေ ဆွဲခန့်တို့၊ ဆရာတို့ကို ခေါ်နေရတာပေါ့နော်။

တကယ်တမ်းတော့ ဆရာမအမြင် ပြောရမယ်ဆိုရင်တော့ အဓိက အရေးကြီးတဲ့ ဆရာအရင်းအမြစ်တွေ ဖြစ်တဲ့ ပညာရေးကောလိပ်တွေ၊ ပညာရေးတက္ကသိုလ်တွေ ဒီ့ထက်မက ပိုပြီး တိုးချဲ့ဖွင့်လှစ်သင့်တယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာမတို့ မြန်မာနိုင်ငံတနိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် ပညာရေး တက္ကသိုလ်က ၂ ခုပဲ ရှိပါတယ်။ နောက် ပညာရေးကောလိပ်တွေမှာဆိုရင်လည်း လိုအပ်တဲ့ ဆရာမအတိုင်းအတာ ဘက်စာရင် ပညာရေးကောလိပ်တွေ ထပ်ပြီးချဲ့မယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေပါတယ်။ ဒီနေ့စား လပေးတွေကို ခေါ်တာထက် တကယ် တက်ချင်တဲ့ ကလေးတွေကို ၁၀ တန်း အောင်ပြီးကတည်းက သူတို့ကို training လေ့ကျင့်မှုတွေ ပေးမယ်ဆိုရင် ပိုပြီးတော့ ထိရောက်မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ အခြားတဘက်ကနေ ကြည့်ရင်လည်း ဒီနေ့စား လပေးဆိုတဲ့ဟာမှာ သူတို့အတွက်၊ အမှတ် မမှီလို့ မဝင်လိုက်ရတာမျိုး၊ ဆရာဝါသနာ တကယ်ပါပြီးတော့ မဝင်လိုက်ရတဲ့ သူတွေအတွက် ဆိုတော့လည်း တခြားတဘက်ကနေကြည့်ရင်၊ အခွင့်အရေးလို့လည်း ပြောလို့ ရပါတယ်။

နောက်တခုက ဆရာမ တခု ပြောချင်တာက သင်ယူသူတွေ သင်ရင် အသင်မခံဘူးလို့ ဆရာမ ပြောတာ မဟုတ်ပါဘူး။ ဆရာမတွေ ကလည်း သင်နိုင်သလောက်တော့ ကလေးတွေကို သင်ပေးတာပါပဲ။ ဆရာနဲ့ ကျောင်းသား အချိုးမမျှဘဲ ကိုယ့်မှာ ရှိသလောက်တော့ ပေးတယ်။ ကိုယ် သင်နိုင်တဲ့ နည်းလမ်း၊ အကောင်းဆုံး ဖြစ်မယ်ဆိုတဲ့ နည်းလမ်းကို ဒေသကို လိုက်ပြီးတော့ ရွေးချယ်ပြီးတော့ ဆရာမတွေ သုံးတဲ့ အခါမှာ အခု ကလေးတွေက အခြားလူတွေ ပြောသလိုပဲ အိမ်မှာ၊

ကျောင်းမှာ သင်ရတယ်။ ကျူရှင်မှာ သင်ရတယ်။ ည guide တခါထပ် ပေးရတယ်။ Guide ပါ မကဘူး။

နောက် special guide ဆိုတာတွေ၊ အဲလိုတွေ ဖြစ်တဲ့အခါမှာ သူတို့မှာ၊ ကလေးတွေက အာရုံစူးစိုက်မှုနဲ့ သင်ကြားရတဲ့ အချိန်က မမျှတော့ဘူး။ သူတို့ရဲ့ ဦးနှောက်နဲ့ ဒီသင်ကြားရတဲ့ အချိန်တွေက အရမ်းများပြီး နားတဲ့အချိန်က မရှိတဲ့ အခါမှာ ကျောင်းမှာ ဘယ်လောက်ပဲ ပေးပေး၊ ဘယ်လောက် နည်းလမ်းကောင်းတွေနဲ့ပဲ ဆရာမတို့ ပေးသည် ဖြစ်စေ မရလိုက်တာမျိုးပေါ့။ အပေးနဲ့အယူ မမျှတာမျိုးတွေ လည်း ရှိနေပါတယ်လို့။ အဲလို ပြောချင်တာပါရှင့်။

## မေးခွန်း (၆)

ကျနော် Mr. Jim Connor ကို မေးချင်တာက၊ ကျနော်တို့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပညာရေးစနစ်ဟာ ဘယ်လို လူ့အဖွဲ့အစည်းအပေါ်မှာ ရပ်တည်သင့်ပါသလဲ။ ဖြေကြားပေးစေချင်ပါတယ်။

---

**ဂျိမ်းကော်နာ –**

တကယ်ပဲ ဒီမိုကရေစီပညာရေးအပြောင်းအလဲကို လိုချင်တာ ဆိုရင်တော့ ကျနော့်ရဲ့အတွေ့အကြုံအရ လူငယ်တွေကနေ စပြောင်းလဲဖို့ လိုအပ်ပါတယ်။ ကျနော်တို့တွေဟာ စာအုပ်တွေကနေရလာတဲ့ ပညာတခု တည်းနဲ့တင် အသက် ၁၈ နှစ် ၁၉ နှစ်အထိ ကြီးထွားလာခဲ့တဲ့သူတွေပါ။ အသက် ၁၈ နှစ်ကျော်သွားပြီဆိုရင် စာအုပ်ထဲက သင်မိုးတွေကနေ ထွက်ပြီး၊ လူ့အဖွဲ့အစည်းထဲဝင်ပြီးတော့မှ ဂရုစိုက်တတ်တဲ့၊ စာနာတတ်တဲ့၊ မျှဝေတတ်တဲ့၊ တာဝန်ယူတတ်တဲ့ဟာတွေကို ဖြည့်ကျင့်သုံးဖို့ လိုပါတယ်။ အသက် ၁၈ နှစ်မပြည့်ခင် ဒါတွေကို မလေ့ကျင့်ခဲ့ဘူးဆိုရင် ဒါဟာ အလွန်အကျွံ တောင်းဆိုရာ ကျပါလိမ့်မယ်။ ဒီအပြောင်းအလဲတွေမှာ သူငယ်လေးတွေကစပြီး ပြောင်းလဲဖို့အတွက် ကလေးတွေအနေနဲ့ သူတို့ ကိုယ်ဆုံးဖြတ်ချက်ချတတ်လာတဲ့အချိန်ကို ရောက်လာတဲ့အခါမှာ သူ့ရဲ့ ရွေးချယ်မှုနဲ့ ဆုံးဖြတ်ချက်တွေဟာ ပြည့်စုံသော၊ အကြောင်းအကျိုး ဆီလျော်သော၊ ဂရုစိုက်တတ်သော၊ မျှဝေခံစားတတ်သော၊ တာဝန်ယူ တတ်သော စိတ်ကလေးတွေ ဖြစ်လာဖို့အတွက် အခုကတည်းက ကလေး တွေကို အဲဒီ စိတ်တွေဖြစ်ပေါ်လာအောင် သင်ကြားပေးဖို့ လိုအပ်ပါတယ်။

---

**မေးခွန်း (၇)**

ဆရာတာကို ကျနော် မေးချင်တယ်။ ဆရာတာရဲ့ slide ထဲမှာ ပေါ့လေ။ ရိုကျိုးယုံကြည်တယ်ဆိုတဲ့ စကားလုံးဟာ ဆရာတာ ဘာသာပြန်ထားတာလား။ ဆရာတာ့ရဲ့ ကိုယ်ပိုင် စကားလုံး လား။ ဘာ့ကြောင့်လဲဆိုတော့လေ ရိုကျိုးခြင်းနဲ့ ယုံကြည်ခြင်း ဆိုတဲ့ စကားလုံးနှစ်လုံးဟာ ကျနော်တို့ မြန်မာစကားမှာ အဓိပ္ပာယ် ကွဲလွဲနေလို့ပါ။ နောက်တချက်က ဘယ်လို သင်မလဲ ဆိုတဲ့ slide ထဲမှာလည်း ဆရာတယောက်ရဲ့ အရည်အသွေးနဲ့ ပတ်သက်ပြီးတော့ ဆရာ slide လုပ်ထားတာလည်း တွေ့ရပါ တယ်။ ကျနော်တို့ မြန်မာနိုင်ငံရဲ့ ထုံးတမ်းစဉ်လာမှာ ဆရာ တယောက်က နာသုံးနာနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ အဲဒီ နာသုံးနာအပေါ်မှာ အခြေခံရင်ကော ဆရာတယောက်ဟာ အဆင်မပြေဘူးလားလို့ မေးခွန်းလေး မေးလိုပါတယ်။

---

**ဒေါက်တာသန့်လွင်မောင် (စာရေးဆရာ ကိုတာ) –**

ကြွရောက်လာတဲ့ ပရိသတ်တွေ စိတ်ထဲမှာ နှလုံးသွင်းဖို့က ကျနော်တို့က အခုစနစ်ကြီးကို လွန်ပြီးတော့ စဉ်းစားမှ ကောင်း မှာ။ ဒီအဟောင်းကြီးထဲရှိတဲ့ ပြဿနာတွေကို အနာဂတ်ကို မျှော်ကြည့်ပြီးမှ ပြောမယ်။ အခုရှိတဲ့ဟာနဲ့ မပြေလည်လို့ ပြေလည်အောင် အဲလိုစဉ်းစားရင် ကောင်းမယ်ပေါ့။

ရိုကျိုးယုံကြည်မှုက ကျနော့်စကားလုံးပါ။ ကျနော် စဉ်းစားကြည့်တယ်။ **Belief** ဆိုတာကို သက်ဝင်ယုံကြည်ခြင်း လို့ ပြန်ကြတယ်။ များသောအားဖြင့်တော့ ဘာသာတရားနဲ့

ပတ်သက်တယ်။ ဒါမှမဟုတ်ရင် ideology တခုနဲ့ ပတ်သက်တဲ့ဟာမျိုး။ အဲဒီယုံကြည်မှုထဲမှာ ရိုကျိုးမှုဆိုတာ ပါလာတယ်။ ယုံကြည်ရင် ရိုရိုကျိုးကျိုး မဟုတ်ဘဲနဲ့ မေးခွန်းထုတ်ပြီးတော့ ဖြစ်ဖို့ကောင်းတယ်လို့ ပြောချင်လို့။

နောက်တခုက နာသုံးနာပေါ် အခြေခံတဲ့ကိစ္စ။ ကျနော်ကတော့ နာသုံးနာပေါ် အခြေမခံဘူး။ ဆရာ၊ ဆရာမတွေဆိုတာ professional သမားတွေ။ သူတို့ ဝါသနာပါတာတော့ ပါရမှာပေါ့လေ။ ဆရာဆိုရင် နာရမယ်ဆိုပြီး ထင်ကတည်းက သွားပြီ။ ကျနော့်အမေက ဆရာမပါ။ ကျနော့်အမေက တခါမှ နာတယ်လို့ မပြောဖူးဘူး။ ဒေါ်အောင်ဆန်းစုကြည်ပြောသလို ကိုယ်လုပ်ချင်ရာ လုပ်တဲ့ကိစ္စကိုး၊ တကယ့်တကယ်ကြတော့။ ဆရာတွေကို နာစရာ မလိုအောင် လုပ်မှကောင်းမယ်လို့ ပြောချင်တာပါ။

---

**မေးခွန်း (၈)**

ကျနော်ကတော့ ဆရာကြီး ဒေါက်တာသန့်လွင်မောင်ကို မေးချင်ပါတယ်။ Test less, learn more... နောက် ဟင်းကို မြည်းရင်းချက်တဲ့နည်းကို သုံးပါလို့ ပြောပါတယ်။ ပညာကို အရည်အချင်းစစ်တဲ့အခါမှာ အဲလို သုံးပါ။ ဒါကို ကျနော် အရမ်း သဘောကျတယ်။ ဒါပေမဲ့ ကျနော်တို့ကိုယ်တိုင် သင်ရတဲ့အခါမှာကျတော့ ကျောင်းသားကို ကျနော်တို့က သူတို့နဲ့ ဆွေးနွေးတယ်။ သူတို့က ပြန်မေးတယ်။ ပြန်ဖြေတယ်။ အမေး၊ အဖြေ လုပ်ပါတယ်။ အဲဒါဟာ မှားလား၊ မှန်လားဆိုတာ ဖြေကြားပေးပါ။

---

**ဒေါက်တာသန့်လွင်မောင် (စာရေးဆရာ ကိုတာ) –**

ဖင်လန်မှာ ၆ တန်းအထိ စာမေးပွဲ မစစ်ဘူး။ အတန်းထဲမှာ မေး၊ ဖြေတာကို ပြောတာမဟုတ်ဘူး။ အဆုံးသတ်စာမေးပွဲကို ပြောတာ။ အခုလို ၄ တန်း၊ ၈ တန်းကို အပြင်ကဆရာတွေ လာစစ်တဲ့စာမေးပွဲမျိုး နည်းမှဖြစ်မယ်။ လုံးဝမရှိရဘူးလို့ ဆိုလိုတာတော့ မဟုတ်ဘူး။ Summative က နည်းနည်းတော့ ရှိရမယ်။ နည်းမှ ကောင်းမယ်လို့ ဆိုလိုတာပါ။ Standardized Test ရှိရမယ် ဆိုတာတွေ ရှိပါတယ်။

ကျနော့်မှာ ကျောင်း ရှိတယ်။ ၄ တန်းနဲ့ ၈ တန်းကို စာမေးပွဲအောင်အောင် လုပ်ကြရတယ်။ ကျနော်က test less, learn more ကို ကြိုက်ပါတယ်။ ဗီမလာခင်ဘဲ ပညာရေး

သုတေသနဗျူရိုက Deputy DG လား မသိဘူး။ လက်ဖက်ရည်ဆိုင်မှာ တွေ့တယ်။ သူက စာမေးပွဲ စစ်တာကို "တတ်အောင်သင်၊ အောင်အောင် စစ်" တဲ့။ ကျနော် စဉ်းစားမိတယ်။ တတ်အောင်သင်မှတော့ အောင်အောင်စစ်စရာ မလိုတော့ဘူး။ ကျနော်တို့ အခုစာမေးပွဲစနစ်ကိုပဲ ဒေါ်အောင်ဆန်းစုကြည်က ပညာရေးသုတေသနဗျူရိုကို နိုင်းတယ်လို့ပြောတယ်။ လေးတန်းစာမေးပွဲက ဘယ်လိုနေသလဲ။ မိဘတွေက ဘယ်လိုမြင်သလဲပေါ့။ Research လုပ်နိုင်းတယ်ပေါ့။ ဒါပေမဲ့ ပညာရေးဌာနက ဆရာတွေက သူတို့လုပ်တာဆိုတော့ အကုန်ကောင်းတယ်လို့ ချည်း ဖြေတာပဲတဲ့။

---

**မေးခွန်း (၉)**

ပညာရေးကောလိပ်မှာ တာဝန်ထမ်းဆောင်တဲ့အခါမှာ၊ အထက်အောက်ယဉ်ကျေးမှုတွေ များနေတယ်လို့ သိရပါတယ်။ ဒီယဉ်ကျေးမှုကို ဘယ်လိုပြင်မလဲဆိုတာ ကျနော် သိချင်ပါတယ်။

---

**ဒေါက်တာသန့်လွင်မောင် (တရေးဆရာ ကိုတာ) –**

အထက်အောက်ယဉ်ကျေးမှုကို ဘယ်လိုပြင်မလဲလို့ မေးသွားတယ်။ ဆရာတွေက လွတ်လွတ်လပ်လပ် ရှိလို့ရှိရင်၊ တကယ်တတ်တဲ့သူတွေဖြစ်သွားရင် Quality Assurance System တပ်ဆင်ပေးရင် အဲဒီယဉ်ကျေးမှု ပျောက်ရမယ်။ ဖားစရာလည်း မလိုဘူးလေ၊ မေးခွန်းကို သိပ်တော့နားမလည်ဘူး။ ဆရာတွေက အောက်ဆုံးရောက်နေတဲ့သဘောလား။

---

**မေးခွန်း (၁၀)**

ပညာရေးကောလိပ်က ဆရာ၊ဆရာမတွေ အရည်အချင်းပြည့်မှ၊ အခြေခံပညာက ဆရာ၊ဆရာမတွေ အရည်အချင်းပြည့်မယ်ဆိုတော့၊ ပညာရေး ကောလိပ်က ဆရာ၊ ဆရာမတွေ၊ အရည်အသွေး မြှင့်တင်ရေး အစီအစဉ်များ ဘယ်နှစ်ကြိမ် လုပ်သလဲဆိုတာ ကျနော် သိချင်ပါတယ်။ နောက်တခုက လောလောဆယ် ဖြစ်နေတဲ့ ဆွဲခန့်ဆရာတွေကို ရာထောင်ချီပြီးတော့ training ပေးနေတာတွေသည် အခြေခံကို သွားမယ့် ဆရာ၊ ဆရာမတွေအနေနဲ့ သင်ကြားသင်ယူမှုမှာ ဘယ်လောက် ဖြစ်ထွန်းနိုင်သလဲ။ အကျိုးရှိသလဲဆိုတာကို သိချင်ပါတယ်။

---

**ဆရာမဒေါ်မေကိုကိုလွှယ် –**

ဆရာမတို့မှာ အရည်အသွေးတွေ မြှင့်အောင် အစီအစဉ်တွေ ဘယ်လို လုပ်မလဲဆိုတာကတော့ ဆရာမတို့အနေနဲ့ထက်၊ ဒီသက်ဆိုင်ရာ တာဝန်ရှိတဲ့ ပညာရှင်တွေ၊ ပညာရေး တိုးတက်အောင် လုပ်နေတဲ့ ပညာရှင်တွေနဲ့ နိုင်ငံတော်ရဲ့ပံ့ပိုးမှုတွေ၊ အစီအစဉ်တွေနဲ့ လုပ်ဆောင်ပေးဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။ ဆရာမတို့ ဆရာမတယောက်အနေနဲ့ ဘာမှလုပ်ဆောင်နိုင်တဲ့ အခွင့်အရေးဆိုတာ မရှိပါဘူး။

ဒီဆွဲခန့်ဆရာမတွေကို အခုဆို ဆရာမတို့က ပြန်ပြီး သင်တန်း ပို့ချရပါတယ်။ အဲဒီမှာ အကျိုးသက်ရောက်မှု ရှိပါသလားဆိုတာတော့ အခုသင်ရတာ၊ နွေစားလပေးတွေကို နွေရာသီမှာသင်ရတာပဲ။ ဆရာ၊ ဆရာမ အရေအတွက် ၁၄၀၀ ရှိပါတယ်ရှင့်။ ၁၄၀၀ မှာ ဆရာမတို့ သင်ရတဲ့ တခန်းတခန်းမှာ ဝင်ဆန့်တဲ့ ဆရာ၊ ဆရာမတွေ နှစ်ရာငါးဆယ်၊ သုံးရာ ရှိပါတယ်။ အဲဒီဟာကို တခန်းထဲမှာပဲစုပြုံပြီးတော့ ဒီစာသင်ချိန်၊ ဒီ စာအုပ်တအုပ်ကို၊ သတ်မှတ်ထားတဲ့ course တခုကို၊ စာသင်ချိန်၊ အချိန် ၂၀ အတွင်း ပြီးအောင်သင်ရမယ်ဆိုတဲ့၊ ဆရာမတို့မှာဖိစီးမှုတွေ၊ ဖိအားတွေရှိတဲ့အတွက်ကြောင့်မို့ အဲဒါတွေကိုလည်း သက်ဆိုင်ရာကနေပြီး ပြုပြင်ပြောင်းလဲပေးမယ်ဆိုရင် ပိုပြီး အောင်မြင် တိုးတက်မှု ရှိမယ်လို့ ထင်ပါတယ်ရှင့်။

---

## မေးခွန်း (၁၁)

ကျွမ မေးချင်တာက Mr. Jim Connor ကိုပါ။ ကျွမတို့မြန်မာနိုင်ငံမှာက မိဘအများစု ကြိုးနေတာက သားသမီးတွေကို စာကျက်စေချင်တယ်။ စာဖတ်ပါ။ စာကျက်ပါ။ အမြဲတမ်းပြောတယ်။ စာမကျက်တဲ့အခါ ခုနက ညီမလေးပြောသွားသလို၊ "နင်တို့ စာမကျက်ရင်၊ ဘာလုပ်မှာလဲ" ဆိုတဲ့ အကြောင်းအရာမျိုး။ အဲဒီအချိန်မှာ သားသမီးတွေကလည်း၊ မိဘကို ပြန်မဖြေတတ်တဲ့အခါကျရင်၊ "ကြည့်ပါလား။ မင်းတို့က စာမကျက်ရင် ဘာလုပ်မှာလဲ။" နောက်တခုက ဘွဲ့မရရင် ဘာမှလုပ်လို့မရဘူးဆိုတဲ့ မြန်မာနိုင်ငံက ပြဿနာပါ။ ကျွမတို့ မြန်မာနိုင်ငံမှာ အလုပ်ခေါ်ရင် ဘွဲ့ရမှ ခေါ်ပါတယ်။ အဲလို ဘွဲ့ရဖို့အတွက် ကျွမတို့ လုပ်ရတာက စာကျက်ရတာပဲ ရှိပါတယ်။ စာမကျက်ချင်ဘဲ ကျက်နေတဲ့ကလေးတွေ အများကြီးပါ။ အဲလိုမျိုး အခြေအနေမျိုးမှာဆိုရင်၊ Mr. Jim Connor က ရှင်းသွားပါ တယ်။ ၄ ချက်ပေါ့။ Quality education နဲ့ ပတ်သက်ပြီး တော့ပေါ့။ တကယ်လို့ အခုလို အသိဉာဏ်မဖွံ့ဖြိုးသေးတဲ့ မြန်မာနိုင်ငံမှာ ဒီလိုမျိုး အခြေအနေတွေကို ဘယ်လိုပုံစံမျိုးနဲ့ ဖြေရှင်းပေးနိုင်မလဲ။ ကျောင်းသား မိဘတွေကို ဘယ်လို အသိပညာပေးလို့ ရမလဲပေါ့။ ပထမ မေးခွန်းက မိဘ တွေနဲ့ပတ်သက်ပြီး ပညာရေးအပေါ် အယူလွဲမှားမှုကို အဲဒါနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး quality education ဖြစ်အောင် လုပ်ပေးလို့ရမလဲ။ နောက်ထပ် မြန်မာနိုင်ငံမှာဆိုရင် Mr. Jim Connor ပြောခဲ့သလိုမျိုး ဖြစ်အောင် တဆင့်ပြီးတဆင့် ဘာလုပ်သင့်သလဲ။ ဒုတိယမေးခွန်းက မြန်မာနိုင်ငံ ဒီလိုမျိုးအခြေအနေမှာဆိုရင် Mr. Jim Connor ပြောခဲ့တဲ့အချက်တွေနဲ့ဆိုရင် ဘယ်လိုအဆင့်ဆင့်သွားနိုင်မလဲ။ အဲဒါလေး သိချင်တာပါ။

---

**ဖျိမ်းကော်နာ —**

မိဘတွေအနေနဲ့ ကျောင်းသားတွေအပေါ်မှာ ဒီပညာရေးနဲ့ပတ်သက်တဲ့ အမြင်မှားတွေနဲ့ ကျောင်းသားတွေကို ဖိအားပေးတာနဲ့ပတ်သက်ပြီး ဘယ်လိုကိုင်တွယ်ရမလဲဆိုတဲ့ မေးခွန်းကို စဖြေပါမယ်။ ဒီလိုအခြေအနေမျိုးမှာ ပညာရေးနဲ့ပတ်သက်တဲ့ အပြောင်းအလဲဆိုတာ အချိန်ယူရပါတယ်။ အချိန်အများကြီး လိုအပ်ပါတယ်။ အဆင့်တဆင့်ချင်းစီ သွားဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့်မို့ ပထမ ခြေလှမ်းတလှမ်းစီသွားဖို့ လိုအပ်ပါတယ်။ ကျနော့်ရဲ့ အတွေ့အကြုံအရဆိုရင်တော့ မိဘတွေနဲ့ တွေ့ဆုံပွဲတွေ၊ ဆွေးနွေးပွဲတွေ လုပ်ရပါတယ်။ အဲဒီဆွေးနွေးပွဲတွေမှာလည်း မိဘတွေက ပြောင်းချင်မှ ပြောင်းလဲသွားတာပါ။ သူတို့က ဘယ်အချိန်မှာမှ ပြောင်းလဲဆိုတော့ သူတို့ကလေးတွေမှာ တကယ်ရလဒ်အစစ်တွေ ပြောင်းလဲတဲ့အခါကျမှပဲ၊ မိဘတွေရဲ့စိတ်ထဲမှာ ပြောင်းလဲလာတာဖြစ်တဲ့အတွက် ဒီလိုလုပ်ငန်းစဉ်ဟာ အချိန်ကြာပါတယ်။ အဲဒီအတွက် သည်းခံပြီးတော့မှ စောင့်ဖို့၊ ယုံယုံကြည်ကြည်ဆက်လုပ်နေဖို့ လိုအပ်ပါတယ်။ အဲလိုဖြစ်နေဖို့အတွက် မိဘတွေကို ပညာရေးနဲ့ပတ်သက်ပြီး ဝေးကွာနေအောင် လုပ်ထားလို့မရပါဘူး။ မိဘတွေအနေနဲ့ ကျောင်းနဲ့ရော ကလေးတွေရဲ့ပညာရေးကိစ္စတွေနဲ့ပါ ပတ်သက်ပြီး ထဲထဲဝင်ဝင် စပ်ယှက်နေမှသာလျှင် မိဘတွေအနေနဲ့လည်း ကလေးတွေရဲ့ဘဝကို သူတို့ဘဝတွေရဲ့ အစိတ်အပိုင်းတခုအဖြစ် နားလည်လာမှာ ဖြစ်ပါတယ်။

နောက်ထပ်မေးခွန်းတခု ထပ်ဖြေပါမယ်။ ကျနော် ရှင်းပြသွားတဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ရည်မှန်းချက်ပန်းတိုင် ၄ ခုနဲ့ပတ်သက်ပြီး၊ မြန်မာနိုင်ငံက အဲဒီပန်းတိုင် ၄ ခုကို ဘယ်လိုရရှိအောင်၊ အောင်မြင်အောင် လုပ်မလဲဆိုတဲ့ မေးခွန်းလေးကို ဆက်ဖြေပါမယ်။ ပညာရေးနဲ့ပတ်သက်ပြီး အပြောင်းအလဲတွေ လုပ်ဆောင်နိုင်ဖို့အတွက်၊ အပြောင်းအလဲကို

လုပ်ဆောင်ရဲတဲ့ ရဲရင့်တဲ့ ဆရာ၊ ဆရာမတွေ အများကြီး လိုအပ်ပါတယ်။ ကျနော်တို့ဆွေးနွေးခဲ့တဲ့ မဏ္ဍိုင်ကြီး ၄ ခုကို သေသေချာချာ ကြည့်လိုက်ရင် ဒါကိုဖော်ဆောင်ဖို့ တယောက်တည်းလုပ်လို့ရတဲ့ကိစ္စ မဟုတ်ဘူးဆိုတာ သိသာပါတယ်။ မဏ္ဍိုင် ၄ ခုကို အကောင်အထည် ပေါ်လာစေဖို့အတွက် ကျောင်းသားကော၊ ဆရာကော၊ မိဘတွေကကော၊ လူ့အဖွဲ့အစည်းက ကော၊ တာဝန်ရှိတဲ့အစိုးရဘက်က အရာရှိတွေကော၊ အားလုံးပါဝင် လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ အဲလိုလုပ်ဆောင်နိုင်ခြင်းကသာလျှင် ဒီမဏ္ဍိုင်ကြီး ၄ ခုကို သွားတဲ့ခြေလှမ်းတွေ ဖြစ်မှာပါ။ ဒီလို အကောင်းဘက် ကို အပြောင်းအလဲလုပ်တဲ့ကိစ္စတွေဟာ ခက်ခဲလှပါတယ်။ ခက်ခဲပါတယ် ဆိုတဲ့ဟာတွေအားလုံးကို လူတယောက်ကစပြီး ပြောင်းလဲချင်ပါစေဦး တော့ အဲဒီလူကို အားလုံးက ဝိုင်းဝန်းထောက်ခံရင်၊ ဝိုင်းဝန်းအားပေးရှင် အပြောင်းအလဲကြီးကို လုပ်ဆောင်လာနိုင်မှာပါ။

---

**မေးခွန်း (၁၂)**

မိဘတွေဟာ ပညာရေးပေါ်မှာ အားပေးတယ်။ ကျမတို့ ဝါသနာပါတဲ့ လိုင်းကို ယူခဲ့လို့ ရှိရင်ကော၊ ကျမတို့မှာ အလုပ်အကိုင် အခွင့်အလမ်း ရှိပါသလား။ ဒီအလုပ်အကိုင် အခွင့်အလမ်း ရဖို့အတွက်ကော ဘယ်လိုမျိုးတွေ လုပ်ဆောင်ပေးမှာလဲဆိုတာကို ကျမ သိချင်ပါတယ်။

---

**ဦးစိုင်းလင်းမြတ် –**

ကျနော်သာ မိဘအနေနဲ့ဆိုရင် ကလေးတွေရဲ့ ဖြစ်ချင်တဲ့ဆန္ဒအပေါ်မှာ လိုက်လျောဖို့ အဆင်သင့်ပဲ။ ဒါပေမယ့်လည်း ယခင်အတိတ်ကာလမှာ ဒီလို ရှိခဲ့တယ်။ လက်ရှိပစ္စုပ္ပန်ကာလမှာ ဒီလိုရှိတယ်။ နောင် အနာဂတ်ကာလမှာတော့ ဒီလိုတွေ ဖြစ်လာနိုင်တယ်ဆိုတာမျိုးကို ကလေးတွေ နားလည်အောင် ရှင်းပြပြီး သူတို့ စဉ်းစားချင့်ချိန်နိုင်အောင် လမ်းပြမယ်။ အရွယ်တခုရောက်လာရင် သူတို့ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ပါစေ ဆိုတာမျိုးကို လုပ်မယ်။ ဒီလိုကတော့ ကောင်းတယ်၊ ဒီလိုကတော့ မသင့်ဘူး ဆိုတာမျိုး guide line လောက်တော့ ပေးမယ်ပေါ့။ အလုပ်အကိုင် အခွင့်အရေး ဆိုတာကတော့ ခေတ်စနစ်၊ အစိုးရရဲ့ စီမံအုပ်ချုပ်မှုနဲ့ပဲ သက်ဆိုင်တယ်လို့ပဲ ထင်တယ်။ ဒီခေတ် ဒီအခါမှာတော့ ပညာရပ်တခုခုကို တစိုက်မတ်မတ် ထူးချွန်အောင် လိုက်စားရင် အလုပ်အကိုင် အခွင့်အလမ်းဆိုတာ မခက်ခဲပါဘူးလို့ မိဘတယောက်အနေနဲ့ မြင်ပါတယ်။

---

စကားဝိုင်းဆွေးနွေးပွဲ – ၄

# ပညာရေးနှင့် အခွင့်အလမ်း

ဦးထာအုပ်

အရေးကြီးတယ်လို့ထင်တဲ့ အချက်လေးတွေကိုပဲ အတိုချုပ် တတ်နိုင်သလောက် ကြိုးစားပြီး နည်းနည်း ပြောချင်ပါတယ်။ အဓိက ကျနော် ပြောရမယ့်ခေါင်းစဉ်က "လူတိုင်း အကျုံးဝင်ပညာရေး" (inclusive education) ဟာ ဒီနေ့ ဖက်ဒရယ်ပြည်ထောင်စု၊ ဒီမိုကရေစီပညာရေးစနစ်မှာ အခရာ ကျပါတယ် ဆိုတာလေးကို နည်းနည်း ထည့်ဆွေးနွေးချင်ပါ တယ်။

လူတိုင်အကျုံးဝင်ပညာရေးကို တော်တော်နားလည်မှု လွဲနေတာကို အခုတွေ့ရှိရပါတယ်။ မသန်စွမ်းတယောက်ကို စာသင်ခန်းထဲမှာ ဒီတိုင်းပစ်ချလိုက်တာကို လူတိုင်းအကျုံးဝင် ပညာရေးလို့ ထင်နေကြသလားတော့ မသိဘူး။ လူတိုင်း အကျုံးဝင် ပညာရေးလို့ ပြောတိုင်း ကန့်ကွက်သံတွေက မတရား ဆူညံစွာ ကြားနေရတဲ့အတွက်ကြောင့် လူတိုင်းအကျုံးဝင်ပညာ ရေးဆိုတဲ့ definition လေးကို နည်းနည်း ပြောချင်ပါတယ်။ လူတိုင်းအကျုံးဝင်ပညာရေးစနစ်ဟာ အကြောင်းအမျိုးမျိုး ကြောင့် ဒီနေ့ပညာသင်ယူခွင့် ဆုံးရှုံးနေတဲ့ အုပ်စုအားလုံးကို သူတို့ရဲ့မွေးရာပါအခွင့်အရေး ဖြစ်တဲ့ ပညာသင်ယူခွင့် ဘယ်လို ခံစားမလဲလို့ စီစဉ်တဲ့ အစီအစဉ်တခု ဖြစ်တယ်။ ၁၀၀

ရာခိုင်နှုန်း ပညာသင်ယူခွင့် မရသေးဘူးဆိုတာ ဒုတိယတခါ ပြောစရာ မလိုဘူး။ အားလုံး နားလည်ပြီးသားပါ။ ပညာရေး ဆိုတာ ရှေ့က ဆရာတွေ ပြောတာ အများကြီးရှိသွားပြီလို့ ထင်ပါတယ်။ ပညာရေးဆိုတာ လူသားတယောက်ရဲ့ မွေးရာပါ အခွင့်အရေး ဖြစ်တာပေါ့နော်။ ဆိုတော့ သူ့ရဲ့ အခွင့်အရေး ဖြစ်တဲ့အတွက်ကြောင့် လူတိုင်းလူတိုင်း ပညာ သင်ယူခွင့် ရရမယ်ဆိုတာကိုတော့ ဘယ်သူမှငြင်းလို့မရဘူး။ အဲဒါကြောင့် မလို့ ပညာရေးဟာ fundamental human rights တခု ဖြစ်တယ်လို့ ပြောနေကြတာ ဖြစ်ပါတယ်။

ဆိုတော့ ပညာရေး fundamental human rights တခုကို လူသားတိုင်း၊ နိုင်ငံသားတိုင်း ရရှိဖို့ရန်အတွက် ဥပဒေ တခု ဆွဲတဲ့အခါမှာ၊ policy တခု ဆွဲတဲ့အခါမှာ ability–orientated ဆိုတဲ့ ရှုထောင့်ကနေ ဆွဲမယ်ဆိုရင် တချိန်လုံး လွဲပါတယ်။ အဲဒီ ပညာရေးဥပဒေကို ထပ်ခါထပ်ခါ ဘယ်တော့မှ ပြင်လို့ဆုံးမှာ မဟုတ်ပါဘူး။ လူသားတွေရဲ့ သင်ယူနိုင်စွမ်း ရည်အပေါ်မှာ အခြေခံပြီးဆွဲတဲ့ဥပဒေနဲ့ policy က၊ ပြင်လို့ ဘယ်တော့မှဆုံးမှာ မဟုတ်ပါဘူး။ ဆိုတော့ ပညာရေး ဥပဒေ ထပ်ခါထပ်ခါ မပြင်ရအောင် အဓိကအရေးကြီးဆုံးက အဲဒီပညာရေးကို human rights perspective နဲ့ ဆွဲမှဖြစ် မယ်ဆိုတာလေးကို ရှေးဦးစွာပြောချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပညာသင်ယူနိုင်စွမ်းနဲ့ ပြောမယ် ဆိုလို့ရှိရင် မသန်စွမ်းတွေက ပညာသင်စရာ မလိုဘူးဆိုတဲ့ ဟာက အလိုလိုပါလာပြီးသား။ ဒါပေမဲ့ လူ့အခွင့်အရေး ရှုထောင့်နဲ့ ဆွဲမယ်ဆိုလို့ရှိရင် လူသားဖြစ်တဲ့ မသန်စွမ်းတွေရဲ့ ပညာရေးလည်း ဘယ်လိုဖြည့်ဆည်းရမလဲဆိုတာ ဘယ်လိုမှ ငြင်းလို့မရအောင် လုပ်ဆောင်ရမယ့်လုပ်ငန်းတခု ဖြစ်လာပါ တယ်။ အဲဒါကြောင့်မို့လို့ လူတိုင်းအကျုံးဝင်ပညာရေးဆိုတာ လေး ပြောတာ ဖြစ်ပါတယ်။

ကျောင်းသားတွေ ကန့်ကွက်ခဲ့တဲ့၊ ၂၀၁၄ စက်တင်ဘာ ၃၀ ပထမဆုံး မြန်မာနိုင်ငံ အမျိုးသားပညာရေးဥပဒေမှာ မသန်စွမ်းတွေရဲ့ ပညာရေးနဲ့ပတ်သက်ပြီး ပြဌာန်းထားတဲ့အချက်က အရမ်းဆိုးဝါးပါတယ်။ တနည်းအားဖြင့် မသန်စွမ်းရှုထောင့်နဲ့ ပြောမယ်ဆိုလို့ရှိရင် မသန်စွမ်းမှုကို အခြေခံပြီး ခွဲခြားဆက်ဆံတဲ့ဥပဒေ ဖြစ်တယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့မရပါဘူး။ အဲဒါကြောင့်မို့လို့ ကျောင်းသားတွေ လုံးဝလက်မခံနိုင်ဘဲနဲ့ လူတိုင်းအကျုံးဝင် ပညာရေးဆိုတာ သူတို့တောင်းဆိုတဲ့ ၁၁ ချက်ထဲမှာ ပါတာဖြစ်တယ်။ ဒီမိုကရေစီပညာရေးမှာ အဲဒါ အရေးကြီးတဲ့ အချက်တချက်ဖြစ်ပါတယ်။ အဲဒါလေးကို ကြုံတုန်းနည်းနည်း ပြောပါရစေ။

ဘာကြောင့် လူသားတွေ ပညာသင်ယူသလဲ၊ ပညာရေးဆိုတာ ဘာလဲဆိုတာ ရှေ့က ဆရာကြီး ဆရာမကြီးတွေ အများကြီးပြောနေကြတယ်။ မသန်စွမ်းရှုထောင့်နဲ့ လူသားတယောက်က ဘာ့ကြောင့် ပညာသင်ယူဖို့ လိုသလဲဆိုတဲ့အချက်လေးတချက် ကြုံတုန်းပြောချင်ပါတယ်။ လူသားတိုင်းရဲ့ဘဝဟာ အင်မတန်မှ မွန်မြတ်တယ်ဆိုတဲ့ ခံယူချက်ပေါ်မှာ မူတည်ပြီး တန်ဖိုးဖြတ်လို့ မရအောင် တန်ဖိုးရှိတဲ့ ဘဝကို ပိုင်ဆိုင်တဲ့ လူသားတယောက်က သူ့ရဲ့ဘဝကို တန်ဖိုးရှိရှိ ဘယ်လို အသက်ရှင်သွားမလဲ ဆိုတာကို သိဖို့ရန်အတွက် လူတိုင်း လူတိုင်း ပညာသင်ယူရမယ်ဆိုတာ ဘယ်သူမှငြင်းလို့ မရတဲ့အရာ ဖြစ်တယ်။ နောက်တချက်က လူသားတိုင်းက society ထဲမှာ အသက်ရှင်တာဖြစ်တဲ့အတွက်ကြောင့်မို့ သူ့ရဲ့ society ကို ပြန်ပြီး contribute လုပ်ဖို့ရန်အတွက် လူတိုင်းလူတိုင်းမှာ ပညာတခုတော့ ရှိရမယ်။ ဆံပင်ညှပ်တတ်ရမလား၊ ကွန်ပျူတာစာစီတတ်ရမလား၊ ဖိနပ်ချုပ်တတ်ရမလား၊ ထီးပြင်တတ်ရမလား၊ ဆရာဝန်လုပ်တတ်ရမလား၊ လူတိုင်းပညာရှိရင် အဲဒီပညာနဲ့ ကိုယ့်ရဲ့ လူ့အဖွဲ့အစည်းကိုပြန်ပြီး အကျိုးပြုနိုင်ဖို့ရန်အတွက် လူတိုင်းပညာသင်ယူဖို့လိုပါတယ်။ မသန်စွမ်းတွေလည်း ပညာသင်ဖို့ လိုပါတယ်။

နောက်ပြီး ဒီနေ့ကမ္ဘာပေါ်မှာ ကုလသမဂ္ဂက မသန်စွမ်းဦးရေကို ကမ္ဘာ့လူဦးရေရဲ့ ၁၅ % တောင် ရှိနေပြီလို့ ပြောပါတယ်။ တနည်းအားဖြင့် လူသား ၇ ယောက်မှာ ၁ ယောက်က တနည်းမဟုတ်တနည်း မသန်စွမ်း

ဖြစ်တယ်လို့ ဆိုနေကြပါတယ်။ ကျနော်တို့ မြန်မာနိုင်ငံရဲ့ ပြီးခဲ့တဲ့ နှစ် ၂၀၁၄ မှာ ပြုလုပ်တဲ့ သန်းခေါင်စာရင်းအရ ၅၁ သန်းသော မြန်မာနိုင်ငံသားမှာ မသန်စွမ်းဦးရေက ၄. ၆ % ရှိတယ်လို့ ဖော်ပြထား ပါတယ်။ အဲဒီ ၄. ၆ % ထဲမှာ ကိန်းဂဏန်းနဲ့ ပြောမယ် ဆိုလို့ရှိရင် နှစ်သန်းသုံးသိန်းသော မြန်မာနိုင်ငံသားတွေဟာ ဒီနေ့ မသန်စွမ်းသူတွေ ဖြစ်တယ် လို့ ပြောပါတယ်။

မသန်စွမ်းတွေရဲ့ပညာရေးကို ကမ္ဘာအဆက်ဆက် အမြဲတမ်း ကြိုးစားလာခဲ့ကြတယ်။ အဲဒီကြိုးစားလာခဲ့တဲ့ စနစ်တွေကို၊ အတိုချုပ် ပြောမယ်ဆိုလို့ရှိရင် ပထမဦးဆုံး special education ။ မသန်စွမ်း ကလေးတွေဟာ တခြားကလေးတွေနဲ့မတူတဲ့အတွက်ကြောင့် ခွဲထုတ်ပြီး သီးသန့်လေး သင်ပေးလိုက်ပါဆိုတဲ့ မသန်စွမ်းတွေကို စပါးလုံးရွေးသလို ရွေးပြီး အုပ်စုတူတာလေးကို တနေရာမှာချထားပြီး သူတို့ကို ပညာသင် ပေးတဲ့စနစ်နဲ့ မသန်စွမ်းတွေရဲ့မွေးရာပါအခွင့်အရေးဖြစ်တဲ့ ပညာရေးကို ဖြည့်ဆည်းပေးဖို့ ကြိုးစားလာခဲ့ကြတာ။ ဒါပေမဲ့ အဲဒါက မှားတယ်ဆိုတာ ဒီနေ့သုတေသနတွေက တွေ့ရှိ လက်ခံပြီးတဲ့နောက် integrated education ဆိုတဲ့၊ မသန်စွမ်းကလေးတွေကို တခြားကလေးတွေနဲ့ ရောပြီး သင်ပေးရမယ်ဆိုတဲ့ ပညာရေးစနစ် အစားထိုးလာပါတယ်။ ဒါပေမဲ့ အဲဒါလည်း special education နဲ့ concept ချင်း သွားတူတဲ့ အတွက်ကြောင့် ဒါလည်း မမှန်သေးဘူး။

မသန်စွမ်းတွေရဲ့ မွေးရာပါ အခွင့်အရေး ဖြစ်တဲ့ ပညာသင်ခွင့်ကို ဖြည့်ဆည်းဖို့ ကမ္ဘာတဝှမ်းလုံး နည်းလမ်းမျိုးစုံနဲ့ ကြိုးစားလာခဲ့တဲ့ သမိုင်းအလျှောက်၊ အခု နောက်ဆုံးရောက်နေတဲ့ အနေအထားက၊ အရင် တုန်းက ကြိုးစားခဲ့တဲ့ special education လည်း လုံးဝ လက်မခံ တော့ဘူး၊ integrated education လည်း လုံးဝ လက်မခံတော့ဘူး။ Inclusive education သာလျှင် မသန်စွမ်းသူတွေရဲ့ ပညာရေးကို ဖြည့်ဆည်းပေးဖို့အတွက် အကောင်းဆုံးသော စနစ်ဖြစ်တယ် ဆိုတာ၊ ဒီနေ့ ကုလသမဂ္ဂကလည်း လက်ခံထားပါပြီ။

မြန်မာနိုင်ငံမှာ ကျနော်တို့ မသန်စွမ်းဥပဒေဆိုတာ ပြီးခဲ့တဲ့နှစ်က

ပြဋ္ဌာန်းထားပါပြီ။ အဲဒီမသန်စွမ်းဥပဒေမှာလည်း လူတိုင်း အကျုံးဝင် ပညာရေးကို မသန်စွမ်းသူတွေရဲ့ပညာရေးအတွက် အကောင်း ဆုံးသော ပညာရေးတခု ဖြစ်တယ်ဆိုတာ ရှင်းလင်းစွာ အဲဒီဥပဒေမှာ ပြဋ္ဌာန်း ထားတယ် ဆိုတာလေးကိုလည်း ကြုံတုန်းပြောပါရစေ။ မြန်မာနိုင်ငံမှာ ခုနက သန်းခေါင်စာရင်းရဲ့ရလဒ်ကို၊ အစီရင်ခံစာနဲ့ ဒုတိယပိုင်းကို မကြာမီက ထုတ်ခဲ့ပါတယ်။ ပထမပိုင်းမှာတော့ မသန်စွမ်းနဲ့ပတ်သက်တဲ့ အသေးစိတ် အစီရင်ခံစာ မပါသေးပါဘူး။

ဒုတိယပိုင်းမှာ ပါလာတာက မသန်စွမ်းတွေအတွက် အင်မတန်မှ ဝမ်းနည်းစရာ ကောင်းပါတယ်။ ဘယ်လို ပါလာသလဲဆိုတော့ မြန်မာ နိုင်ငံမှာ မွေးဖွားတဲ့ မသန်စွမ်း ကလေးငါးယောက်မှာ တယောက်ပဲ ပညာသင်ခွင့် ရတယ်။ ၅ ယောက်မှာ ၄ ယောက်က မွေးကတည်းကနေ သေတဲ့အထိ ပညာသင်ယူခွင့် ဆုံးရှုံးတယ်ဆိုတာ သန်းခေါင်စာရင်းရဲ့ အစီရင်ခံစာမှာ အတိအလင်း ဖော်ပြထားပါတယ်။

ပညာသင်ယူခွင့်က human rights ဖြစ်ပြီး အဲဒီ human rights ကို မြန်မာနိုင်ငံသား မသန်စွမ်းသူတွေ ၅ ယောက်မှာ ၄ ယောက်က ဆုံးရှုံးနေတဲ့ အနေအထားကို ဒီနေ့ လျစ်လျူရှုလို့ မရတော့ပါဘူး။ ဒီမိုကရေစီပညာရေးစနစ် ပြောင်းမယ် ဆိုလို့ ရှိရင် သူတို့ကို ထည့်သွင်း စဉ်းစားမှ ဖြစ်မှာပါ။ Inclusive ဆိုတာ education မှာပဲ မဟုတ်ဘူး။ ငြိမ်းချမ်းရေးမှာလည်း inclusive ဆိုတာ အားလုံး ကြားနေကြပါပြီ။ ဖွံ့ဖြိုးရေးမှာလည်း inclusive ဆိုတာ လိုအပ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီနေ့အထိ ပညာရေးစနစ်တွေ မသန်စွမ်းတွေရဲ့ မွေးရာပါအခွင့်အရေးကို မဖြည့်ဆည်းပေးနိုင်တာက မသန်စွမ်းတွေရဲ့ ပညာရေးကို ထည့်သွင်း စဉ်းစားခြင်းမှာ အရမ်းအားနည်းလို့ ဖြစ်ပါတယ်။

ဒီနှစ်ကစပြီး အခုပြောင်းလဲလာတဲ့ ဒီမိုကရေစီပညာရေးစနစ်မှာ မသန်စွမ်းတွေရဲ့ မွေးရာပါအခွင့်အရေး ဖြစ်တဲ့ ပညာရေးကို ဘယ်လို access လုပ်နိုင်မလဲ၊ ဘယ်လို engage လုပ်နိုင်မလဲဆိုတဲ့အပိုင်းကို ထည့်သွင်းမစဉ်းစားဘဲနဲ့ ကျနော်တို့ ဥပဒေပြန်ဆွဲလည်း၊ ဒီမိုကရေစီ

ပညာရေးကို တည်ဆောက်မယ်ဆိုလို့ရှိရင် မသန်စွမ်းတွေကို မေ့ထားတဲ့ ...ဒေသက ဘယ်တော့မှအောင်မြင်မှာ မဟုတ်ပါဘူးဆိုတာလေးကိုလည်း ...မှာ ကြုံတုန်းပြောပါရစေ။

Inclusive education project လေးကို ရန်ကုန်တိုင်းမှာ ရှိတဲ့ မြို့နယ် ၁၀ မြို့နယ်မှာ ကျနော်တို့ အချိန် ၇ နှစ်လောက် လုပ်ခဲ့တဲ့ project experience ကို အခြေခံပြီး ပြီးခဲ့တဲ့နှစ်က "ဒေင် မသန်စွမ်း ...မှု"အနေနဲ့ research လေး လုပ်ထားတာရှိပါတယ်။ အဲဒီ research မှာ ဒီနေ့ မသန်စွမ်းကလေးတွေ ဘာကြောင့် ပညာသင်ယူခွင့် ဆုံးရှုံးသလဲ ဆိုတာကို သုတေသန လုပ်တဲ့အခါမှာ အရမ်းအံ့သြဖို့ ကောင်းပါတယ်။ ဘာလဲဆိုလို့ရှိရင် မသန်စွမ်းကလေးမိဘတွေက သူတို့ကလေးကို ကျောင်း ...ပို့ဖို့ မရောက်တာ၊ ကျောင်းပို့တဲ့အခါမှာလည်း ပတ်ဝန်းကျင်က အဆင် မပြေလို့၊ ကျောင်းရောက်တဲ့ကလေးတွေကလည်း အိမ်သာသွားဖို့ စာမေး ...ဖြေဖို့ရာ အခက်အခဲရှိလို့ဆိုတဲ့ အခက်အခဲလေးတွေက၊ တကယ်တော့ မသန်စွမ်းကလေး ဒီလောက် ၅ ယောက်မှာ ၄ ယောက်က ပညာသင်ယူ ...ဆုံးရှုံးနေတဲ့အခက်အခဲက ပြန်စဉ်းစားကြည့်ရင်၊ အကြီးအကျယ်ကြီး မဟုတ်ပါဘူး။ ဖြေရှင်းချင်တဲ့ဆန္ဒလေးသာ ရှိတယ်ဆိုလို့ရှိရင် အဲဒါဖြေရှင်း ...၊ အရမ်းလွယ်တဲ့၊ attitude နဲ့ဆိုင်တဲ့ အတားအဆီးတွေပဲ ဖြစ်တဲ့ အတွက်ကြောင့် အဲဒါလေးကို ဖြေရှင်းပေးမယ်ဆိုလို့ရှိရင် အဆင်ပြေမယ် ...ထင်ပါတယ်။

ဒီနေ့ ဒီမိုကရေစီနိုင်ငံတော် တကယ် ဟုတ်သလား၊ မဟုတ်ဘူး ...၊ ဒီမိုကရေစီပညာရေး၊ ဖက်ဒရယ်နိုင်ငံတော် ဟုတ်သလား၊ မဟုတ် ...ဘူးလားဆိုတာ ပေတံမျိုးစုံနဲ့ တိုင်းတာလို့ ရမှာပါ။ ဒါပေမဲ့ အဲဒီအထဲမှာ ...အကျုံးဆုံးသော ပေတံလေးတခု ပြောပါရစေ။ အဲဒါက ဘာလဲဆို ...ရင် မသန်စွမ်းတွေရဲ့အနေအထားက indicator ဖြစ်ပါတယ်လို့။ ပညာရေးမှာလည်း မသန်စွမ်းတွေရဲ့ Quality of Life ၊ မသန်စွမ်းတွေရဲ့ အနေအထားက။ ဒီပညာရေးက ဒီမိုကရေစီပညာရေးလား ဆိုတာ ...ခုင်တယ်ဆိုလို့ရှိရင် ဒီပညာရေးမှာ မသန်စွမ်းတွေ ပညာရေးမှာ

ဘယ်လောက်ခံစားခွင့် ရှိသလဲ ဆိုတဲ့ဟာက indicator တခုလို့ ပြောချင်ပါတယ်။ ဒီမိုကရေစီနိုင်ငံ ပီသသလား၊ မပီသဘူးလား ဆိုတာ သိချင်ရင် လည်း မသန်စွမ်းတွေရဲ့ အခွင့်အရေးကို ပေတံတခုအနေနဲ့ ကျနော်တို့ ထည့်သွင်း စဉ်းစားလို့ ရပါတယ် ဆိုတာလေးကို ပြောကြားရင်း အဆုံးသတ်ပါတယ်။

---

[**ဆရာဦးသန်းထိုက်အောင် –**
ဆရာဦးထာအုပ်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရဆိုရင်တော့ လူဦးရေ ၅၁ သန်းမှာ ၄.၆ % က မသန်စွမ်းတွေ ဖြစ်ပြီးတော့၊ မသန်စွမ်းသူ ၅ ဦး မှာ ၁ ဦးသာလျှင် ပညာဆက်လက်သင်ယူခွင့် ရတယ်။ ဆိုတော့ ၅ ဦးမှာ ၄ ဦးက ပညာသင်ယူခွင့် မရခဲ့ဘူး ဆိုရင် လူဦးရေ ၁ သန်းကျော် ၂ သန်းနီးပါးလောက်က ပညာသင်ယူခွင့် ဆုံးရှုံးနေတဲ့ မသန်စွမ်းတွေ ဖြစ်နေပြီး အဲဒီ မသန်စွမ်းသူတွေ ပညာဆက်လက် သင်ယူနိုင်ဖို့အတွက် inclusive education က စွမ်းဆောင်နိုင်တယ်ဆိုတာကို ပြောကြားသွားတဲ့ ဆရာဦးထာအုပ်ကို ကျေးဇူးတင်ပါတယ်။ ဆရာမ နန်းမွေခေးနဲ့ ဆက်လက် ဆွေးနွေးချင်ပါတယ်။ ဆရာမအနေနဲ့ ကျေးလက်ဒေသ တိုင်းရင်းသားဒေသ ကျောင်းတွေမှာ ဗဟိုချုပ်ကိုင်တဲ့စနစ်ကို ကျင့်သုံးတဲ့အတွက်ကြောင့် ပညာရေး အခွင့်အလမ်း ဆုံးရှုံးမှုတွေ အပါအဝင် တခြားစိန်ခေါ်မှုတွေ ကြုံတွေ့နေရတယ် ဆိုတာရယ်၊ ပညာရေးအခွင့်အလမ်းတွေ လက်ရှိထက်ပိုမိုပြီး ရရှိလာဖို့ ဘယ်လို ဆောင်ရွက်သွားနိုင်မလဲဆိုတာ ဆရာမက ဆွေးနွေးပေးပါ ခင်ဗျာ။]

စကားဝိုင်းဆွေးနွေးပွဲ – ၄

## ပညာရေးနှင့် အခွင့်အလမ်း

ဆရာမ နန်းမွေခေး

ကျမ တင်ပြမယ့်ခေါင်းစဉ်ကတော့ ကျမ စစ်တမ်း ကောက်ယူထားတဲ့ "ဗဟိုချုပ်ကိုင်မှုစနစ် ကျင့်သုံးခြင်းကြောင့် ကျေးလက်ကျောင်းများအပေါ် အကျိုးသက်ရောက်မှုများ" ဆိုတဲ့ ခေါင်းစဉ်ပဲ ဖြစ်ပါတယ်။ ကျမနဲ့အတူ စစ်တမ်း ကောက်ယူတဲ့သူတွေကတော့ နန်းပေါင်းဟွမ် နဲ့ CSO တွေ ဖြစ်တဲ့ Shalat Education and Resource Centre, Kayan New Generation Youth, Kaung Rwai So-

cial Action Network တို့ပဲ ဖြစ်ပါတယ်။ အဖွဲ့ကိုယ်စားအနေနဲ့ ကျွမကတ တင်ပြခြင်းပဲ ဖြစ်ပါတယ်။

အခု ကျွမ တင်ပြမယ့်ခေါင်းစဉ်က ၆ ခု ရှိပါတယ်။ နံပါတ် (၁)ကတော့ ပြဿနာပါ။ ကျွမတို့ RWCT သင်တန်းတွေ ပေးတဲ့ အခါမှာ ဆရာ၊ ဆရာမတွေကို တွေ့ကြုံရတဲ့ ပြဿနာတွေကို ဆွေးနွေးတဲ့ ကဏ္ဍ ထည့်သွင်းထားပါတယ်။ အဲဒီ ကဏ္ဍတွေမှာ ဆရာ၊ ဆရာမတွေ များသောအားဖြင့် ဆွေးနွေးတဲ့အချိန်မှာ ကျောင်းနဲ့ပတ်သက်တဲ့ ကျောင်းစီမံခန့်ခွဲမှုပြဿနာတွေ၊ ဘဏ္ဍာရေးနဲ့ပတ်သက်တဲ့ပြဿနာတွေ များပါတယ်။ ဒီတော့ကာ ကျွမတို့ ဘာများကူညီနိုင်မလဲဆိုတော့ ကျွမတို့ အချင်းချင်းတိုင်ပင်ပြီးတော့ ဒီသုတေသန စစ်တမ်းကောက်ယူရခြင်း ဖြစ်ပါတယ်။

ကျွမ သုတေသနပြုလုပ်ရခြင်း ရည်ရွယ်ချက်ကတော့ ကျေးလက်ဒေသကျောင်းများရဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုများကို ကိုယ်စားပြုတင်ပြပေးနိုင်ရန်၊ အဲဒီအခက်အခဲများ ရင်ဆိုင်ကျော်လွှားနိုင်မယ့် နည်းလမ်းများကို ကူညီရှာဖွေဖော်ထုတ်ပေးရန်၊ ဒီကျေးလက်ဒေသကျောင်းများရှိ တိုင်းရင်းသား ကလေးများရဲ့ ဘာသာစကား နားလည်နိုင်မှုစွမ်းရည်ကို ဆန်းစစ်ရန် ဆိုပြီး ရည်ရွယ်ချက် သုံးခု ရှိပါတယ်။

နံပါတ် (၃) အချက်၊ ကျွမတို့ စစ်တမ်းကောက်ရာ ဒေသကတော့ တိုင်းရင်းသားဒေသတွေ ဖြစ်တဲ့ ကယန်း၊ ပအိုဝ်း၊ ကချင်နဲ့ ရှမ်းဒေသတွေပဲ ဖြစ်ပါတယ်။ ကျွမ ကောက်ထားတဲ့ ဒေသတွေကတော့ မိုင်းကိုင်မြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဝိုင်းမော်နဲ့ မြစ်ကြီးနားမြို့နယ်တို့ပဲ ဖြစ်ပါတယ်။ ကျွမတို့ ရွေးထားတဲ့ ကျောင်းတွေကတော့ သာမန်ပတ်ကား ကျောင်းတွေ မဟုတ်တဲ့ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းခွဲ၊ တွဲဖက်လယ်တန်းကျောင်းတွေကိုပဲ စစ်တမ်းကောက်ယူထားခြင်း ဖြစ်ပါတယ်။ အဲဒီမှာ ကျွမတို့ လေ့လာမှုအတွက် နှိုင်းယှဉ်နိုင်ဖို့အတွက် ဆိုပြီး မူလတန်းကျောင်း တကျောင်းကိုလည်း စစ်တမ်း ကောက်ယူထားပါတယ်။

နံပါတ် (၄) တွေ့ရှိချက်တွေကတော့ ကျမတို့ ၅ ချက် ရှိပါတယ်။ အဓိကအချက်ပဲ ပြောသွားမှာ ဖြစ်ပါတယ်။ နံပါတ် (၁) အချက်က၊ သင်ကြားမှု သင်ယူမှုတွေမှာ ကလေးတွေ လိုအပ်တဲ့ ဆရာ၊ဆရာမတွေ မရှိပါဘူး။ ကျောင်းတွေမှာဆိုလို့ရှိရင် ဆရာ၊ဆရာမ လုံလောက်မှု မရှိပါဘူး။ ဥပမာ၊ ကချင်ပြည်နယ်မှာ တွေ့ရတဲ့ ကျောင်းတကျောင်း ဆိုလို့ရှိရင် ဆရာမ နှစ်ယောက်လို့ နာမည်ကျလာပါတယ်။ ဒါပေမဲ့ ဆရာမတယောက်ပဲ ရောက်လာပါတယ်။ နောက်တယောက်ကတော့ အခြားကျောင်းကို ပြောင်းသွားတာတွေ ရှိပါတယ်။ ကျောင်းရဲ့ လိုအပ်ချက်တွေကို မဖြည့်ဆည်းဘဲနဲ့ ကျောင်းကို promote လုပ်ပေး သလိုမျိုးပေါ့နော်။ ဥပမာ၊ မူလွန်တွေကို တိုးပေးလိုက်တယ်။ ဒါပေမဲ့ ဆရာ၊ ဆရာမ လုံလောက်စွာ မပေးဘူးပေါ့နော်။ နောက်ပြီးတော့ ဆရာ၊ ဆရာမ မလုံလောက်တော့ ဘယ်လို လုပ်ရသလဲ ဆိုတော့၊ ရွာကနေ ပြီးတော့မှ လူထုခန့် ဆရာ၊ ဆရာမတွေ ခန့်ထားရပါတယ်။ အဲဒီခန့်တဲ့ အချိန်မှာတော့၊ ဒေသခံဦးစားပေးပြီး ခန့်တယ်။ ဒေသခံ ဆရာ၊ ဆရာမ မရှာနိုင်ရင်တော့၊ အခြားဒေသက ဆရာတွေကို ခန့်ထားရပါတယ်။ ဥပမာ၊ ကယန်းဒေသမှာ ဆိုရင်တော့ KNGY ကတော့ မြို့နယ် ပညာရေးရုံးနဲ့ အမြဲတမ်းပူးပေါင်း လုပ်ဆောင်တာ ရှိတော့၊ ဒီ KNGY က လိုအပ်တဲ့ လူထုခန့် ဆရာ၊ ဆရာမတွေကို ရှာပေးပါတယ်။ ပြီးတော့ ထိုက်သင့်တဲ့ ထောက်ပံ့ကြေးကိုလည်း ပေးပါတယ်။ အဲဒီတော့ ဒီရွာက နည်းနည်းတော့ အဆင်ပြေတာပေါ့။ လူထုခန့် ဆရာ၊ ဆရာမတွေ ခန့်ထားရေးမှာလည်း ဆရာနဲ့ မိဘနဲ့ သဘောထား ကွဲလွဲမှုတွေ ရှိပါတယ်။ တခါတလေကျတော့လည်း ရှမ်းဒေသမှာရှိတဲ့ ကျောင်းတကျောင်းဆိုရင် ဆရာမက သူနဲ့ရင်းနှီးတဲ့ ဆရာမတယောက်ကို ခေါ်လာတယ်။ လာသင်တဲ့ အချိန်မှာ ဆရာမက အလယ်တန်းမှာ မသင်ကြားနိုင်တဲ့ အတွက် ကျောင်းရဲ့လိုအပ်မှုနဲ့ မကိုက်ညီတဲ့ ဆရာမ ရောက်လာတဲ့ အတွက် ရွာကလည်းပဲ ပိုက်ဆံ ထောက်ပံ့ရတယ်ဆိုတော့ ဆရာမနဲ့ မိဘတွေကြားမှာ သဘောထားကွဲလွဲမှုတွေ တွေ့ရပါတယ်။

ကျေးလက် ဒေသ ကျောင်းတွေမှာတောင် ကျူရှင်တွေ ပေးပါ

တယ်။ တချို့ကျောင်းတွေမှာတော့ အခမဲ့သင်ကြားပေးတယ်။ တချို့ ကျောင်းတွေမှာတော့ ဝင်ကြေးကောက်ခံတာ ရှိပါတယ်။ အချို့ ကျောင်း တွေမှာတော့ ကျောင်းသားမိဘနဲ့ ဆရာ၊ ဆရာမ ပူးပေါင်းပြီးတော့မှ တရားဝင် ကျူရှင် သင်ကြားတာ ရှိပါတယ်။ ဆရာ ဆရာမတွေ ကနေပြီး တော့မှ သီးခြားသင်ကြားတာတွေလည်း ရှိပါတယ်။ ဒီ ကျူရှင်တွေ သင်ကြားတဲ့ နေရာမှာလည်းပဲ ကျောင်းရဲ့သင်ကြားမှု၊ သင်ယူမှုကို သွယ်ဝိုက်သောအားဖြင့် ထိခိုက်မှုတွေကိုလည်း တွေ့ရပါတယ်။ ဥပမာ၊ ရှမ်းဒေသမှာရှိတဲ့ ကျောင်းတကျောင်း ဆိုလို့ရှိရင် ကျူရှင် သင်ကြားတယ်။ တချို့ ကလေးတွေက ငွေကြေးမတတ်နိုင်ဘူး။ ဒီတော့ ငွေကြေးမတတ်နိုင် တဲ့ ကလေးတွေကလည်း များသောအားဖြင့် စာလည်း မလိုက်နိုင်ကြဘူးဆို တော့ ဆရာ၊ ဆရာမရဲ့အရေးပေးခြင်းကို မခံရပါဘူး။ ဒီတော့ ကျောင်း ထွက်သွားကြတာတွေ တွေ့ရပါတယ်။

နောက်တခုကတော့ ဘာသာစကား အခက်အခဲပဲ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမ အများစုကို မေးကြည့်တဲ့အခါ သင်ကြားရေးမှာ ဘာ အခက်အခဲတွေ့ရသလဲဆိုတော့ ဘာသာစကားပဲ ဖြစ်ပါတယ်။ များသော အားဖြင့်တော့ ဒေသခံဆရာမက နည်းပြီး အခြားဒေသက ရောက်လာတဲ့ ဆရာ၊ ဆရာမတွေ အများစု ဖြစ်ပါတယ်။ ဒီတော့ ဒေသခံဘာသာစကား မတတ်တော့ ဆရာ၊ ဆရာမတွေ စာရှင်းပြတဲ့နေရာမှာ ခက်ခဲတယ်။ ဒီတော့ ကျောင်းသားတွေက အချင်းချင်း နားလည်တဲ့သူတွေက ပြန်ရှင်းပြ ရတာ ရှိပါတယ်။ တချို့ ကျောင်းသားတွေကလည်း ဆရာ၊ ဆရာမတွေကို ပြန်ပြီး မိခင် ဘာသာစကားနဲ့ ရှင်းပြပေးပါလား ဆိုပြီးတော့မှ တောင်းဆို တာတွေလည်း ရှိပါတယ်။ ဆရာအများစုက ဒေသခံ မဟုတ်တဲ့ အတွက် ကြောင့် မိဘတွေနဲ့ ပြောဆိုဆက်ဆံတဲ့ နေရာမှာလည်းပဲ အားနည်းမှု ရှိပါတယ်။

နောက် ခေါင်းစဉ်တခုကတော့ တိုင်းရင်းသားဘာသာစကား သင်ကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ဒီ တိုင်းရင်းသား ဘာသာစကား သင်ကြားခြင်းအစီအစဉ်မှာ တချို့ကျောင်းတွေက သင်ကြားပြီးတော့ တချို့ကျောင်းတွေမှာ သင်ကြားခြင်း မရှိပါဘူး။ မိမိတို့ရဲ့ တိုင်းရင်းသား

စာပေကို အားပေးပြီးတော့၊ သင်ကြားဖို့ စိတ်အားထက်သန်တဲ့ တိုင်းရင်းသား ဆရာမတွေရှိတဲ့ကျောင်းဆိုရင်တော့ တိုင်းရင်းသား ဘာသာစကားကို သင်ကြားကြပါတယ်။ ပြီးတော့လည်း မိဘအဆက်ကလည်း [illegible] များတယ်ဆိုရင်တော့ သင်ဖြစ်ပါတယ်။ ဒါပေမဲ့ တချို့ကျောင်းတွေမှာတော့ သင်ကြားခြင်း မရှိပါဘူး။ ဒီမှာတော့၊ ပညာရေးဥပဒေမှာ တိုင်းရင်းသား စာပေသင်ကြားခြင်းကို ထည့်သွင်းထားခြင်း မရှိတဲ့အတွက်ကြောင့် ဒေသတခုနဲ့တခု ကွဲပြားတာ တွေ့ရပါတယ်။

တွေ့ရှိချက်နံပါတ် (၂) ကတော့ ကျောင်းအဆောက်အဦနဲ့ ကျောင်းပြုပြင်ထိန်းသိမ်းရေးပဲ ဖြစ်ပါတယ်။ ကျောင်းအဆောက်အဦကတော့ ဒီကျောင်းဆောင်တွေမှာ၊ ရာချို့ ကယန်းဒေသမှာဆိုရင် ဒွေးမြည့်နေတာ တွေ့ရပါတယ်။ တင်တာ ကြာလှပြီ။ မကျလာဘူး။ ဒီတော့ ရွာကနေ ပူးပေါင်းပြီးတော့မှ အပြင်အလှူရှင်တွေ ရှာပြီးတော့ ဆောက်လုပ်ရတာတွေလည်း ရှိပါတယ်။ ကျေးလက်ဒေသတွေမှာ ဆိုလို့ ရှိရင် ဒီဝန်ထမ်းအိမ်ရာဟာ အစိုးရကနေ ဆောက်လုပ်ပေးခြင်း မရှိပါဘူး။ ဒီတော့ အချို့ ကချင်ဒေသမှာရှိတဲ့ ကျောင်းဆိုလို့ရှိရင် ဆရာ၊ ဆရာမတွေကို ဒေသရဲ့ ရပ်ကွက်အုပ်ချုပ်ရေးရုံးမှာ ငှားပြီး နေခိုင်းတာတွေလည်း ရှိပါတယ်။

နံပါတ် (၃) ကတော့ အခြေခံဆက်သွယ်ရေး အခက်အခဲတွေပဲ ဖြစ်ပါတယ်။ အခြေခံဆက်သွယ်ရေး အခက်အခဲဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲ။ ဒီတော့ ဆရာ၊ ဆရာမတွေက ရုတ်တရက် နာမကျန်းဖြစ်တယ်ဆိုလို့ရှိရင် ဆေးကုသမှုခံယူဖို့ ဆေးခန်းတော့ရှိပါတယ်။ ဒါပေမဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ မရှိတဲ့အတွက် မြို့ကိုသွားဖို့ဆိုတာ အရမ်းခက်ခဲပါတယ်။ တချို့နေရာကျတော့လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းတော့လည်း တယ်လီဖုန်းကမကောင်းဘူး။ ဒီတော့ အဝေးကနေ ရောက်လာတဲ့ ဆရာ၊ ဆရာမတွေက မိသားစုနဲ့ဆက်သွယ်နိုင်ဖို့ဆိုတာ အရမ်းခဲယဉ်းပါတယ်။ တခါတလေတော့လည်း မြို့နယ်ရုံးကနေပြီးတော့မှ လိုအပ်တာကို တောင်းလာတဲ့အချိန်ကျတော့ အချိန်မီ မတင်ပြနိုင်တဲ့ အတွက်ကြောင့် ဖြစ်သလို တင်ပြလိုက်ရတာတွေလည်း တွေ့ရပါတယ်။

တွေ့ရှိချက် နံပါတ် (၄) အနေနဲ့တော့ ငွေကြေးသုံးစွဲမှုနဲ့ ဘဏ္ဍာရေး စီမံခန့်ခွဲမှုပဲ ဖြစ်ပါတယ်။ ကျေးလက်ကျောင်းတွေမှာ အဓိကအားဖြင့်တော့ အစိုးရထံမှရရှိတဲ့ ဘတ်ဂျက်ရယ်၊ ရပ်ရွာမှကောက်ခံရရှိတဲ့ ဘတ်ဂျက်၊ ၂ မျိုးရှိပါတယ်။ ဒီငွေကြေးသုံးစွဲမှုမှာ အထက်က ချပေးတဲ့ ဘတ်ဂျက်တွေ မလုံလောက်တဲ့အတွက်ကြောင့် အပြင်ကနေပြီးတော့ ဆရာ၊ ဆရာမတွေ ကြံဖန်ပြီးတော့ ထပ်မံကောက်ခံတာတွေလည်း ရှိပါတယ်။ ပိုက်ဆံ နောက်ထပ်မကောက်ရဘူးလို့တော့ တားမြစ်ထားပေမယ့် တချို့ နေရာမှာတော့ ကောက်ခံတာတွေ ရှိပါတယ်။ ဥပမာ၊ စာစွက်စာတမ်းကြေးတို့၊ ဖြည့်စွက်စာအုပ်ဖိုးတို့၊ မေးခွန်းလွှာအတွက်ဆိုပြီးတော့ ကောက်ခံတာတွေ တွေ့ရပါတယ်။ ကမ္ဘာ့ဘဏ်ကလည်း အသေးသုံးအဖြစ် ကျောင်းများကို ခေါင်းစဉ်အလိုက် သတ်မှတ်နှုန်းဖြင့် သုံးစွဲရန် ထောက်ပံ့ထားသော်လည်း ကျောင်းရဲ့လိုအပ်ချက်နဲ့ မကိုက်ညီတာတွေလည်း တွေ့ရပါတယ်။ ကျောင်းများရဲ့ လိုအပ်ချက်နဲ့အညီ လိုအပ်တဲ့ ငွေကြေးပမာဏကို တောင်းဆိုခွင့် မရှိတဲ့အတွက် ဒါလည်း စိန်ခေါ်မှုတခု ဖြစ်ပါတယ်။

နံပါတ် (၅) ကတော့ ခေါင်းဆောင်မှုပဲ ဖြစ်ပါတယ်။ ဒီ ကျောင်းအုပ်တွေမှာ ကျောင်းရဲ့စီမံခန့်ခွဲရေးထက် အခြားလုပ်ငန်းတွေ ဖြစ်တဲ့ ပညာရေးရုံးမှာ သွားပြီး လုပ်ကူရတာတွေ၊ ကျောင်းအားကစား ပြိုင်ပွဲတွေမှာ သွားပြီး လုပ်ကူရတာတွေကြောင့် အချို့ကျောင်းအုပ်တွေ ဆိုရင် ကျောင်းကို အချိန်ပြည့်မလာနိုင်ပါဘူး။ ဒီတော့ ကျေးလက်ဒေသမှာ ရောက်ရှိလာတဲ့ ကျောင်းအုပ်တွေဟာ ငွေကြေးမလုံလောက်ခြင်းကြောင့် ငွေကြေးကိုလည်း ထပ်မံရှာဖွေရတယ်။ ပြီးတော့ ဒေသခံ မဟုတ်တဲ့ ကျောင်းအုပ်တွေ ဆိုလို့ရှိရင် ဘာသာစကား အခက်အခဲကိုလည်း တွေ့ကြုံရပါတယ်။ နောက်တခုကတော့ ပဋိပက္ခ ဖြစ်ပွားတဲ့ ဒေသဆိုလို့ ရှိရင် မိမိတို့ရဲ့ လုံခြုံရေးအတွက်ကိုလည်း ထည့်သွင်းစဉ်းစားရပါတယ်။ ကျမတို့ ဒီမှာ လေ့လာရတာကတော့ centralize ဗဟိုချုပ်ကိုင်မှုအတိုင်းကို လိုက်နာတဲ့ ဆရာတွေထက် ဗဟိုချုပ်ကိုင်မှုကို သွေဖည်ပြီးတော့မှ လုပ်ဆောင်တဲ့ ကျောင်းအုပ်တွေဟာ မိမိတို့ရဲ့ ခေါင်းဆောင်မှုစွမ်းရည်ကို ပိုပြီးတော့

ဖော်ထုတ်နိုင်တဲ့ အခွင့်အရေး ရှိပါတယ်။ ကျောင်းရဲ့ဖွံ့ဖြိုးမှုအတွက် ပိုပြီးတော့ လုပ်ဆောင်နိုင်ပါတယ်။ နောက်ထူးခြားချက်တခုကတော့ ရာထူးကို အလေးထားတဲ့ ကျောင်းအုပ်ထက် ပညာရေးကို စေတနာပါတဲ့ ကျောင်းအုပ်က ပိုမိုလုပ်ဆောင်နိုင်တာ တွေ့ရပါတယ်။ နောက်တခုကတော့ ကျေးလက်ဒေသ၊ တကယ့် remote area တွေမှာ ရောက်နေတဲ့ ဆရာတွေက ဗဟိုချုပ်ကိုင်မှုရဲ့လွှမ်းမိုးမှုအောက်မှာ သိပ်မရှိပါဘူး။ ဒီတော့ အချို့ကျောင်းအုပ်တွေက မိမိတို့ရဲ့ လုပ်ပိုင်ခွင့်တွေကို ခုတုံးလုပ်ပြီး လုပ်ဆောင်ကြတာတွေလည်း ရှိပါတယ်။ ဒီတော့ အကျိုးဆက်အနေနဲ့ ဝတ္တရားပျက်ကွက်မှုတွေ ရှိလာတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ မရှိပါဘူး။ ဒီတော့ သက်ဆိုင်ရာကလည်း အရေးမယူနိုင်တာတွေ ရှိပါတယ်။

ကျွမ်တို့ စစ်တမ်း ကောက်တဲ့အချိန်မှာ စိန်ခေါ်မှုကတော့ ကျောင်းဆရာ၊ ဆရာမတွေမှာ သုတေသနနဲ့ပတ်သက်တဲ့ မေးခွန်းတွေ ဖြေကြားတဲ့ အတွေ့အကြုံ မရှိတဲ့အတွက်၊ ကျွမ်တို့ရထားတဲ့ data ဟာ ဘယ်လောက်ထိ မှန်ကန်မလဲဆိုတာတပ်အပ်မပြောနိုင်ပါဘူး။ ဆက်လက်ပြီးတော့လည်း သုတေသနလုပ်ဖို့ လိုပါတယ်။ စစ်တမ်းကောက်ယူထားတဲ့ အချိန်မှာ ကျွမ်တို့ မေးခွန်းမေးတဲ့အချိန်မှာ သက်ဆိုင်ရာ ဒေသခံ ဘာသာစကားကို တိုက်ရိုက်ဘာသာပြန်ပြီး မေးရတဲ့အတွက် ဒါလည်း ကျွမ်တို့အတွက် စိန်ခေါ်မှုတခု ဖြစ်ပါတယ်။ နောက်တခုကတော့ ပဋိပက္ခဖြစ်ပွားရာဒေသမှာ စစ်တမ်းကောက်ရတဲ့အတွက် ဒါလည်း စိန်ခေါ်မှု နောက်တခု ဖြစ်ပါတယ်။

ကျွမ်တို့ရဲ့ အကြံပေးတိုက်တွန်းချက်ကတော့၊ ကျောင်းတွေမှာ ဒေသအခြေပြု လုပ်ဖို့ လိုပါတယ်။ Localize လုပ်ဖို့ လိုပါတယ်။ ဒီ localize လုပ်မှပဲ ကျောင်းရဲ့သင်ကြားရေးမှာရော၊ ဘဏ္ဍာရေးမှာရော၊ စီမံခန့်ခွဲရေးမှာရော၊ မိဘတွေကလည်း ပညာရေးနဲ့ပတ်သက်တဲ့ stake-holder တွေအားလုံး ပါဝင်နိုင်မှာ ဖြစ်ပါတယ်။ နောက်တခုကတော့ မိဘတွေကို empower လုပ်ဖို့ လိုပါတယ်။ ကျောင်းရဲ့လုပ်ငန်းတွေမှာ ပါဝင်နိုင်ဖို့အတွက် ပိုပိုးပြီးတော့ အခွင့်အလမ်းပေးရန် လိုအပ်ပါတယ်။

[ဆရာ ဦးသန်းထိုက်အောင် —

ကျေးလက်ဒေသ တိုင်းရင်းသားကျောင်းတွေမှာ ဇဟိုချုပ်ကိုင်မှုရှိခြင်းကြောင့် ပညာရေးအခွင့်အလမ်းတွေ ဆုံးရှုံးသွားတာတွေ၊ ဆုံးရှုံးသွားတဲ့ အခွင့်အလမ်းတွေကို ဘယ်လိုကုစားမလဲဆိုတာကို ဆွေးနွေးပေးသွားတဲ့ ဆရာမ နန်းမွေခမ်းကို အယူးပဲကျေးဇူးတင်ပါတယ်။ အခုဆက်လက်ပြီးတော့ ဆရာကြီးစောလားဆေးကို မေးပါရစေ။ ပညာရေးအခွင့်အလမ်းနဲ့ပတ်သက်လို့ တိုင်းရင်းသားတွေရဲ့ လက်ရှိအခြေအနေကို ဆရာကြီးရဲ့ ကျောင်းဆရာဘဝအတွေ့အကြုံပေါ် အခြေခံပြီးတော့ ကရင်တိုင်းရင်းသားအခြေအနေတွေကို ဆွေးနွေးပေးဖို့ တဆက်တည်းမှာပဲ ဒီတိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ကျနော်တို့လိုနိုင်ငံမျိုးတွေမှာ သုံးစွဲတဲ့စနစ်ပေါ့။ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးက အကောင်းဆုံးဖြစ်တယ်လို့ ပညာရှင်တွေက သုတေသနပြုပြီးတော့ သုံးသပ်ကြတယ်။ အဲဒီသုံးသပ်ချက်အပေါ်မှာ ဆရာ့ရဲ့အမြင်လေးကို ဆွေးနွေးပေးပါဦး။]

စကားဝိုင်းဆွေးနွေးပွဲ — ၄

## ပညာရေးနှင့် အခွင့်အလမ်း

ဦးစောလားဆေး

ကျနော်ကတော့ အရင့်အရင်က ပြောကြားသွားတဲ့ ပညာရှင်တွေ တွေ့ကြုံတဲ့ပညာရေးပိုင်းမှာ တော်တော်များများ ပြောသွားတာတွေနဲ့ နည်းနည်းတော့ ကွာဟမှုတော့ရှိမှာပေါ့။ ကျနော်က ဘွဲ့မှမရဘဲ။ ဘွဲ့တော့ ရတော့ရပါတယ်။ နည်းနည်းလေးပါ။ ဘာဖြစ်လို့လဲဆိုရင် ကျနော့်ဘဝက ကျောင်းဆရာလုပ်ဖို့ တခါမှ ကျနော် မစဉ်းစားခဲ့ဖူးဘူး။ ဒါပေမဲ့ လက်တွေ့ဘဝပိုင်းမှာတော့ ကျနော် ကျောင်းဆရာ ဖြစ်လာခဲ့တယ်။

နောက်ဆုံးပိတ်ကြတော့ အခုက KNU ရဲ့ ပညာရေးတာဝန်ခံ အဖြစ် ကျနော် လုပ်ဆောင်ခဲ့ရတယ်။ ဆရာတာ ပြောသလို ပေါ့။ ရတဲ့ပညာက တမျိုး။ လုပ်ရတဲ့ပညာက တမျိုး။ ဒါပေမဲ့ ကျနော်သိတာကတော့ ကိုယ့်ကိုယ်ကိုယ် အသုံးချဖို့ အရေးကြီး တယ်။ ဒီ ကိုယ်လုပ်တဲ့နေရာမှာ စိတ်ပါဝင်စားမှု ရှိရမယ်။ တိုးတက်အောင်လုပ်ချင်စိတ် ရှိရမယ်။ ကျနော့်အနေနဲ့ကတော့ တောထဲတောင်ထဲ ပြေးရင်းလွှားရင်း ပညာကို ဆက်လက် ဆည်းပူးတာပါ။ မြို့ထဲက ဒီဂရီတော့ မရဘူး။ ဒါပေမဲ့ တောထဲ က အတွေ့အကြုံကတော့ အများကြီးရှိတယ်။ အထင်တော့ မသေးနဲ့။ အဲလိုပေါ့ဗျာနော်။

ကျနော်တို့မှာကတော့ ကရင်မှာကျတော့ ကျနော်တို့ သုံးတဲ့ education က multilingual သုံးတယ်။ ဒါ အမှန်တရားကို ပြောတာ။ Multilingual education ကို ကျနော်တို့ သုံးတယ်။ Blingual မဟုတ်ဘူး။ ဒါကြောင့်မို့ သူများပြောတယ်။ Multilingual က အိပ်မက် ထဲမှာပဲ ရှိမယ်ဆိုတာ မဟုတ်ဘူး။ ကျနော်တို့ ကရင်မှာ သုံးနေ တယ်။ ကဲ critical thinking တွေ၊ အခု modern education or teaching methodology၊ ကျနော်တို့ ဟိုမှာ သုံးနေတာ နှစ် ၂၀ လောက် ရှိနေပြီ။ ဒီမှာ အစပျိုးတုန်းပဲ ရှိသေးတယ်။ မယုံရင် ဒေါက်တာသိန်းလွင်ကို မေးကြည့်ပါ။ ဒါကြောင့် ကျနော်တို့မှာ အောင်တဲ့ကလေးတွေက international တက်နိုင်တယ်။ ဗမာပြည်ကတော့ အသိအမှတ် လုံးဝ မပြုဘူး။ ဒါပေမဲ့ ကျနော်တို့ကလေးတွေက international တက်နိုင်တယ်။ ကျနော်တို့ရဲ့ ပညာရေးဟာ basic education ရှိတယ်။ Higher education ရှိတယ်။ Basic education မှာက ကျနော်တို့အနေနဲ့ primary နဲ့ secondary ဆိုပြီး ခွဲထားတာ ရှိတယ်။ Primary မှာ Grade 1 to Grade 3 က Lower Primary၊ Grade 4 to Grade 6

ကျတော့ Upper Primary ၊ Grade 7 to Grade 9 ကျတော့ Lower Secondary၊ Grade 10 to Grade 12 ကျတော့ Upper Secondary။ အဲဒီနေရာမှာ ကျနော်တို့ စချင်းက သင်တာက သုံးဘာသာစနစ်နဲ့ သွားတယ်။ ဆိုလိုတာကတော့ အောက်ခြေပိုင်းမှာတော့ ကရင်လို နားလည်၊ ဗမာစာလည်း ပါတယ်။ အင်္ဂလိပ်စာလည်း ပါတယ်။ ဒါပေမဲ့ middle ရောက်တဲ့ အချိန်ကျတော့ ကရင်စာနဲ့ အင်္ဂလိပ်စာကို တွဲပေးလိုက်တယ်။ ဥပမာအားဖြင့် Science တခု သင်တယ်ဆိုရင် အဲဒီ science ကို အင်္ဂလိပ်လို ရေးသလို တဘက်က ကရင်လို ရေးပေးလိုက်တယ်။ တွဲပေးလိုက်တယ်။ ဒါပေမဲ့ upper secondary ရောက်တဲ့အခါကြတော့ အင်္ဂလိပ်လိုပဲ သင်တယ်။ ဒါပေမယ့်လို့ အင်္ဂလိပ်လို အကုန်သုံးတာတော့ မဟုတ်ပါဘူး။ Instruction အနေနဲ့ ကရင်လိုလည်း သုံးပါတယ်။ နောက် ကျနော်တို့ junior college ရောက်တဲ့အခါကျတော့ all English ပဲ။ အကုန်လုံး အင်္ဂလိပ်လိုပဲ သုံးပါတယ်။ ဒါကတော့ ကျနော်တို့ရဲ့ အခုသုံးနေတဲ့ ပညာရေးစနစ်ပုံစံလေးကို နည်းနည်းဖော်ပြပေးတာပါ။

နောက်တချက်အနေနဲ့က ဟိုမှာက သင်ရိုးကို ကျနော်တို့ ဘာသာ ကျနော်တို့ လုပ်ပိုင်ခွင့် ရှိတယ်။ တိုင်းရင်းသားတွေအားလုံး သိဖို့ အတွက် curriculum ရေးတဲ့နေရာမှာ ကိုယ့်လူမျိုး၊ ဥပမာ ကရင်ရဲ့ concept လည်း ပါတယ်။ Value တွေ ပါတယ်။ Tradition တွေ ပါတယ်။ Culture တွေ ပါတယ်။ History တွေ ပါတယ်။ ဒါတွေပါမှ ကိုယ့် Curriculum လို့ ခေါ်တယ်။ ဒါ အရေးအကြီးဆုံး။ ဥပမာအားဖြင့် အင်္ဂလိပ်တွေ သူ့ဆွဲတဲ့ curriculum ဆိုတော့ သူ့ idea ၊ သူ့ concept ဒါ မတူဘူး။ ကွာဟမှုရှိတယ်။ အကုန်လုံးလိုက်တုရမှာတော့ မဟုတ်ပါဘူး။ ကိုယ့်ရဲ့ နေရာဒေသနဲ့ relevance ဖြစ်အောင်၊ သင့်လျော်မှု ဖြစ်အောင် ကိုယ်လုပ်သွားရမယ်။ ကျနော်တို့ ခုလုပ်တဲ့ ပညာရေးက အင်မတန်မှ ကောင်းပါတယ်လို့တော့ မဆိုလိုပါဘူး။ ကျနော်တို့ ကြိုးစား လုပ်ပါတယ်။ ကျနော်တို့ လုပ်ခဲ့တာတွေဟာ တကယ်တော့ ကျနော်တို့ရဲ့ ဘေးဘိုး လက်ထက်ကတည်းက လုပ်ထားတာကို ကျနော်တို့ ဆက်လက် ထိန်းသိမ်း

ထားတယ်။ ကောင်းအောင်လည်း revise လုပ်တယ်။ ကဲ . . ကျနော်တို့ curriculum ရေးပါပြီ။ အရေးကြီးတာက ခုနက ကျနော် ပြောထားတာတွေ ပါသလို curriculum frame ဆိုတာ ရှိရမယ်။ နောက် syllabus ဆိုတာ ရှိရမယ်။ အဲဒီ syllabus ကို အခြေခံပြီးမှ သာလျှင် ကျနော်တို့အနေနဲ့က textbook ကို ထုတ်ရမယ်။ ကျနော်တို့ဆီ မှာ textbook ကတော့ ပိုက်ဆံလုံလုံလောက်လောက် မရှိတဲ့အတွက်ကြောင့် ၂ မျိုးပဲ ထုတ်တယ်။ Teacher Guide တခုနဲ့ Student Book။ အဲဒီ Student Book မှာကျတော့ Workbook နဲ့ တွဲပေးလိုက်တယ်။ အမှန်က ၃ မျိုး ထုတ်ရမယ်။ ဒါက ကျနော်တို့ ကရင်ပညာရေး လောလောဆယ်ဆယ် လုပ်ဆောင်နေတဲ့လုပ်ငန်းတွေပါ။

နောက်ပြီးတော့ quality education ဖြစ်ဖို့ ဆိုတာကတော့ ကျနော်တို့ ထုတ်လိုက်တဲ့ textbook တခုက ဒီ syllabus ကို အခြေခံပြီးတော့၊ ပြန်ရေးထားတဲ့ textbook တခုကို ကျနော်က ချက်ချင်းပုံမနှိပ်သေးဘူး။ Testing လုပ်တယ်။ ပထမတနှစ် testing ကျောင်းတွေကို ပို့တယ်။ ကျောင်းဆရာဆီက feedback၊ ကျောင်းသားတွေဆီက feedback ၊ မိဘတွေဆီက feedback တွေကို ကျနော်တို့ ပြန်ယူတယ်။ အဲဒီပေါ် မူတည်ပြီးတော့ ကျနော်တို့ ပြန်ကောင်းအောင် လုပ်တယ်။ ဒုတိယနှစ် တခါထပ်ဖြန့်လိုက်တယ်။ အဲလိုပဲ ကျောင်းဆရာတွေ၊ ကျောင်းသားတွေ၊ မိဘတွေဆီက feedback တွေကို ယူပြီးတော့ ကျနော်တို့ တခါ အကောင်းဆုံးဖြစ်အောင် လုပ်ပြီး တတိယနှစ်မှသာလျှင် textbook ကို ထုတ်ပြီး ဖြန့်လိုက်ပါတယ်။ သင်ကြားပါတယ်။ ဒါပေမဲ့ ဒီ textbook တွေ သင်နိုင်ဖို့အတွက် ကျနော်တို့ဆီမှာ သင်တန်းနှစ်မျိုး ရှိတယ်။ TOT တမျိုး ရှိတယ်။ နောက်ရိုးရိုး Teacher's Training၊ ကျောင်းမှာ သင်တဲ့ ကျောင်းဆရာတွေ သင်တဲ့ training နှစ်မျိုး ရှိတယ်။ ဒီသင်တန်းကတော့ ခုနက ပြောခဲ့တာ ကျန်ခဲ့တာ ရှိတယ်။ ဥပမာ၊ ကျောင်းဆရာသင်တန်း Teacher's Training College ဆိုတာလည်း ရှိတယ်။ အဲဒါ နှစ်နှစ်သင်တာပေါ့။ အဲ့ဒီအပြင် မတက်ရတဲ့ ကျောင်းဆရာတွေကလည်း သင်နိုင်ဖို့အတွက် ၁ လ သင်တန်း ပေးပြီးမှသာလျှင်

သင်ကြားခွင့် ပေးတယ်။ သင်တဲ့ဆရာတွေကလည်း follow–up အနေနဲ့ camp ထဲမှာဆိုရင် Resident Teacher Trainer (RTT)၊ အဲဒီဆရာတွေက လိုက်ပြီးတော့ ထိန်းပြီးတော့ ပို့ချပေးတယ်။ ဆရာ၊ ဆရာမတွေ သင်ကြားမှု အားနည်းမှုတွေကို ပြန်ပြီးတော့ ဖြည့်စွက်ပေးတယ်။ ကျနော်တို့ ခရိုင်တွေမှာကျတော့ ATT, MTT လို့ ခေါ်တဲ့ Area Teacher Trainer, Mobile Teacher Trainer ဆိုပြီးတော့၊ အဲဒီ လိုအပ်မှုလေးတွေကို ပြန်ဖြည့်ပေးတယ်။ ဒါ quality education ဖြစ်ဖို့။ ဒါ့ထက် ပိုသိချင်တယ်ဆိုရင်တော့ ဆက်သွယ် မေးမြန်းနိုင်ပါတယ်။ ကျနော်ကတော့ ဘာဒီဂရီမှ မရပါဘူး။ Curriculum လုပ်ပါဆိုရင် ကျနော် လုပ်တတ်တယ်။ ပါရဂူနဲ့ယှဉ်ပြီးတော့ ကျနော် တွဲလုပ်ရဲတယ်။ ကျနော့်အတွေ့အကြုံ အများကြီး ရှိပါတယ်။

[ဆရာဦးသန်းထိုက်အောင် –

ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားတဲ့ ဆရာစောလားဆေးကို အများကြီးကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ Burmese Migrant Teacher Association (BMTA) က ဆရာ ဦးနိုင်နိုင်ထွန်းကို မေးပါရစေ။ ဆရာက ရွှေ့ပြောင်းဒေသ ကျောင်းဆရာများမှာ ပါဝင်ဆောင်ရွက်နေတာလည်း အင်မတန်ကြာပြီဖြစ်တယ်။ ရွှေ့ပြောင်းဒေသ ကလေးများရဲ့ ပညာရေးအခွင့်အလမ်းကို အထူးပြုပြီးတော့ မေးချင်တာပါ။ အကြောင်းအမျိုးမျိုးကြောင့် ကျနော်တို့နိုင်ငံကထွက်ခွာသွားပြီးတော့ အခြားမှာ ပညာသင်ကြားနေကြရတဲ့ ရွှေ့ပြောင်းကလေးတွေရဲ့ ပညာရေးပေါ့။ ဒီကလေးတွေ မြန်မာနိုင်ငံကို ပြန်လာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ပညာရေးအသိအမှတ်ပြုမှု၊ ဆက်လက်ပညာသင်ယူခွင့် ရရှိရေးအခွင့်အရေးတွေနဲ့ ပတ်သက်ပြီးတော့ အခုလက်ရှိတွေ့ကြုံနေရတဲ့ အခြေအနေတွေ၊ သူတို့ရဲ့ ပညာရေးအခွင့်အလမ်းတွေ ပိုရရှိလာအောင် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကို ဆရာ ဦးနိုင်နိုင်ထွန်းက ဆွေးနွေးပေးပါ။]

စကားဝိုင်းဆွေးနွေးပွဲ – ၄

## ပညာရေးနှင့် အခွင့်အလမ်း

ဆရာဦးနိုင်နိုင်ထွန်း

ကျနော်တို့ ရွှေ့ပြောင်းပညာရေး ဘယ်လိုဖြစ်လာလဲဆိုတော့ ရွှေ့ပြောင်းအလုပ်သမားတွေက စပါတယ်။ ၁၉၈၈ အရေးအခင်းကြီး ပြီးနောက်ပိုင်းမှာ မြန်မာနိုင်ငံသားတွေ တော်တော်များများ မြန်မာနိုင်ငံနဲ့နီးစပ်တဲ့ နိုင်ငံအနံ့အပြားကို ရွှေ့ပြောင်းထွက်ခွာလာကြပါတယ်။ စီးပွားရေးကြောင့်၊ ဘဝမလုံခြုံတာကြောင့်၊ နောက် ပြည်တွင်းစစ်တွေကြောင့် ဒုက္ခသည်

ဆိုပြီး ဖြစ်လာကြတာတွေ ရှိတယ်။ ဒါကြောင့် ရွှေ့ပြောင်းကလေးတွေလို့ ပြောရင် ရွှေ့ပြောင်းအလုပ်သမား (migrant worker) တွေရဲ့ သားသမီးတွေအပြင် ပြည်တွင်းမှာနေပြီး နေရာဒေသကို ဆုံးရှုံးပြီးတော့ ထွက်လာရတဲ့ မိဘတွေရဲ့သားသမီးတွေလည်း ပါပါတယ်။

ရွှေ့ပြောင်းလာသူများနဲ့ ကလေးငယ်များရဲ့ အရေအတွက်ကို အတိအကျ စာရင်းကောက်ယူဖို့ အခက်အခဲ ရှိပါတယ်။ International Organization for Migration (IOM) ရဲ့ အစီရင်ခံချက်များအရ ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းလာတဲ့ အလုပ်သမား ၅.၂ သန်းကျော် ရှိပြီး ၃ သန်း ကျော်ဟာ မြန်မာအလုပ်သမားတွေလို့ သိရပါတယ်။ အဲဒါ တရားဝင်ရော၊ တရားမဝင် အလုပ်သမားတွေပါ သူတို့ စာရင်းကောက်ထားတာ ဖြစ်ပါတယ်။ အဲဒီထဲက ၁၁% ဟာ၊ ၁၈ နှစ်အောက် လူငယ်တွေ ဖြစ်ကြပါတယ်။ ကျနော်တို့ရဲ့မြန်မာနိုင်ငံက ရွှေ့ပြောင်းလာသူများအတွက် ပေါင်းစပ်ပညာရေးဖော်ဆောင်မှုကော်မတီ (Migrant Education Integration Initiative, MEII) ရဲ့ စစ်တမ်းကောက်ယူမှုအရ သူတို့အတွက် ပညာသင်ယူနိုင်မှုအခွင့်အလမ်းဟာ အလွန်နည်းပါးပါတယ်။ အဲဒီအချက်ပေါ် မူတည်ပြီး ရွှေ့ပြောင်းကျောင်းတွေ ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။ ဘယ်ကမှ အလှူငွေတွေ လာပေးလို့ ထောက်ပံ့လို့တော့ မဟုတ်ပါဘူး။ မနေနိုင်တဲ့၊ ဒီကလေးတွေ လမ်းဘေးမှာပဲ ဒီလိုနေနေရတဲ့၊ အိမ်ထဲမှာနေရတာ အမြဲတမ်းအန္တရာယ်များတယ်ပေါ့နော်။ သူများနိုင်ငံမှာ တရားမဝင် နေထိုင်ရတဲ့အချိန်မှာ ဒီကလေးတွေအတွက် အရမ်းအန္တရာယ် ကြီးပါတယ်။ သူတို့ကို abuse လုပ်ခံရမယ့် အခြေအနေတွေအပြင်၊ မကောင်းတဲ့လုပ်ငန်းတွေမှာ အသုံးချခံရမယ့် အနေအထားတွေလည်း ရှိတယ်။ အဲဒါကြောင့်မို့ စုစည်းပြီးတော့ စာတွေ သင်ကြတာ။ ၁၉၉၅ ခုနှစ် လောက်မှာ ရွှေ့ပြောင်းကျောင်းတွေ စပါတယ်။ အဲဒီကနေ တဖြေးဖြေးနဲ့ နောက်ပိုင်းမှာတော့ ကောင်းတဲ့အလုပ်ဖြစ်တဲ့အခါ အားပေးကူညီတဲ့သူတွေ များလာတယ်။ အလှူရှင်တွေလည်း ပိုင်းဝန်းလာတဲ့အတွက် ကျောင်းတွေ တဖြေးဖြေးများလာတယ်။ ကျနော်တို့ဒေသမှာ ဆိုရင်၊ ဒီ မဲဆောက်ဒေသမှာ ဆိုရင်တော့ ၇၄ ကျောင်းအထိ

ရှိခဲ့တယ်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းမှာတော့ နည်းနည်း၊ နည်းနည်း ပြန်ဖြတ်လာတယ်။ ၆၄ ကျောင်းလောက်ပဲ ကျန်တော့တယ်။ အဓိက အကြောင်းရင်းကတော့ အထောက်အပံ့တွေ လျော့နည်းလာတဲ့ အပိုင်းပေါ့။

၂၀၁၂ ခုနှစ် မြန်မာပြည်မှာ အပြောင်းအလဲတွေ ဖြစ်ပြီ ဆိုတဲ့ အခါကျတော့ အလှူရှင်တွေ ကိုယ်တိုင်ကလည်း မြန်မာပြည်ထဲကို ပိုပြီး တော့ စိတ်ဝင်စားလာတယ်။ ကျနော်တို့ကိုယ်တိုင်လည်း မြင်ပါတယ်။ မြန်မာပြည်မှာလည်း လိုအပ်ချက်တွေ အများကြီး ရှိသေးတယ်။ လုပ်ဖို့ လည်း လိုတယ်။ တကယ်ပြောရရင်တော့ ဘာနဲ့တူသလဲဆိုရင် မြန်မာ ပြည်က ကလေးတွေကတော့ မိဘရှိတဲ့ကလေးတွေပေါ့။ တချို့ ဂရုစိုက် မခံရသေးတဲ့ ကလေးတွေ ရှိပေမယ့် မိဘရှိရဲ့သားနဲ့ ဂရုစိုက်မခံရသေး တဲ့ ကလေး။ ကျနော်တို့က သူများ နိုင်ငံနယ်စပ်မှာ သွားနေတယ်။ ကိုယ့် ကလေးတွေက မြန်မာနိုင်ငံက ကလေးတွေ။ ထိုင်းက ၂၀၀၅ ခုနှစ်မှာ Education For All ဆိုပြီး ကလေးအားလုံး ကျောင်းတက်ပါဆိုပြီး ဖွင့်ပေးလိုက်တယ်။ ထိုင်းကျောင်းမှာ ကျနော်တို့မြန်မာနိုင်ငံသား မိဘတွေ က မတက်ပါဘူး။ မတက်တဲ့ အကြောင်းက၊ အဓိကကတော့၊ သူတို့ရဲ့ ဝင်ငွေက နည်းတယ်။

ထိုင်း ကျောင်းက အလကားထားတယ်ဆိုပေမယ့် ယူနီဖောင်းတို့၊ တခြား facility တွေ အများကြီး လိုက်ရတယ်။ အဲဒါ တခု ရှိတယ်။ နောက်တခုက သူတို့ကိုယ်တိုင်ကိုက အတည်တကျ မရှိဘူး။ ထိုင်းနိုင်ငံ ထဲမှာတင် ဟိုနေရာ အလုပ်ကောင်းတယ်ဆို ပြောင်းသွားလိုက်၊ ဒီနေရာ အလုပ်ကောင်းတယ်ဆို ပြောင်းသွားလိုက်။ ထိုင်းကျောင်း သွားတက်ရင် အဲဒီလို လုပ်လို့ မရပါဘူး။ နှစ်စက အပ်ထားရင် နှစ်ဆုံးအထိ တက်ရ ပါတယ်။ နောက်တခုကတော့ ဘာသာစကားမတူဘူး။ ထိုင်းကျောင်းမှာက ထိုင်းလိုပဲ လုံးဝ သင်လိုက်တဲ့အခါမှာ ဘာသာစကားမတူတဲ့ ပြဿနာ ရှိတယ်။ နောက်ဆုံးကတော့ လူမှုရေးအရ ခွဲခြားခံရတဲ့အပိုင်းတွေရှိတယ်။ သမိုင်းကြောင်းတွေကို ပြန်လှန်ပြီးတော့ ပြောရတဲ့အပိုင်းတွေရှိတော့၊ ကလေးတွေမှာ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာကော၊ လူမှုရေးပိုင်းဆိုင်ရာ

ခံစားမှုတွေ ရှိတယ်။ အဲလိုမျိုးတွေ ရှိတဲ့အတွက် မြန်မာကျောင်းတွေမှာပဲ တက်ချင်ကြတယ်။ အဲလို ဖြစ်လာတော့ မြန်မာကျောင်းတွေ လုပ်လာတယ်။ ကျနော်တို့က ပထမတော့ စာသင်ပေးတာ။ ကလေးတွေ စာတတ်ရင် ပြီးရောပေါ့နော်။ နောက်တော့ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတွေ ပေါ်လာတဲ့အခါမှာ သူ့ရဲ့ quality ပိုင်းကိုလည်း စဉ်းစားလာတယ်။

ကျနော်တို့ကို ပံ့ပိုးပေးတဲ့ဟာတွေ အများကြီး။ အထူးသဖြင့်တော့ အရည်အသွေးပိုင်း၊ teacher's training ပိုင်းတွေ။ ဆရာ၊ ဆရာမ တယောက်က ၁၀ နှစ်လောက် လုပ်ခဲ့ပြီးရင်ကို ရရှိတဲ့ training တွေက တပုံကြီး ရှိတယ်။ Training certificate တွေ တပုံကြီး ရကြပါတယ်။ ဒါပေမဲ့ ပြဿနာက ဘာလဲဆိုတော့၊ အဲဒီဝါရင့် ဆရာ၊ ဆရာမကြီးတွေက ကျနော်တို့ဘက်က အထောက်အပံ့တွေ နည်းတဲ့အခါကျတော့ မမြဲဘူး။ ဥပမာဆိုပါစို့။ ကျနော်တို့ ဆရာ၊ ဆရာမတွေက လစာ ဘတ် ၃[illegible]၀ ကနေပြီးတော့ ၃၅၀၀ ပတ်ဝန်းကျင်လောက် ရကြပေမယ့် အလုပ်သမား တယောက်က ၆၀၀၀ ကနေ ၉၀၀၀ လောက်အထိ ရတယ်။ စာသင်နေမယ့်အစား ကော်စမ်းလို့ခေါ်တဲ့ အိမ်ဆောက်လုပ်ငန်း ဘာညာ အဲဒီမှာ သွားလုပ်တာက ပိုရတယ်ဆိုပြီးတော့ ကျနော်တို့မှာ ဆုံးရှုံးတဲ့ အပိုင်းတွေ ရှိတယ်။ ဒါပေမဲ့ ကျနော်တို့ ကြိုးစားပြီးတော့ လုပ်ပေးနေတဲ့ဟာ ရှိတယ်။

ထူးခြားချက် ဘာရှိလဲ ပြောရမယ်ဆိုရင်၊ ဥပမာ ကျနော်တို့ဆီက ကျောင်းပြီးသွားတဲ့ ကလေးတွေ၊ သူတို့မှာ ဘာသာစကားအရဆိုရင်၊ ကျနော်တို့က ထိုင်းမှာနေတဲ့အတွက် ထိုင်းဘာသာစကားနဲ့ သူတို့ရဲ့ ယဉ်ကျေးမှုကိုပါ တွဲသင်ရတယ်။ ထိုင်းဘာသာစကား တတ်တယ်။ မြန်မာဘာသာစကား တတ်တယ်။ အင်္ဂလိပ်ဘာသာစကား တတ်တယ်။ တိုင်းရင်းသားကလေးတွေဆို သူတို့ရဲ့မိခင်ဘာသာစကား တတ်တဲ့အခါကျတော့၊ သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းကကျတော့ ပိုပြီးတော့ လွယ်ကူတယ်။ ဒါပေမဲ့ ကျနော်တို့ ထုတ်ပေးလိုက်တဲ့စာရွက်က ထိုင်းနိုင်ငံ အစိုးရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရသော်လည်းကောင်း၊ ထောက်ခံချက် မရှိတဲ့အတွက် အသိအမှတ်ပြု မခံရဘူး။ တက္ကသိုလ်

တက်လို့ မရဘူး။ တက္ကသိုလ်တက်မယ်ဆိုရင် ဘယ်နိုင်ငံကလဲဆိုရင် ကျနော်တို့မှာ migrant နိုင်ငံလည်း မရှိဘူးဆိုတော့၊ အဲဒါကို လုပ်လို့ မရတဲ့အခါမှာ အဲဒီပြဿနာ ရှိတယ်။ ဒါဟာ ကလေးတွေအတွက်ကော၊ မိဘတွေအတွက်ပါ စိန်ခေါ်မှုတွေဖြစ်တယ်။ နောက်ပြီးတော့ ကျောင်းတွေရဲ့ ရပ်တည်မှုအတွက်လည်း စိန်ခေါ်မှုတွေ ဖြစ်တယ်။ ဘာလို့လဲဆိုတော့ အထောက်အပံ့တွေ မရှိဘဲနဲ့ သူများနိုင်ငံမှာ မြေငှားရတယ်။ ရေဖိုး၊ မီးဖိုး၊ ဆရာ၊ ဆရာမတွေ လစာတွေ ပေးရတယ်။ တခြားစရိတ်စကတွေ ရှိတယ်။ အဲဒီဟာတွေအတွက် လှူတန်းမယ့်အလှူရှင်က စာရွက်မရရင် မလုပ်ချင်တော့ဘူး။ ကျနော်တို့မှာ အရည်အသွေးရှိတဲ့ ပညာရေးကို သင်ကြားပေးရသလို၊ တဘက်ကလည်း စာရွက်ရရေးကို ကြိုးစားရတယ်။ ဆိုလိုတဲ့ သဘောက ဥပမာ ထိုင်းနိုင်ငံရဲ့ ကျောင်းပြင်ပ ပညာရေးမှာ မူလတန်း ရှိတယ်။ အထက်တန်း ရှိတယ်။ အဲဒါမျိုးတွေကိုလည်း သွားချိတ်ဆက်ပြီး ကြိုးစားရတယ်။

အခုဆိုရင် မနှစ်ကနေစပြီး Myanmar Non-formal Primary Education (NFPE) ဝင်လာပြီ။ အဲဒါလည်း လုပ်နေကြတာ ရှိတယ်။ ဒါပေမဲ့ သူ့မှာတော့ အသက်အရွယ် အကန့်အသတ် ရှိတယ်။ သင်ရိုးညွှန်းတမ်းရဲ့ သတ်မှတ်ချက် ရှိတယ်။ သူသတ်မှတ်ထားတဲ့ အသက်အရွယ် မဟုတ်လို့ရှိရင်၊ အဲဒီ အသက်အရွယ် မဟုတ်တဲ့ ကျောင်းထဲမှာ ပုံမှန်သင်ကြားနေတဲ့ ကလေးတွေအတွက် ဒီဟာက မဆီလျော်ဘူးပေါ့။ နောက်တခါ မြန်မာပြည်ဘက်ကနေ ၄ တန်း၊ ၈ တန်း၊ ၁၀ တန်း ချိတ်ဆက်ပြီးတော့ ဖြေရတာ ရှိတယ်။ အခက်အခဲတွေကတော့ တိုင်းရင်းသား ကလေးတွေအတွက်ဆိုရင်တော့ မြန်မာစာမှာ အခက်အခဲ တော်တော်ရှိကြတယ်။ ဖြေရတဲ့အပိုင်းပေါ့။ နောက်တခုကတော့ ဖြေရတဲ့ ကုန်ကျစရိတ် များတယ်။ ဥပမာဆိုရင် ကျနော်တို့ဆီမှာ ၆၄ ကျောင်း ရှိတယ်။ ဒါ မဲဆောက်မြို့တမြို့ထဲမှာ ရှိနေတာ မဟုတ်ဘူး။ ၄၈ ကီလိုမီတာ၊ မိုင်နဲ့ဆိုရင် ၄၀ လောက်ရှိမှာပေါ့။ အဲဒီလောက်မှာ ရှိနေတဲ့ နေရာတွေကို၊ ချောင်ကြိုချောင်ကြားတွေ အများကြီးနေတာကြောင့် မဲဆောက်

မြို့ပေါ်က ကလေးလောက်ပဲ ဒီ ၄ တန်း၊ ၈ တန်းကို ဖြေနိုင်တယ်။ ၁၀ တန်း ဖြေတဲ့အခါကျတော့လည်း ကျနော်တို့က မဲဆောက်မှာ ဖြေခွင့် မရှိဘူး။ မြဝတီမှာ သွားဖြေရတယ်။ အဲဒီအတွက်လည်း ကျနော်တို့မှာ အကုန်အကျများတာတွေ ရှိတယ်။

ကျနော်တို့ အရည်အသွေးတွေကို ထိန်းသိမ်းဖို့ကတော့၊ ဒေသ အလိုက် မဲဆောက်ရှိတယ်။ မဟာချိုင်၊ ဘန်ကောက်၊ ရနောင်း၊ ဖန်ငါ၊ မြန်မာစာသင်ကျောင်းတွေ ရှိတဲ့ဟာတွေ စုဖွဲ့ပြီး Education Quality Assurance Board ဖွဲ့ထားတယ်။ ဆရာ၊ ဆရာမတွေရဲ့ သင်ကြားမှု၊ ပြင်ဆင်မှု၊ အဲဒါတွေကို စစ်ဆေးတယ်။ ပြီးရင် ကျောင်းသားတွေ အပေါ်မှာ စစ်ဆေးမှုတွေကို ဏ်ဆေးတယ်။ စစ်ဆေးပြီးတော့၊ ဒေသ အလိုက် အဖွဲ့တွေကနေ Central Board ကို ဖွဲ့ထားတယ်။ အဲဒီဟာက နေဆက်ပြီး ဆောင်ရွက်သွားဖို့ လုပ်ဆောင်တဲ့အပိုင်းတွေ ရှိပါတယ်။ ကလေးတွေ လွှဲပြောင်းမှုအပိုင်းမှာလည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဒီ migrant နဲ့ ထိစပ်နေတဲ့ တနင်္သာရီတိုင်းပေါ့နော်။ အဲဒီတွေမှာ သွားရောက် ညှိနှိုင်းပြီးတော့ ဆွေးနွေးတာ ရှိတယ်။ ဝမ်းသာဖို့ကောင်း တာက မြန်မာပြည်ဘက်က ပညာရေးဘက်က တာဝန်ရှိတဲ့သူတွေက ဝမ်းပန်းတသာ ကြိုဆိုတယ်။ သူတို့ အဓိကတောင်းဆိုတာကတော့ TC လေးတွေ၊ Transfer Certificate ပေးဖို့၊ နောက်တခုက CPR၊ အဲဒါ လေးတွေ ပါလာဖို့ သူတို့ တောင်းဆိုပါတယ်။ အဲဒါကို လုပ်နေတာရှိတယ်။

အဓိက ကျနော်တို့ရဲ့ လိုအပ်ချက်က၊ အကြံပြုချင်တာက၊ ကျနော်တို့ ဒေသတွေမှာ လာလို့ရှိရင် ပညာရေးဝန်ကြီးဌာနက ကိုယ်စားလှယ်တွေရယ်၊ ရွှေ့ပြောင်းကျောင်းတွေက ကိုယ်စားလှယ်တွေ ရယ် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ဖို့၊ နောက်တခုက ရွှေ့ပြောင်း ကျောင်းတွေနဲ့ မြန်မာ ကျောင်းတွေက ကွန်ရက်ချိတ်ဆက်ထားနိုင်ဖို့၊ ကျနော်တို့ ဒီဘက်က EQAB က နောက်ပိုင်းမှာ စာမေးပွဲတွေ စစ်ဆေး သွားဖို့ ရှိတယ်။ စစ်ဆေးပြီး ထုတ်ပေးလိုက်တဲ့ အောင်လက်မှတ်တွေကို အသိအမှတ်ပြု ပေးဖို့၊ ကျနော်တို့ဆီမှာ လိုအပ်ချက်တွေ ရှိရင်လည်း၊ လူပုဂ္ဂိုလ်အရ နည်းပညာတွေ လာရောက်ပြီး ပံ့ပိုးပေးနိုင်ဖို့၊ အဲဒါတွေကို

ဆက်လုပ်ဖို့။ နောက်တခုကတော့ ခရိုင်အလိုက်စစ်ဆေးတဲ့ [illegible]
အစား EQAB က ထုတ်ပေးတဲ့ မေးခွန်းတွေကို [illegible]
လိုအပ်တယ်ဆိုရင် အရည်အသွေးပိုင်းဆိုရင်လည်း [illegible]
လာရောက်ပြီးတော့ ဖြည့်စွက်ပေးလို့ ရတယ်။

နောက်တခုကတော့ ရွှေ့ပြောင်းကျောင်းတွေမှာ သင်ကြားနေတဲ့ ဆရာ၊ ဆရာမတွေ အခုလည်း ခေါ်ပါတယ်။ ၄ တန်း ဆရာမ ခေါ်တယ်။ ၈ တန်းဖြေတဲ့ ဆရာ၊ဆရာမတွေကို training ပေးတာမျိုးတော့ လုပ်တယ်။ အဲလိုမျိုးထက်စာရင် ခုနက ကော်မတီတခု၊ ရွှေ့ပြောင်းနဲ့မြန်မာ ပေါင်းစပ်ပြီး ဘယ်လို training တွေ ပေးကြမယ်။ ဘာတွေ လိုအပ်ချက် ရှိတယ်ဆိုတာ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ကြဖို့ လိုတယ်။ နောက်ပိုင်းမှာ တော့ ကျနော်တို့ မျှော်လင့်တယ်။ ရွှေ့ပြောင်းက ၁၀ နှစ်လောက်တော့ အနည်းဆုံး ရှိနေရဦးမယ်။ ဘာလို့လဲဆို ဒီ အလုပ်သမားတွေက ဒီမှာ အလုပ်အကိုင် အခွင့်အရေး မရှိရင် မပြန်ဘူး။ အဲဒါကြောင့်မို့ အနည်းဆုံး တော့ ဒီ ဆရာ၊ ဆရာမတွေ လေ့ကျင့်ပေးတာနဲ့အတူ သူတို့ကို လစာတွေ ထောက်ပံ့ပေးနိုင်ဖို့ မြန်မာပြည်က ဆွဲခန့်လို့ အဆင့်ပဲဖြစ်ဖြစ် ထောက်ပံ့ ပေးနိုင်ရင်တော့ သူတို့ ရပ်တည်မှုအတွက် ပိုပြီးတော့ လွယ်ကူမယ်။ ဘာဖြစ်လို့လဲဆိုတော့ Myanmar NFPE က စပြီးတော့ NFPE သင်တဲ့ ဆရာ၊ ဆရာမတွေကို ထောက်ပံ့ပေးတယ်ဆိုတော့ နောက်ပိုင်းမှာလည်း ဖြစ်လာစရာ ရှိတယ်။ အဲဒါကတော့ ကျနော်တို့ မျှော်လင့်တဲ့ အခွင့်အလမ်းပေါ့။ အချိန်ကန့်သတ်ချက်လည်း ရှိတဲ့အခါကျတော့ ကျနော် ဒီလောက်ပဲ တင်ပြချင်ပါတယ်။ မေးခွန်း မေးတဲ့အခါမှာ၊ မေးလာတာရှိရင်လည်း ကျနော် ဖြေကြားပေးပါမယ်။

[ဆရာဦးသန်းထိုက်အောင် —

ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားတဲ့အတွက် ဆရာ ဦးနိုင်နိုင်ထွန်းကို ကျေးဇူးတင်ပါတယ်။ နောက်ဆုံးအနေနဲ့ ဆရာ ဒေါက်တာသိန်းလွင်ကို ဖိတ်ခေါ်ဝိုင်းမှာလည်း ပညာရေးအခွင့်အလမ်းနဲ့ ပတ်သက်ပြီးတော့ ရှုထောင့်တော်တော်လေး စုံစုံလင်လင် ဆွေးနွေးသွားတာ ရှိပါတယ်။ ဆရာ့အနေနဲ့ ပညာရေးအခွင့်အလမ်းနဲ့ ပတ်သက်လို့ ထပ်ဆွေးနွေးပေးပါဦး။]

စကားဝိုင်းဆွေးနွေးပွဲ — ၄

## ပညာရေးနှင့် အခွင့်အလမ်း

ဒေါက်တာသိန်းလွင်

ဆရာတို့၊ ဆရာမတို့ တနေကုန်ထိုင်ပြီးတော့ ဆွေးနွေးပွဲမှာ လာပြီး နားထောင်ရတာ၊ ပါဝင်ရတာ ပင်ပန်းလှပြီ ထင်တယ်။ ပင်ပန်းရက်နဲ့နပ်အောင်လို့ ပညာရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်လို့ အခက်အခဲ၊ စဉ်းစားရမယ့် အချက်လေးတွေ၊ စဉ်းစားစရာလေးတွေ ကျနော် ထည့်သွင်းပြောပါ့မယ်။

ကျနော် ပြောချင်တဲ့အချက်ကတော့ ပညာရေး ပြုပြင်ပြောင်းလဲမှု လုပ်တဲ့အခါမှာ၊ ကလေးတွေရဲ့ပညာရေး ဆောင်ရွက်တဲ့အခါမှာ၊ ဘယ်ကလေးမှ ကျန်မနေရစ်အောင်၊ ကလေးအားလုံးရဲ့ ပညာရေးအခွင့်အလမ်းတွေကို ပြောချင်တာပါပဲ။ ပြောတဲ့နေရာမှာ ဒီပြောသွားတဲ့ ဆရာ၊ ဆရာမလေးယောက်က အကောင်းဆုံး သက်သေအထောက်အထားတွေပါပဲ။ သူတို့ ပြောသွားတဲ့ အကြောင်းအရာတွေ၊ အတွေ့အကြုံတွေ၊ အချက်အလက်တွေပေါ်မှာ အခြေခံပြီးတော့ ကျနော့်ရဲ့အကြံပေးချက်တွေကို ပြောသွားမှာပါ။

အရင်ဆုံး ဆရာ စောလားဆေး ပြောသွားတဲ့ ကရင်ဒေသမှာ ကရင်အမျိုးသား အစည်းအရုံးရဲ့ ပညာရေးဌာနကနေ တာဝန်ယူဖွင့်လှစ်ထားတဲ့ ကျောင်းပေါင်းက ၂၀၀ ကျော်ရှိပါတယ်။ ကျောင်းသားကလည်း နှစ်သောင်းကျော် သုံးသောင်းလောက် ရှိမယ် ထင်တယ်။ ဆရာတွေကလည်း ထောင်ဂဏန်း ရှိတယ်။ ဆရာတို့နဲ့ ကျနော်နဲ့ နယ်စပ်ပညာရေးတွဲလုပ်တာ ၁၅ နှစ်လောက် ရှိပြီ။ ဆရာတို့ဒေသတွေ၊ ကျောင်းတွေလည်း ရောက်ဖူးတယ်။ ဆရာစောလားဆေးဆိုရင်လည်း ဆွေးနွေးပွဲတွေတိုင်းမှာ အမြဲတမ်းပါတဲ့အခါကျတော့ ကရင်ဒေသ ပညာရေးကို ကျနော် နားလည်ရတယ်။

ဆရာတို့ ကရင် ဒေသမှာ ကရင်အမျိုးသားတွေ ကိုယ်တိုင် ထူထောင်တဲ့ ကျောင်းတွေ ရာကျော် ရှိသလို၊ မွန်အမျိုးသားကျောင်းတွေလည်း ရာကျော် ရှိပါတယ်။ မနက်က အက်ခ်ရှလေ ပြောသွားတဲ့ထဲမှာ ပါပါတယ်။ အလားတူပဲ ကရင်နီဒေသမှာလည်း ကရင်နီ အမျိုးသားတွေ ကိုယ်တိုင် ထူထောင်ထားတဲ့ ကျောင်းတွေ ရှိပါတယ်။ အစိုးရ ထူထောင်တာ မဟုတ်ပါဘူး။ အစိုးရက ပံ့ပိုးမှုလည်း မပေးဘူး။ ပံ့ပိုးဖို့နေနေသာသာ၊ အဲဒီကျောင်းတွေကို မကြာမကြာ လာလာ မီးရှို့ပါတယ်။ အဲဒီ အခြေအနေနဲ့ ရင်ဆိုင်ရတဲ့ကြားထဲမှာ ဒီကျောင်းတွေ ထူထောင်တာ ကရင်မှာ ရှိတယ်။ ကရင်နီမှာ ရှိတယ်။ ရှမ်းဒေသတွေမှာ ရှိတယ်။ ကချင်မှာလည်း အလားတူပဲ။ ကျောင်းပေါင်း ၂၀၀ နီးပါး ရှိတယ်။ ကျောင်းသား နှစ်သောင်းကျော်နီးပါး ရှိတယ်။ အားလုံး ပေါင်းလိုက်ရင် တိုင်းရင်းသားဒေသတွေမှာ သူတို့ကိုယ်တိုင် ထူထောင်ထားတဲ့ ကျောင်းတွေရှိတယ်။

ဘာကြောင့် ဒီလို ထူထောင်သလဲဆိုရင် ဒီကလေးတွေ ပညာသင်ခွင့် ရဖို့ နှစ်ပေါင်းများစွာ ပြည်တွင်းစစ် ဖြစ်နေတဲ့ အတွက် အစိုးရ ကျောင်းတွေ မရှိပါဘူး။ အစိုးရ ဆရာတွေ

ထည်း မထားနိုင်ဘူး။ ကလေးတွေ ရှိတယ်။ ဒီကလေးတွေ ပညာသင်နိုင်ဖို့အတွက် ဒီလိုဆရာတွေကနေ ကြိုးစားပမ်းစား နှစ်နဲ့ချီပြီးတော့ ထူထောင်ထားတာ။ အခုဆိုရင် ဆရာ စောလားဆေး ပြောကြားတဲ့ အပေါ်မှာ နိုင်နိုင်မာမာ အထောက်အထား ပါတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ကောလိပ် ဆိုပြီး ရှိတယ်။ အဲဒီမှာ သင်တဲ့ ဆရာတွေအတွက် ဆရာအတတ်သင်ကျောင်းလည်း ရှိတယ်။ အဲဒီ ကလေးတွေ နိုင်ငံတကာတက္ကသိုလ်တွေ တက်နိုင်ဖို့လည်း သူတို့ ဆောင်ရွက်ပေးနေတာတွေ ရှိတယ်။ သူတို့ သင်ရိုးညွှန်းတမ်းတွေလည်း ကျနော် သွားလေ့လာပြီးပြီ။

အဲဒီကျောင်းက ထွက်တဲ့ လူငယ်တွေ အရည်အသွေး ရှိတယ်။ ကရင်ကျောင်းတွေမှာ တက်လာတဲ့ ကလေးတွေက ရပ်ရွာအကျိုးကို ကောင်းကောင်းနားလည်တယ်။ ရပ်ရွာအကျိုးပြု လုပ်ငန်းတွေမှာ ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ လုပ်နေကြတယ်။ ဒါ ကျနော် တွေ့တယ်။ နိုင်ငံခြားတက္ကသိုလ်တွေမှာ သွားတက်တယ်။ ပြီးတော့ ပြန်လာတယ်။ ဒေသဖွံ့ဖြိုးရေး လုပ်တယ်။ အရည်အသွေး ကောင်းကောင်း ရှိတယ်။ ဒီ ဗမာနိုင်ငံ တက္ကသိုလ်တွေမှာ တက်တဲ့ ကလေးတွေထက် မနိမ့်တဲ့၊ မြင့်တယ်လို့ ကျနော် ပြောချင်ပါတယ်။ ဒီက ကလေးတွေထက်ကို ပိုမြင့်တဲ့ အရည်အသွေးတွေ ရှိတယ်။ အဲဒါကို ကျနော် နိုင်နိုင်မာမာ တွေ့တယ်။ ဆရာကိုယ်တိုင်လည်း ပြောတယ်။ ကျနော်လည်း အဲဒီ ဒေသတွေကို ကိုယ်တိုင်သွားတဲ့အတွက် မျက်မြင်တွေ့တယ်။

ဒီဆွေးနွေးပွဲမှာ ကျနော်တို့ စဉ်းစားတယ်။ ကျနော်တို့ နိုင်ငံကို ဖက်ဒရယ်နိုင်ငံ ထူထောင်တော့မယ်။ ပညာရေးစနစ်ကို ဒီမိုကရေစီပညာရေး၊ လွတ်လပ်တဲ့ပညာရေး၊ ဒေသအလိုက် စီမံခန့်ခွဲနိုင်တဲ့ ပညာရေးတွေ ဖော်ဆောင်တော့မယ်ဆိုရင် ဒီမှာ ဆောင်ရွက်ပြီးသားတွေ ရှိတယ်။ ကရင်ကျောင်းတွေ ရာနဲ့ချီ ရှိတယ်။ ကျောင်းသားတွေ သောင်းနဲ့ချီ ရှိတယ်။ ကချင်မှာရှိတယ်။ မွန်မှာ ရှိတယ်။ ဒီကျောင်းတွေက ထူထောင်ပြီးသား ဖြစ်တဲ့အတွက် ဒီကျောင်းတွေအတွက် လွတ်လပ်စွာ လုပ်ပိုင်ခွင့်ကို အသိအမှတ် ပြုလိုက်ဖို့ပဲ။ ဒါကို ကျနော်ပြောချင်တာပါ။

ဒီကျောင်းတွေရဲ့ လုပ်ပိုင်ခွင့်၊ အရည်အသွေးရှိတဲ့ပညာရေးကို ပေးနိုင်ပြီ။ နှစ်ပေါင်းများစွာ အတွေ့အကြုံ ရှိနေပြီ။ အဲဒီ ကျောင်းတွေကို အသိအမှတ်ပြုပြီးတော့ လိုအပ်တဲ့ အထောက်အပံ့တွေ ပေးဖို့။ ဒီဆရာတွေဆို အများကြီး အခက်အခဲ ရင်ဆိုင်ရတယ်။ အဲဒီမှာ ဆရာတွေ၊ ကျနော် သိတယ်။ တကယ့် စေတနာကောင်းတွေနဲ့သာ လုပ်နေရတာ။ သူတို့မှာ လိုအပ်တဲ့ ထောက်ပံ့ကြေးတွေ မရှိဘူး။ ဒါပေမဲ့ သူတို့ရဲ့ ကလေးတွေအပေါ်မှာ၊ တတ်စေချင်တဲ့၊ ပညာရစေချင်တဲ့ စေတနာနဲ့ ပင်ပန်းဆင်းရဲခံပြီးတော့ လုပ်နေကြတာ ကျနော် သိတယ်။ အဲဒီအတွက် ပံ့ပိုးမှု လိုတယ်။ ကျနော်တို့နိုင်ငံ အစိုးရကနေပြီးတော့ ဒီကျောင်းတွေကို အသိအမှတ်ပြုပြီးတော့ ပံ့ပိုးပေးဖို့ လိုတယ်။ ဒါက တိုင်းရင်းသားဒေသတွေမှာ ဖွင့်တဲ့ ကျောင်းတွေ။

ဒုက္ခသည်စခန်းတွေ၊ အခုထိ ၉ ခု ရှိပါသေးတယ်။ ဒီ ၁၉၈၈ ပတ်ဝန်းကျင်က စပြီးတော့ ဒုက္ခသည်တွေ၊ ထိုင်းနိုင်ငံနယ်စပ်ကို ထွက်ပြေးလာတော့ ဒုက္ခသည်စခန်း ၉ ခု အခုထိ ရှိတယ်။ ဒုက္ခသည်ဦးရေက နောက်ဆုံး ရတဲ့ စာရင်းအရ တစ်သိန်းနဲ့လေးသောင်း (၁၄၀၀၀၀) ရှိတယ်။ စာသင်ရမယ့် ကျောင်းသားဦးရေက သောင်းဂဏန်း ရှိတယ်။ အဲဒီမှာလည်း ကျောင်းတွေ ရှိတယ်။ အဲဒီကျောင်းတွေမှာလည်း၊ ထိုင်းနိုင်ငံလည်း မဟုတ်တဲ့အတွက်၊ ထိုင်းအစိုးရဘက်က တာဝန်ယူတာလည်း မရှိဘူး။ ဒုက္ခသည်ဖြစ်တဲ့အတွက် ဗမာအစိုးရကလည်း တာဝန်မယူဘူး။ ဒုက္ခသည်တွေထဲမှာ ရောက်လာတဲ့ ကျောင်းဆရာဟောင်းတွေ၊ မြို့ကလာတဲ့ ပညာတတ်တွေကနေ ကြိုးပမ်းထူထောင်ပြီးတော့ ကျောင်းတွေ ဖြစ်လာတာ။ မူလတန်းက စတယ်၊ အလယ်တန်း ဖြစ်တယ်၊ အထက်တန်း ဖြစ်တယ်။ ဒီကလေးတွေ အသက်မွေးဝမ်းကျောင်း ပညာတွေ ရဖို့အတွက် ကြိုးပမ်းဆောင်ရွက် ထူထောင်ထားတာ နှစ် ၂၀ ကျော် ရှိပြီ။ ဒီကျောင်းတွေ ရှိလာတယ်။ ဒီနှစ်ဆန်းပေါ့၊ ပြီးခဲ့တဲ့ ဇန်နဝါရီလက ဒုက္ခသည်စခန်းတွေကို ထိုင်းနိုင်ငံဘက်ကလည်း ပြန်ပြောင်းချင်ပြီ။ ဗမာနိုင်ငံမှာ နိုင်ငံရေးပြောင်းပြီလို့ သူတို့ ယူဆတဲ့အတွက် ဒုက္ခသည်စခန်းတွေ သိမ်းပြီးတော့ ဒုက္ခသည်တွေကို ပြည်တွင်း

ပြန်ပို့ချင်တယ်။ အဲဒီလိုအခြေအနေမှာ ဒီကလေးတွေရဲ့ ပညာရေး ဘယ်လို လုပ်မလဲဆိုတာ တိုင်ပင်လာတာ ရှိပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ လက ကျနော်တို့ကို ဖိတ်တဲ့အတွက် ကျနော် သွားတက်တယ်။ အဲဒီမှာ ဒုက္ခသည် ကလေးတွေအတွက် ပညာရေး ဆောင်ရွက်နေတဲ့ ကရင်အဖွဲ့အစည်းတွေ၊ ကရင်နီအဖွဲ့အစည်းတွေ၊ ရှမ်းအဖွဲ့အစည်းတွေ ကျနော်တို့ တွေ့တယ်။ အကူအညီပေးနေတဲ့ NGO တွေ တွေ့တယ်။ ဒီကလေးတွေရဲ့ အခြေအနေကို ရှင်းပြပြီးတော့ ဒီကလေးတွေ ပြည်တွင်းပြန်တဲ့အခါမှာ သူတို့ပညာရေးကို ဘယ်လို လုပ်မလဲဆိုတော့ အဲဒီပေါ်မှာ စဉ်းစားတယ်။ အခု ကျနော်တို့ ဗမာ နိုင်ငံရဲ့ ပညာရေးမူဝါဒက တိုင်းရင်းသားဒေသတွေက ကျောင်းတွေမှာ တက်တဲ့ ကလေးတွေ၊ migrant က ကလေးတွေ ပြန်လာရင် သူတို့ကို လွယ်လွယ်ကူကူလက်ခံတာ အခုထိ မရှိဘူး။ အဲဒီအတွက်၊ ကျနော်တို့က နိုင်ငံရေးစနစ်ပြောင်းပြီ။ ကျနော်တို့နိုင်ငံကလည်း ဖက်ဒရယ်နိုင်ငံ ထူထောင်မယ်။ ဒီမိုကရေစီပညာရေးကို ဆောင်ရွက်မယ် ဆိုရင် ဒီကျောင်းတွေ အသိအမှတ်ပြုလိုက်ပေါ့။

နယ်စပ်ဆွေးနွေးပွဲမှာ အသိအမှတ်ပြုဖို့ ၄ မျိုး တင်ပြတာ ရှိပါတယ်။ အဲဒီ ၄ မျိုးက ဘာလဲဆိုတော့ ကလေးတွေ ပညာသင်ယူမှုကို အသိအမှတ်ပြုလိုက်ဖို့။ အဓိပ္ပာယ်က ဘာလဲဆိုတော့ ဒီကလေးတွေ ပညာသင်ယူတာ အသိအမှတ် ပြုတဲ့အတွက် ဒီကလေးတွေ ပြည်တွင်း ပြန်လာရင် ကျောင်းတွေမှာ လက်ခံပေးဖို့။ အခု အစိုးရကျောင်းတွေက၊ အစိုးရကျောင်းက ကျောင်းအုပ်ကြီး လက်မှတ်ပါတဲ့ ကျောင်းထွက် လက်မှတ်မရှိရင် လက်မခံဘူး။ ဒုက္ခသည်စခန်း ကလေးက အစိုးရ အသိအမှတ်ပြုတဲ့ ကျောင်းက မဟုတ်ဘူး။ အဲဒီအတွက် လက်မခံဘူး။ အဲဒီအတွက် ကျနော်တို့ ပြုပြင် ပြောင်းလဲမယ်ဆိုရင် ဒုက္ခသည်စခန်းက ကလေးတွေ ပြန်လာရင် လက်ခံပေးဖို့။ လက်ခံဖို့မှာ နံပါတ် (၁) က၊ ကျောင်းသားတွေအတွက် စဉ်းစားတယ်။ ကျောင်းသားတွေရဲ့ သင်ယူမှုကို အသိအမှတ်ပြုပြီးတော့ ဒီကျောင်းတွေမှာ လက်ခံပေးဖို့။ လက်ခံပေးဖို့ ဆိုတဲ့ နေရာမှာ၊ ကျနော်တို့ ဒီကြားထဲမှာ တဖြေးဖြေး အတွေ့အကြုံ ရှိ

ပါတယ်။ ပြန်လာတဲ့အခါကြရင် ကျနော်တို့ တာဝန်ရှိတဲ့သူကို လိုက်ပြောတယ်။ မှုမရှိတဲ့အတွက် သူတို့ လက်မခံနိုင်ဘူး။ နောက်တော့ ဒီကလေးတွေ ပညာရေးအတွက် လက်ခံပေးသင့်တယ် ဆိုတော့ တချို့ ကလေးပေါ် စေတနာရှိတဲ့သူက လက်ခံပေးတယ်။ တချို့ကျောင်းတွေက စာမေးပွဲစစ်တယ်။ စာမေးပွဲ စစ်တဲ့အခါလည်း အလွတ်ကျက် အလွတ်ဖြေဆိုတော့ ဟိုမှာသင်တဲ့ စာအုပ်က တမျိုး၊ ဒီမှာစစ်တာက တမျိုးဆိုတော့၊ ကလေးအပေါ်မှာ အခက်အခဲ ရှိတယ်။

နောက်တခုက ဘာသာစကားအခက်အခဲ ရှိတယ်။ ဟိုမှာသင်တဲ့သူတို့ နေ့စဉ် ကျောင်းသင်တဲ့ ဘာသာစကားနဲ့ ဒီက အစိုးရကျောင်းက စစ်တဲ့ ဘာသာစကားနဲ့က တမျိုးစီဖြစ်တဲ့အတွက် သူတို့မှာ အခက်အခဲ ရှိတယ်။ အဲဒါကြောင့် အသိအမှတ်ပြုဖို့မှာ "ကျောင်းသားကို အသိအမှတ်ပြုဖို့ ကျောင်းသားရဲ့ ဘာသာစကားကို အသိအမှတ်ပြုဖို့" တောင်းဆိုတယ်။ အဲဒီ ဘာသာစကားနဲ့တတ်ထားတဲ့ ပညာကို အသိအမှတ်ပြုဖို့။ အဲဒါကို တင်ပြတယ်။ တတိယအချက်က ဆရာ။ ဒုက္ခသည်စခန်းက ဆရာတွေက ခက်ခက်ခဲခဲနဲ့ ကလေးတွေ ပညာတတ်အောင် သင်လာတာ နှစ်ပေါင်းများစွာ ရှိနေပြီ။ အတွေ့အကြုံတွေ ရှိတယ်။ ဒီဆရာတွေကို အသိအမှတ်ပြုလိုက်ပါ။ ဒီဆရာတွေက အစိုးရက ခန့်တာ မဟုတ်ဘူး။ အစိုးရရဲ့ ပညာရေးကောလိပ်က လက်မှတ် ရတာ မဟုတ်ဘူးဆိုပြီး ပစ်ပယ်လိုက်ရင် ဒီဆရာတွေရဲ့ အတွေ့အကြုံတွေ၊ သူတို့ ဆုံးရှုံးသွားမယ်။ အဲဒီတော့ အဲဒီဆရာတွေပါ အသိအမှတ်ပြုရမယ်။

၃ ချက် ရှိပါပြီ။ ကျောင်းသားရဲ့သင်ယူမှုကို အသိအမှတ်ပြုဖို့၊ ကျောင်းသားရဲ့ ဘာသာစကားကို အသိအမှတ်ပြုဖို့ ပြီးရင် ကျောင်းသားတွေကို သင်ပေးတဲ့ ဆရာကိုလည်း အသိအမှတ်ပြုဖို့ အဲဒီအချက်တွေပါတယ်။ နောက်တချက်က သင်ရိုးညွှန်းတမ်း၊ နယ်စပ်ဒေသကျောင်းတွေမှာက ဒေသဆိုင်ရာ ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးစံတွေ၊ ဘာသာစကားတွေ၊ သမိုင်းတွေ၊ ဒါတွေကို သုံးပါတယ်။ ဆိုတော့ သူ့ဒေသနဲ့ကိုက်ညီတာ ဒီဟာတွေက ဒီနေ့ ခေတ်ပြောင်းတဲ့ဟာနဲ့ ကိုက်ညီတယ်လို့ထင်တယ်။ ဒီနေ့ ခေတ်ပြောင်းတဲ့ သင်ရိုးညွှန်းတမ်းက အုပ်ချုပ်တဲ့အစိုးရက တနေရာ

ကနေ ရေးပြီးတော့မှ ဖတ်စာအုပ်တမျိုးတည်းကို နေရာတိုင်း၊ ကျောင်းတိုင်း၊ ဒေသတိုင်း ကိုင်တာ အဆင်မပြေတော့ဘူး။ သူ့ဒေသနဲ့သူ ဖွံ့ဖြိုးမှုရှိတဲ့ သင်ရိုးညွှန်းတမ်းဖြစ်ဖို့ သူ့ဒေသနဲ့ကိုက်ညီတဲ့ သင်ရိုးညွှန်းတမ်းဖြစ်ဖို့ ဒေသဆိုင်ရာ ယဉ်ကျေးမှု၊ ဘာသာစကားနဲ့ကိုက်တဲ့ သင်ရိုးညွှန်းတမ်းတခု ကျနော်တို့ တောင်းဆိုလာတယ်။ ဒီတောင်းဆိုတဲ့အတိုင်း လုပ်နေတယ်။ သူ့ဒေသနဲ့ကိုက်ညီတဲ့၊ သူ့ကလေးတွေရဲ့ယဉ်ကျေးမှုနဲ့ကိုက်ညီတဲ့ သင်ရိုးညွှန်းတမ်းမျိုးကို သူတို့ ရေးဆွဲထားပြီးပြီ။ အဲဒါနဲ့သင်တယ်။ အဲဒါနဲ့ ကလေးတွေ တတ်နေပြီ၊ ပညာရနေပြီ၊ အရည်အသွေးရှိတာ ရနေပြီ။ အဲဒီ "သင်ရိုးညွှန်းတမ်းပါ အသိအမှတ်ပြု" ရမယ်။

၄ ချက် တောင်းပါတယ်။ သင်ရိုးညွှန်းတမ်း အသိအမှတ်ပြုဖို့၊ ဆရာတွေကို အသိအမှတ်ပြုဖို့၊ ကလေးတွေရဲ့သင်ယူမှုကို အသိအမှတ်ပြုဖို့ ကလေးတွေရဲ့ဘာသာစကားကို အသိအမှတ်ပြုဖို့ ကျနော်တို့ NNER အနေနဲ့ အပြည့်အဝ ထောက်ခံတယ်။ ဘာကြောင့်လည်းဆိုရင် သူတို့ ကြိုးပမ်းထားတာ ကျနော်တို့ ကိုယ်တိုင် သိတယ်။ ကလေးတွေ အရည်အသွေး ရှိတာ သိတယ်။

ဒီကျောင်းသားတွေ အရည်အသွေး ပိုကောင်းတယ်ဆိုတာကို ပြောနိုင်တဲ့ အထောက်အထားက ဆရာမ နန်းမွေခေးရဲ့သုတေသနက အစိုးရကျောင်းတွေမှာ လုပ်တာ။ ဆရာမ နန်းမွေခေး တင်ပြခဲ့တာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် သုတေသနက ဒေသ ၄ ခုမှာ လုပ်တယ်။ ပအိုဝ်းရယ်၊ ကယားရယ်၊ ရှမ်းရယ်၊ ကချင်ရယ် လုပ်တယ်။ အစိုးရကျောင်းတွေကို လုပ်တယ်။ စီမံခန့်ခွဲမှုက ဗဟိုချုပ်ကိုင်မှုဖြစ်တဲ့အတွက်၊ ဒေသခံပူးပေါင်းမှု မရဘူး။ ဆရာတွေရဲ့ပါဝင်မှု မရဘူး။ ဆရာတွေက အခက်အခဲရှိတယ်။ မပါနိုင်ဘူး။ ဘာသာစကားအခက်အခဲ ရှိတယ်။ အဲဒီအခက်အခဲမျိုးစုံ ရင်ဆိုင်နေရတယ်။ ဒါက အစိုးရကဖွင့်တဲ့ တိုင်းရင်းသားဒေသက ကျောင်းတွေ။ အဲဒီဒေသက ကလေးတွေက ဆရာမပြောတဲ့ထဲမှာ မပါပေမယ့် တခြား ဆွေးနွေးပွဲတွေမှာ၊ ကျနော်တို့ သိတာက အဲဒီအစိုးရက ဖွင့်တဲ့ တိုင်းရင်းသားဒေသကျောင်းက ကလေးတွေက ကျောင်းမှာကို မပျော်ဘူး။ အစိုးရကျောင်းက ဆရာက ဗမာလိုသင်တယ်။ ကလေးက

အိမ်မှာ ကရင်လို ပြောတယ်။ ရှမ်းလို ပြောတယ်။ နားမလည်ဘူး။ ကျောင်း စောစော ထွက်တယ်။ အဲဒီဆရာကလည်း ဒေသခံဆရာ မဟုတ်ဘူး။ အဲဒီ အခက်အခဲတွေ ရှိတယ်။ အစိုးရက တာဝန်ယူထားတဲ့ ကျောင်း တွေမှာ သင်ကြားမှုကလည်း အရည်အသွေး ကျတယ်။ စီမံခန့်ခွဲမှု ကလည်း ချုပ်ကိုင်လွန်းအားကြီးတဲ့အတွက် လွတ်လပ်စွာ ပါဝင်ခွင့်တွေ မရှိဘူး။ ကလေးတွေရဲ့ အရည်အသွေးလည်း မရှိဘူး။ ကျောင်းလည်း မပျော်ဘူး။

ဒီတိုင်းရင်းသားဒေသတွေမှာ ကိုယ်တိုင်ဖွင့်တဲ့ ကျောင်းတွေ၊ ကရင်တို့၊ ရှမ်းတို့၊ မွန်တို့မှာ ဖွင့်တဲ့ ကျောင်းတွေက အရည်အသွေး ရှိတယ်။ စနစ်တကျ လုပ်တယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိတယ်။ အဲဒီပေါ်မှာ အခြေခံပြီးတော့ တိုင်းရင်းသား ဒေသတွေကဖွင့်တဲ့ ကျောင်းတွေကို အသိအမှတ်ပြုလိုက်ပါ။ နောက်ပြီး ဒုက္ခသည်စခန်းက ကလေးတွေကို အသိအမှတ်ပြုလိုက်ပါ။

နောက်တခု ထပ်ပြောပါရစေ။ အခု ဒီမှာ တိုင်းရင်းသားဒေသက ဖွင့်တဲ့ ကျောင်း၊ ရွှေ့ပြောင်းဒေသ ကလေးများကျောင်း။ အဲဒီအပြင် ဒေသခံတွေ ဖွင့်တဲ့ကျောင်းတွေ ရှိသေးတယ်။ ကချင်မှာ ရှိတယ်။ ရှမ်းမှာ ရှိတယ်။ ဒါ ကျနော်တို့ NNER နဲ့ ချိတ်ဆက်ထားတဲ့ အဖွဲ့တွေ။ အဲဒီဒေသမှာ အစိုးရကျောင်း မရှိဘူး။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းလည်း မရှိဘူး။ ဘာကြောင့်လည်းဆိုတော့ နေထိုင်တဲ့ ဒေသ တွေက ခရစ်ယာန်ဘာသာဝင်တွေ နေတဲ့ ဒေသ၊ ဒီတော့ ဒေသခံတွေ ကိုယ်တိုင် ကျောင်းဖွင့်ရတယ်။ သူတို့ ကိုယ်တိုင်လည်း အရည်အသွေး ရှိအောင် လုပ်ရတယ်။

အဲဒီမှာ ကျနော်တို့ NNER နဲ့ ချိတ်ဆက်ထားတဲ့ အဖွဲ့တွေမှာ အသိအမှတ်ပြုမှုနဲ့ အရည်အသွေးအပေါ် မှာ စဉ်းစားစရာ ဖြစ်တာပေါ့။ ဒီ အစိုးရကျောင်းကို သွားတက်ရင် ကျောင်းပြောင်းခွင့် ရှိတယ်။ ကျောင်းထွက်လက်မှတ်က အသိအမှတ် ပြုတယ်။ ကျောင်းက ၁၀ တန်း အောင်ရင် တက္ကသိုလ်တက်ခွင့် ရှိတယ်။ အသိအမှတ် ပြုမှုတော့ ရှိတယ်။ ဒါပေမဲ့ အရည်အသွေးကတော့ ကျလာတယ်။ အသိအမှတ်ပြုမှုနောက်ကို

လိုက်ပြီးတော့ အရည်အသွေး မရှိတဲ့ ကျောင်းကို သွားမှာလား။ ကိုယ့်ဟာကိုယ် အရည်အသွေး ရှိအောင် သင်မှာလား။

ကိုယ့်ဟာကိုယ် အရည်အသွေးရှိအောင် သင်ရင်တော့ အစိုးရရဲ့ အသိအမှတ်ပြုမှုကို မရဘူး။ အဲဒီဥစ္စာကို နှစ်အတော် များများ နယ်စပ်ဒေသတွေမှာ တော်တော်ကြာကြာ ဆွေးနွေးရတယ်။ အဲဒီ ၂ ခုက အစိုးရကျောင်းရဲ့ အသိအမှတ်ပြုမှုနောက်ကို လိုက်မှာလား။ ကလေးတွေကို တတ်အောင်သင်မှာလား။ အရည်အသွေး ရှိအောင် လုပ်မှာလား။

နောက်ဆုံးမှာ အစိုးရကျောင်းရဲ့ အသိအမှတ်ပြုမှုကလည်း လွယ်လွယ်နဲ့ မရတဲ့အတွက် ကလေးတွေ အရည်အသွေး ရှိအောင်လုပ်တဲ့ ဘက်ကို ရောက်သွားတယ်။ အဲဒါကြောင့် ကလေးတွေက သူ့ဘာသာသူ အဲလိုပိုင်းဖြတ်ပြီးလုပ်တဲ့အတွက် အရည်အသွေးရှိအောင် သူ့ဘာသာသူ လုပ်တယ်။ အဲဒါက နိုင်လုံတဲ့အထောက်အထားပဲ။ သူ့ဘာသာသူဘာ စီမံခန့်ခွဲခွင့်ရှိရင် အရည်အသွေးရှိအောင် လုပ်တယ်။ အဲဒီ ကရင်ဒေသ၊ မွန်ဒေသက ကျောင်းတွေက နိုင်ငံခြားကတက္ကသိုလ်တွေနဲ့ ဆက်သွယ်ပြီးသား။ လွတ်လပ်ခွင့်ရှိတဲ့အတွက်၊ တခြားနိုင်ငံ တက္ကသိုလ်တွေနဲ့ ဆက်သွယ်တဲ့အတွက် ဟိုနိုင်ငံရဲ့နည်းပညာတွေ ရတယ်။ ဟိုကဆရာတွေ လာတယ်။ လာတဲ့အတွက် အရည်အသွေးပိုတက်အောင် လုပ်နိုင်တယ်။ အစိုးရက ချုပ်ထားစရာ မလိုတော့ဘူး။ အစိုးရက မချုပ်ဘဲနဲ့ လုပ်တဲ့ နေရာတွေမှာ အရည်အသွေးရှိအောင် လုပ်နိုင်တယ်ဆိုတာ အထောက်အထားရှိတယ်။ အဲဒါကြောင့် ပညာရေးလွတ်လပ်ခွင့်ကို အသိအမှတ်ပြုသင့်တယ်။

တခါ migrant ကျောင်းတွေက ကလေးတွေက ထိုင်းနိုင်ငံမှာ နေရတာလေ။ ထိုင်းအစိုးရလည်း အသိအမှတ်မပြုဘူး။ မြန်မာအစိုးရကလည်း အသိအမှတ်မပြုဘူး။ Migrant နဲ့ ဒုက္ခသည်စခန်းက ကလေးတွေကို ကျနော် အမေရိကန်နိုင်ငံမှာ တွေ့ခဲ့တယ်။ ကျနော်တို့ NNER က အမေရိကန်သွားလေ့လာတဲ့အခါကျတော့ အမေရိကန်ရောက်နေတဲ့ ဗမာကလေးတွေ ဘယ်လိုစာသင်သလဲ။ ဗမာနိုင်ငံသား ကလေးပေါ့။ ရှမ်းတို့၊ ကရင်တို့၊ ကချင်တို့။ အဲဒီကဆရာတွေကကော ဘယ်လိုသင်လဲ။

အဲဒါကို ကျနော်တို့ သွားလေ့လာခဲ့တယ်။ ဒုက္ခသည်စခန်းမှာ လေးငါး ခြောက်နှစ် အောင်သွားတယ်။ အမေရိကန်မှာ အခြေချနေထိုင်ခွင့် ရှိလို့ ပြောင်းသွားတယ်။ အဲဒီကလေးတွေကို ကျနော်တို့ သွားတွေ့တဲ့အခါကျ တော့၊ -မင်းတို့ ဒီမှာ ပညာသင်ရတာ ဘယ်လိုလဲ-ဆိုတော့၊ တနှစ်၊ နှစ်နှစ်မှာ အရမ်းခက်ခဲတယ်၊ အင်္ဂလိပ်စကား ကောင်းကောင်း နားမလည်လို့ ဆရာ ပြောတာလည်း နားမလည်ဘူး။ ဒါပေမဲ့ တနှစ် ကျော်သွားတဲ့ အခါကျတော့ ကောင်းကောင်း လိုက်နိုင်ပြီးတော့၊ အဲဒီမှာ ကျနော်တို့ တွေ့ခဲ့တာ၊ ရောက်ခါစ ကလေး၊ သုံးနှစ်လောက်နေတဲ့ ကလေး၊ လေး ငါး ခြောက်နှစ် အထက်တန်း ၁၁ တန်း အောင်ပြီးတော့၊ တက္ကသိုလ်ရောက် သွားတဲ့ ကလေးနဲ့ ဘွဲ့ရပြီးသား၊ တက္ကသိုလ်ရောက်တဲ့ ကလေးနဲ့ ဘွဲ့ရပြီးသားတွေမှာ အမေရိကန်ကလေးတွေနဲ့ ယှဉ်နိုင်တဲ့ အရည်အသွေးတွေ ရှိတယ်။

ဒါပေမဲ့ ဒုက္ခသည်စခန်းမှာ လေးငါးနှစ် ကျောင်းတက်ပြီး ရောက်တဲ့ အချိန်မှာ ဒီလိုဖြစ်အောင် ဘယ်လိုသင်လဲဆိုတာကို အဲဒီကျောင်းက ကျောင်းအုပ်တွေကော၊ ဆရာတွေကော၊ ကျနော်တို့ တွေ့ပြီးမှ မေးတယ်။ "ဆရာကြီးတို့ ဆရာမကြီးတို့၊ ကျနော်တို့ ဗမာပြည်က ဒုက္ခသည် စခန်းမှာ နေလာတဲ့ ကလေးတွေ နယ်စပ်ဒေသမှာ ခက်ခက်ခဲခဲ နေလာတဲ့ ကလေးတွေ၊ ပညာရေးစနစ်ကလည်း တခြားစီ၊ အမေရိကန်စနစ်နဲ့ နယ်စပ်ဒေသ ပညာရေးစနစ်နဲ့ မြန်မာနိုင်ငံစနစ်နဲ့ တခြားစီ၊ အဲဒီ ကလေးတွေကို အရည်အသွေး ရှိအောင် ဘယ်လိုလုပ်သလဲ"လို့ မေးလိုက်တဲ့ အခါကျတော့၊ အဲဒီကလေးတွေ ရောက်လာရင်၊ အသက် ဘယ်လောက်လဲပဲ မေးတယ်။ သူ့အသက်နဲ့ကိုက်တဲ့ အတန်းကို ပို့လိုက်တယ်၊ ဘာအောင် လက်မှတ်မှလည်း မမေးဘူး။ ဘယ်ကျောင်း ထွက် လက်မှတ်မှလည်း မတောင်းဘူး။ အသက်ပဲ မေးပြီးတော့ အတန်း ပြောင်းပေးတယ်။ အဲလို လုပ်လို့ ရသလားဆိုတော့ ကျနော်တို့ ကြိုးစားတယ်တဲ့။ အရင်ဆုံး အခက်အခဲက ဘာသာစကားအခက်အခဲ ရှိတယ်၊ အဲဒီအတွက် ဒီကလေးတွေနဲ့ ကျောင်းနဲ့ဆက်သွယ်ဖို့အတွက် ကလေးတွေစကား နားလည်တဲ့သူကို ကျောင်းမှာ လက်ထောက်ဆရာ

ခန့်ပေးတယ်။ ကျောင်းရဲ့စရိတ်နဲ့ ခန့်ပေးတယ်။ ဒီကလေးတွေ နားလည်တဲ့ ကရင်လူငယ်တွေ၊ ဘွဲ့ရပြီးသား၊ ပညာတတ်တဲ့လူငယ်တွေကို ကျောင်းမှာ ကလေးတွေကို ကူညီဖို့ လခပေးပြီး ခန့်တယ်။ အဲဒီကလေးတွေနဲ့ ကျောင်းနဲ့ ဆက်သွယ်မှုတွေကို လုပ်တယ်။ လုပ်တဲ့အခါမှာ ဒီကလေးတွေ ဘယ်အဆင့်အထိ တတ်ပြီးပြီလဲ ဆိုတာကို သိအောင် လုပ်တယ်။ လိုတာကို ဖြည့်ပေးတယ်။ အရင်ဆုံး ဘာသာစကား ဖြည့်တယ်။ အဲဒီ ဆရာတွေ ပြောပြတာ။ ၆ လပဲ။ ဘာသာစကား ကောင်းကောင်း တတ်သွားတယ်။ ကျွန်တော်တို့ကလေးတွေက သင်္ချာ အရမ်းတော်တယ်။ အရမ်းကြိုးစား အားထုတ်မှု ရှိတယ်။ ခဏလေးနဲ့ ကောင်းကောင်း တတ်သွားတယ်။ အဲဒီမှာ ကျနော် သွားတွေ့တာ။

ကလေးတွေကို ဘာအောင်လက်မှတ်မှ မတောင်းဘူး။ ဘယ်ကျောင်းထွက် လက်မှတ်မှ မတောင်းဘူး။ သူ့အသက်အရွယ် ရှိနေတဲ့ အတန်းမှာ ထားပေးလိုက်တယ်။ ပံ့ပိုးမှုလုပ်တယ်။ ဘာသာစကားပံ့ပိုးမှု လုပ်တယ်။ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်မှုလည်း လုပ်တယ်။ ကလေးတွေကို ကြောက်လန့်အောင် မလုပ်ဘူး။ ကျောင်းမှာ ပျော်အောင် လုပ်တယ်။ ကလေးတွေကို လေးလေးစားစား ဆက်ဆံတယ်။ ပျော်အောင် ထားတယ်။ ဆရာဆီကို အမြဲတမ်းလာချင်အောင်၊ မကြောက်အောင် ထားတယ်။ ပြီးရင် ဒီကလေးတွေကို အသိအမှတ်ပြုပေးတယ်။ ဒီကလေးတွေမှာ ထူးချွန်တဲ့ လူမှုရေး၊ အားကစား၊ အနုပညာ၊ ထူးချွန်တဲ့ဟာကို ချီးမြှင့်တယ်။ သူတို့ဒေသမှာ ထုတ်တဲ့ သတင်းစာမှာ ဒီကလေးတွေအကြောင်း ရေးပြီးတော့ သတင်းစာမှာ ထည့်ပေးတယ်။ အဲဒါက ကလေးတွေကို ခွန်အားရှိအောင် လုပ်ပေးတာ။ အဲဒီအတွက် ကလေးတွေက ကျောင်းမှာ ပျော်တယ်။ ကြိုးစားချင်စိတ် ရှိတယ်။ ဆရာတွေကလည်း မြှင့်တင်ပေးတယ်။ ဒီဆရာတွေက၊ ကလေးတွေကို ပညာတတ်အောင် ဆိုတဲ့ စေတနာနဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းတဲ့ နည်းနဲ့ ပြည့်အောင် လုပ်ပေးတဲ့ အတွက် အောင်မြင်တဲ့၊ ထူးချွန်တဲ့ ကလေးတွေ ကျနော်တို့ တွေ့ခဲ့တယ်။

အဲဒီတော့ ဒုက္ခသည် ကလေးတွေ၊ migrant ကျောင်းက ကလေးတွေ၊ မြန်မာပြည် ပြန်လာရင် ဘာမှ ကျောင်းတွေက မစိုးရိမ်ပါနဲ့။

ဘာသာစကားလည်း မတတ်ဘူးလို့ မစိုးရိမ်ပါနဲ့။ ဒီကလေးတွေကို ဖြည့်ဆည်းပေးမယ်ဆိုတဲ့ ကလေးဘက်က စဉ်းစားပါ။ အခု ကျနော်တို့ အစိုးရ ပညာရေးဌာနက စဉ်းစားတာက သူတို့ဘက်က၊ အုပ်ချုပ်သူ ဘက်က စဉ်းစားတာ။ ပြီးတော့ ကလေးတွေရဲ့ သင်ယူမှုကို အတားအဆီး လုပ်ပစ်လိုက်တယ်။ ကျနော်က အဲဒါကို ပြောင်းစေချင်တာ။ တာဝန်ရှိတဲ့ သူတွေက ကလေးတွေဘက်က စဉ်းစားပါ။ ကလေးတွေ ပညာတတ် အောင် ငါတို့ဘာလုပ်ပေးရမလဲဆိုတာ၊ အဲဒါကိုဖြစ်အောင် လုပ်ပေးပါ။

နိဂုံးချုပ်ပါရစေ။ ကျနော်တို့ပညာသင်ကြားခွင့်မှာ ဘယ်ကလေး မှ မကျန်အောင်၊ ဒုက္ခသည်ကလေးတွေ၊ မသန်စွမ်း ကလေးတွေ၊ တိုင်းရင်း သားဒေသက ကျောင်းတွေမှာ တက်နေတဲ့ ကလေးတွေ၊ ဒုက္ခသည်စခန်း က ကလေးတွေ၊ ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်နေတဲ့ မိဘတွေရဲ့ ကလေး တွေ၊ အဲဒီကလေးတွေရဲ့ပညာရေး မကျန်ရစ်အောင်၊ ဘယ်ကလေးရဲ့ ပညာရေးမှမကျန်ရစ်အောင်၊ ဒီကလေးတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်း တဲ့ နည်းနဲ့ ဆောင်ရွက်ပေးပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ပညာရေးနှင့် အခွင့်အလမ်း အပေါ်
### မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များ

**မေးခွန်း(၁)**

ဆရာဒေါက်တာသိန်းလွင်ကို ဖြေရှင်းပုံလေးကို မျှဝေပေးပါ။ ကျနော်တို့တိုင်းမှာ ပညာရေးအခက်အခဲလေးတခု တင်ပြချင်ပါတယ်။ ဒီပုဂ္ဂလိက ကုမ္ပဏီပိုင်ဆိုင်တဲ့ ရောမ ဆီအုန်းကုမ္ပဏီကြီးတွေရဲ့အတွင်း နက်ရှိုင်းတဲ့ အထဲမှာ ၇ မိုင်၊ ၁၀ မိုင်၊ မိုင် ၂၀ လောက်ဝေးတဲ့ နေရာတွေမှာ၊ အစုအဖွဲ့လေးတွေနဲ့ မိသားစုတွေက ပညာမသင်နိုင်တဲ့ ကလေးတွေ ရာချီ ရှိနေတာကို ကျနော် တွေ့ခဲ့ရပါတယ်။ အဲဒီကလေးတွေရဲ့ပညာရေး အတွက်၊ ဘယ်လို လုပ်ရင်ကောင်းမလဲ။ ဆရာတို့ဆီက အကြံဉာဏ်လေး တောင်းလိုပါတယ်။

---

**ဒေါက်တာသိန်းလွင် –**

ကျောင်းမရှိတဲ့နေရာမှာ ကလေးတွေက တော်တော်ရှိနေတယ်။ ဘယ်လို လုပ်ပေးရမလဲဆိုတာ အခုလက်ရှိကတော့ အစိုးရဘက်က ဆောင်ရွက် ပေးတာ မရှိနိုင်သေးဘူးလို့ ထင်တယ်။ ဒီတော့ community ကနေ ဒေသခံတွေ ဆောင်ရွက်ပေးရင် ကောင်းပါတယ်။ ပြီးတော့ network တွေနဲ့ ချိတ်ထားရင် အပြန်အလှန် ကူညီရိုင်းပင်းလို့ ရတာပေါ့။ ဆရာအခက်အခဲ၊ စာအုပ်စာတမ်းကတော့ ဆရာတို့ ဒေသခံတွေ ဆောင်ရွက်ပေးစေချင်ပါတယ်။

---

**မေးခွန်း(၂)**

ဆရာ ဦးနိုင်နိုင်ထွန်းကို မေးပါရစေ၊ ကျနော်တို့ ရနောင်းဘက်မှာ စာသင်ကျောင်း ၁၄ ကျောင်း ရှိပါတယ်။ ၃ ကျောင်းဟာ ကော့သောင်းဘက်က မြန်မာနိုင်ငံရဲ့အသိအမှတ်ပြုတာကို ခံထားရပြီးတော့ ကျန်တဲ့ ၄ ကျောင်းမှာ ကျောင်းသားစုစုပေါင်း ၄၆၂ ဦး။ ဒီဘက်က ရှိမန်ကက်သလစ် ချာ့ချ်မှာ ကျောင်းသား ၁၅၀ ကျော်တို့ဟာ အတန်း အရေအတွက်လည်းပဲ ခွင့်ပြုခံရတာ မရှိတဲ့အပြင် ပုံနှိပ်စာအုပ်ရရှိခြင်းလည်းပဲ အခက်အခဲ ရှိနေပါတယ်။ ဒီအခက်အခဲကို ကျနော်တို့ ကော့သောင်းနယ်သိအောင် သူတို့ဘက်က တင်ပြတောင်းဆိုထားပါတယ်။ ဒါလေးကိုကော ဆရာတို့အတွေ့အကြုံတွေ၊ ဘယ်လိုဖြေရှင်းခဲ့သလဲဆိုတာလေး ကျနော်တို့ကို မျှဝေပေးပါလို့ မေတ္တာရပ်ခံပါတယ်။

---

**ဆရာဦးနိုင်နိုင်ထွန်း –**

ရနောင်းဒေသက ကျောင်းတွေ REWC (Renong Education Working Committee) ဟာ ကျနော်တို့ရဲ့ MEII ကွန်ရက်ထဲမှာ အဖွဲ့ဝင် ဖြစ်ပါတယ်။ အထက်မှာ ကျနော် တင်ပြသွားသလို မြန်မာအစိုးရပညာရေးဘက်က တာဝန်ရှိသူတွေနဲ့ ရွှေ့ပြောင်းပညာရေးက တာဝန်ရှိသူတွေ၊ ဒေသအလိုက် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်နိုင်ဖို့ဟာ ကျနော်တို့ရဲ့ အကြံပြုချက် ဖြစ်သလို၊ MEII ရဲ့ လုပ်ငန်းစဉ်တခုလည်း ဖြစ်ပါတယ်။ ကျနော်တို့ ဘက်မှာလည်း ၄ ၊ ၈၊ ၁၀ ဖြေတဲ့ ကျောင်းတွေ၊ NFPE လုပ်တဲ့ ကျောင်းတွေကို မြန်မာပညာရေးက တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်တဲ့အခါ သတင်း အချက်အလက် မရရှိဘဲ ကျန်ခဲ့တဲ့ကျောင်းတွေ ရှိပါတယ်။ ဒါကြောင့် ကွန်ရက်တခုအနေနဲ့ ချိတ်ဆက်ထားနိုင်ရင် ဒီအခက်အခဲမျိုးတွေကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

နောက်တခုက ကျောင်းတွေအသိအမှတ်ပြု ခံရမှုကိစ္စ ဖြစ်ပါတယ်။ အသိအမှတ်ပြုခံရတဲ့ ကျောင်းဟာ မြန်မာအစိုးရ ပညာရေးက သင်ကြားစစ်ဆေးတဲ့အတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ၄ ၊ ၈ ၊ ၁၀ အစိုးရစစ်တွေ ဖြေဆိုပြီး အောင်မြင်ရင် အသိအမှတ်ပြုတာထက် ကျနော်တို့ဘက်က စံနှုန်းတွေအတိုင်း သင်ကြားစစ်ဆေးမှုကို စံနှုန်းတွေညှိနှိုင်းပြီး အသိအမှတ်ပြုပေးတာက ပိုဆီလျော်မယ်လို့ ထင်ပါတယ်။ ရန်ကုန်မှာ စာသင်နေတဲ့ ကလေးကို မြဝတီမှာ လေးတန်း၊ ရှစ်တန်းလာဖြေခိုင်းရင် ကလေးအတွက် အခက်အခဲ အများကြီး ရှိပါတယ်။ ရွှေ့ပြောင်းပညာရေးမှာ မြန်မာသင်ရိုးညွှန်းတမ်းကို အများစုအသုံးပြုကြပေမယ့် သင်ကြားမှု၊ စစ်ဆေးမှုပိုင်းမှာ ကွဲပြားချက်တွေ ရှိပါတယ်။ ဒါကိုအလေးအနက်သတိပြုဖို့ လိုပါတယ်။ ရေရှည်စဉ်းစားကြည့်မယ်ဆိုရင် ထိုင်းမြန်မာနယ်စပ်က ကလေးတွေဟာ ဒေသနှစ်ခုလုံးအတွက် အသိပညာ လိုအပ်ချက်တွေကို ဖြည့်ဆည်းထားနိုင်မှ နောင်အနာဂတ်အတွက် အလွန်အသုံးဝင်မယ့် အရင်းအမြစ်တွေ ဖြစ်လာမှာပါ။ ဒီလိုအပ်ချက်တွေကို ရွှေ့ပြောင်းပညာရေးက ဖြည့်ဆည်းပေးနေတာ ဖြစ်လို့ စစ်ဆေးတဲ့အခါ ဒီဒေသက စံနှုန်းတွေအပေါ် အခြေခံပြီး စစ်ဆေးတာဟာ၊ ကလေးတွေအတွက် အဆီလျော်ဆုံး ဖြစ်မှာပါ။ ဒီလိုဖြစ်ဖို့ ကွန်ရက်ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့ ကျနော်တို့ အကြံပြုနေတာပဲ ဖြစ်ပါတယ်။

---

**မေးခွန်း(၃)**

ဒေါက်တာဇော်မြင့်ပါ။ UNDP ကပါ။ ကျနော် မဲဆောက်က Sustainable Development Centre လိုမျိုး ကျောင်းကို ရောက်တယ်။ တော်တော်လည်းအားကျတယ်။ အဲဒီကျောင်းမျိုး ဗမာပြည်မှာ ဘာလို့မရှိနိုင်သလဲ ဆိုပြီးတော့၊ ကျနော့်စိတ်ထဲမှာ ခံစားချက် ရှိပါတယ်။ အဲဒီကျောင်းရဲ့ Grade 6, 7 ဆိုရင် ကလေးတွေဟာ multi-language တတ်တယ်။ ဘယ်ကျောင်း သွားသွား ရတယ်။ အခုပြဿနာက ဗမာပြည်ထဲကို ဒီကလေး တွေ ပြန်လာလို့မရတဲ့ ပြဿနာ။ အခုလက်ရှိအခြေအနေမှာ ကျနော်တို့ ပုဂ္ဂလိကကျောင်းတွေ ဖွင့်ခွင့်ရနေပြီ။ အဲဒီလို ကျောင်းမျိုးကို NNER ကသော်လည်းကောင်း၊ society တခုခု က သော်လည်းကောင်း institution တခုအနေနဲ့ ကျနော်တို့ ဗမာပြည်မှာ အဲသည်လိုကျောင်းမျိုးဖွင့်လို့ရအောင် မကြိုးစား နိုင်ဘူးလားဆိုတာ မေးချင်ပါတယ်။

---

**ဒေါက်တာသိန်းလွင် –**

ဆရာ ဒေါက်တာဇော်မြင့် မေးတဲ့ ပုဂ္ဂလိကကျောင်းများ၊ ဆရာ မေးတဲ့မေးခွန်း ကျနော် နားလည်တာက၊ NNER က ပုဂ္ဂလိက ကျောင်းတွေ ထူထောင်ရင် မကောင်းဘူးလားဆိုတဲ့ အဓိပ္ပာယ် ပေါ့နော်။ NNER ရဲ့သဘောထားကို ပြောပါရစေ။ NNER က ပညာရေးမူဝါဒကို ကြိုးပမ်းတဲ့အခါမှာ အများတက်တဲ့ ကျောင်းတွေကို အကောင်းဆုံးဖြစ်ဖို့ ဦးစားပေးတာပါ။ အစိုးရ စီမံခန့်ခွဲတဲ့ကျောင်းတွေက အများတက်တဲ့ကျောင်း။ တောရော မြို့ကော တောင်ပေါ်ကော။ အများတက်တဲ့ကျောင်းတွေ

အကောင်းဆုံးဖြစ်သွားဖို့ပဲ။ အရည်အသွေးရှိဖို့၊ ဆရာတွေလည်း အရည်အသွေးရှိ၊ ကျောင်းတွေလည်း ကောင်း။ အဲဒါကို ဦးတည်တယ်။ ကလေးတိုင်း အရည်အသွေးရှိတဲ့ပညာ ရရမှာ။ ပုဂ္ဂလိကကျောင်းက အစိုးရကျောင်းထက်စာရင် အရည်အသွေးပိုရှိတယ်ဆိုတာ ကျနော်လည်း နားလည်ပါတယ်။ ဒါပေမဲ့ ပုဂ္ဂလိကကျောင်းကိုပဲ ဦးစားပေးတဲ့အခါကျတော့ ကလေးအများစုက နောက်ကျန်ရစ်ခဲ့မယ်။ ကျနော်တို့က ကလေးအများစု နောက်ကျန်မရစ်အောင် အများတက်တဲ့ကျောင်းတွေကို အကောင်းဆုံးဖြစ်တဲ့ အရည်အသွေး ပြည့်အောင်တိုက်တွန်းတယ်။ တပြိုင်နက်ထဲမှာ ပုဂ္ဂလိကကျောင်းတွေရှိရမယ်ဆိုတာကို လက်ခံတယ်။ ပုဂ္ဂလိကကျောင်း ရှိရတာကတော့ အစိုးရကျောင်းတွေက အများအတွက်လုပ်တဲ့အတွက် အထူးပြုလို့ မရဘူး။ ယဉ်ကျေးမှုအရ ဘာသာရေးအရ အများနဲ့ကိုက်တာ လုပ်ရတယ်။ အဲဒီအတွက် အထူးပြုချင်တဲ့သူအတွက် ပုဂ္ဂလိကကျောင်းကို ခွင့်ပြုတယ်။ အရည်အသွေးရှိဖို့အတွက် ခွင့်ပြုတာ မဟုတ်ပါဘူး။ အရည်အသွေးရှိဖို့ကကျောင်းတိုင်းကို ရှိအောင်လုပ်ရမယ်။ ယဉ်ကျေးမှုတို့ ဘာတို့မှာ အထူးပြုချင်ရင်တော့ ပုဂ္ဂလိကကျောင်း ဖွင့်နိုင်တယ်။ အဲဒါကတော့ မိဘကရွေးချယ်မှုပဲ။ အဲဒီတော့ NNER က အများတက်တဲ့ ကျောင်းတွေ အကောင်းဆုံးဖြစ်ဖို့အတွက်၊ မူဝါဒဖြစ်ဖို့အတွက်၊ ကြိုးပမ်းနေတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

---

**မေးခွန်း(၄)**

ကျနော် မေးချင်တာကတော့ အဓိက ၂ ချက်ဖြစ်ပါတယ်။ ပထမတချက်က နယ်စပ်ဒေသမှာ ဒီကလေးတွေကို အစိုးရက အသိအမှတ်ပြုပေးဖို့ အမှန်တကယ်လိုအပ်သလားဆိုတဲ့ မေးခွန်းကို ဖြေပေးစေချင်ပါတယ်။ ဆရာ ဒေါက်တာသိန်းလွင်ကတော့ လိုအပ်တယ်ဆိုတဲ့ အဆိုပြုချက်ကို ပြောသွားတယ်။ ဒါပေမဲ့ အားလုံး တကယ့်တသံတည်းပေါ့၊ လိုအပ်သလား ဆိုတဲ့ မေးခွန်းကို မေးချင်ပါတယ်။ ဒုတိယတချက်က လိုအပ်တယ်ဆိုရင် ဘယ်လိုနည်းလမ်းတွေနဲ့ချဉ်းကပ်မလဲ၊ အခုကျောင်းသားတွေ တောင်းဆို ထားတဲ့အချက် ၁၁ ချက်ထဲမှာ ပါသလား။ နောက် NNER ရဲ့ မူဝါဒထဲ မှာကော ပါသလား။ ဒီပညာရေးကို လုပ်ဆောင်နေတဲ့ KNU အဖွဲ့အစည်း ရှိတယ်။ ကချင် KIA အဖွဲ့အစည်း ရှိတယ်၊ ကျနော် ထင်တယ်။ ရခိုင်တို့ ဘာတို့မှာလည်း ရှိတယ်။ ဒီအဖွဲ့တွေရဲ့ collaborative voice တွေ ရှိသလား။ ဘယ်လိုပူးပေါင်းဆောင်ရွက်တဲ့ဟာမျိုး ရှိသလဲ။ Political dialogue နဲ့ cease fire agreement တွေမှာကော ဒီ education နဲ့ပတ်သက်ပြီးတော့ ထည့်သွင်း စဉ်းစားထားတာတွေ ရှိသလား ဆိုတာလေး မေးချင်ပါတယ်။

---

**ဒေါက်တာသိန်းလွင် –**

နယ်စပ်ဒေသကျောင်းတွေ အသိအမှတ်ပြုဖို့ လိုပါသလားဆိုတာ အချိန် ရရင် တခြားသူတွေရဲ့သဘောထားကို မေးနိုင်ပါတယ်။ ကျနော့်သဘော ထားကတော့ လိုအပ်တယ်။ အဲဒီအတွက် NNER က စဉ်းစားသလား ဆိုတော့ စဉ်းစားတယ်။ NNER ရဲ့မူဝါဒမှာလည်း ပါတယ်။

---

**မေးခွန်း(၅ )**

သမီးနာမည်က သူဇာဝင်းပါ။ ရွှေမင်းသား ဖောင်ဒေးရှင်းကပါ။ သမီး မေးချင်တဲ့ မေးခွန်းကတော့ ဆရာ ဒေါက်တာသိန်းလွင်ကို မေးချင်ပါတယ်။ သမီးတို့ မသန်စွမ်းတွေ၊ inclusive education ကို သွားမယ်ဆိုရင် မသန်စွမ်းတွေရဲ့ disability concept ကို ဆရာ၊ ဆရာမတွေ သိအောင် ဘယ်လိုနားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးသင့်သလဲဆိုတာ သိချင်ပါတယ်ရှင့်။

* * *

**မေးခွန်း(၆)**

ကျနော် မေးချင်တာက ဒေါက်တာ သိန်းလွင်ကို မေးချင်တာပါ။ All Inclusive Education နဲ့ပတ်သက်ပြီးတော့ လူတိုင်းအကျုံးဝင် ပညာရေးဟာ နည်းနည်းတော့ အခက်အခဲရှိတယ်ပေါ့။ အဲလိုအခက်အခဲရှိတဲ့နေရာမှာ ဆရာတွေရဲ့အရည်အချင်းက အဓိကလိုအပ်တယ်။ အဲလိုလိုအပ်တဲ့ဟာကို အခုချိန်မှာ ဆွဲခန့်တွေ ခေါ်တယ်။ မူလတန်းအဆင့် ကလေးတွေကို စာသင်ခိုင်းလိုက်တယ်။ ဒီနေရာမှာ ကျနော် ပြောချင်တာက မူလတန်းဆိုတာက ပညာရေးရဲ့အဓိကပဲပေါ့။ ကလေးတွေရဲ့ ခေါင်းထဲကို၊ လူမှုဘဝပုံစံတွေ ရိုက်သွင်းမယ့်အစား စကားလုံးတွေကို ရိုက်သွင်းလိုက်တဲ့အခါမှာ ကလေးတွေရဲ့ပညာရေးဟာ အဆိုးရွားဆုံးအခြေအနေကို ရောက်လာတယ်။ ဒီဥစ္စာနဲ့ပတ်သက်ပြီးတော့ NNER အနေနဲ့ ဘယ်လိုဖြေရှင်းမယ်ဆိုတာကို ကျနော် သိချင်ပါတယ်။

---

**ဒေါက်တာသိန်းလွင် –**

မေးခွန်းနှစ်ခုကတော့ inclusive နဲ့ ပတ်သက်လို့ မေးတာပါ။ ပထမမေးခွန်းက မသန်စွမ်းတွေကို အခြားကလေးများနဲ့အတူတူ သင်ယူနိုင်စွမ်း

ရှိတယ်ဆိုတဲ့အပေါ်မှာ inclusive education ရဲ့ concept ကို ဆရာတွေသိဖို့အတွက် ဘာလုပ်မလဲလို့ မေးထားပါတယ်။ ဒုတိယတစ်ယောက်ကလည်း အလားတူပါပဲ။ ဆရာတွေ အရည်အသွေး ရှိအောင် NNER က ဘယ်လို ဖြေရှင်းမလဲဆိုတော့ မေးခွန်းချင်းနီးစပ်တော့ တပါတည်းဖြေပါမယ်။

အခု ကျနော်တို့ဗမာနိုင်ငံရဲ့ အစိုးရမူဝါဒမှာကတည်းကို အဲဒီ Inclusive Policy ရှိတယ်။ သူတို့ပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားပညာရေး မူဝါဒမှာလည်း inclusive ဆိုတဲ့ စကားလုံးက ပါတယ်။ ဒါပေမဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က ဆရာဦးထာအုပ်ပြောတာနဲ့ လွဲနေတယ်။ ဆရာ ဦးထာအုပ်ပြောတဲ့ အဓိပ္ပာယ်နဲ့လွဲနေတယ်။ အဲဒီအတွက် inclusive education ကို အဓိပ္ပာယ်ဖွင့်ဆိုမှုတွေ ပြန်ဆွေးနွေးပြီးတော့ မသန်စွမ်းပညာရေးလုပ်တဲ့သူတွေ၊ မသန်စွမ်းတွေလက်ခံတဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုကို ဆောင်ရွက်ဖို့ လိုတယ်။ အဲဒီအပေါ်မှာပဲ ပညာရေးဥပဒေကို ပြင်ဆင်ရမယ်။ ပထမအဆင့်က၊ ပညာရေးဥပဒေက မသန်စွမ်းပညာရေးအတွက် လိုအပ်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှု ရှိအောင် လုပ်ရမယ်။ ပြီးရင် အဲဒါကို ကျနော်တို့ ဆရာတွေ သိအောင်လုပ်ရမယ်။ ကျနော်တို့မှာ လက်ရှိမှာ အမျိုးသားဥပဒေက ရေးထားတာ မရှိဘူး။ ကျနော်တို့ရဲ့ ဆရာအတတ်သင် ကောလိပ်တွေမှာ၊ ကျနော်က မြန်မာပြည် ဆရာ အတတ်သင် ကောလိပ်တက်လာတာ မဟုတ်လို့ အသေးစိတ်တော့ မသိဘူး။ ဒါပေမဲ့ ဒီဆရာတွေမှာ inclusive အကြောင်းပြောတာ မကြားဖူးဘူး။ ဒီအကြောင်းတွေက ကောလိပ်တွေ၊ တက္ကသိုလ်တွေက ဆင်းလာတဲ့ ဆရာတွေမှာ inclusive နဲ့ ပတ်သက်တဲ့ သူတို့လုပ်ဆောင်မှုတွေကို ကျနော် သတိထားမိတာ နည်းတယ်။ အဲဒီအတွက် ကျနော်တို့က ဘာလုပ်ရမလဲဆိုရင် မူဝါဒမှာ ပြင်ရမယ်။ မူဝါဒမှာ inclusive တွေကိုယ်တိုင် လက်ခံတဲ့

အဓိပ္ပာယ်ဖွင့်ဆိုမှု ရှိရမယ်။ အဲဒါကို ပညာရေးတက္ကသိုလ်တွေကနေပြီးတော့ ပို့ချချက်မှာ ပါရမယ်။ လက်ရှိ ဆရာလုပ်နေတဲ့သူတွေအတွက် မွမ်းမံသင်တန်းနဲ့ အခြား သင်တန်းတွေမှာ သိအောင် အဲဒါကို အရင်ဆုံး မူဝါဒချဖို့ လိုတယ်။ မူဝါဒကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ဥပဒေ ပြဋ္ဌာန်းပေးဖို့ လိုတယ်။ လက်တွေ့အကောင်အထည်ဖော်ဖို့ လိုတယ်။ အဲဒါဆိုရင် ဆရာတွေအားလုံးက သိသွားပြီဆိုရင် ဒါ အကောင်အထည်ဖော်လို့ ရသွားပြီ။ NNER က ဒီလို အကြံပေးထားပါတယ်။ ပညာရေးတက္ကသိုလ်တွေမှာ ဒီဘာသာရပ်ကို ထည့်သင်ပေးဖို့။

---

## မေးခွန်း(၇)

ကျနော်ကတော့ ဆရာ ဘိုဘိုဟန်လို့ ခေါ်ပါတယ်။ အောင်ပန်းကပါ။ ကျနော် မေးချင်တဲ့ မေးခွန်းကတော့ ဒေါက်တာသိန်းလွင်ကို မေးချင်တာပါ။ ယခု NLD အစိုးရသစ်ရဲ့ ပညာရေး policy နဲ့ NNER ရဲ့ ပညာရေး policy ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ချက် ရှိခဲ့ရင် သဘောတူညီချက်တွေ ဘယ်ဟာတွေ ရှိတယ်။ ကွဲလွဲချက်တွေ ဘယ်ဟာတွေ ရှိလဲဆိုတာကို သိချင်ပါတယ်။

---

## ဒေါက်တာသိန်းလွင် –

နောက်ဆုံးမေးခွန်းကတော့ ဖြေဖို့ခက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ကျနော် ကြိုးစားဖြေပါမယ်။ ဖြေဖို့ခက်တဲ့ နေရာမှာ အကြောင်းကြောင်းကို ထောက်ထားတာပေါ့နော်။ ကျနော်တို့ ဖွင့်ပွဲမှာ ဆရာကြီး ဒေါက်တာမင်းသိမ်း စပြောတော့ ဒေါက်တာဦးထွန်းလွင်ရဲ့ မုန်တိုင်းတိုက်တဲ့ မိုးရွာတဲ့ မိုးလေဝသကို ပြောလို့ ရတယ်။ နိုင်ငံရေးမိုးလေဝသက နည်းနည်းခက်ပါတယ်။ အဲဒီအပေါ်မှာ ချိန်ဆပြီးတော့ ကျနော်ဖြေပါ့မယ်။

မေးခွန်းက ဘာလဲဆိုတော့ NLD အစိုးရသစ်နဲ့ NNER နဲ့ ပညာရေးမူဝါဒဆိုင်ရာ ဆွေးနွေးတာ ရှိသလား။ တူညီချက်တွေ၊ ကွဲလွဲချက်တွေ။ အခု NLD အစိုးရဖွဲ့ပြီးမှ ကျနော်တို့နဲ့ တိုက်ရိုက်ဆွေးနွေးတာ မရှိသေးပါဘူး။ မရှိပါဘူး။ ဒါပေမဲ့ NLD အစိုးရ မဖြစ်ခင် ရွေးကောက်ပွဲမတိုင်ခင်အချိန်အထိမှာ NNER မူဝါဒနဲ့ NLD ဘက်က တာဝန်ရှိတဲ့သူတွေနဲ့ တွေ့ဆုံဆွေးနွေးမှုမှာ ကွဲလွဲချက်တွေ ရှိတယ်။ ဒါတော့ ကျနော်ပြောနိုင်ပါတယ်။ ဒီကွဲလွဲချက်က ဘာလဲဆိုရင် ဆရာကြီးနိုင်ငွေသိန်း မနေ့တုန်းက ပြောတဲ့အထဲမှာ ပါတယ်။ သူ့နားထဲက မထွက်သေးတဲ့ စကား။ တိုင်းရင်းသားတွေ လိုလားတဲ့၊ တိုင်းရင်းသားတွေရဲ့ ဘာသာစကား

ကို အခြေခံတဲ့ mother tongue-based eduacation ကို သူတို့ ပြောတဲ့ အခါကျတော့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ဒါဟာ မဖြစ်နိုင်ဘူး လို့ ပြောသွားတော့၊ အဲဒါဟာ သူ့နားထဲကနေ မထွက်သေးဘူး။ အဲဒါ ကွဲလွဲချက် ရှိတယ်။ Mother tongue-based နဲ့ ပတ်သက်တဲ့ ကွဲလွဲချက် ရှိတယ်။ NNER က mother tongue-based ကို ထောက်ခံတယ်။ လိုအပ်ချက်လည်း ဖြစ်တယ်။ လုပ်လို့လည်း ရတယ်။ ကျနော်တို့ လေ့လာ ပြီးပြီ။ တခြားနိုင်ငံတွေမှာ ဘာလုပ်သလဲဆိုတာ လေ့လာပြီးပြီ။ ဘာသာ စကား အများကြီး ရှိတဲ့ နိုင်ငံတွေမှာ mother tongue-based ကို ဘယ်လို သင်သလဲဆိုတာ လေ့လာ သုတေသနပြုထားတဲ့ ပါမောက္ခတွေနဲ့ နှစ်ကြိမ်မက ဆွေးနွေးပြီးပြီ။ သူတို့ဆီကလည်း နည်းလမ်း ရတယ်။ လိုအပ်ချက်လည်း ဖြစ်တယ်။ လက်တွေ့လည်း လုပ်လို့ ရတယ်။ ဒါဟာ မဖြစ်နိုင်တာ မဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို ကျနော်တို့ ပြန်တွေ့ ပြီးတော့ ဒီကိစ္စကို ထပ်ပြီးတော့ ရှင်းပြဖို့လိုတယ်။

ဒုတိယ ကွဲလွဲချက်က ကျောင်းသားတွေနဲ့ ကွဲလွဲချက်ပေါ့။ ကျောင်းသားတွေက ကျောင်းသားသမဂ္ဂ လွတ်လပ်စွာဖွဲ့စည်းခွင့်နဲ့ ကျောင်းသားသမဂ္ဂက တက္ကသိုလ်တွေ ကိုယ်ပိုင်ပြဌာန်းခွင့် ရှိတဲ့အခါမှာ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှာ ကျောင်းသားသမဂ္ဂက ရွေးချယ်သော ကိုယ်စားလှယ်ပါဝင်ခွင့်၊ အဲဒါကို လွှတ်တော်မှာ ငြင်းပါတယ်။ အမျိုးသား လွှတ်တော်ကော ပြည်သူ့လွှတ်တော်ကော ငြင်းထားတယ်။ ငြင်းတဲ့ပုဂ္ဂိုလ် တွေက NLD ရဲ့ အမတ်တွေ ဖြစ်ပါတယ်။ သူတို့ ငြင်းပုံငြင်းနည်းက ဒီတက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတော့ သူတို့ မငြင်းဘူး။ တက္ကသိုလ် အုပ်ချုပ်ရေးကောင်စီမှာ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်အစား ကျောင်းသားကိုယ်စားလှယ်လို့ပဲ ပြောတယ်။ အဲဒါက ဘာနဲ့သွားတူလဲ ဆိုတော့ ဦးနေဝင်း အိမ်စောင့်အစိုးရ ဖွဲ့ပြီးတဲ့နောက်မှာ ကျောင်းသား သမဂ္ဂတွေကို ဖျက်ချင်တဲ့အခါကျတော့ အဲဒီစကားနဲ့စတယ်။ အရင်တုန်း က တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှာ ကျောင်းသားသမဂ္ဂရွေးချယ်တဲ့ ကိုယ်စားလှယ် ပါတယ်။

အဲဒီမှာ ဦးနေဝင်းက ပထမအဆင့်မှာ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်အစား ကျောင်းသားကိုယ်စားလှယ်လို့ ပြောတယ်။ ကျောင်းသားသမဂ္ဂရဲ့အခန်းကဏ္ဍကို မှိန်အောင်လုပ် လိုက်တယ်။ ဒုတိယအဆင့်က ကျောင်းသားသမဂ္ဂ အဆောက်အဦကြီးကို မိုင်းနဲ့ ခွဲလိုက်ပြီး ကျောင်းသားတွေကို ဖမ်းလိုက်တယ်။ ဝမ်းနည်းစရာ ကောင်းတာက၊ NLD က ကျောင်းသားတွေရဲ့ လိုလားချက်၊ ဗိုလ်ချုပ် အောင်ဆန်းက စပြီး ကျောင်းသားသမဂ္ဂအဆက်ဆက်က ကြိုးပမ်းခဲ့တဲ့ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှာ ကျောင်းသားသမဂ္ဂမှ ရွေးချယ် စေလွှတ်သော ကိုယ်စားလှယ် ပါဝင်ခွင့်မှာ NLD အမတ်တွေက ဦးနေဝင်းလမ်းကြောင်းကို လိုက်တာ ဝမ်းနည်းစရာကောင်းတယ်။ ဒါကို ကျနော်တို့ သမိုင်းအထောက်အထားနဲ့ ပြောတယ်။ ဒါဟာ မဖြစ်သင့်ဘူး။ ဦးနေဝင်းက ကျောင်းသားသမဂ္ဂတွေကို နှိမ်ချင်တဲ့အတွက် လုပ်ခဲ့တာ။ ဒီလမ်းကြောင်းတော့ မလိုက်သင့်ဘူး။

ကျောင်းသားသမဂ္ဂတွေ လွတ်လပ်စွာ တရားဝင်ဖွဲ့စည်းခွင့်၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်က တက္ကသိုလ် အုပ်ချုပ်ရေးကောင်စီမှာ ပါဝင်ခွင့်။ အဓိပ္ပာယ်က တက္ကသိုလ် အုပ်ချုပ်ရေးကောင်စီမှာ အဆုံးအဖြတ်တွေ ပေးတဲ့အခါမှာ ကျောင်းသားရဲ့ ကိုယ်စား ကျောင်းသား ရဲ့ အသံ ပါဝင်နိုင်ဖို့ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ် လိုတယ်။ ကျောင်းသားတိုင်းက ကျောင်းသားသမဂ္ဂဝင် ဖြစ်တယ် ဆိုရင် ကျောင်းသားထုက ရွေးချယ်လိုက်တဲ့ ကျောင်းသား သမဂ္ဂ။ ဒါဟာ ကျောင်းသားထုကို ကိုယ်စားပြုပြီးသား။ အဲဒီ ကျောင်းသားသမဂ္ဂကနေ ရွေးချယ်စေလွှတ်တဲ့သူက ကျောင်းသားထုကို ကိုယ်စားပြုတယ်။ အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ခဲ့တာ။ အဲဒီအတိုင်းဘဲ လုပ်စေ ချင်ပါတယ်။ ဒီအချက်က ကွဲလွဲချက် ရှိတယ်။ ဒါဟာ ဒုတိယအချက်။

တတိယအချက်က ဘဏ္ဍာရေးကိစ္စ။ ကျနော်တို့ NNER နဲ့ ကျောင်းသားတွေနဲ့ တောင်းဆိုချက်က ပညာရေးအသုံးစရိတ်က တနိုင်ငံ လုံး အသုံးစရိတ်ရဲ့ ၂၀% တောင်းတယ်။ NLD က မဖြစ်နိုင်ဘူးလို့

ပြောထားတာ ရှိတယ်။ လက်တွေ့ကျကျ မဖြစ်နိုင်ဘူး။ ဒီနေ့ ၂ ရက်စလုံးမှာ ဆရာမဟယ်လင်တို့ နိုင်ငံတကာအတွေ့အကြုံ ရှိတဲ့သူတွေပါ တင်ပြသွားတော့ တခြားနိုင်ငံတွေမှာလည်း ၂၀ % ဆိုတော့၊ အဲဒါကို ထပ်ပြီးတော့ တင်ပြဖို့လိုတယ်။

နောက်ကွဲလွဲချက်တခုက မသင်မနေရပညာရေးကို NNER က တင်ပြတဲ့အခါမှာ မသင်မနေရ ပညာရေးက အနိမ့်ဆုံးစာသင်နှစ် ၉ နှစ် ရှိရမယ်။ အလယ်တန်းအောင်တဲ့အထိ။ ၉ တန်းအောင်တဲ့အထိ ရှိရမယ်။ အဲဒါက နိုင်ငံတကာရဲ့ အနိမ့်ဆုံးစံပဲ။ ကျနော်တို့ အိမ်နီးချင်းနိုင်ငံတွေမှာ ထိုင်းနိုင်ငံတို့၊ ဂျပန်တို့၊ စင်ကာပူတို့က ၁၂ တန်းအထိ အခမဲ့ မသင်မနေရ။ မသင်မနေရ ဖြစ်ဖို့အတွက် အစိုးရက ပံ့ပိုးမှုရှိတယ်။ ဘာမှကုန်ကျစရိတ် မရှိဘဲ၊ အခမဲ့ဖြစ်တယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ၁၂ တန်း ဖြစ်နေတယ်။ ကျနော်တို့က တခြားနိုင်ငံတွေမှာ အနိမ့်ဆုံးစံ ဖြစ်တဲ့ ၉ နှစ်ပဲ တောင်းတာ။ NLD က ဒါကို မဖြစ်နိုင်ဘူး။ လက်တွေ့ကျဘူးလို့ ပြောတယ်။ လက်တွေ့ကျတယ်ဆိုတာကို ကျနော်တို့ ပြချင်တယ်။ နိုင်ငံတကာမှာလုပ်တဲ့ အနိမ့်ဆုံးစံ ဖြစ်တယ်။ လိုအပ်ချက်လည်း ဖြစ်တယ်။ ကလေးတွေက ကျောင်းမှာ ရှိခြင်းအားဖြင့် ပညာ ရမယ်။ ကျောင်းမှာ ရှိတဲ့အတွက် ကလေးစစ်သား မဖြစ်အောင်၊ ကလေးအလုပ်သမား မဖြစ်အောင်လည်း ကာကွယ်နိုင်တယ်။ ဒါကိုလည်း ကျနော်တို့ ထပ်ပြောမယ်။ ဒီတခုနဲ့ ခုနက ဘဏ္ဍာရေးကိစ္စက ဆက်နွယ်နေတယ်။ ဘဏ္ဍာရေးကိစ္စကို မတိုးချင်တဲ့အခါကျတော့ ဒီဘက်က မသင်မနေရ ၉ နှစ် မဖြစ်နိုင်ဘူးလို့ ပြောတယ်။ ဖြစ်နိုင်တယ်။ လုပ်လည်းလုပ်သင့်လုပ်ထိုက်တယ်။ ဟိုဘက်က ဘဏ္ဍာရေး တိုးပေးရင် ဖြစ်နိုင်တယ်။ အဲဒါကို ကျနော်တို့ ထပ်ပြီး ညှိနှိုင်း ဆွေးနွေးပါ့မယ်။

ဒီလို ကွဲလွဲတာက၊ ကျနော်တို့ NNER ရပ်တည်မှုက NNER နဲ့ ဆက်စပ်ပါဝင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားဒေသကလူတွေ၊ ကျောင်းသားတွေ၊ ဆရာတွေ၊ အဲဒီဘက်က ကျနော်တို့ ရပ်တည်တာ။ ဒီလူတွေ လိုလားတာအပေါ်မှာ ကျနော်တို့ ရပ်တည်ပြီးတော့ ပြောတယ်။

အခု NLD နဲ့ ဖြစ်တဲ့ကိစ္စက NLD ကို ကျနော်တို့က မလိုလားတာ မဟုတ်ဘူး။ NLD ကို ကျနော်တို့ လိုလားတယ်။ တန်ဖိုးထားတယ်။ လူထုက ရွေးချယ်လိုက်တဲ့ အစိုးရ ဖြစ်တယ်။ အဲဒီအတွက် ကျနော်တို့ တန်ဖိုးထားတယ်။ ဒါ လူထုရဲ့လိုလားချက်ကို အကောင်အထည်ဖော်ဖို့ကိုလည်း ယုံတယ်။ ဒါပေမဲ့ NNER ရဲ့ရပ်တည်ချက်က NNER နဲ့ ဆက်စပ်ထားတဲ့ ကျောင်းသားတွေ၊ ဆရာတွေကို ကိုယ်စားပြုထားတဲ့အတွက် NNER ကတော့ ကျောင်းသားတွေ ဖြစ်စေချင်တဲ့အတိုင်းပဲ ကျနော်တို့ သွားမယ်။ ကျနော်တို့ ချစ်တာ၊ မုန်းတာတွေ ထည့်မစဉ်းစားဘူး။ လိုလားချက်နဲ့ လိုအပ်ချက်အပေါ် မှာပဲ ကျနော်တို့ ရပ်တည်သွားမယ်။ အဲဒါဟာ ကျနော်တို့ NNER နဲ့ NLD ရဲ့ကြားမှာ ကွဲလွဲချက်ပါ။ ရန်ဘက် မဟုတ်ပါဘူး။ ပညာရေးအယူအဆနဲ့ ပညာရေးကို ဘယ်လိုအကောင်အထည်ဖော်မလဲ ကွဲလွဲချက် ဖြစ်တယ်။ အဲဒါကို ကျနော်တို့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားပါမယ်။